
# ရွှေသွေး ဂျာနယ်

# ပေါင်းချုပ်


အတွဲ ၃ အမှတ် ၁ မှ - အတွဲ ၃ အမှတ် ၂၆ ထိ




ရွှေသွေး
ဂျာနယ်
၁၃၃၂ ခု၊ ပြာသိုလဆန်း ၆ ရက် (၂-၁-၇၁)
အတွဲ-၃
အမှတ်-၁
လွတ်လပ်ရေးနေ့
နှင့်
ဒုတိယ နှစ်ပတ်လည်နေ့
အထူးထုတ်စာစောင်....

စနေနေ့တိုင်း ထုတ်ဝေသည်။


ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-သာညွန့်
ဖွါးဖွါး-ဒါ ဘာလဲ-ဟင်
ဒေါ်မြတ်မင်းသည် ခင်ပွန်းသည် သခင်လှမင်း၏ မော်ကွန်းဝင်တံဆိပ်ကို ပွတ်တိုက်နေစဉ်-
ဒါဟာ-မင်းတို့ ဖိုးဖိုးရဲ့
မော်ကွန်းဝင်တံဆိပ် (ပထမဆင့်) ပေါ့
မော်ကွန်းဝင် တံဆိပ် ဆိုတာ-ဘာလဲ-ဖွားဖွား--
ဖိုးဖိုးက ဘာလို့ရတာလဲ
လွတ်လပ်ရေးရ
အောင်တိုက်ပွဲဝင်ခဲ့ကြတဲ့ အထဲမှာ
မင်းတို့ ဖိုးဖိုးလဲ ပါတယ်ကွဲ့-
အစကြောင်းက-ဒီလို......
လွတ်လပ်ရေးမရမီက ဗမာနိုင်ငံကို ဗြိတိသျှတို့ အုပ်ချုပ်ခဲ့ကြတယ်။
ဗြိတိသျှတို့ကို အများဆုံး ဒုက္ခပေးတဲ့ သခင်တွေထဲမှာ မင်းတို့ဖိုးဖိုးလဲ ပါတယ်။
xxx သခင် အောင်ဆန်းတို့
ချုပ်ရောက်နေပြီတဲ့ xxx
စိတ်ချပါ-
လိုက်ပါ့မယ်-
တာဝန်ယူပါတယ်
ဖိုးဖိုးဟာ ဗြိတိသျှကို တော်လှန်မဲ့ လျှို့ဝှက်အဖွဲ့မှာလဲ ပါတယ်။


သတိ......ရဲဘော်တို့ xxxxxxx xxxxxxx
ဗိုးဗိုးဟာ မော်လမြိုင်မြို့မှာ ဗမာ့လွတ်လပ်ရေး တပ်မတော်ထဲဝင်ပြီး–
ဒို့ဗမာ
ကျား
အား
အိုး...ရှိုင်ရော်
ဗြိတိသျှတပ်တွေကို ရှပ်ရှပ်ခွံခွံ
ဒေါင်း
တင့်ကား ဖျက်တဲ့ ဗမာ့လက်နက် ဆင့်ယိုင်းဂွ
တွေ့ရာအရပ်မှာ တိုက်ခဲ့တယ်။
ဒိုင်း
စွန့်စွန့်စားစား ချေမှုန်းခဲ့တယ်။
ဗမာ့ကာကွယ်ရေး တပ်မတော်နဲ့ ဗမာ့အမျိုးသား တပ်မတော်မှာလဲ ပါခဲ့တယ်။
ငပု တွေ... လာ လေရော လက်ပစ်ဗုံး
ဗမာ့မျိုးချစ် တပ်မတော်မှာလဲ ဆက်လက်ပါဝင်ပြီး ဂျပန်ကို တော်လှန်ခဲ့တယ်။


လွတ်လပ်ရေး ချက်ချင်းပေး
သူတို့က လွတ်လပ်ရေး ပေးယင်ပေး၊ မပေးယင် ချမယ်
ချမယ်
ချမယ်
တော်လှန်ရေးပြီးတော့ ဖဆပလအဖွဲ့ထဲဝင်ပြီး လွတ်လပ်ရေးတိုက်ပွဲ ဝင်ခဲ့ပြန်တယ်။
လွတ်လပ်ရေး ရပြီးနောက်—
ဖိုးဖိုးဟာ မထင်မရှား အေးအေးတဲ နေခဲ့တယ်။
....လွတ်လပ်ရေး ရဖို့ - အသက် - သွေး - ချွေး - မျက်ရေတွေကို ရင်းခဲ့ရတယ်ကွဲ့၊ မင်းတို့ ဖိုးဖိုးက အဲဒီလို လွတ်လပ်ရေးတိုက်ပွဲတွေမှာ - ပါဝင်ခဲ့လို့ ဒီတံဆိပ်ကို ရတာ...
ဖိုးဖိုး ရှိတုန်းက - ဒီတံဆိပ်ကြီးကို မကြာမကြာ တပ်မှာပေါ့ နော်...
ဟင်အင်း - ဟင်အင်း... ဒီတံဆိပ်ကို မင်းတို့ဖိုးဖိုး မြင်မသွားရဘူး ကွယ်...သူ ဆုံးပြီးမှ ရတာ.....
.....မင်းရဲ့ကျော်စွာ တပင်ရွှေထီးပုံညီ..
ဘုရင့်နောင်နှင့် အလောင်းဘုရားတို့သည်၊
ဗမာရဲ့သွေး မွေးခဲ့သည်၊ ရဲဓါးနှင့်
အောင်တပ်တော် ချီ-
ကြွခဲ့ ရန်များ
တိုက်ခိုက်မည်။
ထိုအခိုက် ရေဒီယိုမှ စစ်သီချင်းသံဖြင့် မြေးများစစ်ချီပုံကိုကြည့်ပြီး ပီတိဖြစ်နေလေ၏။


တချက်
ဘယ်ကိုလေ့လာရေးခရီးထွက်မယ်ဆိုတာကို ဆရာမကပြောမထားတော့ ကျွန်တော်အဝေနဲ့ သိပ်ပြင်တော့ မပျော်၊ မှန်းမသိသေးဘူးဗျ၊
အို-ဆရာမက အကြောင်းရှိနိုင်မှ ပြောတာဖြစ်မှာပေါ့၊ မြန်မြန်လုပ်ကွာ၊ သွားကြစို့၊
ဘယ်ကိုလေ့လာရေးထွက်မယ်ဆိုတာကို ဆရာမကြိုပြီး ပြောမထားတာကတော့၊ တပည့်တို့အဝေနဲ့ လေ့လာရေးခရီးကို ပိုပြီးစိတ်ဝင်စားအောင်လို့ကွယ်၊
ကဲ၊ ဆရာတို့မောင်းရမှာကတော့ ဟောဒီစာရွက်မှာပါတဲ့ ခရီးစဉ်အတိုင်းပါကွာ၊
ဟုတ်ကဲ့ဆရာမ၊ မှတ်သားပါ၊
ရှေးဦးဆုံးသွားမဲ့နေရာကတော့ ရွှေတိဂုံဘုရားနဲ့ တူတာပဲ၊
အားကွ၊ ကျုပ်က ဘုရားလည်သွားဖို့မှာ ကျိုးနေသေးတယ်
ဆရာမပေးထားတဲ့ မြေပုံကို လှမ်းကြည့်တာကွ၊ ဒါလည်းလေး တွေကပေးနေလို့ မမှန်ကြဘူး၊



မြို့ထဲမှာအသက်ရှူရတာထက် ဟောဒီလိုလယ်ကွင်းတွေ ထဲမှာအသက်ရှူရတာ သိပ်ကောင်းတာပဲ။
ဟုတ်တယ်ဆရာမ။
မင်းတို့ငါတို့အသက်ရှင်ရေးအတွက် စားသောက်နေရတဲ့ ဆန်စပါးကို ဟောဒီလယ်ကွင်းတွေထဲကရတယ်ကွဲ့၊ မှတ်ထားကြ။
ပထမဆုံး ရွှေတိဂုံ စေတီတော်ကြီးကိုဖူး ရမယ်၊ ဘုရားဖူးပြီးရင် ရှေးခေတ်အနုပညာ လက်ရာတွေကိုလေ့လာ ရမယ်။
အခုနောက်ဆုံး တပည့်တို့လေ့လာရမဲ့နေရာ ကတော့ အမျိုးသားပြတိုက်ပဲကွဲ့။
အမျိုးသားပြတိုက်


ဟဲ-ဒီကင်မရာ ဒိုက်၊ ဖောက်ချ သွားပြီ၊ မြန်မြန်ဆင်းမှ မှာကွ၊
အလို-ဟိုအခန်းထဲက လူကြီး တံခါးပေါက် လက်ဆွဲအိတ်ဆွဲပြီး၊ ပြေးဆင်းသွားပါလား၊
ဒီလူကြီး ကြည့်ရတာ မသင်္ကာစရာကြီး၊ မြန်မြန်လိုက်ပြီး ဓါတ်ပုံ ရိုက်ထားရင် ကောင်းမယ်
ကဲကွာ-
အခန်းထဲမှာထားတဲ့ အဖိုးတန်ပစ္စည်းတွေပါတဲ့ ကျပ်ပြားလက်ဆွဲအိတ်ကို လူတစ်ယောက် ခိုးပြေးပါတယ်
ဟုတ်လား ဦးကြီး- ဟဲဒီလူကို ကျွန်တော်ဟာ ဒီကင်မရာနဲ့ ဓါတ်ပုံ ရိုက်ထားလိုက်ပါတယ်
ကျော်ကျော် ဓါတ်ကင်မရာထဲမှ ပုံကို ကြည့်ရှု၍ သူခိုးကို အလွယ်တကူ ဖမ်းမိသည်။
ကျော်ကျော်တို့ကလေး အကြံကောင်းတော့ တချက် ဆိုတာလို ဒီကင်မရာ အတွက်ကြောင့် သူခိုးကျူး ခံရပြီ၊
ဆုငွေရမဲ့ သီးမြန်ဒုံး မယ်တို့၊
ပြီး


# ငွေ

ပန်းချီကျော်ကျော်

တက္ကသိုလ်သက်ဝင်း



ငွေသည် သတ္တုများတွင် အပြောင်အလက်ဆုံး ဖြစ်သည်။ ရှေးအခါက လူတို့သည် ဖန်ကို ကောင်းစွာ ကျိုချက် မတတ်မီက ငွေထည်ကို ပြောင်လက်နေအောင် တိုက်ချွတ်ထားပြီး မှန်အဖြစ် အသုံးပြုကြသည်။ တရုပ်လူမျိုးများသည် နှစ်ပေါင်း၃,၅၀၀ကျော်ကပင်ငွေထည်များကို အသုံးပြုခဲ့ကြသည်။ ကမ္ဘာပေါ်တွင် ငွေအများဆုံး ထွက်ရာ ဒေသမှာ မြောက်အမေရိကတိုက်ရှိ မက္ကဆီကို နိုင်ငံဖြစ်သည်။ ကမ္ဘာ့ ငွေထွက် နှုန်း၏ ၃၅ ရာခိုင်နှုန်းသည် မက္ကဆီကိုနိုင်ငံ မှထွက်သည်။




မြန်မာနိုင်ငံတွင် ငွေသတ္တုကို ရှမ်းပြည်မြောက်ပိုင်း၊ ဗန်းမော်၊ ကသာ၊ ရမည်းသင်း၊ ကျိုက္ကမီ၊ ထားဝယ်၊ မြိတ်နှင့် ဝနယ်များမှ ထွက်သည်။



ငွေသတ္တုစစ်စစ်သည် ဖြူပြီးအထူ တလက်မ၏ တသောင်းပုံ တပုံအထိ အပြားခတ်နိုင်သည်။ အလေးချိန် တအောင်စ လေးသောငွေကို သုံးမိုင်အရှည်ရှိသော နန်းကြိုး ဆွဲနိုင်သည်။ ငွေသည် ရွှေထက် မာသော်လည်း ငွေဒင်္ဂါးနှင့် ငွေထည်များပြုလုပ်ရန် ပျော့လွန်းသောကြောင့် ကြေးနီ ဖြင့်ရော၍ အသုံးပြုရသည်။

ငွေသည် သတ္တုအားလုံးထဲတွင် အပူနှင့် လျှပ်စစ်ဓာတ်လိုက် အကောင်းဆုံး ပစ္စည်းဖြစ်၏။ သို့သော် ထန်ဖိုးကြီး၍ ငွေအစား ကြေးနီကိုသာ လျှပ်စစ်ဓာတ်ကြိုးများ ပြုလုပ်ရာ၌ အသုံးပြုနေကြသည်။

ငွေကို အပူပေးကျိုချက်ရာ၌ အပူချိန် စင်တီဂရိတ် ၉၆၁ ဒီဂရီတွင် အရည်ပျော်၍ စင်တီဂရိတ် ၁၉၅၅ ဒီဂရီတွင် အရည်ဆူပြီး အပြာရောင် အဖြစ် အငွေ့ပျံသည်။



မြန်မာတို့၏ လက်ရာပြောင်မြောက်သော ငွေထည်များကို အနောက် နိုင်ငံသားများ နှစ်သက်ကြသည်။ ငွေသတ္တုဖြင့် ငွေဒင်္ဂါး၊ ဖလား၊ ကွမ်းအစ်၊ ထုံးဗူး၊ ဆွမ်းအုပ်၊ လင်ပန်း၊ ပြွန်ချောင်း၊ ဓား၊ ငွေရုပ်တုများ၊ ငွေပန်းခိုင်များနှင့် ငွေထည်လက်ဝတ်လက်စား အမျိုးမျိုး ပြုလုပ်ကြသည်။

ထို့ပြင် ငွေသတ္တုသည် အပြင်းထန်ဆုံးသော ယမ်းဘီလူး၊ ဖလင်ကော်ပြား၊ ငွေရည်စိမ်လုပ်ငန်း၊ ဆေးဝါးများပြုလုပ်ရာတွင်၎င်း၊ ဦးခေါင်းခွံ၊ အရိုးနှင့် သွားများ ကျိုးပဲ့ရာတွင်ငွေပြားဖြင့် ကွပ်ပေးခြင်းဖြင့်၎င်း ကမ္ဘာ့ နိုင်ငံအသီးသီးက တန်ဖိုးထား သုံးစွဲလျက်ရှိကြသည်။





ကြွက်ပျင်းကလေး
ဟိုး-- သူငယ်ချင်းတို့ ရှိကြလား
ဝင်ခဲ့လေ ရှိပါတယ်
တခါက ကြွက်ပျင်းကလေးတကောင် ရှိခဲ့သည်။
သူသည် မိမိကိုယ်တိုင် အစာရှာမစားပဲ တတွင်းဝင် တတွင်းထွက်ဖြင့်
လည်ပတ်၍သာ စားသောက်နေထိုင်လေ့ ရှိသည်။
ထိုသို့ လည်ပတ်စားသောက်သည်မှာ ရက်အတန် ကြာလာသော် —
အခြားကြွက်တို့သည် သူ့အား မကျွေးမွေးလို ကြတော့ပေ။
ထိုကြောင့် တော်သလိုကြည့်၍ ပြောဆိုလွှတ် ကြတော့သည်။


ဆာလိုက်တာနော်... အလွယ်ဆုံးနည်းနဲ့ဘဲ ကိုက်ဖြည့်ရတော့မှာဘဲလေ...
သို့သော်သူသည် ကိုယ်တိုင်အစာမရှာပဲ လွယ်လွယ်နှင့် အစာရရေးကိုသာ စဉ်းစားလေသည်။
ဟဲ-ဟဲ-တွင်းရှင်တွေ အပြင်သွားတုန်းခဏ စားလိုက်အုံးမှာဘဲ
ထိုကြောင့် အခြားကြွက်များ၏ အစာများကို ခိုးယူ စားသောက်တော့သည်။
တနေ့တွင် ကြွက်ရွာသို့ ကြွက်ဖမ်းအလွန်တော်သော ကြောင်တကောင် ရောက်လာသည်။
သတိနဲ့သွားနော် တနေ့ကဘဲ ကြွက်ညိုလေးတကောင်ပါသွားတယ်
ကြွက်အပေါင်းတို့လည်း သတိနှင့်သွားလာ ရှာဖွေစားသောက်ကြရတော့သည်။
ကယ်သူမရှိမချင်း ဝင်ကြိုက်မှာဘဲ
ကြွက်များအစာရှာထွက်လေ့ရှိသော တညနေခင်းတွင်....
အင်း-- ဒီနေ့ညမှ ကောင်းကောင်း စားရမယ်
ကြောင်သည် ကြွက်ပျင်းလေးကို မြင်သွား၏။



အမလေး မြွေကြီးပါလား ငါပြေးမှဘဲ
ကြွက်ပျင်းကလေးသည် တွင်းထဲ၌ လတ်ဆတ်လွန်းလှသော အစာတခုကိုတွေ့လေသည်။
စားသောက်မည်အပြုတွင် မြွေတကောင်ဖြစ်နေဖြင့် .
တွင်းအပြင်သို့ အတင်းထွက်ပြေးရတော့သည်။
ထိုအခါ ကြောင်လက်တွင်းသို့ ရောက်သွားတော့၏။
ထိုသော် ကြောင်နောက်မှ မြွေ ကထွက်လိုက်လာပြန်သည်။
မြွေနှင့် ကြောင်ကို သတ်ပုတ်နေကြစဉ် ကြွက်ပျင်းကလေး လွတ်မြောက်သွားတော့သည်။
ထိုနေ့မှစ၍ ကြွက်ပျင်းလေးသည် မိမိကိုယ်ကို မိမိအားကိုးပြီး ရှာဖွေစုဆောင်း စားသောက်လေတော့သည်။

# ကိုယ်လက်လှုပ်ရှားများ



## ၁။ ကိုယ်လက်လှုပ်ရှားမှုအကျိုး

ကျန်းမာခြင်းသည် လူတို့အတွက် အရေးအကြီးဆုံးဖြစ်သည်။ ကိုယ်ကျန်းမာမှ စိတ်လည်း ချမ်းသာပျော်ရွှင်နိုင်သည်။ ကျန်းမာစေကြောင်း နည်းလမ်းကောင်း များစွာရှိသည့်အနက် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများသည် အထိရောက်ဆုံးဖြစ်၏။ အလွယ်တကူလေ့ကျင့်နိုင်၏၊ ငွေကြေးမကုန် ကျပဲ အဖိုးမဖြတ်နိုင်သော ကျန်းမာရေးကို ရနိုင်၏။



ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများကို နေရာမရွေး၊ နေ့ညမရွေး၊ လူကြီးရော လူငယ်ပါ လေ့ကျင့်ယူနိုင်၏။ အထူးသဖြင့် နာရီပေါင်း များစွာထိုင်၍ စာသင်ကြရသော ကျောင်းသူကျောင်းသားများနှင့် သင့်လျော်၏။ ငြီးငွေ့နေသောစိတ်ကို အပြောင်းအလဲ ဖြစ်စေ၏။ အညောင်းအညာပြေ၍ ပျင်းရိထိုင်းမှိုင်းမှုများ ပပျောက်စေ၏။ ဦးနှောက်ကြည်လင်စေ၍ စာသင်ယူရာ၌ အာရုံပိုမိုစူးစိုက်လာနိုင်၏။



လေ့ကျင့်ခန်း မှန်မှန်ယူပါက ကိုယ်ကာယ ကြံ့ခိုင်လာနိုင်သည်။ ခန္ဓာကိုယ်ရှိ လျော့ရည်းနေသော ကြွက်သားများ ကျစ်လစ်သန်မာလာနိုင်သည်။ အသားအရေ ကောင်းလာမည်။

ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများကို အပြင်းအထန် လေ့ကျင့်ရန် မလိုချေ။ ခန္ဓာကိုယ်တွင်းရှိ သွေးလှည့်ပတ်မှု ညီမျှအောင်သော နည်းမှန်လမ်းမှန် လှုပ်ရှားပေးခြင်း ဖြစ်ပေသည်။



ဝါ၊ နီ၊ ပြာ၊ ညို ဆေး…




ယခုနေ့သည် ကျောင်းပိတ်ရက် တနင်္ဂနွေနေ့ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ သူငယ်ချင်းများသည် ဧွေးအောင် ထံသွားရန် လှုစုနေကြပါသည်။ ကျွန်တော်၊ ဂျော်နီတင်နှင့် ဖိုးမဲသာရှိပြီး တင်ယုနှင့် ဂျိုးဖြူတို့မှာ မလာကြသေးပါ။ ထိုစဉ် ဖိုးမဲက လက်နှင့်ထောက်ပြ၍ –

"ဟော့ စာကြည့်တိုက် ဖွင့်ပြန်ပြီတဲ့ကွ" ဟု ပြောသဖြင့် ကျွန်တော်နှင့် ဂျော်နီတင်တို့က [illegible] သည့်ပတောင်းကိုကြည့်ရင်း –

"ငါတို့ရပ်ကွက်ထဲမှာလဲ ရပ်ကွက်လူကြီးတွေက စာကြည့်တိုက်ဖွင့်ပေးယင် သိပ်ကောင်းမှာဘဲကွာ" ဟု တောင်းတလိုက်ပါသည်။

"အေးကွ စာကြည့်တိုက် ရှိယင် သိပ်ကောင်းမှာဘဲ။ ငါတို့လဲ ဧွေးအောင်ဆီက အောက်ကျိုခံပြီး ငှားနေစရာ မလိုတော့ဘူး" ဟု ဂျော်နီတင်က သူ့ အမြင်ကို ဖွင့်ဟလိုက်ပါသည်။

ဟုတ်တော့လည်း ဟုတ်ပါသည်။ ကျွန်တော်တို့မှာ စာ [illegible]ချင်လျှင် ဧွေးအောင် ကို [illegible] ချဉ်းကပ် ကြရပါသည်။ ဧွေးအောင်နှင့် ကျွန်တော်တို့တွင်လည်း ခြားနားချက်တခု ရှိပါသည်။ ဧွေးအောင်မှာ သူ၏ မိဘများက ငွေကြေး ပြည့်စုံသူ များဖြစ်ခြင်းကြောင့် အံပတ်စဉ်ထုတ်ဝေသော စာစောင်များ ကို အမြဲတမ်းဝယ်ယူဖတ်ရှုနိုင်ပါသည်။ ကျွန်တော်တို့မှာကား သူကဲ့သို့ မဝယ်နိုင်သည့်အတွက် သူ့ထံမှ စာစောင် များ ကို တောင်းတောင်းပန်ပန် ငှားရမ်းဖတ်ရှုရပါသည်။ ထို့ကြောင့် ထိုအဖြစ်ကိုရည်ရွယ်၍ ဂျော်နီတင်က ပြောလိုက်ခြင်း ဖြစ်ပါသည်။ သူက ဆက်လက်၍ –

"ဟိုကောင်တွေလဲ မလာသေးဘူးကွာ၊ ငါတို့ ချည်းဘဲ သွားနှင့်ရအောင်။ တော်ကြာ ဧွေးအောင်ကိုမတွေ့လို့စာမဖတ်ရဘဲ ဖြစ်နေအုံးမယ်" ဟု ဆိုသဖြင့် ကျွန်တော်တို့သုံးယောက် အိမ်မှ ထွက်လာ ကြပါသည်။ ဧွေးအောင်ကိုလည်း သူ့အိမ်တွင် အဆင်သင့်တွေ့ရပါသည်။ သို့သော် ဧွေးအောင်က ခါတိုင်း-ကဲ့သို့ သံတံခါးဖွင့်မပေးဘဲ အထဲမှနေ၍ ပြောပါသည်။

"ဟေ့ကောင် အောင်မြင့်၊ မင်းတို့ကို စာအုပ်ငှား မဖတ်စေရတော့ဘူးလို့ ငါ့အဖေက ပြောထားတယ်ကွ။ မင်းတို့ကိုလဲ အိမ်မလာစေနဲ့တဲ့။ ကဲ သွားကြပေတော့"

ကျွန်တော်တို့အားလုံး အံ့အားသင့် သွားကြ ပါသည်။ ကျွန်တော်က မကျေနပ်သော ကြောင့် မေးလိုက်ပါသည်။

"ဘာဖြစ်လို့လဲကွ၊ ငါတို့မှာ ဘာအပြစ်ရှိလို့လဲ။ ငါတို့ အေး

အေး ဆေးဆေး စာဖတ်တာဘဲ မဟုတ်လား”

ဒွေးအောင်တ ခေါင်းညိတ်သည်။ ပြီးမှ –

“ဒါပေမယ့် ငါတို့အဖေက မင်းတို့အိမ်လာယင် မျက်စိရှုပ်တယ်လို့ ပြောထားတယ်ကွ” ဟု ဆိုကာ အိမ်ထဲဝင်သွားပါသည်။

ကျွန်တော်တို့လည်း ဘာမျှ မတတ်နိုင်တော့ပါ။ ကျွန်တော်တို့၏ စာကြည့်ရသည့် အခွင့်အရေးလေး လက်လွတ်ရှုံးဆုံးသွားသည့်အတွက် စိတ်မကောင်းစွာဖြင့် အိမ်သို့ ပြန်လာခဲ့ကြပါသည်။ လမ်း၌ ဂျော်နီတင်က–

“အလကား ဒီကောင် ညာတာပါကွာ.... ငါတို့ကို စာအုပ်မငှားချင်လို့ သူ့အဖေက မျက်စိရှုပ်တယ်လေး ဘာလေးနဲ့ အကြောင်းပြလိုက်တာကွ” ဟု ပြောပြီး အံကြိတ်လိုက်ပါသည်။ ကျွန်တော်တို့နှင့်ဖိုးမဲလည်း ဒေါသဖြစ်လာပါသည်။

ထို့နောက် ကျွန် တော် တို့ လူစုံလျှင် ဖိုးမဲက ပြောပါသည်။

“ငါတို့ ဒီလို လုပ်ကြမယ်ကွာ။ ငါတို့ငါးယောက် တနေ့ ငါးပြားစီ ကျောင်း မုံ့ဖိုးထဲက နေ့တိုင်းစုမယ်။ တပတ်ဆိုယင် တယောက်ကို သုံးဆယ့်ငါးပြား ဆိုတော့ ငါးယောက် အတွက် တကျပ် ခုနစ်ဆယ့်ငါးပြား ရမယ်။ အဲဒီပိုက်ဆံနဲ့ စာစောင်တွေဝယ်မယ်။ ငါတို့ စာကြည့်တိုက်ဖွင့်မယ်၊ ကဲ–ဘယ့်နှယ်လဲ”

“အေး အဲဒီအကြံ ကောင်းတယ်ကွ၊ ငါတို့ စုကြမယ်” ဟု ကျွန်တော်တို့အားလုံးက တပြိုင်တည်းသဘောတူလိုက်ပါသည်။

“ဒီလိုဆိုယင် အခု မင်းတို့အိမ်မှာရှိတဲ့ ကာတွန်းစာအုပ်တွေ သွားယူခဲ့ကြကွာ။ ပြီးတော့ အောင်မြင့်အိမ်မှာ ရှိတဲ့ ထင်းရှူးသေတ္တာပုံးကြီး ထဲမှာ ထားမယ်။ ဖတ်ချင်တဲ့သူတွေကို ငါတို့က စာအုပ်ငှားမယ်”

“အေး–ဟုတ်ပြီ၊ လာဟေ့ သွားကြစို့”

ထိုနေ့မှစ၍ ကျွန်တော့်အိမ်ရှိ ထင်းရှူးသေတ္တာပုံးကြီးမှာ စာကြည့်တိုက်ကလေး ဖြစ်သွားပါသည်။ ထင်းရှူးသေတ္တာပုံးကြီးကိုလည်း မြေဖြူဖြင့် “ကျွန်တော်တို့ စာကြည့်တိုက်” ဟု ကမ္ပည်း ထိုးထားလိုက်ပါသည်။ တပတ်ပြည့်သော အခါ တွင်လည်း ကျွန်တော်တို့စု၍ရသော ပိုက်ဆံဖြင့် ရွှေဆောင်၊ တေဇ၊ ရွှေသွေး၊ လူရည်မွန်၊ ရှင်ပြုံး စာစောင်များ ဝယ်လိုက်သောကြောင့် လမ်းထဲမှ ကလေးများ စာဖတ် လာကြသဖြင့် ကျွန်တော်တို့ စာကြည့်တိုက်ကလေးမှာ ပျော်ပျော်ပါးပါး စည်စည်ကားကား ရှိနေပါသည်။

ထို့ကြောင့် စုပေါင်း အားဖြင့် ပေါ် ထွက်လာသော စာကြည့် တိုက် က လေး အတွက် ကျွန်တော်တို့အားလုံးမှာ ပျော်ရွှင်မဆုံး ရှိနေပါသတည်း။ ။

## လွတ်လပ်ရေးနေ့

လွတ်လပ်ရေး လွတ်လပ်ရေး
ပြည်ထောင်စုရဲ့ လွတ်လပ်ရေး။
လွတ်လပ်ရေးကို တို့အတွေ
အမြဲချစ်ခင်ပေး။
တို့အတွေနှင့် အတူတဲ့
ညီညွတ်ရေးသည် အဓိက။
ကျွန်ဘဝကို မြေမှုန်ချ၊
ရွံမုန်းကြစေချင်၊
အောင်ပွဲဆင်တဲ့ လွတ်လပ်ရေးနှစ်
ထောင့်ကိုးရာနှင့်
လေးဆယ့်ရှစ်။
တနှစ်ဆန်းတဲ့ ချိန်ဝါမို့
လေးရက် ဇန်နဝါရီ။
ရွှင်ရွှင်ကြည်ကြည်
ကျင်းပသလောက်
နှစ်ဆယ် တော်လှန်ခဲ့မြောက်။
ရဲရဲတောက်ပ တို့အောင်လံ
မျိုးချစ် ဇာတိမာန်
ရန်သူမှန်လျှင် လက်မနှေး
တိုက်ထုတ်ပစ်မယ်လေး။ ။

ပန္နရဝင်း



R. 517

# ငှက်မင်းသား

ရေးသူ ရဲမြှောင့်



အရှေ့တိုင်း နိုင်ငံများတွင် ငှက်မင်းသား အမျိုးမျိုးရှိရာ တမျိုးနှင့် တမျိုး ခွဲခြား မှတ်သားနိုင်ရန် အတန်ခဲယဉ်းပေသည်။

ငှက်မင်းသား ဟူသော အမည်နှင့် လိုက်၍ အမွေးအတောင် လှပတင့်တယ်သည်။ အနီ သို့မဟုတ် အဝါရောင်သည် အပေါ်လွှင်ဆုံး ဖြစ်သည်။ အလျားမှာ ၉ လက်မခန့်ရှိသည်။

ငှက်မင်းသားသည် အဆင်းလှရုံသာမက ချိုအေးသာယာစွာလည်း မြည်ကြွေးတတ်သည်။ သစ်ပင်ထိပ်ဖျားပေါ်တွင် နေလေ့ရှိ၍ မြေပေါ်သို့ ဆင်းခဲသည်။ အများအားဖြင့် အအုပ်အသင်းဖွဲ့ကာ အစာရှာတတ်သည်။ ခေါင်းဆောင် နောက်သို့ စုပြုံလိုက်ရင်း၊ သစ်ရွက်များအကြားတွင် ပိုးမွှားများကို ရှာဖွေစားသောက်သည်။

ဇွန်နှင့် ဇူလိုင်လများအတွင်း သားပေါက်သည်။ သစ်ကိုင်းပေါ်တွင် ပြုလုပ်ထားသော အသိုက်မှာ သစ်ကိုင်းနှင့် ရွေးမရလောက်အောင် ရှိတတ်သည်။ အသိုက် လုပ်ရာတွင် သစ်မြစ်၊ သစ်ကိုင်းခြောက်၊ မြက်များကို အသုံးပြုသည်။ တမြှောင် နှစ်ဥ သို့မဟုတ် သုံးဥအထိသာ ရှိတတ်သည်။ ဥမှာ ရှည်မျောသည်။ အစိမ်းနုရောင်နှင့် အညိုစက်များရှိသည်။ တဥလျှင် ပျမ်းမျှ အလျား ၀.၉၀ လက်မနှင့် ပြက် ၀.၆၇ လက်မရှိသည်။

အရှေ့တိုင်း နိုင်ငံများနှင့် မြန်မာနိုင်ငံတွင် အနှံ့အပြား တွေ့ရသည်။ ပေ ၆,၅၀၀ အမြင့် အထိ တွေ့ရသည်။



၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀ဂ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၅၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ – ၃။ အမှတ် – ၂။

# ရွှေသွေး ဂျာနယ်

## အနုပညာရှိတဲ့

ပန်းချီ – ဦးဘကြည်
စာတ်လမ်း – ခင်လတ်


၁၃၃၂ ခု၊ ပြာသိုလဆန်း ၁၃ ရက် (၉ – ၁ – ၇၀)




စနေနေ့တိုင်း ထုတ်ဝေသည်။


ကျနော်က ဇာတ်မင်းသား
သိပ်ဖြစ်ချင်တယ်
ဖိုးဖိုး ...
အဟ်
ကြိုးစားယင်
တနေ့တော့ ဖြစ်
ရမှာပေါ့ .....
ဟဲ-ဟဲ - အလုပ်စ၊
ကြမယ် - -
တောက်
ငါ - ဖိုးဖိုးဆီသွားနေတာများ အမေသိသွား
ယင်တော့ နကွဲပါဘဲ၊ အခုတောင် ငါပျောက်နေလို့
ရှာနေ
ဖြီလား
မသိ
ဘူး
ငါတို့ အိမ်မှာ
သွားကစားနေတယ်
ပြောပေါ့ကွ ...
ဆိုင်းတိုက်ပြီး အိမ်အပြန်လမ်းတွင် -
ဟဲ့ - ကျော်စိုးဟုတ်လား၊
ဘယ်ကပြန်လာတာလဲ - မိုးချုပ်
လှပြီ၊ ဟို ဇာတ်သမား
အရိုးကြီးဆီ
သွားနေတယ် ဆို
ပါလား၊ ဒီမှာ ညဘက်လို
ထမင်းဝ ဖို့မှာ မဟုတ်ဘူး
နောက် အဲဒီ သွားတယ်
ကြားယင် အ သက်ဘဲ။
အိမ်ပြန်ရောက်သောအခါ....
ဖိုးလှရေ - ကျုပ်တို့ ဒီနှစ် စပါးအတော်ကို
အောင်လိမ့်မယ်ထင်တယ်
ဟုတ်သများ သာကျော်ရဲ့
ဒီနှစ်ငွေပိုလေးရယင်
ကျော်စိုးကို ရှင်ပြုမလားလို့
နောက်များမကြာမီ အရပ်ထဲ၌ -
ထိုနှစ်အဖို့ သူတို့ထင်သည့်အတိုင်း ဖိုးရန်နှင့်
မိုးရန်လွတ်၍ စပါးများ အောင်မြင်စွာ
ဖြစ်ထွန်းလေသည်။


တကာကြီးတို့ - ဒီနှစ် စပါး ကောင်းတော့ - ဘုန်းကြီး လဲဝမ်းသာတယ်၊ တနှစ်လုံး ရွာကလူတွေဟာ အလုပ်နဲ့ လက်နဲ့ မပြတ် လုပ်ကြရတယ်၊ ဒီတချိန်တော့ ပျော်ရွှင်မှုလေး ရှိစေချင်တယ်၊ တကာတို့ အလှူမှာ ဓါတ်ပွဲ တပွဲလောက် သွင်းယင် မကောင်းပေဘူးလား
တင်ပါဘုရား၊ ရွာကလူတွေလဲ ပွဲငေးနေကြတာကြာပါပြီ၊ တပည့်တော်တို့လဲ ငွေစိုက်ပါ့မယ် ဘုရား
တပည့်တော်မ တို့လဲ အလှူ ပါဝင်ပါ့မယ်ဘုရား
တပည့်တော် ကလဲ ပွဲစရိတ် မ တည်ပါ့မယ်ဘုရား
နက်ဖြန်ဘဲ တပည့်တော်တို့ နှစ်ယောက် မြို့တက်ပြီး ပွဲ ငှါး ကြပါမယ်ဘုရား
တနေ့သော် ရွာဦးကျောင်း၌ အလှူပြုလုပ်ရန်ကိစ္စကို သွားရောက် လျှောက်ထားကြရာ....
သာကျော်ရယ် - ခက်တော့ တာဘဲ၊ တမြို့လုံး ရှိတဲ့ ဓါတ် အဖွဲ့တွေက - ဒီရက်ထဲ အားလုံး ငှါးပြီး သားတဲ့
အေးကွာ - မြို့က လူတွေဟာ - အား အား ရှိ - ပွဲကြည့်နေကြတယ်ထင်တယ်။ ဓါတ်မရယင် - အဖြိမ့် ငှါး ရအောင်
အကိုကြီးတို့ကလဲ - စောစောက ပြောထားကြရောပေါ့၊ ခုတော့ လက်လွှဲနေပြီ၊ ခင်စိန်ရီ တို့က နှစ်ကိုယ်ခွဲ လို့ ရယင် ကောင်းသား၊ အားနာပါတယ်။
သုံးဆယ် ပိုပေးမယ် လေ..
အဟိ
ရမယ် ဆိုယင် ငါးဆယ်သဲ ပိုပေးပါတယ် (ဟဲ - ဟဲ)
တကာ - တကာမ တို့၊ စိတ်မပျက်ကြလေနဲ့၊ ဘုန်းကြီး တနေ့က ပဲ ဓါတ် အသိုးကြီး အိမ်သား ရောက်လို့ဝင် သွားတယ်၊ တကာတဲ - တိုးတာ - ဖျော်တာတွေ အပျော်ကြီးဘဲ။ ဖိုးလှသာ - ဇာတ်ကလဲ တကယ် မင်းသား ကျနေတာဘဲ...
ဟင် - ဟုတ်ကဲ့လား ဘုရား၊ ဒီကောင်ခွေး ဖြစ်ချင်တော့ ကောင်း၊ ဒီပညာဟာ ထမင်း၀တဲ့ ပညာမျိုးမှ မဟုတ်ဘဲ၊ အိမ်ကျမှ - ကောင်းကောင်း ရိုက် ပစ်လိုက်အုံးမယ် ဘုရား၊
ဇာလေးကို ရိုက်လဲမနေပါနဲ့ လေ၊ ဘုန်းကြီး တော့ သူတို့ကိုဘဲ ငှါးစေချင်တယ်၊ လိုတာလေးတွေသာ ရှာဝယ်ပေးလိုက်ပါတော့...
မြို့မှအပြန်တွင် ဘာပွဲမှမရခဲ့သောကြောင့် ဆရာတော်ထံ လျှောက်ထားလေလျှင် ....





ဝေဇယန္တာ……နန်းဘုံ……မြမန်းလေ……
ဇေယခုံ……ယမုန်ငယ်ငုလ……သောင်ငွေကျွန်း……
မြောင်ဖီလာ………သိင်္ဂီ ဝန်းရံရွှေ……
ပွဲကသောညတွင် ရွာနီးနားမှ လာရောက်ကြည့်ကြ၏။ ရွာခံများကမူ စိတ်တထင့်ထင့်နှင့် –
ဟာ. တယ်ဟော်ပါလား -
ပတ္တလား နှစ်လုံးတီးတာ
တသံထဲထွက်တယ် .
သိပ်လိုက်တာ
ဖြောင်း
ဖြောင်း
ဖျော်မောင်း
သီချင်းသံနှင့်အတူ ပတ္တလားသံများ ထွက်ပေါ်လာပြီး၊ ကန့်လန့်ကာဖွင့်လိုက်ရာ –
တကြီးအောင်ညာတယ် ပြဇာတ်ကိုလည်း စွဲသွားကြ၏။
နောက် ထပ် တညတော့ ပွဲကပါအုံးလေ …
အလှူရှင် ခုလဲ ထပ်ပေးမှာပါ
ဟုတ်တယ်
ဦးလေး
ရပါတယ်
စီစဉ်ပေး
ပါမယ်
ဆရာတော်
ကလဲ - အမိန့်
ရှိပါတယ်
ပရိသတ်က နောက်တညထပ်ကရန် ပွဲတောင်း၏။
ဪ…
အနုပညာ
ဆိုတာ
တယ်မှတ်
ပါကလား
အင်း .သား -သား
တကယ့်မင်းသား
ကလေး ကျနေ
တာပဲ
ကလား ကွယ်
……
….
ဦးဖိုးလှကား သားကျော်စိုး ကသည်ကို ပွဲစပ်ထောင့်မှကြည့်ပြီး ပီတိဖြစ်နေလေသတည်း။



ဆရာဦးကျော်ရှိန်နှင့် ဆရာဦးဘမောင်တို့သည် ကျောင်းသူကျောင်းသား သုံးဆယ်ခန့်ဖြင့် လေ့လာရေး ခရီးထွက်ခဲ့ကြ၏။
မသိဘူး
လူအုပ် အနီးတွင် ကားရပ် လိုက်၏။
ဆရာ ဦးကျော်ရှိန်နှင့် ဆရာ ဦးဘမောင်တို့ကား ပေါ်မှ ဆင်းသွားပြီး လူအုပ်ကြားထဲမှ လူတယောက်နှင့် ရင်းနှီးစွာ နှုတ်ဆက် ပြောဆိုနေကြသည်။
မကြာမီ ကားရှိရာသို့ ဆရာတို့ပြန်လာပြီး ကျောင်းသားများကို ဆင်းခိုင်းသည်။


လေ့လာရေးကျောင်းသားတို့ကို ရွာမှ ဆရာက ရှင်းပြသည်။


ဆရာတို့ရွာမှာ ကျောင်းသူကျောင်းသားတွေလဲ အလုပ်လုပ်ကြတာကိုး-
ရွာကျောင်းသားတွေဟာ စာသင်ရုံနဲ့ မပြီးသေးဘူး တကယ်လက်တွေ့-
လယ်မြေကြေးကိစ္စတွေမှာ ပါဝင်ဆောင်ရွက်ကြရတယ်-
ဒါဖြင့် ကျွန်တော်တို့ကော လုပ်အားပေးလို့မရဘူးလား ဆရာ-
လေ့လာရေး ကျောင်းသားတို့လည်း နားလည်သဘောပေါက်သွားကြသည်။
လှကျော်က အသံကျယ်ကျယ်ဖြင့် မေးလိုက်သည်။
ရတာပေါ့ကွ-လာကြပေါ့ သွားကြစို့-
အိုးစည်ဗိုင်းမှ အားတက်သရော သီဆို တီးမှုတ်သံတို့က လေ့လာရေး ကျောင်းသားတို့ကို အသင့်ကြိုဆိုလျက်ရှိ၏။




စိန်ကို အဖိုးတန်သော ကျောက်မျက်ရတနာ အဖြစ် လူတို့ အမြတ်တနိုး သုံးစွဲကြသည်။ လက်ဝတ်လက်စား ရတနာအဖြစ် အသုံးများကြသည်။ ဘာသာရေး၌ ဘုရားဆင်းတုတော်နှင့် စိန်ဖူး၊ နန်းသုံးပစ္စည်းအဖြစ် မကိုဋ်သရဖူ စသည်များတွင်လည်း တပ်ဆင် အသုံးပြုကြသည်။



အရောင်အလွန်တောက်ပ၍ ကြည်လင်သောစိန်နှင့် ခဲသားကျသော စိန်များမှာ အလွန် အဖိုးထိုက်တန်၏။ သို့သော် စိန်၌ ပင်ကိုယ်အလင်းရောင် မရှိချေ။ စိန်ကို အကွက်ဖော်ပြီး သွေးထား၍သာ အရောင်တဖျပ်ဖျပ် ထွက်နေခြင်း ဖြစ်သည်။ အကွက်များ ဖော်ထားပုံမှာ စိန်ပေါ်သို့ ကျရောက်သော အလင်းရောင် အားလုံးကို အကွက် မျက်နှာပြင်များမှ အများဆုံး ပြန်လည်ရိုက်ဟပ် နေစေရန် ဖြစ်သည်။

ရှေးက စိန်ကို အိန္ဒိယနိုင်ငံမှ အဓိကတူးဖော်ရရှိသည်။ နောင်သော်




ဗရာဇီးနိုင်ငံနှင့် တောင်အာဖရိက တိုက်တို့မှလည်း တူးဖော်ရရှိသည်။ ယခုအခါစိန်အများဆုံး ထွက်သောဒေသမှာ တောင်အာဖရိက ဖြစ်၏။ ထခါက ဂရိတ်မဂိုအမည်ဖြင့် ၇၈၇ ရတီရှိသော စိန်ရိုင်းတုံးကြီးမှာ ကမ္ဘာပေါ်တွင် ထင်ရှားခဲ့၏။ ၁၉၀၅ ခုနှစ်တွင်မူ ၃၁၀၆ ရတီ(၁¾ ပေါင်) ရှိသောကမ္ဘာ



# အဆန်းကြောင်းမြင်


ပြုစု ရေးဆွဲ သည် ★




ပေါ်၌ အကြီးဆုံး စိန်ရိုင်း တုံးကြီးကို အာဖရိကတိုက် မှတူးဖော် ရရှိခဲ့၏။ ထို စိန်တုံးကြီးမှာ လက်သီးဆုပ်နီးနီး ကြီး၍ ကာလီနန်ဟု အမည်တွင်သည်။ အခြား ကမ္ဘာ့ကျော် စိန်ကြီးများ မှာ အောလော့၊ကိုဟီးနူး၊ ရီးဂျင့်၊ စတားအော့အာဖရိက စသည် တို့ဖြစ်၏။

စိန်သည် ဓာတ်သဘောအရ ကျောက်မီးသွေး၊ သ ကြားနှင့် ခဲတံမှ ခဲဆံအဖြစ် အသုံးပြုသော ဂရပ်ဖိုက် ခေါ် ခဲပုပ်တို့ကဲ့သို့ ကာဗွန်မျှသာ ဖြစ်၏။ ရှေး ပဝေ ဏီက ကမ္ဘာမြေအတွင်း၌ ရှိသည့် ကာဗွန်သည် ကြီး မားသော အပူချိန်နှင့် ဖိအားတို့ကြောင့် စိန်အဖြစ်သို့ ပြောင်းလဲသွားခြင်း ဖြစ်လေသည်။

စိန်သည် တွင်းထွက်ပစ္စည်းများ အားလုံးအနက် အမာဆုံးဖြစ်၏။ အခြား မည်သည့် ပစ္စည်းမျိုးကိုမဆို ဖြတ်နိုင်၏။ ထို့ကြောင့် ဖန်နှင့် ကြွေထည်များကို ဖြတ် ရာ၌၎င်း၊ သွားပေါက်ဖာရာတွင် သုံးသည့် ဖောက်စက်များတွင်၎င်း၊ နာရီအတွင်းရှိ ဗယ်ရင်များတွင်၎င်း၊ ကျောက် ဖောက် စက်များတွင်၎င်း အသုံးပြုကြသည်။





ပွဲကြည့်
ကောင်းသော
မောင်ရွှေဦး
ဇာတ်လမ်းသရုပ်ဖော်
ကြွယ်လေး
ဒီည အငြိမ့်သွားကြည့် ဘို့ ငါလာခဲ့မယ်
မောင်ရွှေဦးသည် ညဘက် ပွဲသွား ရန် သူငယ်ချင်းများနှင့် ချိန်းထား၏။
အိပ်နေတဲ့ပုံ လုပ်ထားခဲ့မယ်
အိပ်ရာပေါ်၌ သူအိပ်နေသကဲ့ သို့ ပြုလုပ်ထားပြီး
ချိန်းထားရာသို့သွားရန်အတွက် အခန်းပြူတင်း ပေါက်မှ ကျော်၍ ခိုးထွက်ခဲ့လေသည်။
အလို! တံခါးတို လူဖွင့်နေ ပါလား
သန်းကောင်ကျော်တွင် မောင်ရွှေဦး၏ ဖေဖေ အိပ်ခန်းသို့ဝင်စဉ်တခါးလှုပ်နေသည်ကိုတွေ့၍
သူခိုး သူခိုး
အသာရပ်စောင့်ပြီး ပြူတင်းပေါက်မှ တက်လာ သူကို အနီးရှိ တုတ်ဖြင့် ရိုက်ချလိုက်၏။
တောက်!...ဗယ်.. မင်းသေတော့မယ်- အိမ်ထဲမှာရှိတာ တွေအကုန် အခိုးခံရ တော့မှာဘဲ
ကျနော်နောက်ကို မလုပ်တော့ပါဘူး ဖေဖေ
နောက်မှ သားမှန်းသိရ၍ ဗိုဒေါ်သထွက်ကာ ထပ်ရိုက်မည်ပြုသဖြင့် ဝိုင်းဆွဲထားရလေသည်။


စိတ်ကူးသူ
နှင့်
လက်တွေ့သမား
ထနေ့ မိုးမိုးတို့ သူငယ်ချင်း တစု ဆုံမိကြရာ ---



တနင်္ဂနွေနေ့
ဖိုးထူးတို့သည် အလွန်သဘောကျနေ၏။

# ကိုယ်လက်လှုပ်ရှားမှုများ



၂။ သွေးပူလေ့ကျင့်ခန်း

ကိုယ်လက် လေ့ကျင့်မှုများတွင် ခန္ဓာကိုယ် အစိတ်အပိုင်း တခုစီအတွက် သက်ဆိုင်သော လေ့ကျင့်ခန်းများလည်း ရှိသည်။ တကိုယ်လုံးအတွက် သင့်တော်သော လေ့ကျင့်ခန်းလည်း ရှိသည်။ အစဉ်အတိုင်း လေ့ကျင့်သင့်သည်ကို စီစဉ်ဖော်ပြသွားမည်။

**သတိပြုရန်** - လေ့ကျင့်ခန်းများကို အစာမစားမီ နာရီဝက်အလိုတွင်၎င်း၊ အစာစားပြီး တနာရီအတွင်း၌၎င်း ပြုလုပ်ရန်မသင့်။

လေကျင့်ခန်းများကို ရှစ်ကြိမ်စီ ပြုလုပ်ရမည်။



**သွေးပူလေ့ကျင့်ခန်း ၁။** ။မတ်မတ်ရပ်၊ ခြေထောက်တဖက်နှင့် တဖက် တပေခန့်ကွာရမည်။ လက်မြှောက်ထား။

(က) ခေါင်းကိုကုန်း၊ ခြေနှစ်ဖက်အကြားရှိ ကြမ်းပြင်နှင့် လက်ကို ထိအောင် ကြိုးစားကြည့်ပါ၊ ဒူးကို ကောင့်မထားရ။

(ခ) ကိုယ်ကိုပြန်မတ်။




**လေ့ကျင့်ခန်း ၂။** ။ခြေကို စု၍ရပ်၊ လက်ဘေးကပ်။

(က) ခြေထောက်ကို မြင့်နိုင်သမျှမြင့်၊ ဒူးကွေး၊ ခြေထောက် မြှောက်သောဖက်မှ လက်နှင့်ဒူးကိုဆွဲ၍ကိုယ်ဆီသို့ကပ်ထား၊ ခေါင်းကိုဆန့်ထား။

(ခ) လက်လွှတ်၊ ဒူးပြန်ချ၊ မူလအနေအထား ပြန်နေ။ အခြား ခြေတဖက်ကိုလည်း ဤအတိုင်း လုပ်ပါ။

## ခြံခုန်သော မြင်းကလေး




စက္ကူ ထူ တချပ် ပေါ်တွင် ပုံ (၁) နှင့် (၂) ကို ကျောချင်းဟပ်၍ ကော်ဖြင့်ကပ်ပါ။ ထို့နောက် ပုံတွင် ပြထားသည့် အတိုင်း ကြိုးနှစ်ချောင်းတပ်၍ စက္ကူချပ်ကိုလှည့်ပေးပါ။ ထိုအခါ မြင်းသည် ခြံစည်းရိုးကို ခုန် လိမ့်မည်။



# တစွတ်ထိုးစိတ်

မွှင့်ဆန်း

"အမေ – ပိုက်ဆံဆယ်ပြား လောက်ပေးပါ"

မောင်နေလင်းသည် အိမ်ပေါ်သို့ပြေးတက်လာပြီး၊ သူ့အမေ ဒေါ်ထားထံ တောင်းလိုက်ခြင်းဖြစ်သည်။

"ဘာ ပိုက် ဆံ လဲ။ အချိန်မဟုတ်၊ အခါမဟုတ်။ စည်းကမ်းမရှိတာ အမေ မကြိုက်ဘူးလို့ပြောထားတယ်မဟုတ်လား။ အခု ထမင်းစားချိန်ရောက်နေပြီ ဉစ္စာ"

"ကျွန်တော် လမ်းထိပ်မှာ ပြနေတဲ့ရုပ်ရှင် ကြည့်ချင်လို့ပါ"

"အို....နားမလည်ဘူး၊ နားမလည်ဘူး။ အပိုကုန်တဲ့ အလုပ်တွေ။ နင့်အဖေ သွားလဲ လိုက်ရတာဘဲ မဟုတ်လား"

မောင်နေလင်းသည် ထပ်၍ မတောင်းရဲတော့ပေ။ သူ့အမေ အကြောင်း သူသိပေသည်။ သူသည် အတော်ကလေးစိတ်ပျက်သွားလေသည်။ လမ်းထိပ်ရှိရုပ်ရှင်လှည်းမှ ဆိုင်းသံ"တုံချမ် တုံချမ်"က သူ့အား ဖိတ်ခေါ်နေပေသည်။

ရုပ်ရှင် လှည်းမှ လူကြီးကလည်း ကြည့်ချင်အောင် အပြောကောင်းကောင်းနှင့် ဆွယ်နေပေသည်။ မောင်နေလင်း၏ သူငယ်ချင်းကလည်း သူ ကြည့်ပြီးကြောင်း ပြောပြလေသည်။

"ကျွန် တော် နက် ဖြန် ခါ ကျောင်းမုန့်ဘိုး မယူတော့ပါဘူး အမေရယ်"

သိပ်စကားရှည်မနေနဲ့၊ ထမင်းစားရမယ်"

ဒေါ်ထားက ပြောပြောဆိုဆိုမီးဖိုချောင်ထဲ ဝင်သွားသည်။

မောင်နေလင်းမှာ စိတ်ပျက်လက်ပျက်နှင့်အိမ်ရှေ့တွင်ထိုင်ချလိုက်သည်။ ခေါင်းကိုလည်း တချက်ကုတ်လိုက်သည်။ တစုံတခုကိုလည်းစဉ်းစားနေမိသည်။ ထို့နောက် နေရာမှ ထလိုက်သည်။ သူသည် ဆေးလိပ်ခွက်ထဲမှ ပိုက်ဆံ ၁၀ ပြားကိုယူကာလမ်းထဲသို့ အမောတကြီး ပြေးဆင်းလာခဲ့ပေသည်။ သူသည် ပိုက်ဆံငါးပြားကို မုန့်ဝယ်စား လိုက်ပြီး ကျန် ငါးပြားနှင့် ရုပ်ရှင် ကြည့်လိုက်သည်။ သူ့အမေ စိတ်ဆိုးနေမည့်အကြောင်းကို သူ တွေးတောနေသည်။ သို့သော် သူ ကြည့်ချင် နေသော ရှေ့ဘကို ကြည့်လိုက်ရသဖြင့် သူ့ စိတ်ထဲ ကျေနပ်လျက်ရှိသည်။

မောင်နေလင်းသည် ရုပ်ရှင်ပြီး၍ ရုပ်ရှင်လှည်းထဲမှ အထွက်တွင်စိတ်ဆိုးနေသော ဒေါ်ထားကိုတွေ့လိုက်ရလေသည်။ သူ့ တကိုယ်လုံးသည် တုန်လှုပ်သွားပေသည်။ ဒေါ်ထားကလက်ထဲတွင် ပါလာသော ကြိမ်လုံးဖြင့် ရိုက်လေသည်။ မောင်နေလင်းသည် တဖက်သို့ ရှောင်လိုက်သဖြင့် တချက်၊ နှစ်ချက်သာ ရိုက်မိ ပေသည်။

"ဒီသားအမိ ဘယ်လို ဖြစ်ကြတာလဲ"

အလုပ်မှ ပြန် လာ သော မောင်နေလင်း၏ အဖေ ဦးလှထွန်းက မေးလိုက်ခြင်းဖြစ်၏။

"ဘာဖြစ်ရမလဲ၊ သူခိုး ယံ့ဖမ်းတာပေါ့။ ကျမထမင်းခူးနေတုန်း ဆေးလိပ်ခွက်ထဲကပိုက်ဆံ

ခိုးပြီး ရုပ်ရှင် လာကြည့်တယ်လေ။ ရှင့်သား ဘယ်လောက် ပြောဆိုရ ခက်သလဲဆိုတာ အဲဒါသာကြည့်တော့”

မောင်နေလင်းသည် ဦးလှထွန်း နား သို့ ပြေးသွားပြီး နောက်မှ ဖက်ထားလိုက်သည်။

လမ်းသွား လမ်း လာ များနှင့် သူနှင့်အတူ ရုပ်ရှင်ကြည့်ကြသော ကလေးများက သူ့အား ဝိုင်းအုံကြည့်ကြသည်။ သူသည် အလွန်ရှက်မိပေသည်။ အသားလည်း အလွန်နာကျင်ပေသည်။ ရှက်သဖြင့် မျက်ရည် မကျစေရန် မနည်း ထိန်းထားလိုက်ရသည်။ အထူးသဖြင့် သူ့အား သူ့အမေက “သူခိုး” ဟု ပြောလိုက်ခြင်းကို အလွန် ရှက်နေမိသည်။

“ကဲ – လာပါ၊ အိမ်ပြန်ကြရအောင်”

သူတို့သည် အိမ်သို့ပြန်ခဲ့ကြလေသည်။

“မင်းကလဲ ကလေးဘဲဥစ္စာ၊ ဒီလောက်တောင် ဖြစ်နေရ သလား”

ဦးလှထွန်းကအိမ်ပြန်ရောက်ရောက်ချင်းပြောလိုက်သည်။

“ကလေးဘဲလုပ်မနေနဲ့။ ဒီအရွယ်က ဆုံးမနိုင်မှ၊ မဆုံးမနိုင်ယင် ကြီးလာတော့ ခက်မယ်။ ကြီးလာယင် လူဆိုးကြီးဖြစ်မှာ သေချာတယ်။ အဲဒီတော့ မိဘလဲမကောင်းဘူး၊ တိုင်းပြည် အတွက်လဲ အန္တရာယ်ဘဲ”

“မင်းက ဘာပြုလို့ မင်းအမေဆီက မတောင်းရတာလဲ။ ခိုးတာတော့ အဖေလဲမကြိုက်ဘူး”

“တောင်းတာဘဲ။ မပေးဘူးအဖေရဲ့”

မောင်နေလင်းက ငိုသံပါကြီးနှင့် ပြောလိုက်သည်။

“တောင်းတိုင်း ပေး ရမလား၊ မနက်လဲ ကျောင်းမုံ့ဘိုး၊ နောက်ထပ် နေ့လယ်တမျိုး၊ ညနေ တမျိုးနဲ့မပေးနိုင်ဘူး။ ပိုက်ဆံဟာ သုံးချင်တိုင်း သုံးရတာ မဟုတ်ဘူး။ ချွေတာရမယ်”

“ကိုင်းကွာ – ဒီတခါတော့ ခွင့်လွှတ်လိုက်ပါ။ နောက်တခါဆိုယင် ငါကိုယ်တိုင် ဆုံးမပါ့မယ်၊ ငါလဲထမင်းဆာလှပြီ”

ဒေါ်ထားသည် မီးဖိုချောင် ထဲဝင်သွားသည်။ ဦးလှထွန်းက ရေချိုးနေသည်။

မောင်နေလင်းသည် အိမ်ရှေ့တွင် တယောက်တည်း ထိုင်နေလိုက်သည်။ သူ့ တင်ပါးတွင် ထင်နေသော အရိုး များကိုလည်း ကြည့်နေသည်။ သူ့အဖေ ပြန်လာ၍သာ တော်သွားပေသည်။ သူ၏ တဇွတ်ထိုး အပြုအမူကြောင့် သူ့အမေ စိတ်ဆင်းရဲရသည် ကိုလည်း တွေးပြီး စိတ်မကောင်း ဖြစ်မိသည်။ ထို့ထက် “သူခိုး” ဆိုသော စကားလုံးကို သူအရှက်ဆုံးဖြစ်မိသည်။

မောင်နေလင်းသည် သက်ပြင်းတချက် ချလိုက်သည်။ တဇွတ်ထိုး စိတ်သည် မကောင်းကြောင်း သူကောင်းစွာ စဉ်းစားမိလေသည်။

# ဒို့အလံ

ဒို့အလံ ဒို့အလံ၊
မှတ်သားသိကြရန်။

ဒို့အလံရဲ့ ဝဲထိပ်နား၊
ပြာရင့်ခြယ်သထား။

အောက်ခံသားက အနီခြယ်၊
ရဲသွေးအစီပွာယ်။

ပြာကွက်လယ် ကြယ်ပွင့်မြတ်၊
တော်လှန်ရေးရဲ့အထိမ်းမှတ်။

ဘေးကရံပတ် ငါးပွင့်မှာ၊
တိုင်းရင်းသားစုံပါ။

လွတ်လပ်ရေးဟာ ဒို့အသက်၊
ထိန်းသိမ်းကြဘို့ အမြဲတွက်။

မပျက်မကွက် ဒို့သစ္စာ၊
ရှိဘို့လိုအပ်ပါ။


ဦးညွတ်၍သာ စိတ်မှာပွား၊
မှတ်ထားရမယ်
မောင်လေးများ။ ။

ပိုးအေးစီ



R. 517

# ဆင်



တိရစ္ဆာန်များတွင် ဆင်သည် ကိုယ်ထည် အကြီးဆုံးဖြစ်သည်။ အသွား အရောင်မှာ မည်းနက်သည်။ ဆင်အထီး များတွင် အစွယ် နှစ်ချောင်းရှိလျှင် ''စွယ်စုံ''၊ တချောင်းတည်းရှိလျှင် ''တည်''၊ အစွယ် ငုတ်ကလေးများသာ ရှိလျှင် ''ဟန်''၊ အစွယ် လုံးဝမရှိလျှင် ''ဟိုင်း'' ဟု ခေါ်သည်။ ဟိုင်းဆင်သည် ရိုးရိုး ဆင်များထက် ကြီးပြီး အရပ်လည်းမြင့်သည်။ အစွယ်မရှိသဖြင့် ရိုးရိုးဆင်များထက် အားပိုကြီးသည်။

ပျမ်းမျှအရပ်မှာ ဆင်အထီး ကိုးပေနှင့် ဆင်မ ရှစ်ပေဖြစ်သည်။ လက်သည်းငါးခုနှင့် ခြေသည်းလေးခုစီရှိသည်။ ဆင်ထီးများ၏အစွယ်သည် ဖြူဖွေးချောမွတ်ပြီး အပြင်သို့ သုံးပုံတပုံ ထွက်နေသည်။ အစွယ်တခုလုံး၏ အလျားမှာ လေးငါးပေခန့် ရှိသည်။ ဆင်မများသည် အစွယ်ရှိသောအမျိုးတွင်သာ အစွယ်ငုတ်ကလေးများ ရှိသည်။ ဆင်၏ နှာမောင်းမှာ အပေါ်နှုတ်ခမ်းနှင့်နှာခေါင်းပေါက်တို့ ပူးတွဲ ဖြစ်ပေါ်နေခြင်းဖြစ်သည်။ နှာမောင်းဖြင့် အစာကို ချိုးဖဲ့စားခြင်း၊ ရေကို စုတ်ယူ၍ပါးစပ်အတွင်းသို့ ပို့ပေးခြင်း ပြုလုပ်သည်။ ယင်းနှာမောင်းဖြင့်ပင် ရန်သူကိုတုတ်များ၊ ခဲများနှင့် ပစ်ပေါက် နိုင်သည်။ မျက်လုံးများမှာ သေးငယ်သော်လည်း ကိုက်သုံးဆယ်ခန့်အထိ ကောင်းစွာ မြင်နိုင်သည်။ နားကြားလည်းပါးသည်။မှတ်ဉာဏ်ရှိသဖြင့် လေ့ကျင့်ရာတွင် လွယ်ကူသည်။

ဆင်သည် တနာရီလျှင် ၁၅ မိုင်နှုန်းခန့် မြန်မြန်လျှောက်နိုင်သည်။ ရေကူးကျွမ်းကျင်ပြီး တောင်တက်တောင်ဆင်း ကျွမ်းကျင်သည်။ အသံအမျိုးမျိုး ပြုနိုင်သည်။ ဝါးရွက်၊ သစ်ရွက်၊ သစ်ဉ၊ ကိုင်းရွက် စသည်များကို စားသည်။ သရက်သီး၊ ကြံပင် များကို အထူးနှစ်သက်သည်။ တနေ့လျှင် အစာပေါင်ချိန် ၇၀၀ ခန့် စားပြီး၊ ရေနှစ်ကြိမ်ခန့်သောက်သည်။



ဆင်မများသည် အသက် ၁၆ နှစ်ခန့်တွင် စတင်၍ သားပေါက်သည်။ ထို့နောက် သုံးနှစ် တကြိမ်ကျ ဆက်လက်၍ သားပေါက်သည်။

အကောင် ၂၀ မှ ၁၀၀ ခန့်အထိအုပ်ဖွဲ့နေတတ်သည်။ ခေါင်းဆောင်တကောင် အမြဲရှိသည်။ ဆင်ထီးများတွင် ''မုန်ယိုခြင်း'' ရောဂါဖြစ်ပေါ်လျှင် ရန်မူတတ်သည်။


တောဆင်ရိုင်းများကို မြန်မာနိုင်ငံ ရိုးမ တောကြီးများတွင် တွေ့နိုင်သည်။

ရဲမြင့်

၂၅ ပြား


ရန်ကုန်မြို့၊ ၅၂၉-၅၃၀ ကုန်သည်လမ်း၊ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၃။ အမှတ်-၃။




# ရွှေသွေး
## ဂျာနယ်

၁၃၃၂ ခု ပြာသိုလဆုတ် ၅ ရက် (၁၆-၁-၇၁)





စနေနေ့တိုင်းထုတ်ဝေသည်။


လေ့ကျင့်ချက်တွေ၊ ဦးဦးအိမ်မှာ မင်းတို့အတွက် မာလကာသီးတွေ ရှိတယ်၊
ဖိုးထူးတို့ တစ်လေးတည်း ညိုက်နဲ့၊ လုပ်ငန်းလုပ်သားကြီးဟာ၊ ဒီလိုနဲ့ အဝေးကိုင်း ငှိုး လာကြတယ်။
ဦးဦးက ဓါတ်ပုံထဲမှာ တံဆိပ်ကြီး ချိတ်ထိုးပါလား၊
ဦးဦး-ခံပြ လုပ်သားအဖွဲ့ခံ ၇ တန်းက၊ ချိတ်ထားတာလေ-
ကျွန်တော်တို့ကြီးမင်း ခံပြ လုပ်သားဖြစ်အောင်၊ ကြိုးစားမယ် ဦးဦး၊
တစ်နေ့ ကျောင်းပိတ်ရက်မှာ
မောင်ဖိုးထူး- နို့ဆိုင်မှာ နို့ငါးဆယ်သား သွားဝယ်ခဲ့စမ်း၊ ရော့-ငွေတစ်ကျပ်၊
ဟုတ်ကဲ့ မေမေ-
ဟဲ-ဖြတ်ခံ ဦးတို့ လှုပ်ပေါက်နေကြပါလား၊ ငါလည်းဝင်ပေါက် အုံးမှဘဲ၊ ဟို-နို့ဝယ်ရအုံးမယ်၊ ပေါက်လို့မဖြစ်သေးပါဘူး၊
ဟိုမှာ- ကျော်ကျော်တို့ ဘောလုံးကန်နေကြပါလား၊ နို့ဝယ်ပြီးမှ လာကန်အုံးမယ်၊
မေမေပေးလိုက်တဲ့ ငွေတစ်ကျပ် ပျောက်သွားမှာစိုးရတယ်၊ အိတ်ကပ်ထဲ ထည့်ထားလိုက်မှဘဲ၊



အိမ်သို့ပြန်ရောက်သော်


ဟို - မော်တော်ဆိုင်ကယ်လေးဟာ တယ်လှပါလား၊ … ပေါက်ပါ့မလား၊
ငါ မော်တော်ဆိုင်ကယ် သိပ်စီးချင်တာကွ၊ မော်တော်ဆိုင်ကယ်စီးပြိုင်တဲ့လူဖြစ်မယ်၊
ဖိုးထွေးကွ - ဖိုးထွေး -
ဟဲ - လုပ်ခစ်လုပ်သားကြီး ဦးဦးရဲ့ငွေနဲ့ ငါ မော်တော်ဆိုင်ကယ်ဝယ်စီးနေတာ မဟုတ်ပါလား၊
ဒီငွေတကျပ်ကို ဦးဦးဟာ အသက်စွန့်ပြီး အလုပ်လုပ်ရတယ်၊ ငါ့အနေနဲ့ ဒီငွေကို အကျိုးမရှိ အလဟဿ သုံးပစ်လို့ မဖြစ်ဘူး၊ ပြန်ပေးမှဘဲ၊
ဘာဖြစ်လို့ ပြန်ပေးရတာလဲကွယ်၊ ငါတို့ သုံးစရာရှိမှ သုံးပေါ့၊
ကျနော်မသုံးချင်ပါဘူး ဦးဦး၊ ကျေးဇူးတင်ပါတယ်၊



ဒီလိုမှ ပေါ့
ရေး-ဖေါင်ရွှေစွန်
မောင်မောင်သက်
သူတို့လဲမရောက်ကြ သေးပါလား
အတူးသည် နံနက်စောစော အိပ်ရာမှထပြီး သန့်ရှင်းရေးလုပ်ရန် ချစ်အိုးတို့ လူသိုက်နှင့် ချိန်းထားသော နေရာသို့ သွားသည်။
အချိန်ကြာကြာ စောင့်နေရ၍ အိပ်ငိုက်လာသည်။
သူတို့သန့်ရှင်းရေးလုပ်နေကြပြီ အားလုံးမောမှ ငါသွားမယ်
ထိုနောက် အတူးသည် ဘိန်းမုံ့သည် ဒေါ်ပုရဲ့ တဲအတွင်း ဝင်ထိုင်ပြီး ဘိန်းမုံ့ ဝယ်စားနေသည်။
ချစ်အိုးတို့ လူသိုက်သည် သန့်ရှင်းရေးကို အင်တိုက် အားတိုက် လုပ်ကြပြီး-


ဟေ့-ဟိုမှာ အတူးကွ
ခေတ္တ ရပ်နားလိုက်စဉ် အိပ်ငိုက်နေသော အတူး ကိုမြင်သွားကြသည်။
အချောင်သမားကို ဝိုင်းမကြမယ်
အေး-ကောင်းတယ်
အမှိုက်ကျင်းထဲသွားပစ်ချမယ် ဟေ့
ကဲ ရေသာခိုတဲ့ အကောင် မှတ်ကရောကွ
အတူးကို ကျင်းထဲသို့ ပစ်ချပြီး-
ပျော်ရွှင်စွာ ဘိန်းမုံ့စားနေကြလေသည်။


ငို့ဖို့ထားကြ ပါအုံးကွ
မုန့်စားရင်း အတူးကို –
ဒီအမှိုက်တွေဘဲ စားပေါ့
အလုပ်လုပ်မှ ဘိန်းမုန့်စားရတာကွ
ဝိုင်းပြီးနောက်ပြောင်ကြသဖြင့်
အတူးမှာရှက်ပြီး ဒေါသဖြစ်နေလေသည်။
ဟေ့ အတူး အတူး အိပ်လိုက်တာ–ထစမ်း
မင်းတို့ စောင့်ရတာ ကြာလိုက်တာ–ကွာ
အတူးသည် အိပ်ပျော်နေရာမှ လန့်နိုးသွားပြီး –
မင်းတို့ကိုစောင့်ရင်း အိပ်ပျော်သွားပြီး အိပ်မက်–မက်နေတယ် ကွ
ဟာ ကွာ – ဒို့ အလုပ်ဆက်လုပ်ကြရအောင် အိပ်မက်ထဲကလို မဖြစ်စေရပါဘူး
အေး–ဒီလိုမှပေါ့
အတူးက အိပ်မက်ထဲကလို မဖြစ်စေပဲ အလုပ်ဆက်လုပ်ရန်ပြောသဖြင့် သဘောကျနေကြသည်။

# ထန်း

ပန်းချီ - ကျော်ကျော်



ထန်းပင်သည် ခြောက်သွေ့သော ရာသီဥတုကို နှစ်သက်သည်။ မြန်မာပြည်အလယ်ပိုင်း မြင်းခြံ၊ မင်းဘူး၊ ပခုက္ကူ၊ မကွေးနှင့် ပြည်ခရိုင် တို့တွင် ထန်းပင် အမြောက် အမြား ပေါက်သည်။




ထန်းပင်သည် ပင်စောက် မျိုးဖြစ်ပြီး တနှစ်လျှင် တထွာ ခန့်နှုန်းဖြင့် အတောင် ၄၀ မှ ၅၀ ကျော် အထိ မြင့်တက်သွားသည်။ ထန်းပင်တွင် အဖိုပင်နှင့်အမပင်ဟူ၍ ရှိသော်လည်း ထန်းရည်ကိုမူ နှစ်ပင် စလုံးမှရသည်။ ထန်းပင်သည် အသက် ၁၅ နှစ် ကျော်လျှင် ထန်းနို့၊ ထန်းသီးထွက်သည်။

တန်ဆောင်မုန်းလတွင် ထန်းတက်သမားများသည် ရင်းထောင်၊ ထန်းလှီးဓား၊ သံတူ၊ ညှပ်၊ ကလိုင်၊ မြူအိုးများ ယူဆောင်၍ ထန်းရည် ခံသောလုပ်ငန်းများကို စတင်ကြသည်။ မီးသင်းထားသော မြူအိုးများဖြင့် ထန်းရည်ကို နံနက်တကြိမ်၊ ညနေတကြိမ် သိမ်းယူလေ့ ရှိသည်။



ဆေးကျမ်းအဆိုအရ ထန်းသီးသည် လေ၊ သည်းခြေ၊ သွေး၊ ထိခိုက်ရှနခြင်း၊ ကိုယ်ပူနာ၊ ဓာတ်ကုန်ခန်းသော အနာတို့ကိုနိုင်ပြီး လူကို ဝစေတတ်သည်ဟု ဆိုသည်။

# မြေနှင့်-သဘာဝသယံဇာတ



ထန်းသည် တပင်လုံး အသုံး
ဝင်သော အဖိုးတန် သဘာဝသီးပင်
တမျိုးဟု ဆိုရပေမည်။ ထန်းရည်
အချိုအခါးကို နှစ်သက်ရာ
သောက်သုံးနိုင်သည်။ ထန်းရည်မှ
ထန်းပအုံးရည်လည်း ပြုလုပ်ရသည်။



ထန်းပင်မြစ်ခေါ် ထန်းမြစ်ကို ပြုတ်၍၎င်း၊ မီးဖုတ်၍၎င်း စားနိုင်သည်။ ထန်းသီးအခွံကို ထန်းသီးမုံ့လုပ်၍ စားနိုင်သည်။ ထန်းသီးဆံနှင့် ထန်းစေ့ဆံခြည်ထွေး ချိုဆိမ့်ဆိမ့်ကိုလည်း အရသာ ခံနိုင်သည်။ ထန်းရွက်ကို အမိုးအကာများ ပြုလုပ်နိုင်ပြီး ထန်းလက်မှ ထန်းခေါက်တောင်း၊ ထန်းခေါက်ဖာများ ရက်လုပ်နိုင်သည်။


ရှေးခေတ်က ထန်းဖူးကို စာရေးရာတွင် အသုံးပြုခဲ့သည်။ ပင်စည်ကို အိမ်တိုင်များအဖြစ်၎င်း၊ ရေတန်လျှောက်၊ ရေသွယ်ပြွန်၊ နွားစားခွက်၊




ထမ်းပိုး၊ကြမ်းနှင့် တန်တားများ ခင်းရာတွင်၎င်း အသုံးပြုကြသည်။


ဖွတ်စအိုနာ၊ ထိပ်ကပ်နာရှိသူများ ထန်းနို့ဆေး ရိုးနှင့် လိပ်သော ထန်းနို့ဆေးလိပ်ကို သောက်ရှူရသည်။

ထန်းရည်မှ ထန်းလျက်ချက်လုပ်သော လုပ်ငန်းမှာ စီးပွားရေး လုပ်ငန်းကြီး တခုပင် ဖြစ်သည်။ ကမ္ဘောဒီးယား နိုင်ငံတွင် ထန်းရည်မှ သကြားချက်လုပ်နည်းကို ခေတ်မီ စက်ကြီးများဖြင့် ချက်လုပ်လျက် ရှိသည်။



မိညို နှင့် မိနီ
ပန်းချီ ဦးလွန်းကြွယ်
ဇာတ်လမ်း အောင်ရဲညွန့်
မိညိုနဲ့ မိနီ-နှင့် တို့ဟာ တခြံထဲ ပေါက်တွေကွဲ့
လယ်သမားကြီး ဦးချက်ကြီးအိမ်တွင် မိညိုနှင့်မိနီ အမည်ရှိ ကြက်မကြီးနှစ်ကောင် ရှိသည်။
ဟဲ့-ဟဲ့ ကောင်းကောင်း စားကြတာမဟုတ်ဘူး
ညည်းက ဗိုလ်ကျတာ ပေါ့လေ
အောင်မာ ကောင်မက ဘာစွာတာ လဲ-
သူတို့သည် ဦးချက်ကြီးက အစာကျွေးတိုင်း အမြဲ တမ်းလုစားပြီး ရန်ဖြစ်လေ့ရှိ၏။
ဟား-ဟား သူ့ခလေး တွေက- မျိုးလဲ-မတူဘူး
မိနီတွင် ကြက် ကလေးများ ပေါက်လာချိန်တွင် ဘဲဥများကိုသာ ဝပ်စေသော မိညိုမှ ဘဲကလေး များ ပေါက်လာလေသည်။
ညည်း ခလေးတွေနဲ့ ကျုပ်ခလေးတွေ တူသ လား၊ တန်သလား
အောင်မာ ညည်းအမျိုးက-ဘာ အမျိုး မို့လဲ
ကလေးများ အချင်းချင်း အတူကစားကြသော် လည်း မိညိုနှင့်မိနီမှာ အမြဲရန်ဖြစ်၏။
သားတို့ သမီး တို့ လာကြဘူး၊ ဟိုယုတ် ညံ့တဲ့ ကြက်ခလေးတွေ နဲ့ အတူတူသွားမက စားရဘူး ကြားလား
ဟဲ့ ကောင်လေး တွေ၊ ကောင်မလေးတွေ နင်တို့အားလုံး ဘဲစုတ်က လေးတွေနဲ့ မကစားရ ဘူး၊ သူတို့လာယင် မခေါ်နဲ့
မိနီက သူ့ကလေးများကိုပြောသလို မိညိုကလည်း သူ့ကလေးများကို ပြောလေသည်။




တယ် - ဒီကြက်မ နှစ်ကောင် ဟာ။
အမေ - နှစ် ယောက် - ရန်ဖြစ် ကြပြန်ပြီဟို့
အမလေး ပြေးမှ ပြေးမှ
ထိုနေ့မှစ၍ ဘဲကလေးများနှင့် ကြက်ကလေးများ အတူ မကစားကြရတော့ပေ။ တနေ့တွင် မိညိုနှင့် မိနီတို့ ရန်ဖြစ်ကြပြန်၏။
အောင်မလေး သေပါပြီဗျ ဟီး - ဟီး
အံမာ - ဘဲစုတ်ကလေးက ဒီမှာလာပုန်းနေပါလား
ဦးချက်ကြီး၏ တုတ်ချက်ကြောင့် ရန်ပွဲမှ ပြေးလာသော မိနီသည် ပုန်းနေသောဘဲကလေးကို တွေ့၍ တအား ဆိတ်လွှတ်လိုက်၏။
ဟဲ့ - မိနီ - လူကြီးချင်း မချရဲလို့၊ ခလေး ကို ဆိတ်လွှတ် တယ်ပေါ့ - ဟုတ်လား၊ သိကြရောပေါ့
သတ္တိရှိယင် ဒေါ့တိုးလေ - လာခဲ့
မိညိုနှင့်မိနီတို့သည် သားသမီးဇောဖြင့် သဲသဲမဲမဲ ခွပ်နေကြပြန်သည်။
ဒီကြက်နှစ်ကောင်ဟာ ထိန်းလို့ကို မရဘူး၊ တခြားစီခွဲပြီး လှောင်ထားမှ × ×
ဦးချက်ကြီး ရောက်လာကာ နှစ်ကောင်စလုံးကို ဖမ်းပြီး လှောင်ထားလိုက်တော့၏။
ငါတို့ အမေနဲ့ သူတို့အမေ ရန်ဖြစ် နေကြတယ်၊ ဘဲစုတ်ခ လေးတွေကို အရေးမ စိုက်ဘူး
သူတို့က မခေါ်တော့ ဒို့ကလဲ အရေးမစိုက်ပေါင်
ထိုအခါ ဘဲကလေးများနှင့် ကြက်ကလေးများ လည်း အချင်းချင်း ရန်ဖြစ်ကြတော့၏။
ကြက်လေးများသည် ဘဲကလေးများနှင့် ဝေးရာ တွင် ကစားရင်း တကောင်ရေထဲသို့ လိမ့်ကျသွား သည်။


ကျွန်တော်တို့ညီလေး ရေထဲကျသွားပြီ ကယ်ကြပါအုံး
ဆယ်ကြပါအုံး
အို!
အခြားကြက်ကလေးများက အလန့်တကြား အော်ဟစ် အကူအညီ တောင်းကြ၏။
ကြက်ကလေး ရေနစ်ပြီး မျောနေပါလား၊ ဒို့ဆင်းပြီး ကယ်မှဖြစ်မယ် ကဲဟေ့၊ သွားဆယ်ကြစို့
ထိုအခါ ဘဲကလေးများသည် ရေနစ်နေသော ကြက်ကလေးကို ကယ်တင်ရန် ဆုံးဖြတ်လိုက်ကြသည်။
ဘဲကလေးနှစ်ကောင် ရေထဲ၌ ကူးသွားပြီး ကြက်ကလေးကို ဆယ်တင်လိုက်ကြသည်။
မင်းတို့ကယ်ပေးလို့ မင်းတို့သာ မကယ်ရင် ဒို့ညီလေး သေမှာပဲ
ဒီလိုကူညီတာ ကျေးဇူးတင်ပါတယ်ကွာ
မင်းတို့အပေါ်မှာ ထားတဲ့ ဒို့အမြင်မှားမှုတွေကို ခွင့်လွှတ်ပါကွာ
ကြက်ကလေးများက သူတို့အမှားကို တောင်းပန်ကြသည်။
အမေရေ - သူ့ကို ဘဲကလေးတွေက၊ ကယ်ကြလို့၊ မကယ်ရင် ရေနစ်ပြီးသေမှာပဲ၊ ဘဲကလေးတွေဟာ စိတ်ကောင်းရှိကြပါတယ်၊ မေမေ
အင်း ဘဲကလေးတွေဟာ ငါလိုစိတ်ယုတ်မာ မရှိကြဘူး၊ ငါဟာ တယ်ဆိုးတာပဲ
မိနီထည်း သူ၏သားသမီးများက ပြန်ပြောပြသဖြင့် အမြင်မှန်ရသွားလေသည်။
မိညိုရယ်၊ ငါ့အမှားတွေကို ခွင့်လွှတ်ပါကွယ် - နော်
ဤသို့ဖြင့် မိညိုနှင့် မိနီတို့သည် တကောင်နှင့်တကောင် သင့်မြတ်သွားကြလေသတည်း။

# ကိုယ်လက်လှုပ်ရှား









### ၃။ အသက်ရှူလေ့ကျင့်ခန်း

ဤလေ့ကျင့်ခန်းသည် အရေးကြီးသော ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းဖြစ်သည့် နှလုံးနှင့် အဆုတ်အတွက် အလွန်သင့်လျော်သည်။

နှလုံးကို စည်းချက်ကျကျ အလုပ်လုပ်စေသည်။ အဆုတ်တွင်းသို့ ပြည့်ဝစွာ အသက်ရှူသွင်းခြင်းဖြင့် လေထဲမှ အောက်ဆီဂျင်ဓာတ်ကို လုံလောက်စွာ ရရှိစေသည်။ အဆုတ်အား ကောင်းလာစေသည်။ တကိုယ်လုံးသို့ သွေးလှည့်ပတ်သွားလာမှု ညီညွတ်စေသည်။

#### လေ့ကျင့်ခန်း (၁)

ခြေစုံရပ်။ လက်နှစ်ဖက်ကိုရှေ့သို့ဆန့်ထုတ်ထား။ အသက်ကို ဖြည်းဖြည်း ရှည်လျားစွာ ရှူသွင်းပြီး လက်နှစ်ဖက်ကို ဘေးသို့ကားလိုက်ပါ။



#### လေကျင့်ခန်း (၂)

ခြေစုံရပ်။ လက်နှစ်ဖက်ကို တတောင်ဆစ်မှကွေး၍ ရင်ပတ်ပေါ်တွင် လက်ဖျားထိပ်ချင်း ထိထားပါ။ အသက်ရှူသွင်းရင်း လက်ကိုဘေးသို့ဆန့်ထုတ်ပါ။ အသက်ပြန်ရှူထုတ်သောအခါ လက်ကို ပြန်ကွေးပါ။





#### မင်းသမီးရုပ်ကလေး

မင်း သ မီး ရုပ် က လေး ၏ အောက်ခြေကို ချန်၍ ဖြတ်ပြီး ထောင်ပါ။

နောက်ခံစက္ကူကို အလယ်မှ ခေါက်ပြီး ပြန်ဖွင့်လိုက် သောအခါ ကနေသော မင်းသမီးရုပ် ကလေးကို ထောင်လျက်သား တွေ့ရပါမည်။



# ပိုးစုန်းကြူးကလေး

ကောက်ရိုးနွယ်

မိုးကောင်းကင်တွင် တိမ်တောင် တိမ်တိုက်များ ဖုံးလွှမ်းနေသည်။ ထိုစဉ်ချိုတခုဌ် ခြင်တကောင်သည် လူးလာဆန်ခတ်ပျံသန်းနေလေသည်။ အတန်ကြာသော်ရှိချိန်နှင့် မနီး မဝေးလယ်ကွင်းပြင်ဆီမှ မှိတ်တုတ်မှိတ်တုတ် အလင်းရောင်ကလေးတခုကို ခြင်ကလေး မြင်လိုက်ရလေသည်။ ထိုအလင်းရောင်သည် ခြင်ကလေးဆီသို့ ဦးတည်ပြန်သန်းလာနေသည်။

ထိုအလင်းရောင်ပိုင်ရှင်ကား ပိုးစုန်းကြူး ကလေး ဖြစ်လေသည်။ ပိုးစုန်းကြူးကလေးသည် မြင့်ချည်တခါ နိမ့်ချည်တလှည့် ပျံသန်း လာရင်း မကြာမီပင် ခြင်ကလေးရှိရာသို့ ရောက်လာခဲ့တော့သည်။

"ဟေ့ — ခြင်ကောင်လေး၊ မင်း အမှောင်ထုထဲမှာ နေရတာ မပျင်းဖူးလားကွ"

"အို – မပျင်းပါဘူးကွာ၊ ငါတို့က အမှောင်ထုထဲမှာ နေရတဲ့ သတ္တဝါမျိုးမို့ ဒီလို အမှောင်ထုကိုဘဲ နှစ်သက်တယ်ကွာ"

ခြင်ကလေး၏ ပြောသံကို ကြားလိုက်ရသော ပိုးစုန်းကြူးကလေးသည် အားပါးတရရယ်လိုက်လေသည်။ သူ၏ ရယ်သံသည် လှောင်၍ ရယ်ခြင်း ဖြစ်သည်ကို ခြင်ကလေး သတိပြုမိသည်။ ထို့ကြောင့် အဘယ်ကြောင့်ရယ်ရသနည်းဟု ပိုးစုန်းကြူး ကလေးအား မေးလိုက်တော့သည်။ ထိုအခါ ပိုးစုန်းကြူးလေးက ခြင်ကလေးအား သေသေချာချာ ကြည့်ရင်း ဤသို့ ပြောလိုက်လေသည်။

"ငါဟာ မင်းနဲ့စာယင် အဆင်းသဏ္ဌာန်လှတယ်၊ ချစ်စရာကောင်းတယ်၊ လူအများကလဲ သူတို့ အိမ်ထဲကို ငါဝင်ယင် ပိုးစုန်းကြူးကလေး အိမ်ထဲဝင်တယ်ဟေ့၊ လပ်ရှင်တော့မယ်လို့တောင် ဆိုစမှတ် ပြုကြသေးတယ်။ ပြီးတော့ မင်းလိုလဲ လူ မုန်းမများဘူး"

ခြင်ကလေးက သူ့အား ချိုးနှိမ်ပြောသည်ကို စိတ်မကောင်းဖြစ်နေလေသည်။

ခြင်ကလေးသည် ပိုးစုန်းကြူးလေးအား ပညာပေးလိုက်ဦးမှပဲဟု တွေးလိုက်လေသည်။

"သူငယ်ချင်းရယ် မင်းမှာရှိတဲ့ အလင်းရောင်နဲ့ အခုလိုတောတောင်ကြီးထဲမှာနေတာ မတင့်တယ်ဘူးလို့ ငါထင်တယ်ကွာ။ အခုဒို့နေတဲ့ နေရာနဲ့ သိပ်မဝေးတဲ့ နေရာမှာမြို့ကြီးတမြို့ရှိတယ်။ အဲဒီနေရာမှာသာ မင်းသွားနေလိုက်ရယင် မင်းရဲ့ အဆင်းသဏ္ဌာန်နဲ့ အတော့ကို ကျက်သရေရှိမှာဘဲ။ ငါကတော့ သွားချင်ပေမဲ့မင်းလိုအဆင်းသဏ္ဌာန်မရှိလို့ မသွားရဲဘူးကွာ"

ဤသို့ ပြောလိုက်လျှင် ပိုးစုန်းကြူး ကလေးသည် အလွန်ပင် သွားချင်သည့် စိတ်များ ပေါ်ပေါက် နေတော့သည်။ ထို့ကြောင့် ခြင်ကလေးပြောသော မြို့ကြီးသို့သွားရန် ဆုံးဖြတ်လိုက်လေသည်။

"ကဲ– ဒီလိုဆိုယင် အဲဒီမြို့ကြီးကိုသွားဖို့ ငါ့ကို လမ်းပြပေးပေတော့" ဟု ပြောလိုက် သော်

ကြောင့် ခြင်ကလေးသည် ပိုးစုန်းကြူး ကလေးအား လမ်းပြ၍ ခေါ်လာ ပါတော့သည်။ ပိုးစုန်းကြူးကလေးသည် လမ်းတလျှောက်လုံး ပျော်လျက်ရှိလေသည်။ သူ့စိတ်ထဲတွင် မည်သည့်အရာကိုမျှ မစဉ်းစားတော့ပေ။ မြို့ကြီးသို့ရောက်ရန်ကိုသာ စိတ်စော၍ ဆန္ဒ ပြင်းပြနေလေသည်။ ခြင်ကလေးမှာမူ စိတ်ထဲမှ တွေးပြီး ရယ်နေ ပါတော့သည်။

မြို့ကြီးသို့ ရောက်ရန် နီးကပ်နေပြီ ဖြစ်၍ ခြင်ကလေးသည် ပိုးစုန်းကြူးကလေးအား နှုတ်ဆက်၍ ပြန်လာ ခဲ့လေသည်။

မြို့ကြီးသို့ ရောက်လျှင် ပိုးစုန်းကြူးကလေးကို ပထမဦးစွာ ဆီးကြို နှုတ်ဆက်လိုက်သည်က ဖြင့် မြစ်ထဲမှ သင်္ဘောကြီးများကို အလင်းရောင်ပေးထားသည့် မီးမောင်းကြီးဖြစ်လေသည်။ ပိုးစုန်းကြူးလေးသည် အံ့သြလျက် ခရီးဆက်လက် ထွက်လာခဲ့လေသည်။

တစတစနှင့်ပင် ပိုးစုန်းကြူး ကလေးသည် လူ စည်ကားရာ မြို့ လယ် ခေါင် သို့ ရောက် လာသည်။ ထိုအချိန်တွင် သူသည် မကြုံစဖူးမမျှော်လင့်စရာအဖြစ်များနှင့် ရင်ဆိုင်လိုက်ရ တော့သည်။

လမ်း၏ တ ဖက် တ ချက် စီတွင်ရှိသည့်ခေတ်တိုင်မှမီးရောင်များ၊ ရုပ်ရှင်ရုံများမှ မီးရောင်များ၊ မော်တော်ကားများမှ မီးရောင်များ၊ ဤသို့သောအလင်းရောင်များကြားဝယ် သူ၏ အလင်းရောင်သည် အလွန် သေးငယ်နေတော့သည်။

ထို့ကြောင့် ပိုးစုန်းကြူး ကလေးသည် အလွန် အားငယ်သွားပြီး ထိုအလင်းရောင်များမှ လွတ်မြောက်ရန်အတွက် အနီးရှိ ဂိုဒေါင်တခု အတွင်းသို့ အလျင်အမြန် ဝင်လိုက်ရတော့သည်။ ဂိုဒေါင်အတွင်းသို့ရောက်မှ သူ၏ ကိုယ်ပိုင်အလင်းရောင်သည် ပြန်လည်၍ ဝင်းကနဲ လက်ကနဲ ဖြစ်လာလေသည်။ သို့သော် မကြာမီ သူသည် မမျှော်လင့်သော အန္တရာယ်တခုနှင့် ရင်ဆိုင်လိုက်ရပြန်သည်။

ပိုး စုန်း ကြူး က လေး သည် ပင့်ကူအိမ် အမျှင်တွင် ငြိတွယ်ခြင်းခံရ ပါတော့သည်။ ပိုးစုန်းကြူးကလေးသည် သူ့တွင်ရှိသည့် အင်အားများနှင့် အစွမ်းကုန်ရုန်းလေသည်။ ပင့်ကူကြီး လာနေသည်ကို တွေ့၍ ပိုပြီး အားစိုက်ရုန်းလိုက်သည်။ ထိုအခါမှ လွတ်လေတော့သည်။

ပိုးစုန်းကြူးကလေးသည် ဂိုဒေါင် အ တွင်း မှ လျင်မြန်စွာ ထွက် ခဲ့ ပြီး ခြင် က လေး ရှိ ရာ တောအတွင်းသို့ပြန်လာခဲ့တော့သည်။ လျင်မြန်စွာ ပြန်လာခဲ့ရသဖြင့် အလွန် မောနေသည်။

ပိုး စုန်း ကြူး က လေး သည် ကြွားဝါလိုစိတ်မမွေးရန်ဆုံးဖြတ်လိုက်လေတော့သတည်း။

× × ×

# လုပ် သား ကောင်း

ပျားကလေး ကောင်ငယ်ငယ်
ပန်းဝတ်ရည်ကိုသယ်။
သယ်ရှာတယ် အခေါက်ခေါက်
ပန်းရည်အိမ်ကိုဆောက်။
ခြကောင်လေး ကောင်ငယ်ငယ်
မြေကြီးချီလို့ရယ်။
သယ်ရှာတယ် အခေါက်ခေါက်
နေအိမ်တောင်ပို့ဆောက်။
နကျယ်ကလေးကောင်ငယ်ငယ်
ရွှံ့စေးကိုက်ချီသယ်။
နေစဘွယ် အိမ်ငယ်ဆောက်
သွားပြန်ကူသယ်ခေါက်။
စာကလေး ကောင်ငယ်ငယ်
မြက်ခြောက်ချီလို့ကွယ်။
ရက်ရှာတယ် ဗူးတောင်းလေး
နေအိမ်ခပ်သေးသေး။
အကောင်ကလေးများ
သေးငယ်ငယ်
လုံ့လ ကြီးမားကြွယ်။
ဇွဲထယ်ထယ် မာန်လျှံပြည့်
တုယူထိုက်ပါဘိ။ ။

ကေတု—လင်းနိုင်



R. 517

# ကျား



ကျားသည် ကြောင်မျိုးတွင်ပါဝင်၏။ အရောင်
အသွေးလှပပြီး ကိုယ်ခန္ဓာအချိုးအစား ပြေပြစ်သည်
အဝါရင့်ရောင် အောက်ခံပေါ်တွင် အနက်ရောင်
အစင်းကြောင်းများ ရှိသဖြင့် တမျိုး ကြည့်ကောင်း
သည်။ အမြီးဖျားမှ နှာဖျားအထိ ပျမ်းမျှ အလျာ
ကိုးပေ၊ ကိုးပေခွဲခန့်ရှည်သည်။ ကျားမမှာ ပျမ်းမျှရှ
ပေခွဲခန့်ရှည်သည်။ ကျားထီး၏ ပျမ်းမျှအလေးချိန်မှ
ပေါင် ၄၀၀ မှ ၅၀၀ အတွင်းရှိပြီး၊ ကျားမ၏ ပျမ်း
အလေးချိန်မှာ ပေါင် ၁၀၀ ခန့် ရှိသည်။

ကျား သည် အသံမျိုးစုံ အော်မြည် တတ်သည်။ အခြာ
တိရစ္ဆာန်များ၏ အသံကိုလည်း တု၍အော်မြည်တတ်သည်
ထိုသို့ တု၍ အော်မြည်ပြီး ထိုတိရစ္ဆာန် အနီးသို့ ချဉ်းကပ်ကာ
ဖမ်းယူ စားသောက် တတ်သည်။

ကျားမများသည် သုံးနှစ်လျှင် တကြိမ် သားပေါက်သည်။ တကြိမ်လျှင် နှစ်ကောင်မှ သုံးကောင်အထိ ပေါက်
ဖွားလေ့ ရှိသည်။ ကျားပေါက်ကလေးများမှာ ရက်သတ္တပတ် အတော်ကြာသည်အထိ အဝေးကို မမြင်နိုင်ကြပေ
ခြောက်လသား အရွယ်တွင် မိခင်နှင့်အတူ အမဲလိုက်သည်။ နှစ် နှစ်သား အရွယ်အထိ မိခင်နှင့်အတူ သွားလ
နေထိုင်သည်။

ကျားသည် တောကျယ်ပြန့်ပြီး သားကောင် ပေါများသောနေရာများတွင် အနေများသည်။ ထိုအရပ်တွင် ရေ
လည်း ရှိရမည်။ အပူဒဏ်ကို မခံနိုင်သဖြင့် နေ့အချိန်တွင် လုံခြုံရာ ချုံများအောက်၌ လဲလျောင်းအိပ်စက် နေရေ
ရှိပြီး၊ အမှောင်ပျိုးသည်မှ နံနက် နေထွက်ပြုသည့်တိုင် အစာရှာ ထွက်သည်။

ကျားတကောင်စီတွင် သီးခြားနယ်ရှိရာ နယ်ကျူးလာသော ကျားနှင့် နယ်ခံကျားတို့ အမြဲ တိုက်ခိုက်ကြရသည်
အောင်နိုင်သူက ထိုနယ်ကို ကြီးစိုးသည်။ ကျား၏ အဓိက သားကောင်မှာတောဝက်နှင့် ဆတ်တို့ ဖြစ်သည်

လူသားကို စားဘူးသော ကျား သည် လူသားကိုသာ အမြဲကြိုက်နှစ်သက်စွာ စားလေ့
ရှိသည်။ သို့သော် ကျားတိုင်း လူသားမစားပေ။ ဒဏ်ရာ ရနေ၍ငင်း၊ မသန်
စွမ်း၍ငင်း တောတိရစ္ဆာန်ရိုင်းများကို မဖမ်း
နိုင်လျှင်၊ သို့မဟုတ် အိမ်မွေး တိရစ္ဆာန်များကို
ပင် ဖမ်းယူမစားနိုင်လျှင် လွယ်ကူစွာ
ဖမ်းယူ နိုင်သော လူကို ဖမ်း ယူ စား
သောက်ခြင်းဖြင့် လူသားစား ကျား
ဖြစ်လာရသည်။



ကျား၏ သက်တမ်းမှာ အနှစ် ၃၀
ခန့် ဖြစ်သည်။

ရဲမြင့်

၂၅ ပြား


ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁
ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်ဒုံးက ရိုက်နှိပ်သည်။

အတွဲ—၃။ အမှတ်—၄။

# တေးသံရှင်

ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-မြေရှိုင်း

ရွှေသွေး ဂျာနယ်
၁၃၃၂ ခု၊ ပြာသိုလဆုတ် ၁၂ ရက် (၂၃-၁-၇၁)



နွားကျောင်းသားလေး မောင်သာယာသည် နွားကျောင်းရင်း တောတောင် စိမ့်စမ်း လယ်မြေများအကြောင်းကို သီချင်းဆိုလေ့ရှိရာ သူ့အသံမှာ သာယာငြိမ့်ညောင်းလှ၏။




ကောက်စိုက် လယ်ထွန်သူများမှာ သူ၏ တေးသံကို အလွန် နှစ်သက်ကြလေသည်။




လ,သာသော ညများတွင် ရွာသားတို့သည် မောင်သာယာ ကို သီချင်း ဆိုစေ သည်။



ရော့ - မောင်သာယာ ဝတ်ဖို့
ရော့ - မောင်သာယာ စားဖို့
ရော့ - မောင်သာယာ သုံးဖို့ စွဲဖို့
ထိုသတင်းသည် အနီးရှိ ရွာများသို့ ပျံ့နှံ့သွားပြီး သဘောကျကြ၍ အားပေးကြလေသည်။
နေ့ရောညပါ သူ့တဲလေးတွင် လူပြည့်နေ၏။
ဟဲ့ - မောင်သာယာ သွားကျောင်း မသွားဘူးလား
ကျနော် သွားကျောင်းတဲ့ အလုပ် မလုပ်တော့ဘူး ဗျ
ဒီသူငယ် မိဘမရှိပေမယ့် သူ့အသံက အကျိုးပေးသွားဘဲ
တခါသော် ရွာသူကြီးက လမ်းကြုံ၍ မေးလျှင်—
ကျမတော့ - စောစောပြန်မယ် ဒီနေ့ ညနေ - မောင်သာယာ လာမှာတော့
အေးပါ - ငါလဲပြန်မှာပါ - ခဏလေး နေပါဦးဟယ်၊
မောင်သာယာ၏ သတင်းမှာ တစတစနှင့်—
မောင်သာယာဆိုတာ - မင်းလား — နက်ဖြန် ရွှေနန်းတော်ကို အခစားဝင်ရမယ် - သူကြီး လာခေါ်လိမ့်မယ်
ဟုတ်ကဲ့ ခင်ဗျာ
ရွှေမြို့တော်က ကြားသိရသည့် နောက်ပိုင်း၌
မောင်သာယာမှာတညလုံးစိတ်ကူးယဉ်နေ၏။
နောက်တနေ့ ရွှေနန်းတော်တွင် သီဆိုပြရာ—



နန်းတွင်းရှိသူများ အားလုံးသည်သူတေးသံကြားဝယ် နှစ်မျော၍ နေကြလေသည်။
တကယ် ကောင်းတဲ့ အသံ
အဆိုကလဲ ပိုင်ပါပေတယ်
ဖြောင်း ဖြောင်း
ဖြောင်း ဖြောင်း
ဖုတ် ဖေါင်း
မောင်သာယာ တေးသံ ဆုံးသွားသော အခါ
ဩဘာသံများ ဆူညံသွားတော့၏။
ဘုရင်ကြီးက ဆုလပ်များပေးပြီး နန်းတော်ထဲ
တွင်ပင် ခ,စား စေလေသည်။
ထို့ကြောင့် မောင်သာယာသည် ဝတ်ကောင်း
စားလှ ဝတ်ကာ နန်းတော်တွင်း၌ မျက်နှာ
ပွင့်လှလေ၏။
မောင်သာယာ - အား ယင်
ဒို့ ဖက် အဆောင် လာပြီး
သီခြင်း ဆိုပါလိုးကွယ်....
ကျွန်ုပ်က. ဘုရင့်ကိုသာ
ဖြေဖျော်တာ --- ခင်ဗျားတို့ကို
ဖြေဖျော်ဖို့ မဟုတ်ဘူးဗျ
ဘုရင်ကြီးကိုယ်တိုင် မြှောက်စားထား၍ များ
မကြာမီ ဘဝင်မြင့်လာတော့သည်။


ဪ
ဟင်
အလို
မည်သူနှင့်မျှ အရောတဝင် မလုပ်တော့ပေ။
ထိုသတင်းသည်—
အင်း…ဒီလိုဆိုယင်
ဟုတ် - မဟုတ် -
ခေါ်ပြီးစမ်း
အုံးမှဘဲ
xxxxx
xxxxx
xxx
ဘုရင့်ရွှေနန်းတော်သို့ ပေါက်ကြားသွား၏။
မောင်သာယာ - ငါ၏
ဆွားလား ဥသာဖ တရှိုး
ကိုထိန်းကျောင်းသူ
ဥယျာဉ်မှူး - နာမကျန်း
ဖြစ်နေ၍....ခေတ္တ
ထိုနေရာတွင်
ထမ်းဆောင်
နိုင်ပါမည်
လော.....
နောက်တနေ့တွင် မောင်သာယာကို ခေါ်မေး
သော် —
မှန်လှပါ ကျွန်တော်မျိုး ဒီအလုပ်မျိုး
မလုပ်တတ်ကြောင်းပါဘုရား -
ယခင်ကလဲ - ဒီလို
မလုပ်ကိုင်
ဘူးပါ
ဘုရား ...
မောင်သာယာက လည်ဆယ်၍လျှောက်သည်။
အိမ်း - သူ့သတင်း
တော့မှန်နေပြီ...
မောင်မင်းသည်
မိမိဘဝကို မေ့တတ်
သူဖြစ်၍ - ယခု
အချိန်မှ စ၍
ရွှေနန်းတော်တွင်း
မင်းခစားအဖြစ်မှ
ထုတ်ပယ်လိုက်သည်၊ မိမိ
ဘဝ မှန်ကို သတိရစေရန်
မွေးရပ်ရွာသို့ထွက်ခွါစေ......
ထိုအခါမှ မောင်သာယာမှာ နောင်တကြီးစွာ
ရကာ ရွာသို့ ပြန်သွားရလေတော့သည်။

ပြီး၏။



ပင်လယ်လိပ်ကလေး
ညီနောင်
သူတို့အဖေအမေတွေ ပင်လယ်ဘက် ငါးရှာထွက်တော့ ကလေးတွေချည်း ကျန်ခဲ့တာပေါ့။
တခါတုန်းက ပင်လယ်လိပ်ကြီး မိသားတစုဟာ ကျွန်းကလေးတ ကျွန်းပေါ်မှာ နေကြတယ်။
ညီလေးကို—သေသေ ချာချာ ဂရုစိုက်ပြီး ထိန်းရမယ်နော်—
လိပ်အကိုကြီးဟာ သူ့မိဘတွေမှာသွားတဲ့ အတိုင်း အိမ်အလုပ်တွေကို လုပ်တယ်၊ သူ့ညီလေးကိုလဲ ထိန်းတယ်။ ဒါပေမဲ့—
အလုပ်အားလို့ ကမ်းစပ်နားမှာ ငါးမျှားတဲ့ အခါ သူ့ညီလေးကို မခေါ်ဘဲ သူတဦးတည်းမျှားတယ်။
အကိုကြီး—ကျနော်လဲ—ငါးမျှား ပေးမယ်လေ—
အို—ဘယ်ဖြစ်မလဲ မင်းကကလေး—ရေထဲလိမ့် ကျနေပါဦးမယ်ကွာ—
ရေကူးယင်လဲ သူတဦးတည်း ကူးတယ်။
အကိုကြီး—ကျနော်လဲ ရေကူးချင်တယ်—
နေစမ်းပါ— မင်းမကူးတတ်သေး ပါဘူး—
လိပ်အကိုကြီးဟာ သူ့ဘာသာကစားကစား သူ့ညီ လေးကို သူနဲ့တွဲပြီး မကစားစေဘူး။
မင်း—ငယ်ပါသေးတယ်ကွာ— ငါနဲ့တွဲပြီး—ကစားလို့— မဖြစ်သေးပါဘူး—


ဒီတော့ ညီလေးဟာ သူ့ကို ပိုင်းပယ်ထားတယ်ထင်ပြီး ကစားဖော်ရှာဖို့ တိတ်တိတ်လေး ထွက်လာခဲ့တယ်။
လိပ်ကလေးဟာ ပထမဦးဆုံး သစ်ပင်ပေါ်မှာ ကစားနေတဲ့ မျောက်ကလေးကို တွေ့တယ်။ သူနဲ့အတူကစားဖို့ ပြောတော့ -
လိပ်ကလေးဟာ သစ်ပင်ပေါ် တက်ကြည့်တော့ လိမ့်ကျသွားတယ်။
ဟား
ဟား
ဟား
လိပ်ကလေးဟာ ရှက်သွားပြီး စိတ်ပျက်ပျက်နဲ့ထွက်လာခဲ့တယ်။
တောင်ကမူလေး တခု နားရောက်တော့ ယင်ကောင်လေး တွေကို ဖမ်းနေတဲ့ ပုတ်သင်ညိုလေး တကောင်ကို တွေ့တယ်။
ပုတ်သင်ညိုလေးလို ယင်ကောင် လိုက်ဖမ်းကြည့်တော့ တောင်ကမူ ပေါ်ကနေ အရှိန်လွန်ပြီး လိမ့်ကျသွားပြန်တယ်။
ဟား ဟား ဟား


နေ့ခက်တခါ နံ့ပြည်စုတ် ငှက်လေး တကောင်နဲ့ တွေ့ပြန်တယ်။
ငါ့နဲ့ ကစားချင်ယင်- ငါ့လို-ကောင်းကင်မှာ ပျံတတ်ရမယ်~
ငါကြိုးစား ကြည့်ပါ့ မယ်~
လိပ်ကလေးဟာ နံ့ပြည်စုတ် ငှက်လေးလို လေထဲမှာ ပျံဖို့ ကြိုးစား ကြည့်လိုက်တာ ခေါက် ထိုးမိုးမျှော် ဖြစ်ပြီး ဇွမ်းပြန် ကျသွားပါလေရော။
နေ့ခက်ဆုံးသူ့ကိုလိုက်ရှာနေတဲ့ အကိုကြီးနဲ့ တွေ့သွားတယ်။
လိပ်ကလေးက သူ့အကို ကြီးကို မခံချင်လို့ ကစား ဖော် ထွက်ရှာရာက အခု လို ဖြစ်လာရတဲ့ အကြောင်းစုံကို ပြန်ပြောပြ တော့
လိပ်အကိုကြီးဟာ သူ့အမှားကို စဉ်းစားမိပြီး သူ့ညီလေးကို သိပ် သနားသွားတယ်။
အေးလေ- ခုလိုဖြစ်ရတာလဲ အကိုကြီးတာ ဝန်မကောင်းပါဘူး-
ဒီလိုမှပေါ့-
မကြာခင်ဘဲ လိပ်ကလေးညီနောင်ဟာ သူတို့ အတူတူ ကစားဖို့အတွက် ရေကန်တခုကို ပျော် ပျော်ပါးပါး တူးနေကြတော့တယ်။
ပျော်တယ် ပျော်တယ်
ပျော်တယ်

# ဖော့!

ရေးသူ
လှမြင့်(ရူပ)



ဖော့သည် ရှေးခေတ်ကစ၍ လူသုံးပစ္စည်းများတွင် များစွာ အသုံးဝင်ခဲ့သည့် သစ်တောထွက်ပစ္စည်းဖြစ်သည်။




ဖော့ကို သစ်ခေါက်မှရရှိသည်။ ဖော့ရရှိသည့်အပင်မှာ ဖော့ဝက်သစ်ချပင် ဖြစ်သည်။ ထိုအပင်သည် ဆယ့်နှစ်ရာသီ စိမ်းလန်းသော အပင်ဖြစ်သည်။

ဖော့ပင်ကို ပေါ်တူဂယ်၊ စပိန်၊ အယ်လ်ဂျီးရီးယား၊ ပြင်သစ်နိုင်ငံတောင်ပိုင်း၊မိုရော့ကို၊ အီတလီ နိုင်ငံများတွင် အများဆုံးတွေ့နိုင်သည်။

အနှစ် နှစ်ဆယ်ခန့် အရွယ်ရှိသော အပင်မှစ၍ ဖော့ကိုခွာယူနိုင်သည်။ အကောင်းဆုံးဖော့ကို သုံးကြိမ်ခွာယူပြီးသောအပင်မှ ရနိုင်သည်။

ဖော့ပင်၏ သက်တမ်းမှာ နှစ်ပေါင်း တရာ့ငါးဆယ်မှ အထက် နှစ်ပေါင်း သုံးရာ၊ လေးရာအထိ ရှည်နိုင်သည်။ အပင်အမြင့်မှာပေ ငါးဆယ်ထက် မကျော်ပေ။ ပင်စည်အချင်းမှာ ငါးပေထက် မပိုချေ။ အခေါက်အထူမှာ လက်မဝက်မှ သုံးလက်မခန့်အထိ ထူတတ်သည်။

ဖော့ကို အသုံးပြုရာတွင် မူလ ဖော့အတိုင်း သုံး






သော ပကတိ ဖော့အမျိုး
အစား်နှင့် အခြားပစ္စည်းတခု
ခုနှင့် ပေါင်းစပ်ပြီးမှ အသုံး
ပြုသောပေါင်းစပ်ဖော့ဟူ၍ နှစ်မျိုးရှိသည်။

ပကတိဖော့ကို ဦးထုပ်အောက်ခံ၊ စီး
ကရက်အစီခံဖော့၊ ဂေါက်သီးရိုက်တံ လက်ကိုင်၊
ကလောင်တံအရိုး၊ ငါးမျှားတံလက်ကိုင်၊ ဖိနပ်အောက်
ခံ၊ မှူးဆို့နှင့် ကစားစရာ ပစ္စည်းများ ပြုလုပ်ရာတွင် ထည့်
သွင်းအသုံးပြုသည်။




ဖော့သည် အလွန်ပေါ့ပြီး တော်ရုံနှင့် ရေမဝင်
နိုင်သဖြင့် အသက်ကယ် ဖော့နှင့် ငါးဖမ်းပိုက်များတွင်
တပ်ဆင်သော ဖော့သီးများပြုလုပ်ရာတွင် အသုံးပြုသည်။

ဖော့သည် အသံ၊ အပူနှင့်လျှပ်စစ်ဓာတ်တို့ကို ဖြတ်
သန်းမသွားအောင်တားဆီးနိုင်သည်။ ထို့ကြောင့် ဖော့ကို
အသံကာပစ္စည်း၊ အပူကာပစ္စည်း၊ လျှပ်စစ် ဓာတ်ကာ
ပစ္စည်းများအဖြစ်လည်း ပြုလုပ်အသုံးပြုသည်။

ပေါင်းစပ်ဖော့ကို သတ္တုနှင့် ပေါင်းစပ် ဖော့ဆို့
ရှူးဖိနပ်အတွင်းခံပစ္စည်း၊ ကြမ်းခင်း အမျိုးမျိုးနှင့်
ဘီးများအရောင်တင်ရာတွင် အသုံးပြုသည်။



အခြားသော သစ်ပင်အချို့၏ သစ်ခေါက်
များမှလည်း ဖော့ကို စမ်းသပ်၍ ထုတ်ယူရရှိကြ
၏။ သို့သော် ဖော့ဝက်သစ်ချပင်မှရသော ဖော့
မျိုးလောက်ကား မကောင်းကြပေ။





သည်းခံစိတ်
ကျောင်းတက်ခေါင်းလောင်းသံကြောင့် ကျောင်းသားများ အတန်းထဲသို့ ဝင်လာကြသည်။
ဇော်ထွန်းမျက်နှာ ကြည့်ရတာ စိတ်တိုလာပြီနဲ့တူတယ်
အတန်ကြာသော် အတန်းခေါင်းဆောင် ရောက်လာပြီး -
ဟေ့ ဇော်ထွန်း-မင်းကို ဆရာကြီးခေါ်နေတယ်
ထိုနောက် ရှုံ့မဲ့မဲ့နှင့် ဇော်ထွန်း ပြန်ရောက်လာသော အခါ မောင်မောင်က -
မင်းကို ဘာဖြစ်လို့ ဆရာကြီးက ခေါ်တွေ့တာလဲ
ကျောင်းအလာတုန်းက တင်အောင်တို့ အုပ်စုနဲ့ ရန်ဖြစ်လို့ ခေါ်ရိုက်တာကွ
မင်းကလဲ ခဏ ခဏ ရန်ဖြစ်တာဘဲ
ဒီကောင်တွေကာ အရင်စတာကွ ငါ့ကို ဘိုးဟပ်ပြဲလေး၊ လူမိုက်လေး ဆိုပြီး ဝိုင်းနောက်ကြတယ်
ဒါနဲ့ မင်းက ထိုးရော့လား
အေးပေါ့
မင်းက ဟိုလူနဲ့ ရန်ဖြစ် ဒီလူနဲ့ ရန်ဖြစ်ဆိုတော့ လူမိုက်လို့ခေါ်မှာပေါ့



ငါလူမိုက် မဟုတ်ဘူးကွ
သတ္တိ ရှိတာ..
မင်းဘဲ အငိုက်ခံရတယ် မဟုတ်လား
နောက်တခါ သူတို့ နောက်ယင် မသိဟန်
ဆောင်ပြီး သည်းခံစိတ်မွေး ပါလား..
လက်မြန်တာဟာ သတ္တိရှိတာ
မဟုတ်ဘူး စိတ်တိုတတ်မှန်း
သိလို့ နောက်တာပေါ့..
မင်းမခံနိုင်လို့ လက်မြန်တော့..
ဖြစ်မှာ မဟုတ်ပါ
ဘူးကွာ..
စမ်းကြည့်ပါအုံး
ငါပြောသလို လုပ်ယင်
အောင်မြင်မှာပါကွ
နောက်တနေ့ ကျောင်းတက်သောအခါ...
ဟိုးဟ
လာနေပြီဟေ့
ဟေ့..
လူမိုက်ကလေး
ဟေ့လူမိုက်ကလေး
မချလိုဘူးလားကွ
မောင်မောင် ပြောထားသလို မသိဟန်
ဆောင်နေမှဘဲ..
ဒီကောင် ဒီနေ့
တမျိုးပါလား


နောက်နေ့များတွင်ဆက်၍နောက်ပြောင်
ကြသော်လည်းမောင်မောင်ပြောထားသ
ကဲ့သို့သည်းခံစိတ်မွေးလေသည်။
တနေ့တွင်
ဟာ . မင်းဒီနေ့
တယ်ဆောပါလား
အေး..မင်းနဲ့
စကားပြောစရာရှိ
လို့..
မင်းခုတလောတယ်ဟုတ်ပါလား
အငိုက်မခံရတော့ဘူးနော်
ဟုတ်တယ် သူတို့
နောက်ပြောင်တော့မင်း
မှာထားသလိုမသိဟန်
ဆောင်နေလိုက်တယ်ကွာ
အခု ဒီကောင်တွေ
မနောက်ကြတော့ဘူး
အေး..အဲဒါသည်းခံစိတ်
ပေါ့ကွ သည်းခံယင် လူတိုင်း
ကမင်းကိုခင်မင်လာမှာပေါ့
ငါနားလည်
ပါပြီကွာ. အစရင်ကလို
လူမိုက်ကလေးမဟုတ်
တော့ဘူး ကွ..

# ကိုယ်လက်လှုပ်ရှား



## ၄။ ဦးခေါင်းနှင့် လည်ပင်းအတွက် လေ့ကျင့်ခန်း

ကြာရှည်စွာ စာရေး စာဖတ်သဖြင့် ခေါင်းအုံဇက် လေးဖြစ်သောအခါ ဤလေ့ကျင့်ခန်းသည် အကောင်းဆုံး ဖြစ်၏။ ဦးခေါင်းပေါ့ပါး၍ ဇက်ကြောပြေစေ၏။


**လေ့ကျင့်ခန်း (၁)**



ခါးထောက်၍ ခြေစုံရပ်၊ ကိုယ်ကိုမတ်မတ်ထား၊ ဦးခေါင်းကို လည်တိုင်မှနေ၍ တဖက်သို့ လှည့်နိုင်သမျှလှည့်ပေး၊ မူလ အနေအထားပြန်နေ၊ အခြားတဖက်သို့လည်း ဤအတိုင်း လှည့်ပေးပါ။

**လေ့ကျင့်ခန်း (၂)**





ယခင် အနေအထား အတိုင်း ရပ်ပါ၊ ဦးခေါင်းကိုငုံ၍ မေးစေ့နှင့်ရင်ဘတ် ထိနိုင်သမျှ ထိပါ၊ မူလ အနေအထား ပြန်နေ၊ ဦးခေါင်းကို နောက်သို့လှန်၍ မော့နိုင်သမျှမော့၊ မူလအနေအထား ပြန်နေ။

**လေ့ကျင့်ခန်း (၃)**

ယခင် အနေအထားအတိုင်းနေပါ၊ ဦးခေါင်းကို ပခုံး တဖက်ဆီသို့ စောင်းနိုင်သမျှစောင်းပါ၊ မူလအနေအထား ပြန်နေ၊ အခြားတဖက်သို့လည်း ဤအတိုင်းစောင်းပေးပါ။

# လေယာဉ်ပျံ အသံ



ပေတံ ထိပ် တ ဖက် ကို အ ပေါက် ဖောက်ပြီး ကြိုးတပ်၍ ဝှေ့ရမ်း လှည့်ကြည့်ပါ။ တ ဝီ ဝီ ဖြင့် လေ ယာဉ်ပျံအသံ မြည်လာလိမ့်မည်။

# အမေ့မေတ္တာ စေတနာ

တောသားကြီး မြသိန်းအောင်



မနက်တုန်းက ကျွန်တော့်ကို အမေ ရိုက်သည်။ ဆူလည်း ဆူသည်။ သို့သော် ကျွန်တော့်မှာ ဘာအပြစ်မျှ မရှိဟု ကျွန်တော် ထင်သည်။

မနက် ခပ်စောစော အမေ ဈေးသွားဝယ်စဉ် အိမ်၌ညီလေး နှစ်ယောက်နှင့် ကျွန်တော် ကျန်ခဲ့သည်။ အမေက –

"သားကြီးရေ၊ ညီလေး နှစ်ယောက်ကိုကြည့်လိုက်ပါကွယ်" ဟု ပြောသွားသည်။

ကျွန်တော်က "ဟုတ်ကဲ့" ဟု ပြန်ပြောလိုက်သည်။

ညီလေး နှစ် ယောက် သည် ဒေ[illegible]ကလေးများနှင့် ဆော့နေသည်။ ထို့နောက် အိမ်ခန်းထဲဝင်သွား၍ စောင်များ ခေါင်းအုံးများ ကြားတွင် တူတူပုန်းတမ်း ကစားကြသည်။ နောက်ပြီး ဟိုပြေး သည် ပြေး နှင့် စစ်တိုက် တမ်း ကစားကြသည်။ ကြဲကြဲဖန်ဖန်ဆော့တတ်ကြပါပေ့ –

အမေ ဈေးကပြန်လာသော အခါ –

"ဟင် – စောင် တွေ၊ ခြင်ထောင်တွေ ပွကျဲ နေ ပါ လား။ သားကြီးက မပြောဘူးလား။ မင်းကလဲကွာ....ကြည့်ဘဲ ကြည့်နေနိုင်တယ်"

အမေက ကျွန်တော့်ကို အပြစ် တင်သလိုလို ပြောလိုက်ပါသည်။

ကျွန်တော်က "အို–အမေကလဲညီလေးတွေဆော့တာခဏကလေးဘဲဟာ၊ နောက်ပြီး ပြန်စီထားလိုက်ယင် ရတာဘဲ။ သူတို့ မငိုယင် ပြီးရောပေါ့" ဟု ပြန်ပြောလိုက်ပါသည်။

"ဘာ မငိုယင်ပြီးရောပေါ့ကွဲ။ မတော်တာ တွေ့ယင်' မင်းဝင်ပြောရမှာပေါ့။ ဟင်-ဒီမှာလဲ ခြင်ထောင်ပြဲနေပါလား".

ကျွန်တော်သည် အမေ့လက်ထဲတွင် ကိုင်ထားသော ခြင်ထောင်ကို ကြည့် လိုက် သည်။ ဟုတ်ပါသည်။ ကျွန်တော်နှင့် ညီလေးတယောက် ထောင်အိပ်သော ခြင်ထောင်သည် ဘေးဖက်က တထောင်ကျော်ကျော် လောက် ပြဲနေပါသည်။

"ကောင်း တယ်၊ ကောင်းတယ်။ ဒီခြင်ထောင် မင်းတို့ ထောင်အိပ်တာ၊ ညကျ ထောင်အိပ်ပေါ့ကွာ၊ ဟုတ်လား။ တခါတဲ ခြင်စာကျွေးပြီးသား ဖြစ်သွားတာပေါ့"

အမေသည် ကျွန်တော့်ကို ငေါ့၍ ပြောလိုက်ပါသည်။ အနည်းငယ် စိတ်ဆိုးနေပုံ ရသည်။

"ခြင်စာကျွေးတာ မကျွေးတာတော့ ကျွန်တော် မသိဘူး။ ဒီခြင်ထောင် ပြဲအောင် ကျွန်တော် လုပ်တာမှမဟုတ်ဘဲ။ ညီလေးတွေလုပ်တာ ကျွန်တော် မမြင်လိုပေါ့။ မြင်ယင် ဝင်ပြောမှာပေါ့ အမေရဲ့"

"အင်း-မင်းက ဆင်ခြေပေးနေ၊ ခြင်ထောင် ပြဲတာက အခုလက်ငင်း"

"ဒါတော့ ကျွန် တော် လဲ ဘယ် တတ်နိုင်မလဲ၊ သိမှ မသိတာ"

ကျွန်တော်က ဟုတ်မှန်သည့်အတိုင်း ပြန်ပြောလိုက်ပါသည်။ သို့သော် အမေက ကျွန်တော့်

လက်ကို • ဆတ်ကနဲ လှမ်းဆွဲလိုက်ပြီး

"ကဲ–ကဲ ငါ့ကိုခံပြောအုံး ခံပြောအုံး"ဟုဆိုကာတင်ပါးကို လက်ဝါးဖြင့် သုံးချက် ဆက်ရိုက်လိုက်ပါသည်။

"တကယ်တဲတော် –တခွန်းမခံ ပြန်ပြောနေလိုက်တာ။ ကဲ - ဘယ့်နှယ်နေသလဲ"

အမေသည် ဒေါပွပွနှင့် ကျွန်တော့်ကိုမာန်ပြီး မေးလိုက်ပါသည်။ သည်တော့ လည်း ကျွန်တော်က အသာကလေး ငြိမ်နေလိုက်ရပါသည်။ သို့သော် ဝမ်းနည်းသဖြင့် ကျိတ်ပြီး ငိုနေမိပါသည်။

တကယ်တမ်း ရိုးရိုးသားသား ဝန်ခံရမည်ဆိုလျှင် ကျွန်တော်အမေ့ကို တခါမျှခံမပြောဘူးပါ။ ယခု ခံပြောမိသည်ကလည်း ကျွန်တော့်မှာ ဘာမှ အပြစ်မရှိခဲ့ဟု ထင်သောကြောင့် ခံပြောမိခြင်း ဖြစ်ပါသည်။ မည်သို့ဆိုစေ အမေသည် ကျွန်တော့်ကို စိတ်ဆိုးမာန်ဆိုးဖြင့် ရိုက်ခဲ့ပြီးပြီ၊ ဆူခဲ့ပြီးပြီ။ ကျွန်တော့်ကို ရှေ့ဆက်၍ စိတ်ဆိုး နေဦးမည်လား။ ဆူပူ ကြိမ်းမောင်း နေဦးမည်လား။ အို – နောက်ဆုံး အမေသည် ကျွန်တော့်ကို ထာဝစဉ် တကယ် မုန်းသွားလေပြီလား။

× × ×

ညဖက် အိပ်ရာဝင်ချိန် ဖြစ်ပါသည်။ ကျွန်တော်သည် ခြင်ထောင်ထောင်၍ ခပ်စောစော အိပ်ရာ ဝင်ခဲ့သည်။ သို့သော် ကျွန်တော် ကောင်းကောင်း အိပ်မပျော်ပါ။ မနက်တုန်းက အဖြစ်အပျက်ကြောင့် စိတ်မကောင်း ဖြစ်နေမိပါသည်။

ထိုစဉ် အမေသည် မီးထွန်းထားသော ဖယောင်းတိုင် တတိုင်ကိုကိုင်၍ ခြင်ထောင်မပြီး ဝင်လာပါသည်။ ကျွန်တော်က အိပ်ချင်ဟန် ပြုနေလိုက်ပါသည်။ ထို့နောက် လက်ကို မျက်နှာပေါ်တင်၍ လက်ဝါးကြားထဲမှ အသာ ချောင်းကြည့်လိုက်ပါသည်။

ကျွန်တော့် စိတ်ထဲတွင် တမျိုး ဖြစ်သွားပါသည်။ တခဏချင်းမှာပင် အမေ၏ မေတ္တာနှင့် အမေ၏ စေတနာကို ကျွန်တော် သိနားလည် လိုက်ပါသည်။ ရှိသေ လေးစားခြင်း လည်း ဖြစ်မိပါသည်။ သားသမီးများအပေါ် ထားရှိသော မိဘတို့၏ မေတ္တာ တရားကိုလည်း နားလည်သဘောပေါက်မိပါတော့သည်။ အမှန်တော့ အမေသည် ကျွန်တော့်ကိုမမုန်းပါ။ ထာဝစဉ်မမုန်းပါ။တကယ် မမုန်းပါ။

ကြည့်ပါလေ။ ယခု အမေသည် ခြင်ထောင်ထဲဝင်၍ စုတ်ပြဲနေသော ကျွန်တော်တို့ ခြင်ထောင်ကို စိတ်ရှည် လက်ရှည်နှင့် ဖာထေးချုပ်လုပ် ပေးနေသည်တကား။

## လမ်းလျှောက် မယ်

ဝေလီဝေလင်း ရောင်နီဝင်း
ညီလေး လမ်းလျှောက်ဆင်း။

မပျင်းမရိ အချိန်မှန်
ငါးချက် ဒေါင်ဒင်သံ။

ခြေလှမ်းမှန်လိုက် မြန်သွားလိုက်
ကျဲချွေး တပိုက်ပိုက်။

ဝေ့ဝိုက်ပြူးလာ လေအေးဖြာ
အားရ ရှူရှိုက်ကာ။

ကြည်သာစိတ်လန်း
ကိုယ်လက်ကျန်း
ပီတိ တလျှမ်းလျှမ်း။ ။

ဒေါနတောင်တန်း
မောင်အေးနောင်



R. 517



# ဝက်ဝံ

ဝက်ဝံသည် ခေါင်းကြီးကြီး၊ မျက်လုံးသေးသေးနှင့် နားရွက် ဝိုင်းဝိုင်းတို့ဖြင့် တုတ်ခိုင်သန်မာသော တိရစ္ဆာန်ဖြစ်သည်။ လူကဲ့သို့ လမ်းလျှောက်နိုင်သည်။ အမြီးရှိသော်လည်း သုံးလက်မခန့်သာရှိ၍ ကိုယ်အမွေးများ ကြားတွင် မြုပ်နေသည်။ ကိုယ်ထည် အလျားမှာ အမြီး အပါအဝင် ပျမ်းမျှ ငါးပေခွဲခန့် ရှည်သည်။ နက်မှောင်သော အမွေးရှည်များ ရှိသည်။ အထူးသဖြင့် ပခုံးနှင့် လည်ပင်းတပိုက်တွင် အမွေးများ ပိုရှည်သည်။ ရင်ဘတ်တွင် လခြမ်းသဏ္ဌာန် အဖြူကွက်တကွက်ပါရှိသည်။ လက်ဖျံရိုးများတိုပြီး လက်ဝါးပြင် ကျယ်သည်။ လက်ချောင်း၊ ခြေချောင်း ငါးချောင်းစီရှိပြီး လက်သည်းခြေသည်းများမှာချွန်ထက်ရှည်လျားသည်။

ညဖက်တွင် သွားလာကျက်စားလေ့ရှိပြီး သစ်ပင်များပေါ်တွင် သစ်ကိုင်း၊ သစ်ခက်များဖြင့် အသိုက်လုပ်၍ နေထိုင်သည်။ မြေပြင်တွင် လေးဖက်ထောက်ပြီး ခုန်ပေါက် ပြေးလွှားသွားနိုင်သည်။ သစ်ပင် အတက်အဆင်း ကျင်လျှင်သည်။ ရေကူးကျွမ်းကျင်သည်။

အနံ့ခံကောင်းသည်။ မြေအောက်နှစ်ပေ၊သုံးပေခန့် အနက်ရှိ အစာကိုပင် အနံ့ခံနိုင်သည်။ ဝေးလံစွာ မမြင်နိုင်စွမ်းခြင်း၊ နားထိုင်းခြင်းတို့ကြောင့် တောထဲ၌ လူများနှင့် မကြာမကြာ ရင်ဆိုင်တိုးတတ်သည်။ ထိုအခါ စိုးရိမ်တကြီးဖြင့် အပြင်းအထန် တိုက်ခိုက်တတ်သည်။

ကျယ်လောင်သောအသံကို ပြုနိုင်သည်။ တခါတရံ ဝက်၏ အသံကဲ့သို့လည်း အော်တတ်သည်။

တကြိမ်လျှင် သားငယ်နှစ်ကောင် မွေးဖွားသည်။ သားငယ်များသည် မိခင်နှင့်အတူ တနှစ်ကျော်ကျော်ခန့် ပူးတွဲ၍ အစာရှာသည်။ အသီးအနှံ၊ သစ်ဥများ၊ အစိုအညှောက်များကို စားသည်။ တခါတရံ အသေကောင်များမှ အသားများကိုလည်း စားသည်။ ခြကောင်းများ၊ မြေကျင်းအောင်း ပေါက်ဖတ်များကို တူးယူ စားသောက်သည်။ ပျားရည်ကိုမူ အလွန်ကြိုက်နှစ်သက်သည်။

မြန်မာနိုင်ငံအနှံ့ရှိ တောတောင်ထူထပ်ရာ ဒေသများတွင် တွေ့ရတတ်လေသည်။

ရဲမြင့်



၂၅ ပြား


ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ - ၃။ အမှတ် - ၅။




ပန်းချီ - ဦးဘကြည်
ဇါတ်လမ်း - မြေနိုင်

၁၃၃၂ ခု၊ တပို့တွဲလဆန်း ၄ ရက် (၃၀-၁-၇၁)




စနေနေ့တိုင်း ထုတ်ဝေသည်။



မင်းလုပ်ခ ထဲက - အကြွေး နှုတ် - အတိုးနှုတ် လိုက်ယင် - ငွေ ၂၀၀ - ဘဲကျန်တယ်
လယ်သိမ်းပြီး လုပ်ခများရှင်းပေးချိန်၌ ....
ကျုပ်ကော့ ဦးသာဝ ကို မကျေနပ်ဖူး အေ
ဟုတ်တယ်မျာ.... လုပ်တော့ - ကျွဲလို နွားလို လုပ်ရပြီး - ပေးတော့ - မဝ ရေစာ
မင်းတို့ - ဒီလို ပြောနေလို့ကော - ဘာအကျိုး ထူးမှာလဲ ကွဲ...
ခုံကတော့ - သူနဲ့ ကော - ကောင်းလို့ ရဖို့လား ....
ရတယ်မျာ -- အားလုံး ညီယင် ရတယ် - ဘယ်သူမှ
သူ့လယ်မှာ မလုပ်ကြနဲ့၊ တခြား အလုပ်ကို လုပ်ကြမယ်
ဟုတ်တယ် - ကျုပ်တို့ သဘော တူတယ်။ အင်း ... ဘယ်သူမှ မလုပ်ယင် သူ့လယ်တွေ - ဘယ် သူလုပ်မှာလဲ
စိန်လိုက်ကွာ - ဘယ်သူမှ မလုပ်စေ ေတာင်း
အေး - ဟုတ်တယ်
သဘော တူတယ်
ငါလဲပါမယ်
အမယ်လေး - လူပါးဝလိုက်ကြတာ - လယ်ထွန်တာ များ ခက်တာမှတ်လို့ ..... တောက် -
ဟဲ့ နွား - ရှမ်း လိုက်စမ်း - မြန်မြန် ပြီးသွားအောင်
ဦးသာဝလည်း ကိုယ်တိုင် လယ်ထဲဆင်းရ၏။
ဟော့ - ဦးသာဝကြီး လယ်တွေ ဘာတွေ ထွန်လို့ ... တနေ့ က တွေ့ကြရဲ့ လား ...
ဟီးဟိ - လုပ်စမ်းပါစေ ဒါမှ သိသွားမယ် ...
ရှင်တို့ကလဲ - မပြေား သေး ဘူးလား ... ဦးသာဝ အိပ်ရာထဲ - လဲနေပြီလေ ... ဟော ဟော
သို့သော် လယ်မထွန်တတ်သည့်ပြင် ပင်ပန်းလှ သဖြင့် မကြာခဏ ဖျားနာလေတော့သည်။
စပါးပေါ် ချိန် တွင် သူ့လယ်မှ စပါး များ မှာ ကြဲ လို့ ပြီး အ ထွက် လည်း မ ကောင်းပေ။
ထိုကာလတွင် လယ်ယာမြေများ ပြည်သူပိုင်ဖြစ်ပြီး၊ အမတော်ကြေး၊ မျိုးစပါး နှင့် ဓာတ်မြေဩဇာများ ထုတ်ပေးသောကြောင့် —



မောင်မဲတို့ လူစုမှာ စုပေါင်းစံနစ်ဖြင့် လယ်ယာများကို ထွန်ယက်ကြ၍ အောင်မြင်လျက်ရှိ၏။
အဖိုးမြ - နားပါအုံးလေ ဒီနှစ် စပါးတွေကလဲ အောင်လိုက်တာဗျာ
ကြိုးစားရမယ်ကွ - ခုမှ ရှိတာတွေ မိတ်အေး ချမ်းသာ အလုပ်လုပ်နိုင်တာ -
ကျနော်လဲ စပါးသိမ်းပြီးယင် မြေပဲ ချမလားလို့ စိတ်ကူးနေတယ် -
အေး - ကောင်းတာပေါ့ကွ ဒီနှစ်တော့ - ငါ့ မြေး (သံချောင်း) နှင်ပွဲမလားလို့
ဦးသာဝနှင့် ကင်း၍ တရွာလုံး ပျော်နေ်ကြ၏။
ဟဲ့ - ချစ်လှ - ငါ့ မြေး (သံချောင်း) များ တောင်ပိုင်းမှာ မတွေ့ခဲ့ဘူးလား
ဟော
မတွေ့ဘူး ..... ကျနော့် သမီးလဲ ရှာမရလို့
တနေ့တွင် ရွာမှ ကလေးတစု ပျောက်နေသည်။
ဆန်း တော့ ဆန်းတယ်ကွ - ဒီကောင်လေး ကောင်မလေးတွေ ရပ်ပြီး ဘုန်းကြီးကျောင်းဘက် သွားကစား ရော့လား
ဟုတ်မယ် အဖိုးမြ
ဦးသာဝဖွဲ့ နား ရောက်တော့ - အဟဲ - သတိရသား - - ဟီ
ဟဲ့ - နားထောင်စမ်း ဒီ - သံချောင်းအသံ မဟုတ်လား
ဟုတ်တယ် - အဘ ဟုတ်တယ်
သို့ဖြင့် မိဘများ စုပေါင်းလိုက်ရှာကြရင်း —
ဦးသာဝ ခြံစပ်မှ ချောင်းကြည့်ကြရာ ....



ကလေးတွေလိုက်ရှာနေကြတယ်ထင်ပါရဲ့ --- ကျနော် ရှင်းပြပါရစေ.....
ဆိုပါအုံး
ကျနော့် အမှားကို ကျနော်သိတာကြာပါပြီ... ကျနော့်ကို အခေါ်အပြော မလုပ်ကြလို့ မပြောရတာပါ။ ခု ကျနော် ငယ်ငယ်က မြို့တက်စာသင်ရတဲ့ ပညာလေးနဲ့ ကလေးတွေကို စာသင်ပေးပါရစေ.....
ကလေးများတွေ့၍ ဝင်သွားလေသော် —
ညဖက်ဆိုယင် ရွာက လူကြီးတွေပါ- အရေး-အဖတ်-အတွက်-သင်ပေးဘို့ စိတ်ကျူးထားပါတယ်...ဟဲ
မင်း အခုလို အသိတရားဝင်ပြီး - ဒီစိတ်ဓါတ်ထားတာ-ငါတို့ဝမ်းသာတယ်၊ မင့်လယ်တွေလဲ နို့ရပေါင်းထွက်ပေးရတာပ.....
ဒါနဲ့ - နေစမ်းပါအုံး - ဒီကလေးတွေ ဘယ်လိုများစည်းရုံးတာလဲ....
ဟာ - ပေါ့ဒီ သံချောင်းလေးပေါ့ သူ့ကို ပထမ ခေါ်ပြီး - နောက်တခြား ကလေးတွေကို သူ့ကိုဘဲ ခေါ်ခိုင်းရတာ...
ဟုတ်တယ် - ဖိုးဖိုး ---- ဦးဦးက-သိပ် သဘောကောင်းတာ ၊ကျနော်တို့ကို မုန့်တွေ လဲကျွေးတယ်၊ စာလဲသင်ပေးတယ်....
ငွေ့ ငွေငွေး - ငွေငွေး ဘယ့်နှယ်ပေါင်းပါ့မယ်၊ သဝေထိုး ခကွေးဝဆွဲ - ငွေ အောက်ကမြစ်ငွေ - ဝှုဂပေါက်.ငွေး
ငွေ့ ငွေငွေး - ငွေငွေး ဘယ့်နှယ်ပေါင်းပါ့မယ် သဝေထိုး ငယ်ဝဆွဲ - ငွေ — အောက်ကမြစ်ငွေ. ရှေကပေါက်ငွေး
သုံး မနှုတ်လောက် - ရနှစ်လီ လေး မနှုတ်လောက်.မြောက်လာ
ရေပုတ်လည် ဗိုင်းရဲ့ လျက်ရှိသော ကုန်းမြေကို — ကျွန်း ဟုခေါ်သည်...
ထိုနေ့မှစ၍ ရွာသားများက ဦးသာဝလယ်မြေကို စုပေါင်းထွန်ယက် ပေးနေရှိန့်ဝယ် -









၁၇၉၇ ခု၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ပြင်သစ်လူမျိုး အင်ဒရီဂါနာရင်သည် အမြင့် ၁ ၃⁄၄ မိုင် ရောက်နေသော မီးပုံးပျံပေါ်မှ လေထီးဖြင့် ပထမဆုံး ခုန်ချခဲ့သည်။
၁၉၀၉ ခု၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ပြင်သစ်လူမျိုး လူးဝစ်ဗလဲရော့သည် အင်္ဂလိပ်ရေလက်ကြားကို လေယာဉ်ပျံဖြင့် ပထမဦးဆုံး ဖြတ်၍ ပျံသန်းခဲ့သည်။
ကပ္ပတိန် ရိုအယ်အမန်းဆင် ခေါင်းဆောင်သော နော်ဝေ လူမျိုး စူးစမ်းရှာဖွေရေးအဖွဲ့သည် ၁၉၁၁ ခု၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ကမ္ဘာ့ တောင်ဝင်ရိုးစွန်းသို့ ပထမဦးဆုံး ရောက်ရှိခဲ့ကြပြီး နော်ဝေအလံကို အမှတ်တရ စိုက်ထူခဲ့သည်။
ကမ္ဘာပေါ်တွင် တမိုင်ခရီးကို ၃ မိနစ် ၅၉.၄ စက္ကန့်ဖြင့် ၁၉၅၄ ခု၊ မေလ ၆ ရက်နေ့တွင် စံချိန်သစ်တင်ခဲ့သူမှာ အောက်စဖို့ တက္ကသိုလ်မှ ရော်ဂျာဗန်နစ်စတာ ဖြစ်သည်။
၁၉၄၇ ခု၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ဆာဂျွန်ကော့ဘ် ဆိုသူသည် မြေပြင်တွင် မော်တော်ကားဖြင့် တနာရီလျှင် မိုင် ၄၀၀ နီးပါး မောင်းနှင်ကာ စံချိန်တင်ခဲ့သည်။


ပထမ
ဖင်ဂြေမင်လွှင်
၁၉၆၁ ခု၊ ဧပြီလ ၁၂ ရက်နေ့တွင် ရုရှားလူမျိုး မေဂျာယူရီဂါဂါရင်သည် ဗော့စတော့ အာကာသယာဉ်ဖြင့် ကမ္ဘာကို ၂ နာရီနီးပါးပတ်ကာ ပထမဆုံး အာကာသသူရဲကောင်း ဖြစ်လာ၏။
အဲဖရက်ဂျွန်ဆင်သည် ၁၈၇၆ ခု၊ ဇွန်လ ၁၅ ရက်နေ့တွင် အတ္တလန္တိတ် သမုဒ္ဒရာကို ပေ ၂၀ ရှည်သော လှေငယ်ဖြင့် ပထမဆုံး တဦးတည်း ဖြတ်သန်းခဲ့ရာ ၆၄ ရက်အကြာတွင် တဖက်ကမ်းသို့ ဆိုက်ရောက်ခဲ့သည်
မက်သရူးဝက်ဗ်သည် ၁၈၇၅ ခု၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် အင်္ဂလိပ် ရေလက်ကြားကို ပထမဆုံး လက်ပစ်ကူးကာ ဖြတ်သန်းခဲ့သည်။
ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်သော ဧဝရက်တောင်ထိပ်သို့ အက်ဒမန် ဒီ၊ ဟီလာရီနှင့် ရှာပါတင် ဇင်းတို့သည် ၁၉၅၃ ခု၊ မေလ ၂၉ ရက်နေ့တွင် ဦးစွာတက်ရောက်နိုင်ခဲ့သည်။
ရေပြင်တွင် မော်တော်ဖြင့် တနာရီလျှင် မိုင် ၂၀၀ နီးပါးမောင်းနှင်၍ ပထမဆုံး စံချိန်တင်ခဲ့သူမှာလည်း ဆာဂျွန်ကော့ဗ်ပင်ဖြစ်သည်။



တကိုယ်ကောင်းဆံ
ရေး/ ထွန်းမင်းကျွန်း
ကာတွန်း: အောင်အောင်သက်
မနက်ဖြန် လှေစီးပြီး အပျော်ခရီး သွားကြမယ်
တခါက မျောက်၊ ဝက်ဝံ၊ ငန်းနှင့် ရေဝမ်းဘဲတို့ အတူနေထိုင်လျက် ရှိကြရာ –
ခရီးသွားယင် ငါကတက်မကိုင်မယ် မျောက်ကလမ်းပြ၊ ငန်းကရေကြောင်းကြည့်၊ ရေဝမ်းဘဲက ထမင်းစားစရာသယ်မှတ်ပေါ့
နောက်နေ့၌ ချောင်းမှ မြစ်အတွင်းသို့ လှော်ခတ် စုန်ဆင်းလာကြစဉ် ....
ဟိုမှာလေမုန်တိုင်းကြီး တိုက်ခတ်လါပြီဟေ့ -
မျောက်က အော်ပြော၏
ကဲ ဘယ်သူမှ တကိုယ်ကောင်းမဆံကြဘဲမုန်တိုင်းဒဏ်ကိုရှေ့ပေါင်းပြီးကြံ့ကြံ့ ခံကြရမယ်၊
ကိုယ့်တာဝန်ကျေပြွန်အောင်လုပ်ကြဟေ့
ဝက်ဝံက သတိပေးစဉ်မှာပင် လေမုန်တိုင်း ကျလာလေသည်။


ငါသူတို့နဲ့ရောပေါင်းနေ
ယင် မိကျောင်းစာဖြစ်
မှာဘဲ၊ ငါရေကူးတတ်
တယ်၊ ငါ့အသက်မသေ
အောင် သူတို့ကိုအသိ
မပေးဘဲထွက်ပြေးမှာဘဲ
ဝမ်းဘဲသည် သူငယ်ချင်းများ မသိအောင် ရေထဲ ခုန်ဆင်းလိုက်၏။
မုန့်တိုင်းကြားကလွတ်
အောင်မြန်မြန်ကူးမှ
အာ မယ် လေး
မိကျောင်းကြီး
ဝမ်းဘဲကပြေး မိကျောင်းကလိုက်နှင့်
ဟင်-ရေဝမ်းဘဲမရှိတော့ဘူး
ရှာကြပါဦးကွ
မုန့်တိုင်း ရပ် သွား သောအခါ—
ဟိုမှာတွေ့ပြီ၊ သူ့ကိုမိကျောင်းကြီးလိုက်
ကိုက်နေတယ်လှော်ကြပါဦး


လှေကိုမြန်မြန်လှော်ဟေ့
မိကျောင်းရန်ကိုရှပေါင်း
ကာကွယ်ကြရမယ်ဗျ
မိကျောင်းကြီးအနီးသို့ရောက်သော် –
ဒီကြိုးကိုဆွဲပြီးလှေပေါ်မြန်မြန်
တက်သူငယ်ချင်း
ဝက်ဝံနှင့် မျောက်တို့က မိကျောင်းရန်ကို
ခုခံ တွန်းလှန်နေကြစဉ် ....
ရေဝမ်းဘဲ လှေပေါ်ရောက်ပြီ-ဗျို့
တကိုယ်ကောင်းကြံမိလို့
အခုဒုက္ခရောက်တာဘဲ
နောက် ဆို ဒီစိတ်မျိုး မမွေး
တော့ပါဘူး၊ ကျေးဇူးတာဝန်ကို
ထမ်းဆောင်ပါမယ်၊
ပြီး
ထိုနောက် သူငယ်ချင်း လေးယောက်သည် တက်ညီလက်ညီ
ဖြင့် ကျွန်းသူ့ယာသို့ လှော်ခတ်သွားကြလေ၏။

# ကိုယ်လက်လှုပ်ရှား






၅။ လက်မောင်းအတွက် လေ့ကျင့်ခန်း

ကျောင်းသားများ၏ စာရေးသောလက်သည် ကြာကြာရေးလျှင် လက်ပန်းကျလာသည်။ စာမရေးသော လက်တဖက်မှာလည်း လှုပ်ရှားမှုနည်းပါး၍ ညောင်းနေတတ်သည်။ လက်နှစ်ဖက်စလုံးကို မှန်ကန်စွာ လှုပ်ရှားပေးခြင်းဖြင့် လက်မောင်းကြွက်သားများ သန်မာလာစေနိုင်သည်။

**လေ့ကျင့်ခန်း (၁)**

ခြေစုံရပ်၊ လက်ဘေးကပ်၊ တံတောင်ဆစ်မှကွေး၍ ပခုံးကို လက်ဖျားနှင့်ထိထား။

(၁) လက်ကိုပခုံးနှင့်တညီတည်း ဘေးသို့ဆန့်ထုတ်။

(၂) မူလအနေအထား ပြန်ကွေးထား။



**လေ့ကျင့်ခန်း (၂)**

လေ့ကျင့်ခန်း (၁) မှ မူလအနေအထားအတိုင်း နေပါ။

(၁) လက်ကိုခေါင်းပေါ် မြှောက် (မြှောက်ရာ၌ လက်ကို ဆတ်ကနဲ ဆန့်ထုတ်ပြီး လက်မောင်းတခုလုံးမှ ကြွက်သားများ လှုပ်ရှားသွားစေရမည်။)

(၂) မူလအနေအထား ပြန်ကွေးထား (ကွေးရာ၌ လက်မောင်းကို နံတောင်းနှင့် ထိနိုင်သမျှ ထိကပ်ထားရမည်။)


## စာလုံးသရုပ်ဖော်ကစားနည်း



ပြထားသည့် ပုံစံများ အတိုင်း စာလုံးတွေကို သရုပ်ဖော်ကစား ကြည့်ပါ။

# စည်းကမ်း ဂိုကြချင်

မောင်သာနိုး



ယခု တခေါက် ကျွန်တော် ရန်ကုန်က ပြန်လာပြီးကတည်းက အဖေ့လုပ်ငန်းဖြစ်သည့်ကွမ်းစိုက်ပျိုးခြင်းကို ဆက်မလုပ်စေလို တော့ပါ။ အဖေ ကတော့ ကွမ်းဈေး ကောင်းသဖြင့် သူ့ကွမ်းပင်များကို ကြည့်ပြီး အလွန်ကျေနပ်နေ၏။ အဖေသည် ကွမ်းခြံကို ဇာထူး ဂရုစိုက်ပြီး ပြုစုနေသည်။ ယနေ့လည်းကွမ်းခြံထဲသို့ အစောကြီး ဆင်းသွားပြီး ရေလောင်း နေ၏။ အဖေ မည်သို့ပင် ဝမ်းသာအားရ ဖြစ်နေ စေ ကာ မူ ကျွန်တော် ကတော့ အဖေ့ ကွမ်းပင်များကို ကြည့်ပြီး စိတ်မချမ်းသာဖြစ်နေ၏။ ထို့ကြောင့် ကျွန်တော်က–

"အဖေ – ဒီကွမ်းစိုက်မဲ့ အစား ပဲသီးတို့ ခဝဲတို့ လှည့်စိုက်ပါလားဗျာ"

ကျွန်တော့်စကားကို ကြားလျှင် အဖေသည် တအံ့ တဩ ဖြစ်သွား ကာ ကျွန်တော့်ကို လှည့်ကြည့်လိုက်ပါသည်။

"အခုလို ကွမ်းဈေးကောင်းနေတုန်း ကွမ်း မစိုက်ယင် ငတ်သွားမှာပေါ့ကွ"

အဖေ့အသံသည် ဒေါသသံပါနေသည်ဟု ကျွန်တော်ထင်ပါသည်။ ထို့ကြောင့် အမေက–

"လူလေးက ဘာ ဖြစ်လို့ ကွမ်းမစိုက် စေချင် တာတဲ့လဲ။ ကဲ – မေးစမ်းပါအုံး သားကို"

"ကျွန်တော် ရန်ကုန်ကို အဖေနဲ့ လိုက်သွားတော့ အဖေနဲ့ အတူ လျှောက်လည်ရတယ် အမေ"

ကျွန်တော်သည် စကားကို ခေတ္တရပ်လိုက်ပြီး အဖေ့ကိုလှမ်း၍ အကဲခပ်လိုက်ပါသည်။ အဖေက မျက်မှောင် ကြုတ် ပြီး ကျွန်တော့်ကို စူးစူး စိုက်စိုက် ကြည့်နေ၏။

"ရုပ်ရှင်ရုံ ရှေ့တွေ မှာရော၊ ဘုရားပေါ် မှာရော၊လမ်းပေါ် မှာရော ကွမ်းတံတွေးတွေ ထွေးထားလိုက်တာ ပြည့်နေတာဘဲ"

"ဒါနဲ့ဘာဆိုင်လို့လဲကွ" ဟု အဖေက ကျွန်တော့်ကို လှမ်း၍ ငေါက်လိုက်သည်။ ထို့ကြောင့် အမေက –

"ကလေး စကားကိုလဲ ဆုံးအောင် နားထောင်ပါအုံးလေ"

"ဒီလိုကွမ်းတံတွေးတွေထွေးထားတော့ အလွန်လှပတဲ့ ရန်ကုန်မြို့ကြီးဟာ ညစ်ပတ်နေတာပေါ့။ ဒီတော့ တကယ်လို့သာ ကျွန်တော်တို့က ဒီကွမ်းကိုစိုက်ပြီး မရောင်းတော့ယင် ဘယ်သူမှလဲ စားရမှာမဟုတ်တော့ဘူး။ ဒီတော့ ကွမ်းတံတွေး တွေလဲ ရန်ကုန်မြို့ကြီးမှာ မရှိတော့ဘဲ သိပ် သန့်ရှင်းလှပတဲ့ ရန်ကုန်မြို့ကြီး ဖြစ်သွားမယ် မဟုတ်လား အဖေ"

ကျွန်တော်၏ စကား ဆုံးသွားသောအခါ အဖေသည် တအားဟစ်၍ရယ်လိုက်လေသည်။

"ဟား – ဟား– ဟား– ငါ့သားက တယ်ပြီးရှေ့ဉာဏ်တော် စူးရောက်တာကိုးကွ"

"မဟုတ်ဘူးလားအဖေ"

ကျွန်တော်က မျက်စိ အကြောင်သားနှင့် အဖေ့ကိုကြည့်

ရှင်း မေးလိုက်ပါသည်။

"သံား ပြောသလို ဆိုယင် ဗမာတပြည်လုံးက ကွမ်းစိုက်တဲ့ လူတွေအားလုံးကို လိုက်ပြီးပိတ်ထားရမဲ့ပုံပေါက်နေတာပေါ့ကွ။ အမှန်တော့ ကွမ်းစားစား ဆေးလိပ် သောက် သောက်၊ စည်းကမ်းရှိဖို့ဘဲလိုပါတယ်ကွာ။ ကွမ်းစားပြီးစည်းကမ်းမရှိဘဲ တံတွေးထွေးတော့ သား ပြောသလိုဘဲ ညစ်ပတ် တာပေါ့။ ဆေးလိပ်သောက်ပြီး မီးမငြိမ်းဘဲ ဟိုပစ်ဒီပစ်ဆိုယင်လဲ မီးလောင် တတ်တာဘဲ။ ဒီတော့ကိုယ်ကြိုက်တတ်လို့ ကွမ်းဘဲစားစား ဆေးလိပ်ဘဲသောက်သောက်၊ လူအများ အနှောင့် အရှက် မဖြစ်အောင် သားပြောသလို သန့်ရှင်းဖို့ ဆိုတာက စည်းကမ်းရှိဖို့ဘဲ လိုတယ်ကွ၊ စည်းကမ်းရှိဖို့ဘဲ လိုတယ်"

ကျွန်တော်သည် အဖေ့ ရှင်းပြချက်ကို ကောင်းစွာမနှစ်သက်သေးပါ။ ထို့ကြောင့် –

"အဖေ – ကွမ်း စား တယ် ဆေးလိပ် သောက်တယ် ဆိုတာ အကျင့်လုပ်လို့ ဖြစ်လာတာတွေပါ။ ဒီတော့ မစားဘဲ နေယင် ပိုမကောင်းဘူးလား"

"သားပြောသလို မစားဘဲ နေယင်တော့ အ ကောင်း ဆုံး ပေါ့။ ဒီလို မစားဘဲနေခြင်းဟာလဲ ကိုယ့်ကိုယ်ကို စည်းကမ်း သတ်မှတ်ခြင်းတမျိုးဘဲကွ။ တကယ်တော့ ကွမ်းစားတာဟာလဲ မကောင်းဘူး၊ကြာယင် ဗိုက်အောင့်တာတို့ လေနာစွဲတာတို့ ဖြစ်တတ်တာဘဲ"


ထိုနေ့မှစ၍ ကျွန်တော်သည် အမေတို့၊ အဖွားတို့ ထံမှ ကွမ်းဖတ် တောင်းစားသော အလေ့ကို စွန့်လိုက်ပါတော့သည်။

မောင်သက်ကြူ

# လုပ်အားကိုယ်စီ


မျက်လုံးလေးရဲ့ တာဝန်ဟာ
ကြည့်ဘို့ မြင်ဘို့ပါ။
အသံလာရာ အမြဲကြား
စွင့်စွင့်ထောင်တဲ့နား။
အနံ့ခွဲခြား သိစွမ်းအင်
နှာခေါင်းပညာရှင်။
ပြောချင်တာတွေ နှုတ်မလပ်
ပါးစပ်လုပ်ငန်းရပ်။
နေ့စဉ်မပြတ် စားဘွယ်ရာ
ကြိတ်ဝါးရသေးပါ။
ကိုယ့်ဝန်တာ ကိုယ်သာထမ်း
ကိုင်တွယ် လက်လုပ်ငန်း။
ဟိုလမ်းဒီလမ်း သွားလာတာ
ခြေထောက်အလုပ်ပါ။
ကိုယ်နှင့်ဆိုင်ရာ မခိုတမ်း
လုပ်အားကိုယ်စီထမ်း။ ။

အောင်စည် (ချောက်)






R. 517



# ပြောင်

ပြောင်သည် ခန္ဓာကိုယ် တုတ်ခိုင်ပြီး ခြေ လက် သန်မာသည်။ ဦးခေါင်း ကြီးသော်လည်း လေးကန်ခြင်း မရှိပေ။ အထီး၏အရောင်မှာ နက်မှောင်သည်။ ကိုယ်တွင် အမွေးအမှင်မရှိပေ။ ဦးချိုသည် ပျမ်းမျှ အလျား ၂၇ လက်မခန့်ရှိသည်။

အကောင်ပေါက်နှင့် အမများ၏ အရောင်မှာ ညိုနက်ရောင်ဖြစ်၍ ကိုယ်တွင် အမွေးအမှင်များရှိသည်။ အမသည် အထီးထက် သေးသည်၊ ဦးချိုလည်း တိုသည်။

ပြောင်သည် လူသူနှင့်ဝေးရာတွင် အနေများသည်၊ တောင်ကုန်းများကို ပြေးတက် ပြေးဆင်းနိုင်သည်။ ချုံနွယ်များအောက်တွင် ဝပ်၍လည်း သွားနိုင်သည်၊ ဝေးလံစွာ မမြင်နိုင်ပေ။ နားကြားပါးသည်။ အနံ့ခံ ကောင်းသည်။ နှာမှုတ်သံကို အလွန်ကျယ်လောင်စွာ ပြုတတ်သည်။



ကိုင်းရွက်နု၊ သက်ငယ်ရွက်နု၊ မျှစ်စို့၊ ပြောင်စာမြက် စသည်တို့ကို စားသည်၊ အစာစားစဉ် နှာမှုတ်သံ၊ အမြီးဖြင့် ခြင်၊ ယင် ခတ်သံ များကြောင့် ပြောင်ရှိလျှင် အလွယ်တကူ သိသာသည်၊ ဆားငန် ရေထွက်သော စမ်းချောင်းများတွင် ရေသောက်လေ့ ရှိသည်၊

တကြိမ်လျှင်တကောင်၊ တခါတရံ နှစ်ကောင်အထိ သားပေါက် သည်။ ရှစ်ကောင်မှ ၁၂ ကောင်အထိ အုပ်ဖွဲ့၍ နေတတ်သည်။

ဒဏ်ရာရသောပြောင်၊ သို့မဟုတ် တကောင်တည်းခွဲနေသော ပြောင်တို့သည် လူကိုအန္တရာယ်ပြုတတ်သည်။

မြန်မာနိုင်ငံအနှံ့အပြား စိုထိုင်းသော တောများ၊ တောင်ကုန်း များ၊ ဖုန်းဆိုးတောများတွင် သွားလာကျက်စားသည်၊

ရဲမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ ဘရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ – ၃။ အမှတ် – ၆။

# ဦးဝဏ်ကြီး


ရုပ်ပြ ဓါတ်လမ်း-ပုလဲဖြူ
သရုပ်ဖော်
သော်ကြီး


# ရွှေသွေး ဂျာနယ်

၁၃၃၂ ခု၊ တပို့တွဲလဆန်း ၁၁ ရက် (၆-၂-၇၁)






စနေနေ့တိုင်း ထုတ်ဝေသည်။






ထိုနောက်
ဟဲ့ခွေး - ဟဲ့ခွေး -


အလိုလေး-ကယ်ပါဦးတော်-ကယ်ပါဦးတော်-


ထော့ကျိုး ချိတူး
ပန်းချီ - ဦးအေးဝင်း
ဦးဘိုးကြူးကြီး သည် ခြေတဖက် ပြတ်နေသောကြောင့် သူ့ကို တရပ်လုံးက သိကြသည်။
သူ့ကို ချိတူးအပါအဝင်ကလေးတသိုက်က ပြောင်လှောင်လေ့ရှိသည်။
ခြေကျိုး ဦးဘိုးကြူး ခြေကျိုး ဦးဘိုးကြူး
ဦးဘိုးကြူးကြီးက လိုက်ဖမ်းမည်ပြုသော် ချိတူးတို့က လွတ်ရာသို့ ပြေးပုန်းကြ စကြသည်။
တယ် -- ဒီခလေးတွေ
ခြေကျိုး -- ခြေကျိုး ဦးဘိုးကြူး
ဦးဘိုးကြူးကား ခြေမသန်သဖြင့် သူတို့ကို မိအောင် မလိုက်နိုင်ရှာချေ။
တယ်မိုက် တဲ့ - ခလေး တွေဘဲ
ယင်းသို့ ချိတူးတို့ လှောင်ပြောင် ပြေးသည်ကို ချိတူးအမေသိတိုင်း ခေါ်၍ဆုံးမလေ့ရှိ၏။
ဟဲ့သား - ဦးဘိုးကြူးကြီး ကို သွားမစလေနဲ့ကွယ် - သူ့ခမျာ မစွမ်းမသန်နဲ့ သနားပါတယ် - ပြီးတော့ သူတပါး ချို့ယွင်းချက်ကို ဖော်ပြီး မပြောင်ရဘူးကွဲ့
မစနဲ့နော် - သား
ဟုတ်ကဲ့ မေမေ


သို့သော် ချိုတူးတို့သည် ဦးဘိုးကြူးကို ပြောင်လှောင်မြဲ ပြောင်လှောင်လျက် သာ နေသည်။
ဦးဘိုးကြူး ခြေကျိုး ခြေကျိုး ဦးဘိုးကြူး
ချိုတူး - လာဟေ့ တော်ကြာ ဦးဘိုးကြူးကြီး ပြန်လာတော့မယ် - တို့ ဈေး သွား စကြရအောင်
အေး သွားကြ တာပေါ့ကွာ
ချိုတူးအမေသည် မီးဖိုထဲ၌ အလုပ်ရှုပ်နေသဖြင့် ချိုတူး ထွက်ပေါက်ချောင်သွားတော့သည်။
လာဟေ့ ချိုတူး ဒီနေရာက စောင့်ပြီး ဦးဘိုးကြူးကြီးကို စရအောင်
မကြာမီ ဦးဘိုးကြူးပြန် လာသံ ကြား ရသဖြင့်....
ဟေ့-ဟို မှာ ဦးဘိုးကြူးကြီး လာနေပြီကွ
ဦးဘိုးကြူးကြီး ကို စပြီး - ဟိုလမ်း ကြားလေး ထဲ ဝင်ပြေးကြမယ်
အေးကောင်းတယ် ပြီးတော့မှ - သရက် ပင်ကြီးအောက် မှာ - တို့ ဈေး ဆိုကြမယ်
ဟေ့-လာနေ ပြီကွ- ကဲ အသင့်
ဒေါက်-ဂွပ်- ဒေါက်-ဂွပ်
ခြေကျိုး ဦးဘိုးကြူး ခြေကျိုး ဦးဘိုးကြူး ဟေ့-ဟေ့
အောင်မယ်-ချာတိတ်တွေ ငါ့ကို ပြောင်တယ်ပေါ့လေ ဒီတခါ သိရောပေါ့ကွာ
ဦးဘိုးကြူးသည် လွယ်အိတ်ထဲမှ တစုံတခုကို နှိုက်၍ ချိုတူးတို့လူသိုက်ရှိရာသို့ ပစ်လိုက်၏။
ကဲ ကွာ


ချိတူးတို့လည်း ကြောက်အား လန့်အားဖြင့် ပြေးကြရာ လဲသူလဲ ဖြစ်သွားသည်။
ဟာ- ခေါ်တယ်ဟေ့ ပြေးကြကွ
ချိတူးမှာ ကျောက်တုံးတခုနှင့် တိုက်မိသဖြင့် ခြေထောက်နာသွားသည်။
ငါ-မေမေ့ကို မပြောရဲဘူး-- ဦးဘိုးကြူးကြောင့်ကို ခလို့-ပြေးရင်း ထိခိုက်တာမှန်း သိယင်-ငါ့ကို မေမေက ရိုက်မှာ
နောက်တနေ့ ကျောင်းသွားသောအခါ ခြေထော့နဲ့ထော့နဲ့ ဖြစ်နေသည်။
ငါ-လမ်းမြန်မြန် သွားလို့မရ တော့ဘူး
ထိုအခါ သူငယ်ချင်းများက ဝိုင်း၍ လှောင်ကြသည်။
ဦးဘိုးကြူးကလေး လာပြီဟေ့
ဟေ့--- ထော့ကျိုး-ချိတူး ထော့ကျိုး-ချိတူး
ချိတူးသည် ရှက်လည်းရှက်၏။ ဒေါသလည်း ထွက်မိ၏။
သည်တော့မှ သူ့မေမေ့စကားကို ပြန်၍ အမှတ်ရလေတော့သည်။

# ကြေး

ကာတွန်း မောင်မောင်သက်



ကြေးသည် လူတို့ ပထမဦးစွာ အသုံးပြုသော သတ္တု ပင်ဖြစ်သည်။ သံထက် သုံးရာစုပိုမိုလွယ်ကူသည်။ သံကို တွေ့ပြီးသည့်နောက် ကြေးအသုံး နည်းလာသော်လည်း သံမှလွဲလျှင် ကြေးမှာ အသုံးဝင်ဆုံး သတ္တုဖြစ်သည်။

ကြေးကို လျှပ်စစ်နှင့်ဆိုင်သော ကရိယာ အသုံး အဆောင်များတွင် အများဆုံး အသုံးပြုကြသည်။ ယင်း တို့မှာ ဝိုင်ယာကြိုးများ၊ ရေအောက် ကြေးနန်းကြိုး များ၊ တယ်လီဖုန်းကြိုးများ၊ မိုတာ၊ လျှပ်စစ်ခလုတ် စ သည်တို့ ဖြစ်ကြသည်။ ကမ္ဘာ့နှစ်စဉ်ထွက် ကြေး၏ တ ဝက်မျှကို လျှပ်စစ်လုပ်ငန်းတို့တွင် အသုံးပြုကြသည်။

ကြေးကို သံ့ာမန်အပူချိန်၌ပင် အပြားခတ်နိုင်သည်၊ နန်းဆွဲနိုင်သည်။

သံမဏိမပေါ်ခင်က ကြေးနီ၊ ကြေးဝါနှင့်ကြေးညို တို့သည် စီးပွားရေးလုပ်ငန်းများတွင် အလွန်အရေး ပါခဲ့ကြလေသည်။ သံဈေးစားသကဲ့သို့ ဈေးမစားခြင်း ကြောင့် အိမ်အသုံးအဆောင်များ၊ အိုးခွက်များပြုလုပ် သုံးစွဲကြသည်။

အပူနှင့် လျှပ်စစ်ဓာတ်တို့ကို အလွယ်တကူ သယ်ပို့ ပေးနိုင်ပြီး၊ အလွယ်တကူ မပျက်စီးနိုင်သောကြောင့်



ရေး★ စိုးမြင့်




မြစ်ရည်ချက်လုပ်ငန်း၊ ပေါင်းတင်ခြင်းနှင့် ဓာတုဗေဒ လုပ်ငန်းများတွင် အသုံးများသည်။

သဘော်ာ ဆောက်လုပ်ခြင်း လုပ်ငန်း တွင်လည်း ကြေးကို ရှေးနှစ်များစွာကပင် အသုံးပြုခဲ့ကြသည်။ ရေ သတ္တဝါများ၏ အန္တရာယ်မှ ကာကွယ်ရန် သဘော်ာ၏ သစ်သား ကိုယ်ထည်ကို ကြေးပြားများဖြင့် ပတ်ထား ကြသည်။ ယခုအခါ၌ ကြေးနှင့် ကြေးသတ္တုစပ် တို့ဖြင့် သဘော်ာရေယက် (ပန်ကာ )များ ပြုလုပ်ကြသည်။



ဓာတ်ပစ္စည်းများ ပြုလုပ်ရာတွင်လည်း ကြေးကို အသုံးပြုသည်။ ပုံစံအားဖြင့် လယ်သမားတို့ အတွက် သီးနှံဖျက် ပိုးတို့ကို ကာကွယ်သော ကော့ပါးဆာလ ဖိတ်(ဒုတ္တာ)ပိုးသတ်ဆေး ဖော်စပ်ရာ၌သုံးသည်။





အဆောက်အအုံများ ဆောက်လုပ်ရာတွင် အထူး သဖြင့် ခေတ်မှီပေါင်းကူးအမိုးမိုးရာ၌ ကြေးပြားများ ကို အသုံးပြုသည်။



ကြေးဖြင့်ပြုလုပ်သော အသုံးအဆောင်ပစ္စည်း များကား များပြားလှပေသည်။ ခေါင်းလောင်း၊ ဆည်းလည်း၊ ကွမ်းအစ်၊ ချိန်ခွင်၊ အလေး၊ လင်း ကွင်း၊ စည်း၊ နှဲ၊ မောင်း၊ ကြေးနောင်၊ ကြေးပုရပိုက်၊ ကြေးစည်၊ ကြေးမီးပူ၊ ကြေးချိန်သီး၊ ရေပိုက်ခေါင်း အစရှိသည်တို့ဖြစ်သည်။

စိုးမြင့်




မပိုင်သင့်သော
မှန်ပိုင်ခြင်း
ကာတွန်း ဝင်းဌေး
ဇာတ်လမ်း-နွယ်နီ-ဌေးဆွေး
လာသူငယ်ချင်း ခြံထဲမှာသွားပြီး ကစားကြမယ်
ကျောင်းပိတ်သောနေ့တနေ့တွင် သံချောင်းသည် နီတိုးတို့ အိမ်သို့ အလည်ရောက်လာသည်။
ဟေ့ နီတိုး . မင်းတို့ မာလကာပင် တယ်သီး ပါလား၊ စားချင်တယ်ကွာ
စားရပါတယ် . . ဒါပေမဲ့ မင်းလဲ တက်ရူးရမယ်နော်
အို . . တက်ရူးတာပေါ့ အလွယ်လေးပါ
မင်းနဲ့ငါ အကြီးဆုံးနဲ့ အမှည့်ဆုံး အလုံးကို ပြိုင်ရှာမယ်
ကောင်းပြီ လေ . . .
ဟောဟိုမှာ
တွေ့ပြီ
မာလကာပင်ထိပ် ဖျားလောက်တွင် အသီးပွပွ တလုံး ကိုပြိုင်တူ တွေ့ကြ- ၏။



အလု အယက်
တက်ကြရာမှ-
ငါအရင်
တွေ့တာဗျ
မဟုတ်ဘူး
ငါတွေ့တာ
မာလကာသီးကို နှစ်ဦးစလုံး မီလုမီခင်တွင်—
ချွတ်
ချွတ်
ချွတ်
ဒိုး
အောင်
မယ်
လေး
ဗျ
အား
နီတိုးမိဘများ ကြား၍—
ဘယ်လိုဖြစ်တာလဲ
ဟာ
အား..
ကျွတ်!
ကျွတ်!
အပင်ပေါ်ကလိမ့်ကျတာ
မေမေ.. သံချောင်းလက်
ကျိုးသွားပြီ
ဆေးရုံကို
မြန်မြန်ပို့
ကြရအောင်
ငါ့ကြောင့်မင်းဒီလိုဖြစ်ရတာ
စိတ်မကောင်းဘူးသူငယ်ချင်း
မဟုတ်ဘူး
သူငယ်ချင်း
ငါလုတက်မိ
လို့ဗျ..



မောင်သော် နှင့် နီမောင်တို့ပါဝင်သော
စာသင်ချိန်
စာသင်ချိန်တွင် မောင်သော်သည် အလွန်စကားများလေသည်။ ဘေးနားမှ နီမောင်အား လှမ်းပြောလေ့ရှိသည်။
နီမောင်က ဘာမှ ပြန်မပြောချေ။
မုန့်စားဆင်းသော်
သွားစမ်းပါကွာ စကားလာမပြောနဲ့ ပါနဲ့ - အတန်းထဲမှာ ငါပြောတုန်းကတော့ ပြန်မပြောဘဲနဲ့
ဟာကွာ မောင်သော်ကလည်း စာသင်ချိန်မှာ စကားများနေရင် ဆရာမသင်တာ နားမလည်လိုက်ဘဲနေမှာပေါ့ကွ စာမေးပွဲမှာ ပါလာရင် ဘယ့်နှယ်လုပ်မလဲ
အေး ငါနားလည်ပါပြီကွာ - နောက်ဆို စာသင်ချိန်မှာ စကားမပြောတော့ပါဘူး လာကွာ မောင်လှကာသီး သွားဝယ်စားမယ်

# ကိုယ်လက်လှုပ်ရှား





၆။ ခါးလေ့ကျင့်ခန်း

တသမတ်တည်း ကြာရှည်စွာ ထိုင်နေရသော ကျောင်းသူ ကျောင်းသားများအဖို့ ခါးအညောင်း ပြေစေသည်။

လေ့ကျင့်ခန်း(၁)

မတ်မတ်ရပ်၊ ခြေထောက်တဖက်နှင့်တဖက် တပေခန့် ခွာထား၊ လက် ခေါင်းပေါ် မြှောက်၊လက်ဖဝါးချင်းကပ်ထားပါ။

(၁) ခါးမှနေ၍ ကိုယ်ကို တဖက်သို့လှည့်ပါ၊ ခြေထောက် မရွေ့စေပဲ ကိုယ် အထက်ပိုင်းကိုသာလှည့်ပေးပါ။

(၂) မူလအနေအထားပြန်နေ၊ နောက်တဖန်အခြား တဖက် သို့လည်း ထိုနည်းအတိုင်း လှည့်ပေးပါ၊ တလှည့်စီ အ ပြန်ပြန်အလှန်လှန် လှည့်ပေးပါ။




လေကျင့်ခန်း(၂)

မတ်မတ်ရပ်၊ ခြေအနည်းငယ် ခွဲထား၊ လက်ဘေးကပ်။

(၁) ခါးမှနေ၍ ကိုယ်ကို တဖက်သို့ စောင်းပြီး ညွတ်ချ၊ လက်ကိုလျှောချ၍ ဒူးဆစ်ကို ကျော်နိုင်သမျှ ကျော် လွန်အောင် ညွတ်လိုက်ပါ။

(၂) မူလအနေအထားပြန်နေ၊နောက်တဖန်အခြားတဖက်သို့ ထိုနည်းအတိုင်း ညွတ်ချပါ၊ အပြန်ပြန် အလှန်လှန် တလှည့်စီလုပ်ပါ။






"ဟော့ – ဟိုမှာ စံအောင်လာပြီကွ။ တို့ ဒီမှာ မကစားတော့ဘူး၊ ဟိုဘက်သွားပြီး ကစားကြမယ်။ မေမေက စံအောင်နဲ့ မကစားရဘူးတဲ့"

ကျွန်တော့်ကိုတွေ့လျှင် သူငယ်ချင်းတစုက ကစားနေရာမှ ရှောင်ပြေးတတ်ပြီး၊ ကျွန်တော်နှင့်ဝေးရာသို့ သွားရောက်ကစားတတ်ကြပါသည်။ ယခု လည်း ကျွန်တော် လာသည်ကို မြင်၍ ကျွန်တော့် သူငယ်ချင်းများက အဝေးသို့ ပြေးကြပါပြီ။ ထို့ကြောင့် ကျွန်တော် မျှားစွာဝမ်းနည်းရပါသည်။ ဝမ်းနည်းလွန်း၍ မျက်ရည်ပင် လည်မိပါသည်။ သို့သော် ကျွန်တော်မငိုမိအောင် ကြိုးစားပါသည်။ မျက်ရည် မထွက်အောင် ထိန်းသိမ်းထားပါသည်။ ကျွန်တော် မျက်ရည် ကျခဲ့ရပေါင်း များပါပြီ။

ကျွန်တော့် အမေ ဆုံး ကတည်းက ကျွန်တော်တို့ ဒုက္ခရောက်ခဲ့ရပါသည်။ ကျွန်တော့်အမေရှိစဉ်က အမေသည် ကျွန်တော်တို့မိသားစုအတွက် ပဲပြုတ်ရောင်းကျွေးပါသည်။ ကျွန်တော့်အဖေအိုကြီးမှာလည်း လေဖြတ်၍ အိပ်ရာထဲတွင် လဲနေသည်မှာ ခြောက်နှစ်ရှိပါပြီ။ ယခု ကျွန်တော့်အဖေနှင့် ကျွန်တော် နှစ်ယောက်သာ ရှိပါတော့သည်။ ကျွန်တော့်အမေဆုံးပြီးကတည်းက ကျွန်တော့်အဖေမှာ ရောဂါပို၍ သည်းလာပါသည်။ ကျွန်တော့်အဖေ၏ မျက်နှာမှာ အသားများမရှိသလောက်ပင် ဖြစ်ပါသည်။ နှားထင်ရိုး၊ မေးရိုးကြီးများဖြင့် အရိုးမျက်နှာကြီးသာ ရှိပါတော့သည်။

ယခု ကျွန်တော်က ပဲပြုတ်ရောင်းရပါသည်။ အမေလုပ်ခဲ့သော အလုပ်ပင် ဖြစ်ပါသည်။ ကိုယ်တိုင် ပဲဝယ်၍ ကိုယ်တိုင်ပြုတ်ရပါသည်။ တနေ့ တနေ့ ပြားကိုးဆယ်ခန့် ကျန်ပါသည်။ ထိုငွေဖြင့် ကျွန်တော်တို့ သားအဖနှစ်ယောက် အသက်ရှင်နေကြရပါသည်။

ကျွန်တော့်မှာ အင်္ကျီ လုံချည် တထည်စီသာ ရှိပါသည်။ ကျွန်တော့်အဖေမှာလည်း ကျွန်တော့်လိုပင် ဖြစ်ပါသည်။ ကျွန်တော်တို့ သားအဖ နောက်ထပ် အင်္ကျီ လုံချည် ဝယ်မဝတ်နိုင်ကြပါ။ နေ့စဉ် နေ့တိုင်း ထမင်းစားဘို့ရန်ပင် အတော် ကြိုးစားရပါသည်။

ကျွန်တော့်မှာ လေးတန်းအောင်ပြီးကတည်းက ကျောင်းဆက် မနေနိုင်တော့ပါ။ ကျွန်တော့်အမေ အသက်ထင်ရှားရှိနေသေးလျှင်တော့ ကျွန်တော် ကျောင်းဆက်နေနိုင်မည် ထင်ပါသည်။ အခြားသူငယ်ချင်းများ ကျောင်းတက် နေကြသည်ကို မြင်တိုင်း ကျွန်တော်များစွာဝမ်းနည်းရပါသည်။ ထို့ထက် ဆိုးသည်မှာ ကျွန်တော့်သူငယ်ချင်းများက ကျွန်တော့်ကို အဖော် မလုပ်ကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်ပို၍ဝမ်းနည်းရခြင်း ဖြစ်ပါသည်။ ကျွန်တော့်ကို အဖက်လုပ်ပေါင်းသင်းသူမှာ

ဝေလင်း တယောက်သာ ရှိပါသည်။ ဝေလင်း ကျွန်တော့်ဆီ ကိုလာလျှင် သူ့အဖေက မကြိုက်ပါ။ သို့သော်ဝေလင်းတယောက်ကတော့ ကျွန်တော့်ကို ကြင်နာပုံရပါသည်။ ထို့ကြောင့်သာ ကျွန်တော်အနည်းငယ်စိတ်သက်သာရာ ရပါသည်။

"ဟေ့ – ဟိုမှာ ကြည့်စမ်း၊ စံအောင် မဟုတ်လား။ အလကားကောင်ကွ။ စာမတတ် ပေမတတ်နဲ့၊ တို့လို သူ စာမသင်နိုင်ဘူးကွ။ ပဲပြုတ် ရောင်းစားတဲ့အကောင်။ အသုံးမကျပါဘူး"

သူငယ်ချင်းများက ဤကဲ့သို့ ပြောသောအခါ ကျွန်တော်အလွန် ဒေါသ ထွက်မိပါသည်။ အားလည်းငယ်မိပါသည်။ ဒေါသထွက်၍ ကျွန်တော်က ပြန်ဆဲပါသည်။ ထိုအခါ သူတို့က ကျွန်တော့်ကို ရန်စပြီး ထိုးတတ်ကြပါသည်။ ကျွန်တော်ကလည်း ပြန်ထိုးပါသည်။ သို့သော် ကျွန်တော် သူတို့ကိုနိုင်အောင် မထိုးနိုင်ပါ။ ကျွန်တော့်ဖက်က ကျွန်တော်တယောက်တည်းသာ ဖြစ်ပါသည်။ သူတို့ဖက်က သုံးလေးယောက်ဝိုင်း၍ ထိုးပါသည်။

ထို့ကြောင့် ကျွန်တော်သူတို့နှင့် ရန်မဖြစ်ချင်ပါ။ သူတို့က ရန်စလျှင် ကျွန်တော်ကမကြားဟန်ပြု၍ နေရပါသည်။ ကျွန်တော်၏ နေ့စဉ်အလုပ်ဖြစ်သည့် ပဲပြုတ် ရောင်းဘို့ကိုသာ အာရုံစိုက်ရပါသည်။

တနေ့တွင် ကျွန်တော်သည် အိမ်ခေါင်းရင်းရှိ မန်ကျည်းပင်ရင်း၌ ထိုင်ရင်း စဉ်းစားမိပါသည်။ ကျွန်တော် သည်အတိုင်း နေ၍မဖြစ်တော့ပါ။ ယခု ကျွန်တော် အသက်မှာ ဆယ့်သုံးနှစ်ရှိပါပြီ။ လေး တန်း အောင် ပြီးကတည်းက ကျောင်းဆက်မနေသော ကျွန်တော်သည် ယခု ကျောင်းဆက်နေနိုင်ဘို့ အကြံထုတ်ရပါသည်။ အလယ်တန်းညကျောင်းများ ဖွင့်လှစ်မည်ဖြစ်ကြောင်း ဝေလင်းပြောပြ၍ သိရပါသည်။ ကျွန်တော် ငါးတန်းမှာ ကျောင်းဆက်နေနိုင်ရန် ကြိုးစားရပါသည်။ မနက်ခင်း ပဲပြုတ်ရောင်းသည့် အလုပ်အပြင် အခြားအလုပ်တခု ရှာရပါသည်။ ကျောင်းစရိတ် ရရန် ပင် ဖြစ်ပါသည်။

ကံအားလျော်စွာ သတင်းစာပို့ရန် အလုပ်ရပါသည်။ ထိုအလုပ်မှ ရသည့် ငွေဖြင့် ကျွန်တော်ကျောင်းဆက်နေရန် ကြိုးစားရပါသည်။ အိပ်ရာထဲတွင် လဲနေသော ကျွန်တော့် အဖေအိုကြီးကိုလည်း ဂရုစိုက်ရ ပါသေးသည်။

ကျွန်တော့်ဘဝခရီးကကြမ်းတမ်းလှပါသည်။ သို့သော် ကျွန်တော် ကတော့ ကျွန် တော့်သူငယ်ချင်း များကို မှီအောင် ကျောင်းဆက်နေပါမည်။ ကျွန်တော် အတတ်နိုင်ဆုံး စာ ကြိုးစားရန် ဆုံးဖြတ် ထားပါသည်။

× × ×

# ထမနဲပွဲ

နှင်းစက်နှင်းမှုန် တဖွဲဖွဲ
ဆောင်းလ တပို့တွဲ။

ထမနဲပွဲ ဘုံအလှူ
တို့များ ဝိုင်းဝန်းကူ။

ကောက်ညှင်းဆန်ဖြူ ဆေးသူဆေး
မီးမွှေးသူက မွှေး။

ချိုတေး ဆို က ဖျော်ဖြေပြန်
ဒိုးပတ် အိုးစည်သံ။

အားခွန်စိုက်လို့ မမောတမ်း
ထိုးကြ မွှေကြစမ်း။

စိတ်တွေမှန်းလို့ ဆွမ်းဦးတင်
လက်ညီ တက်ညီပြင်။


စုပေါင်းပျော်ရွှင် ဆင်ယင်နွှဲ
စုပေါင်း စားသောက်ပွဲ။ ။

တက္ကသိုလ် ကြည်မာ



R. 517

# ကြံ့



ကြံ့ဝါးမျိုးရှိသည်။ အာဖရိကတိုက်တွင်နှစ်မျိုး၊ အာရှတိုက်တွင် သုံးမျိုးရှိသည်။ မြန်မာနိုင်ငံတွင် တွေ့မြင်နိုင်သော အမျိုးမှာ ဆူမားတြားကြံ့ခေါ် ဦးချိုနှစ်ချောင်းရှိသောအမျိုးဖြစ်သည်။

ဆူမားတြားကြံ့သည် အခြားကြံ့မျိုးများထက် ကိုယ်လုံးကိုယ်ထည် သေးငယ်သည်။ အရပ်မှာ ပျမ်းမျှ လေးပေခန့်သာရှိသည်။ အရောင်မှာ အညိုရောင်ပြေးသော အနက်မျိုးဖြစ်သည်။ အရေခွံထူထဲသည်။ အကောင်ငယ်များတွင်အမွေးရှိပြီး ကြီးလာလျှင် အမွေးတုံးသွားတတ်သည်။ မျက်လုံးများသေးငယ်ပြီး ဝေးလံစွာ မမြင်နိုင်ပေ။ အနံ့ခံကောင်းပြီး နားကြားပါးသည်။ အပြေးမမြန်လှသော်လည်း လိုအပ်လျှင် ခုန်ပေါက်ပြေးလွှားနိုင်သည်။ ရေကူးနိုင်သည်။ ဝက်ကဲ့သို့ ကျွင်းတူးပြီး ဝပ်နေတတ်သည်။ အသံပြုရာတွင် နှာခေါင်းကိုအသုံးများသည်။ ရန်မူသောအခါ ပါးစပ်မှ အသံပြုသည်။


တကောင်တည်း အနေများသည်။ စုံတွဲလည်း နေတတ်သည်။

အသီး အရွက်၊ နွယ်၊ အစို့အညှောက်တို့ကို စားသည်။

သားပေါက်ဖွားပုံကို အသေးစိတ် အတိအကျ မသိသေးသော်လည်း ပေါက်ဖွားနှုန်း နှေးကွေးသည်ဟု ဆိုနိုင်သည်။ အသက်သုံးဆယ်ကျော်အထိ နေနိုင်သည်ဟု ခန့်မှန်းရသည်။

မြန်မာနိုင်ငံတွင် ပဲခူးရိုးမ၊ ရခိုင်ရိုးမနှင့် တနင်္သာရီရိုးမ စသည့် ထူထပ်သော တောကြီးများတွင် အနေများသည်။ ကချင်ပြည်နယ်နှင့် အထက်ချင်းတွင်းဒေသတို့တွင်လည်း တွေ့ရတတ်သည်။

ရဲမြင့်





ရန်ကုန်မြို့၊ ၃၂၉-၃၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
ဦးထင်ကြီးက [illegible]င်းလွှတ်ခွင့် အမှတ် ၀၁၂၀၈ ၁၅၄ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁
ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၃၊ အမှတ်-၇၊

# သားချင်းများ ဆုံတွေ့ကြရာ....

# ရွှေသွေး

ဂျာနယ်

ပန်းချီ - ဦးဘကြည်
ဇါတ်လမ်း - သာညွန့်

၁၃၃၂ - ခု၊ တပို့တွဲလဆုတ် ၃ ရက် (၁၃-၂-၇၀)




၁၉၆၄ ခုနှစ် မန္တလေးတောင်ခြေပြည်ထောင်စုနေ့ပွဲတော်မှ လူမျိုးစုကပွဲကြည့်ပြီးအပြန်တွင်...

စနေနေ့တိုင်းထုတ်ဝေသည်။


ဟားဟား - အဲဒါ သမီးတို့အမဝမ်းကွဲတွေလေ
ဟာ- ဖေဖေ ကလဲ
ဟောဒါက - ဖေဖေ့ အမ (ယုယုဝင်း)လို့ခေါ်တယ် ဒါက ယိမ်းထဲမှာ ကတဲ့ သူ့သမီး - (လှကျော့) နဲ့ (လှဘောက်) ပေါ့
ဟင်- ဟုတ်သားဘဲ
အား- ဟယ်
အိမ်ရောက်သော် ဓာတ်ပုံပြပြီး ပြောသည်မှာ··
ဇာတ်လမ်းက ဒီလိုကွဲ- ၁၉၄၁ ခုနှစ် မျက်ပါးရပ် တန်ဆောင်တိုင်ပွဲ အရပ်အငြိမ့်ထဲမှာ မမယုက အပျော်ဝင်ကတယ်။
ကချင် လက် နက်ကိုင် တပ်ကြပ်ကြီး ကိုအောင်ချမ်း က
သဘော ကျပြီး ·· အရပ်မလေ့ အ တိုင်း ဆုချတော့ ဆုတောင်း တယ်။
ကဲ·· တပ်ကြပ်ကြီး ·ကိုအောင်ချမ်းက ဆုငွေငါးကျပ်တဲ့··· ဆုတောင်းလိုက်ပါအုံး
အဲဒီနောက်ပိုင်းမှာ တပ်ကြပ်ကြီး ကိုအောင်ချမ်းဟာ မမယုဆီကို မကြာခဏ လာလည်တယ်။
အို - ကိုအောင်ချမ်း ကလဲ ·· ခဏ ခဏ ပေးနေတာ အားနာစရာကြီး···
တနေ့သော်··



ဒါနဲ့စစ်မပြေးမီလေးမှာ လက်ထပ်ပြီး မိဘ များကို နှုတ်ဆက်ကာ ....
သာဓု - သာဓု - ကျန်းမာကြပါစေ - ကြီးပွားကြပါစေ - အိုအောင်မင်းအောင် ပေါင်းကြရပါစေ - ခလုတ်မထိ - ဆူး မငြိဘဲ - လိုရာ ခရီး ရောက်ကြ ပါစေကွယ်...
မြစ်ကြီးနားသို့ လိုက်သွားပြီး ကချင်ထုံးစံအတိုင်း မင်္ဂလာပွဲ ပြုလုပ်ကြပြန်တယ်။
ကချင်ထုံးစံ အတိုင်း - မိမိပိုင် ပစ္စည်းများ အပ်တဲ့ အနေနဲ့ - သော့တွဲ - အပ်ပါတယ်၊ ရော့၊
သတို့သမီးက သတို့သားအိမ်ရှေ့မှာ စိုက်ထားတဲ့ မင်္ဂလာကိုင်းပင်ကိုဖြတ်ပြီး အိမ်ထဲကို ဝင်ရတယ်။
အဲ-ဟုတ်ပြီ
ကိုအောင်ချမ်း မန္တလေးကို ပြန်လာတော့ သူတို့တပ်နေရာမှာ တရုပ်တပ်တွေ ရောက်နေတာတွေ့ရလို့ ဒါကြောင့် မြစ်ကြီးနားသို့ ပြန်ပြီး ....
ဟာ - မဖြစ်ဘူး -
မိရိုးဖလာလုပ်ကိုင်စားသောက်နေကြတယ်။
လွတ်လပ်ရေး ရပြီးနောက် ကိုအောင်ချမ်းဟာ ဗမာ့တပ်မတော်သို့ ဝင်ခဲ့တယ်။
ဟာ - သူငယ်ချင်း ရာထူး တက်တာ - မြန်လှချေ လားကွဲ
ငါက အရင်က စစ်မှုထမ်း သက်ရှိဘူး တယ်လေ၊
အော - အော်


ဗိုလ်အောင်ချမ်းဟာ ဗမာ့နယ်စပ်ကို ထိပါး လာတဲ့ တရုပ်ဖြူတွေကို ရှပ်ရှပ်ချုံချုံတိုက်ထုတ် ရင်း ....
ချီ.....တက်
ရှေ့တန်းမှာ ကျသွားရှာတယ်။
ငါ့ကို ဂရုမစိုက်နဲ့ - ရန်သူကိုသာ တိုက် ကြစမ်းပါ... တိုက် - တိုက် တိုက်
တနေ့ မမယုမှိုင်နေတော့ ဗိုလ်အောင်ချမ်း မိခင်ကြီးက –
ဟင်အင်း-ဟင်အင်း မပြန်ပါဘူး...
သမီး..ဒီမှာ မပျော်လို့ မန္တလေးပြန်ချင်ယင်လဲ - အမေတို့ကို အားမနာနဲ့
အမေ့ဆွေမျိုး - ကျမဆွေမျိုးဘဲ - အမေ့စကား - ကျမစကားဘဲ အမေ့ရပ်ရွာ - ကျမရပ်ရွာဘဲ မှဟုတ်လား၊ ဒီမှာဘဲ ကျမခေါင်းချမယ်
ဝမ်းသာလိုက်တာ သမီးရယ်၊ ပျော်သလိုသာနေပါ
ဒီလိုနဲ့ဘဲ နေထိုင်လာခဲ့တာ တိုင်းရင်းသားတွေကလဲ သူ့ကို သိပ်ချစ်ကြတယ်။
ဟင် - ဟုတ်လား - သမီး တွေ့ချင်လိုက်တာ
အော်
ထိုအခိုက်...
မောင်လေးရေ.... မမတို့ လာတယ်လေ
ဟော....! ပြောတုန်း ဆိုတုန်း မမယုတို့လာပြီ
ဟယ်
ဟင်
မမယုရယ် - ဓါတ်ပုံပြပြီး ဇါတ်ကြောင်း လှန်နေကြတာ
မမတော့ တိုင်းရင်းသား သွေးစည်းရေး လုပ်ရင်းနဲ့ ပျော်နေတော့ဘဲ ကွယ်....
မမ
ညီမလေး
မောင်ပယ်လေး နော်
ဟုတ်တဲ့ မမ

# မြို့တော်ဝန် နှင့် မောင်ဉာဏ်ရှင်

ရေး/ဘပါကြီး

ကာတွန်း
မောင်မောင်သောက်








ကျနော့်ရဲ့မြတ်ထိုးဘွတ်တွေကို
ခုပြီးသိမ်းထားတဲ့ လွယ်အိတ်အိမ်မှာ
မေ့ကျန်ခဲ့လို့ပါ
ဒါဖြင့် အိမ်ပြန်ယူ၊ ဒီနေရာက
ငါစောင့်နေမယ်
အိမ်ကသိပ်ဝေးပါတယ်၊သွားယင် အချိန်သိပ်ကြာ
ပါလိမ့်မယ်
ငါလိုပညာရှိကို သူမလိမ်
တတ်လို့စကားတွေလှည့်
ပတ်ပြောနေပြီ၊ သူ့ကို
လိမ်အောင်ခိုင်းရမှာဘဲ
အိမ်ဝေးယင် ငါ့မြင်းစီးသွားကွာ
မြင်းပေးလဲ ကျနော် ဒီနေရာကထသွားလို့
မဖြစ်သေးဘူးဗျ
ဘာဖြစ်လို့လဲ



ဒီသစ်ပင်ကြီးလဲတော့မယ်၊မလဲအောင် ကျွန်နော့်ကျောနဲ့ မှီထားရတယ်
ဟဲ့ကွာ-မင်းအစားသစ်ပင်ကြီးကို ငါ မှီပြီးထိုင်နေမယ်
မြို့တော်ဝန်သည် သစ်ပင်ကြီးကို မှီထိုင်နေလိုက်ပြီး သူ၏မြင်းကို မောင်ဉာဏ်ရှင်အား ပေးလိုက်သည်။
ငါ့မြင်းကိုစီးပြီး မင်းလွယ်အိတ်ကိုသာ မြန်မြန်ယူခဲ့ ပေတော့-
အမြန်ဆုံး ယူလာခဲ့ပါမယ်
မောင်ဉာဏ်ရှင်ကား မြို့တော်ဝန်ကို လိမ်သွားပေပြီ။ သစ်ပင်ကြီးလည်း လဲကျလိမ့်မည် မဟုတ်ပေ။ သူလည်း ထိုနေရာသို့ ပြန်လာတော့မည် မဟုတ်ချေ။

# ရေငုပ်သင်္ဘော






အမှန်အားဖြင့် ခေတ်မီ ရေငုပ်သင်္ဘောကို ဖြစ်မြောက်အောင် ပြုလုပ်နိုင်ခဲ့သည်မှာ မကြာလှသေးသော်လည်း ရေငုပ်သင်္ဘောကို ၁၇ ရာစုနှစ်ကတည်းကပင် ကြံစည်စိတ်ကူးခဲ့ကြသည်။

၁၇၇၆ ခုနှစ်၌ အမေရိကန်လူမျိုး ဒေးဗစ်ဗွတ်ရှနဲ ဆိုသူသည် "တာတယ်" ခေါ် လိပ်ပုံသဏ္ဍာန်ရှိသော ရေငုပ်သင်္ဘောတစင်းကို သစ်သားဖြင့် ဆောက်လုပ်ခဲ့သည်။ ယင်းကို လူတယောက်သာ မောင်းနှင်စီးနင်းနိုင်သည်။ သို့သော် လက်တွေ့တွင်မူ မအောင်မြင်ခဲ့ပေ။

၁၈၅၀ ပြည့်နှစ်တွင် ဂျာမန်တို့က လူသုံးယောက်စီးနိုင်၍ အလျား ၂၆ ပေရှိသော ရေငုပ်သင်္ဘောကို ဆောက်လုပ်ခဲ့ကြသည်။ သို့ရာတွင် ရေ၏ဖိနှိပ်ဒဏ်ကို မခံနိုင်၍ ပျက်စီးခဲ့သည်။

ရေငုပ်သင်္ဘောသည် အခြား သာမန်သင်္ဘောများနှင့်မတူ၊ ရေပေါ်၌၎င်း၊ ရေအောက်၌၎င်း သွားလာရသောကြောင့် တမျိုးတဖုံ ထူးခြားဆန်းပြားသည်။









ရေငုပ်သင်္ဘောရှိ ရေတိုင်ကီအတွင်း ရေသွင်းခြင်း၊ ရေထုတ်ပစ်ခြင်းဖြင့် သင်္ဘောကို ငုပ်စေနိုင်၊ ပေါ်စေနိုင်သည်။

၁၈၈၀ ပြည့်နှစ်တွင် ရုရှတို့သည် တော်ပီဒိုလက်နက်တပ်ဆင်ထားသော ရေငုပ်သင်္ဘောကို အသုံးပြုခဲ့ကြသည်။


ရေငုပ်သင်္ဘောတွင် ပယ်ရီစကုပ်ခေါ် ပတ်လည်ကြည့်မှန်ပြောင်းသည် အရေးကြီးသည်။

ရေငုပ်သင်္ဘောကို စတင် ကြံစည်စဉ်က ရေခဲပိုင်းနေသော ဆိပ်ကမ်းများသို့ ဝင်ရောက်ရန်နှင့် ရေအောက်၌ ဆုံးရှုံးသွားသောပစ္စည်းများကို ရှာဖွေရန်အတွက် ရည်ရွယ်ခဲ့သည်။ သို့သော် ရေငုပ်သင်္ဘောများသည် ရေအောက်၌ ပုန်းကွယ်နိုင်ပြီး ရေမြုပ်မိုင်းများ ချထားနိုင်သဖြင့် စစ်ဖက်၌ အလွန်အသုံးဝင်ကာ စစ်တိုက်ခိုက်ရေးတွင်သာ အသုံးပြုခဲ့ကြသည်။

ယခုအခါ အနုမြူဓာတ်အားသုံး ရေငုပ်သင်္ဘောများကို အသုံးပြုလျက် ရေအောက်မှ ဒုံးပျံများကိုပင် ပစ်လွှတ်နိုင်နေကြပြီ။





မှားခဲ့ပါပြီ
အနောက် အပြောင် အလွန်သန် သော မျိုးညွန့်သည် ညဖက်တွင် ဦးကျော်စိန်၏ သုံးဘီးကား ရှေ့ဘီး ကို သံနှင့် ထောက်ထားလိုက်သည်။
မနက်အာစောစောကြီး ဦးကျော်စိန် သုံးဘီး မောင်းထွက်ဖို့ ကား စက်နှိုးယင် ထဖြစ်ရသည့် မှာပါ - အမယ်...
မျိုးညွန့်သည် အိပ် ပျော်သွားပြီး နာရီ ငြိန်ထချက်ထိုး၍ တ ရေးနိုးသော်....
အလို မေမေ့အာ သံပါလား! ဘာဖြစ်လို့ပါလိမ့်...
ဟော - သားတော်တရေးနိုး လာပြီလား - ကြမ်းပြင်ကို ဖြေးဖြေး နင်းလာခဲ့ - မေမေ ဗိုက်နာနေလို့...
မျိုးညွန့် အမေသည် ကလေး မျက်နှာမြင် ခါနီးသဖြင့် ဗိုက် နာနေခြင်း ဖြစ်သည်။
ဆေးရုံ အချိန်မှီ ရောက်မှ ဖြစ်မယ်
မေမေ့ကို ဆေးရုံ တင်ဖို့အောင် ဖေဖေ ကားသွားငှားလိုက်ဦး မယ် - အင်း သူကြီးမင်းကြီး ဦးမှ ဦးပါ့မလား! - သား မေမေ့နားမှာ ထိုင် နေ.. နော်..


မျိုးညွန့်အဖေထွက်သွားပြီး တအောင့် လောက်ကြာသော် ခေါင်းရင်း အိမ်မှ ဦးကျော်စိန်၏ သုံးဘီးကား စက်နိုးသံ ကို ကြားရသည်။
ဟင်-သား ဘာ..ဘာ.. ဘာဖြစ်
ဘာလေး မေမေ
ဟိုက်!
ဒုက္ခဘဲ
မျိုးညွန့်သတိရ၏။ သို့သော် နောက်ကျသွားလေပြီ။
အဲဒါမှ ဒုက္ခဘဲ ဗျာ..
အေးဗျာ ညကြီးမင်းကြီး၊ ခလေးတွေကလဲ နောက်စ ရာများလို့ ဘီးအောက်ကို မှသံနဲ့ လာထောက်ထား ကြတယ်ဗျာ...
မျိုးညွန့်သည် ကိုယ့်အပြစ် ကိုယ် မြင်လာသဖြင့် ဝန်ချတောင်းပန် လိုက်သည်။
ဟုတ် လား
ဒါ-မင်း လက်ချက် လား
အေး ပထမဆုံးမှာဖြစ်လို့ ဦးခွင့်လွှတ်ပါတယ်ကွာ.. နောင်ကိုခုလို သူများအခက် ကြုံမှ လိုက်ပြောဥမယ့် နောက် ပြောင်မှုမျိုး မလုပ်ဖို့သာ ကြိုးစားနော်...
ထို့နောက်....
မေမေ့ကို ဆေးရုံ အချိန်မှီတင်နိုင်အောင် ဦးနဲ့အတူ ကားဘီးကူလဲ ပေးပါရစေ..နော်..


စမိတာကိုး
သရုပ်ဖော်-ကြွယ်လေး
ဒီလိုလမ်းပေါ်မှာ ပြေးရတာသိပ်ကောင်းတယ်
မောင်မျိုးသည် နံနက်တိုင်း အပြေးလေ့ကျင့်လျက် ရှိ၏။
ဟာ!..ခွေးကြီး ခဲနဲ့ ထုအုံးမှဘဲ ...ကဲကွာ
ဂိန်
တနေ့တွင် ခြံကြီးတခုရှေ့၌ခွေး တကောင်ကို တွေ့ရာ....
အမယ်လေး
ဝုတ်-ဝုတ် ဝုတ်
ခွေး လိုက် ကိုက် သ ဖြင့် လွတ်အောင် အတော်ပြေးခဲ့ရ၏။
နောက်တနေ့နံနက်
နေ့မပူခင်မြန်မြန် ပြေးထားမှ---
နောက်တနေ့တွင် ထို ခြံရှေ့မှ ပြေးမိပြန်ရာ
အမယ်လေး လိုက်ပြန်ပြီ
သူ့ကို မှတ်မိနေသော ခွေးက အတင်းလိုက်သဖြင့် ပြေးခဲ့ရပြန်၏။
အင်း...နောက် နေ့ ဒီလမ်းမှာ ပြေးလို့ မဖြစ် တော့ပါလား
ခွေးကို စမိခဲ့သော မောင်မျိုးမှာ ခွေးလိုက် ကိုက်၍ ပြေးနေရင်း....
ဟူး
..ပေါက်သွား တာဘဲ၊ ငါက သွား စမိတာ ကိုး --
ဒီလိုဖြစ်ရတာ ငါ့ကြောင့်ဘဲဟု အဖြေမှန်ကို သိသွားတော့လေ သတည်း။

# ကိုယ်လက်လှုပ်ရှား




၇။ ဝမ်းပိုက်အတွက် လေ့ကျင့်ခန်း

 လေ့ကျင့်ခန်း ၁။

ခြေစုံရပ်၊ လက်ဘေးကပ်၊ လက်နှစ်ဖက်ကို ခေါင်းပေါ် မြှောက်၊ အသက်ပြင်းပြင်း ရှူသွင်းပြီး ဗိုက်သားကို ရှပ်လိုက်ပါ၊ တချိန်တည်းမှာပင် ခြေတဖက်ကို နောက်သို့ ပစ်လိုက်ပါ။

လက်ပြန်ချ၊ အသက်ပြန်ရှူထုတ်၊ ခြေကို ပြန်ရပ်ပါ။


နောက်တကြိမ် အခြားသော တဖက်ကို ပြောင်းလုပ်ပါ။

လေကျင့်ခန်း ၂။

ကြမ်းပြင်ပေါ် ပက်လက်အိပ်၊ လက်နှစ်ဖက် ဘေးကပ်ထား၊ အသက်ရှူသွင်းလျက် ခေါင်းကို ကြွ၍ မေးစေ့နှင့် ရင်ညွန့်ထိလုမတတ် ထိကြည့်ပါ။

အသက်ပြန်ရှူထုတ်လျက် မူလ အနေအထားအတိုင်း ခေါင်းပြန်ချပါ။

ဝမ်းပိုက် လေကျင့်ခန်းသည် ဝမ်းပြင်မှ အဆီပြင်များ လျော့နည်းစေလျက် အစာကြေချက်ရေးကို အားပေးသည်။






ဝါ၊ နီ၊ ပြာ၊ စိမ်း ဆေးရောင်တို့ဖြင့် အရောင်ခြယ်ပါ




ကျမတို့မိသားစုသည် ယနေ့ နံနက်စောစောကပင် ဘတ်စကားစီး၍ ခရီး ထွက် ခဲ့ ကြ ပါ သည်။ ကျမတို့ မိ သား စု တွင် ဖေဖေ၊ မေမေ၊ ကျမနှင့် ညီမလေး သန္တာတို့ ပါဝင်ပါသည်။ သွားမည့်ခရီးမှာ ကျမတို့မြို့နှင့် အတော်အလှမ်းဝေးသော ဖိုးဖိုးတို့ရွာကလေး ဖြစ်ပါသည်။

"ဟော - ဒုက္ခဘဲ၊ သန္တာ ဘိနပ်ပြုတ်သွားပြီ"

ကား ပေါ် အ တက် တွင် သန္တာက စိတ်ညစ်သံကလေးနှင့် ပြောလိုက်ပါသည်။

"ညည်း ဒီဘိနပ်ကို စီးချင်လှတာ ကောင်းတယ်။ ညည်း အပြစ်နဲ့ ညည်းဘဲ။ ဘိနပ်ပြုတ်ယင် ဒီအတိုင်း ခြေထောက် ချည်းဘဲ လိုက်ခဲ့"

မေမေက သန္တာကိုပြောပါသည်။ သန္တာမှာ သူ့အပြစ်နှင့်သူမို့ ဘာမှ ပြန်မပြောတော့ပဲ ဘိနပ် အပြတ်ကလေးကို လက်တဖက်က ကိုင်ရင်း ကားပေါ်တွင် ဝင် ထိုင် လိုက် ပါ သည်။ သန္တာကိုကြည့်၍ ကျမ စိတ်မကောင်းပါ။ ဘိနပ်လေးမှာ မကြာမီကမှ ဝယ်လာခဲ့ခြင်းဖြစ်ပါသည်။ ဘိနပ်လေးမှာ ပုံဆန်း၍ လှသော်လည်း မခိုင်ခံ့ပါ။ ဘိနပ်ဝယ်စဉ်က ကျမနှင့်မေမေက အခြား ခိုင်ခိုင်ခံ့ခံ့ ဘိနပ်မျိုးကို ဝယ်ယူစေလိုသော်လည်း နေရာတကာတွင် အလှအပ မက်လှသော သန္တာက ဒီဘိနပ်မှ လိုချင်သည်ဆို၍ ဝယ်ပေးခဲ့ရခြင်း ဖြစ်ပါသည်။

သန္တာသည် လှူနှင့် ပတ်သက်လျှင်လည်း အသားဖြူသူ ရုပ်ချောသူမျိုးကိုသာ ချစ်ခင်အထင်ကြီးတတ်၍ အရုပ်ဆိုးသူ အသားမည်းသူများကို အထင်သေး ရွံမုန်းတတ်ပါသည်။

"ဟယ် - မမနီလာ ကြည့်စမ်း၊ ဟိုမှာဗျိုင်းကြီး ဖြူဆွတ်နေတာဘဲ။ လှတယ်နော် - ချစ်စရာကောင်းလိုက်တာ"

သန္တာသည် ရိုးစပ်တနေရာတွင် ရပ်နားနေသော ဗျိုင်းဖြူတကောင်ကို လက်ညှိုးထိုးပြရင်း အော်ပြောပါသည်။ ကျမတို့ ကြည့် နေ စဉ် မှာ ပင် ဗျိုင်းဖြူကြီးသည် ရေထဲမှ ငါးကလေး တကောင်ကို နှုတ်သီးရှည်ကြီးဖြင့် ဖမ်းယူလိုက်ပါသည်။

"ဟောတော့ - ဗျိုင်းကြီးက ငါးကလေး တ ကောင် ကို ဖမ်းစားလိုက်ပြီ။ သူ ရဲကြီးမှာ မကြောက်ဘူးလား မသိဘူး"

သန္တာစကားကြောင့် ကျမတို့ရော ကားပေါ် တွင် ပါ လာ သည့် ခရီးသည်များပါ ဝိုင်းရယ်ကြရပါသည်။

ကျမတို့ စီးလာသော ကားကြီးသည် ည နေ စောင်း မှ ပင် ဖိုးဖိုးတို့ ရွာ က လေး သို့ ဆိုက်ရောက်ပါသည်။ ဖိုးဖိုးနှင့် ဖွားဖွားတို့က ကျမတို့ကို ဆီးကြိုနေကြပါသည်။

ထိုညက ဖိုး ဖိုး တို့ ရွာ တွင် ကျမတို့ အသစ်အဆန်းတခုကို တွေ့ရပါသည်။

"ဒါ လင်းဆွဲခေါ်တယ်ကွ။ ဟော့ - နီလာတို့၊ သန္တာတို့ လ

ကြည့်ကြ။ နင်တို့မြို့မှာ မြင်ဘူးမှာ မဟုတ်ဘူး”

ဖိုးဖိုးက ကြွက်လိုလို ငှက်လိုလို မည်းမည်းအကောင်ကြီး တကောင်ကို ကျမတို့ရှေ့တွင်ချပြပါသည်။ ညဖက် ဖိုးဖိုးတို့ခြံထဲမှ ခရေပင်တွင် ခရေသီးမှည့် လာစားစဉ် ဖိုးဖိုးတို့လူငှား ကိုတုတ်ကြီးက လေးဂွနှင့် ပစ်ချခဲ့ခြင်း ဖြစ်ပါသည်။

“အ မ လေး - ဘယ် လို အကောင်ကြီးလဲ။ ရွံစရာကြီး၊ မုန်းလိုက်တာ”

သန္တာက လင်း ဆွဲ ကြီး ကိုကြည့်ရင်း ရွံမုန်းသည့်မျက်နှာနှင့် ထအော်ပါသည်။ လင်းဆွဲကြီးမှာ သန္တာ ကြောက် မည်ဆို လည်း ကြောက် ထိုက် ပါသည်။ ခွေးလိုလို ကြွက် လို လို မျက် နှာ တွင် နား ရွက် နှစ် ခုထောင်ထောင်နှင့် သွားတွေက အဖွေးသား ပေါ် နေ ပါ သည်။ ဖဲထီးလို ပျော့စိစိ အတောင်နှစ်ဖက်နှင့် တကိုယ်လုံးမှာ ညိုမည်းသော အမွေးအမှင်တွေ ဖုံးနေပါသည်။

“အမယ် - သန္တာက ရွံစရာတဲ့။ ဒီကောင်က ဘယ်လောက်သန့်တယ် မှတ်လို့လဲ။ သူများအစာ အသားငါး စားတာ မဟုတ်ဘူး။ အသီးအနှံဘဲ စားလာဗျ။ ပြီး တော့ ရုပ် က သာ ဆိုးတယ် ဘယ်သူ့မှ ရန်မူတဲ့ အကောင်မျိုး မဟုတ်ဘူး”

ထိုည အိပ်ရာ ဝင်ကြသော အခါ အိပ်ရာထဲတွင် သန္တာအား ကျမက ရှင်းပြပါသည်။

“ဒို့ မျာ အ လာ တုန်း က လမ်းမှာ ဗျိုင်းဖြူကြီးတကောင်ကို တွေ့ခဲ့ တယ် မ ဟုတ် လား။ ဖြူဖြူဖွေးဖွေးနဲ့ ချစ်စရာကြီးလို့ သန္တာပြောတာလေ။ အဲဒီဗျိုင်းဖြူကြီးက သူများအသက်ဖြစ်တဲ့ ငါးကလေးကို စောင့် ပြီး ဖမ်းစားတာ တွေ့တယ်မဟုတ်လား။ ဟော စောစောက ဖိုးဖိုးပြတဲ့ လင်းဆွဲကြီး ကျတော့ အရုပ်ဆိုးဆိုး ရွံစရာပုံကြီး၊ ဒါပေမဲ့ သူများ အသက်လဲ မစားဘူး၊ ရန်မမူဘူး၊ စားတော့လဲ သက်သတ်လွတ် အသီးအနှံဘဲ စားတယ် မဟုတ်လား။ ဒါကြောင့် ရုပ်လှတိုင်း သဘောထား ဖြူစင်မယ် မြင့်မြတ်မယ်လို့ တွက်လို့မရဘူး။ လူတွေမှာလဲ ဒီအတိုင်းဘဲ၊ ရုပ်ချောတာနဲ့ သဘောကောင်းမယ်လို့ မဆို နိုင် ဘူး။ အရုပ်ဆိုးတိုင်းလဲ စိတ်ကောင်းမရှိဘူးလို့ မှတ်လို့မရဘူး”

သန္တာ သည် တွေ တွေ ကလေး နားထောင်ရင်း ခေါင်းတ ဆတ် ဆတ် ညိတ် လိုက် ပါသည်။

“သန္တာ နားလည်ပါပြီ မမနီလာ။ နောက်ဆို သန္တာ နေ ရာတကာတိုင်း အလှကြိုက်ပြီး၊ နေရာတ ကာ မှာ လှ တိုင်း အထင်မကြီးတော့ပါဘူး”

× × ×

## ပြည်ထောင်စုနေ့

ရှမ်း ချင်း ကချင် ကရင် ကယားနဲ့
ချစ်ကြည်ပွားတဲ့ တို့မြန်မာ။

ယိုင်းပင်းညီညာ လက်ချင်းတွဲလို့
ခိုင်မြဲဆုံကြ ပင်လုံမှာ။

တိုင်းပြည်ဝန်တာ ပေါင်းစုထမ်းလို့
ပြည်ထောင်တဝှန်း ကျင်းပကာ။

လူမျိုးဘာသာ မခွဲခြားလို့
အများကျိုးတွက် ဆောင်ရွက်တာ။

ဂုဏ်ယူကြကာ ပျော်မဆုံးလို့
ရွှင်ပြုံးချမ်းမြေ့ မမေ့ပါ။

ပြည်ထောင်စုနေ့ဟာ မွန်မြတ်လှလို့
မပြတ်ထိန်းသိမ်း စောင့်ရှောက်ပါ။

စောင့်ရှောက်မှာ စောင့်ရှောက်မှာ။

ဖျာပုံ — နီလုံဦး



R. 517

# ကျားသစ်



အဝါရောင် အောက်ခံပေါ်တွင် အနက်ကွက်များရှိပြီး၊ အမွေးများ တိုသည်။ ဝမ်းပိုက်ပိုင်းနှင့် လက်ပြင်ကြားများတွင် အောက်ခံအဖြူနှင့် အနက်စက်များရှိသည်။ အသွင်သဏ္ဌာန်မှာ ကြောင်နှင့်တူသော်လည်း ခါးလျားရှည်သည်။ အလျားမှာ ခေါင်းမှ အမြီးအထိ ပျမ်းမျှ ခုနစ်ပေနှင့် ရှစ်ပေ ကြားတွင် ရှိသည်။ အလေးချိန်အားဖြင့် အထီးသည် ၁၁၅ ပေါင်ခန့်၊ အမသည် ၈၅ ပေါင်ခန့် လေးသည်။

အထီး အမ စုံတွဲ သတ်သတ်မှတ်မှတ် အတူနေလေ့ ရှိသည်။ ပူအိုက်သော ရာသီတွင် သားပေါက်သည်။ နှစ်ကောင်မှ လေးကောင်အထိ ပေါက်ဖွားတတ်သည်။ တခါတရံ အနက်ရောင် ကျားသစ်ငယ်များ ထူးခြားစွာ ပါဝင်တတ်၍၊ ယင်းတို့ကို ကျားသစ်နက်ဟု ခေါ်ကြသည်။ အထီးမှာ သားငယ်ကို မခင်တွယ်လှသော်လည်း အန္တရာယ်ပေါ်ပေါက်ပါက ကူညီပေးသည်။ အမသည်သာလျှင် သားငယ်များကို တယုတယ ပြုစုစောင့်ရှောက်သည်။

ကျားသစ်သည် ကျားကဲ့သို့ ဟိန်းဟောက်တတ်ပြီး၊ ဟောင်လည်း ဟောင်တတ်သည်။ တိုက်ခိုက်စဉ် အသံကို ညှစ်၍ ကြောက်မက်ဘွယ် အော်တတ်သည်။ သစ်ပင်တက် အထူးကျွမ်းကျင်သည်။ ရေကူးတတ်သော်လည်း ရေကိုကြောက်သည်။ ရေနည်း၍ ခြောက်သွေ့သော၊ နေရောင်များများရသော တောများတွင် အနေများသည်။

သမင်၊ ချေ၊ ဝက်နှင့် အိမ်မွေး တိရစ္ဆာန်များဖြစ်သော ခွေး၊ ဆိတ်၊ နွားပေါက်ကလေးများကို ဖမ်းယူစားလေ့ရှိသည်။ မျောက်၊ ယုန်၊ ဖွတ်ကဲ့သို့ အားနည်းသောတိရစ္ဆာန်များကိုလည်း ဖမ်းယူစားလေ့ ရှိသည်။

အလွန် လျင်မြန် ဖျတ်လတ်ပြီး၊ အပြေး အလွန်မြန်သည်။ လူသားစား ကျားသစ်ဟူ၍ တခါတရံမှသာ ရှိတတ်သော်လည်း ကျားသစ်ကို လူတို့ကြောက်ကြရသည်။ မြန်မာနိုင်ငံ အနှံ့အပြားတွင် တွေ့ရှိနိုင်သည်။

ရဲမြင့်



၂၅ ပြား


ရန်ကုန်မြို့၊ ၃၂၉-၃၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


ရွှေသွေး
ဂျာနယ်


# ရန်သူကို အားကိုးသူ

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - အောင်မြေအေး

၁၃၃၂ ခုနှစ် တပို့တွဲလဆုတ် ၁၀ ရက် (၂၀-၂-၇၁)





ဖယ်ကြ - သွားကြ -
ဒါ-ငါစားကျက်ကွ-
အုပ်ထဲ့လိုက်
ရမလား ...
သွား .......
ထိုနေ့မှစ၍ မြေကြွက်ကြီးသည် နေ့စဉ် လာရောက် လုယက်စားသောက်သောကြောင့် –
ယခုသဘာပတိကြီးက မိန့်ခွန်း ပြောကြားပါမယ်
မြေကြွက်ကြီး၏ရန်မှ ကင်းဝေးစေရန် အစည်းအဝေး ခေါ်ရလေသည်။
(အဟမ်း)..........ဒီမြေကြွက်ကြီးရဲ့ဘေးရန်မှ လွတ်ကင်းလိုယင် - ငါတို့တတွေ လွတ်ရာဒေသကို ပြောင်းရွှေ့နေထိုင်ကြစို့ဘဲ.......
ဟောတော့- အဘကြီးကလဲ
အမယ်- တခြားကိုပြောင်းလို့တော့ ဘယ်ဖြစ်ပါ့မလဲ၊ အစားအစာ ရှာရ ခက်မှာပေါ့
ဟာ မျှာ
တခြားနည်း မရှိတော့ဘူးလား ခင်ဗျာ....
အဲဒီလိုမှ မပြောင်းရွှေ့လိုယင် ငါတို့ ကြွက်ဝမ်းမြူးများမျိုးရိုးရဲ့ ရက်သတ္တိကိုပြပြီး ညီညီညွတ်ညွတ်နဲ့ လက်နက်ကိုင်ပြီး တိုက်ဖျက်ရမယ်
အလိုလေး - မလုပ်ပါနဲ့ - မလုပ်ပါနဲ့ - အားချင်းမှ မမျှတာဘဲ - အကုန်သေကုန်မှာပေါ့.......




ရဲဘော်တို့ - ကြွက်ဘယ်လောက် ဆိုးဆိုး ကြောင်ကိုတော့ အရှုံးပေးရတာဘဲ၊ ဒီတော့ ဇရပ်ပေါ်မှာနေတဲ့ ကြောင်ကြီးကို-အကူ အညီတောင်းပြီး-ဒီမြေကြွက်ကြီးကို နှိမ်နင်းမှ အောင် မြင်မှာ ပါဘဲ... .....
သဘော ကျတယ်
ဟဲ့-ဟဲ့-နေကြပါဦး .....
ကြောင်ဆိုတာ-ကြွက်သားစားတဲ့ရန်သူ ကွဲ၊ ကြောင်ကိုမပေါင်းအပ် ဘူး၊ ရပေါင်းကါကွယ် နိုင်အောင်သာ စိတ်ကျား ကြပါ....
အလကား အသေမခံ နိုင်ဘူးဗျ၊ ကြွက်ငယ် တွေ ပျော်လို့တောင် အားမရသေးဘူး
အရှင်ကြောင်မင်း ..... ကျွန်နော်များကို မဟာမိတ် ဖွဲ့လိုပါပြီ၊ မြေကြွက်ကြီးကို နှိမ်နင်းပေးတော် မူပါ
သို့ဖြင့် ဇရပ်ပေါ်မှ ကြောင်ကြီးထံသွား၍ –
ကောင်းပြီ.... မင်းတို့က အားကိုးတော့လဲ နှိမ်နင်းပေးရ တာပ.... နောက်တခါ အဲဒီ မြေကြွက်ကောင် လာယင်-ငါ့ ထံ အလျှင် အမြန် ဆက်သွယ်ကြ- ကြားလား
ဟုတ်ကဲ့- အချိန်မှီ သတင်းပို့ပါမယ်-ဟဲ-ဟဲ..
အင်း..... နေကြပါဦး.... ငါတော့ လျှော်ရာနေရာကို ပြောင်းတော့မယ်
ကျုပ်လဲ မနေ ရဲပါဘူး၊ ရှင် နဲ့အဲလိုက်ခဲ့ မယ်
အဆိုရှိုးသော ကြွက်ဝမ်းဖြူအိုကြီးမှာ မနေရဲ၍ ပြောင်းရွှေ့သွားလေသည်။


နောက်ညတွင် မြေကြွက်ကြီးလာနေစဉ် —
ကြောင်ကြီး အရှင် - ကြောင်ကြီး သခင် - မြေကြွက်ကြီး လာနေပြီ
ကြွက် ဝမ်း ဖြူ လေး က သတင်းပို့သဖြင့်
ကောင်းပြီ
တခဏအတွင်း ကြောင်ကြီးရောက်လာပြီး မြေကြွက်ကြီးကို အုပ်လိုက်တော့၏။
ဟိ - ဟိ သောမှ ကောင်းတယ်
ဟာ
တချက်ထဲ ကွဲသွားတာဘဲ ဆရာ ဟဲဟဲ
ကြွက်ဝမ်းဖြူလေးများမှာ ဝမ်းသာနေကြ၏။
ကျီ
သို့သော် ကြောင်ကြီးသည် အရှိန်မသတ်ပဲ နေ့စဉ်လိုပင် ကြွက်ကလေးများကို လာစားနေသဖြင့် ....
ရှင်မရေ့ . ဟိုက လာနေကြတာ ထွက်ကြည့်ပါအုံး -
ကျန် ကြွက်ဝမ်းဖြူများမှာ . နောင်တကြီးစွာ ရလျက် ကြွက်အိုကြီး ရှိရာသို့ လိုက်သွားရလေတော့သည်။


ကျွဲ့ပါနတ်မင်း
ဇာတ်လမ်းနှင့်ပန်းချီ — ကျော်မျိုးဝင်း
အရှင်နတ်မင်း - စားဦး စားဖျား နဲ့ ပူဇော်ပသပါတယ်၊ ကျွန်တော့်အား ကူညီမစပါ။
တခါက လူတယောက်သည် သူ၏ ကျွဲနှစ်ကောင်တပ် လှည်းကြီး နွံ၌နစ်နေသဖြင့် -
အနီးရှိညောင်ပင်၌ နတ်အား ပူဇော်ပသပြီး အကူအညီ တောင်းသည်။
ဟဲ့ ကောင်ကြီးတွေ ရုန်းစမ်းပါဟ-- ကဲဟာ-- ကဲဟာ
မင်းတို့တော့ ဘယ်လိုနေမယ်မသိဘူး၊ ငါတော့ မင်းတို့ကို အော်ရဆိုက်ရတာ မောသွားပြီ- အမောဖြေရင်း တရေးအိပ်အုံးမှဘဲ---
ပြီးလျှင် နွံမှလွတ်အောင် ကျွဲနှစ်ကောင်အား ရုန်းစေသော်လည်း မရပေ။
နောက်ဆုံးတွင် လက်လျှော့ကာ လှည်းပေါ်တွင် တရေးအိပ်နေလိုက်သည်။
ဟာ- နတ်မင်း ကိုယ်ထင်ပြတယ်---
ဟုတ်မှ ဟုတ်ရဲ့လား
အတန်ကြာ၍ လှည်းသမားနိုးလာသော် ညောင်ပင်ပေါ်၌ နတ်မင်းကို တွေ့ရသဖြင့် အံ့ဩသွားသည်။
သူသည် ညောင်ပင်ရင်းသို့ သွားပြီး-


အမှားအယွင်း ရှိက ငပိုက်သား ကျွန်တော်မျိုး တို့ခွင့်လွှတ်ပါ- ကယ်မပါ နတ်မင်း
မင်းတို့စားတော့ အဝအပြဲ၊ ငါ့ကိုပဲသကော တလုပ်စာထမင်းနဲ့ဟင်းလေး၊ မင်းစားနိုင် သလို--ငါ့ကိုပူဇော်ပါတော့လားကွ
သည်းခံတော်မူပါနတ်မင်း ထမင်းတထုပ်လုံးပူဇော်ပါ့မယ် သည်းခံတော်မူပါ....
အမှားအယွင်းရှိလျှင် ခွင့်လွှတ်ရန်နှင့် သူ့ကိုကယ် မရန် တောင်းပန်သည်။
နတ်မင်း ပြောသည့်အတိုင်း သူ၏ထမင်း တထုပ်လုံးကို ပူဇော်လိုက်သည်။
ဒီနတ်က - လက်တွေ့စားပြီး လက်တွေ့ မ,မှာကွ
ကျေး ဇူး ကြီး လှပါတယ် နတ်မင်းရယ်
နတ်မင်းသည် လှည်းသမား၏ ထမင်းထုပ် ကို စားပြလိုက်ပြီး-
မိုက်လှတဲ့ အသင် လှည်း သမား၊ ကျွဲနှစ်ကောင်ရဲ့ချည်း
အာ တင်းရုန်းဆိုင်းပြီး၊ သင်က တော့လှည်းပေါ်မှာ ထိုင်လို့၊ သင်ပါဆင်းပြီး ကူတွန်းပေးမှပေါ့ဟ-
ကောင်းလှပါပြီ--ခင်ဗျာ
သူပါ လှည်းပေါ်မှ ဆင်းတွန်းရန် အကြံပေးသည်။
နဲ့နဲ့တော့ - ရွေ့လာပြီ နတ်မင်း
အေး၊ ငါပါကူတွန်းပေးမယ်
နတ်မင်းလဲ မနေသာပါလား ဟာရီး
လှည်းသမားသည် နတ်မင်းအကြံပေးသည့် အတိုင်း သူကိုယ်တိုင် လှည်းပေါ်မှဆင်း၍ တွန်းသည်။
နတ်မင်း လည်း မနေသာတော့ဘဲ အခြားတဖက်မှ ကူတွန်းပေးသည်။


ကျေးဇူးကြီးလှပါတယ်၊ ကျွန်တော့်ရဲ့သွားခွင့်ပြုပါနတ်မင်း
အေး - ငါပါလိုက်မယ် ကျွဲလှည်းစီးဘူးတယ် ရှိအောင်
နွံမှလွတ်သွားသော် လှည်းသမားက နတ်မင်းအား ရှိခိုး၍ ပြန်ခွင့်တောင်းသည်။
မင်းနောက်ကို ဒီလိုအရေးကြုံရင် နတ်ချည်အဲ့ အားကိုးမနေနဲ့ ကြားလား
ဟုတ်ကဲ့
သို့သော် နတ်မင်းက သူပါ လှည်းနောက်က ထိုင်စီးလိုက်ရင်း-
မင်းမှာ ခြေ၊ လက်၊ အပြည့်အစုံ ရှိတယ် အင်အားလဲရှိတယ်၊ ဉာဏ်လဲရှိတယ် ချင့်ချိန်ပြီး ကိုယ်တိုင်ဝင်လုပ်သင့်ယင် လုပ်ရတယ်ကွ
ဟုတ်ကဲ့
ငါလဲမင်းထမင်းထုပ်ရဲ့စားပြီးတော့ အားရှိလာလို့ မင်းရဲ့ကူတွန်းပေးနိုင်တာ ကဲ-ပြီးတော့- ငါဘာနတ်လဲသိလား ?
မသိပါဘူး
လုပ်အားတန်ဖိုး ချစ်မြတ်နိုးတဲ့နတ် အဖိုးထဲကနတ်ကွ -- ဟား - ဟား- ဟား-ဟား - ကဲ ငါဆင်းတော့မယ် - လှည်းခဏရပ်အုံး
ဟင် - ခင်ဗျားလူ့အစစ်ပေါ့.
စစ်တာမှ - စစ်စစ် - စစ်စစ်နဲ့ နေ့တာကွ - မင်းဖြစ်အင်မကြည့်နိုင်လို့ ဝင်ကူရတာ- ကိုနတ်ယုံကြီးရေ့ --
လှည်းသမားလည်း အမြင်မှန် ရသွား၊ လေတော့သတည်း။




# မြစ်

ရေးသူ - ဆိုးဖြင့်
ပန်းချီ - ကျော်ကျော်

မြစ်တခုသည် မြင့်ရာမှနိမ့်ရာသို့ စီးဆင်းနေသော သဘာဝ မြောင်းတခုဟု ခေါ်ဆိုနိုင်သည်။ မြစ်ထဲသို့ ကုန်းမြေပေါ်သို့ ကျရောက်လာသော မိုးရေ၊ ဆီးနှင်း ပျော်ရည်တို့က အစဉ်ဖြည့်သွင်းပေးနေသည်။ မြစ်များ သည် အများအားဖြင့် တောင်များ သို့မဟုတ် ကုန်း မြင့်များရှိ ရေအိုင်များမှ မြစ်ဖျားခံကာ နောက်ဆုံး ပင်လယ်သမုဒ္ဒရာအတွင်းသို့ စီးဝင်သည်။ ထိုရေအိုင် များကလည်း ရေကို ပတ်ဝန်းကျင်ရှိ အရည်ပျော်နေ သော ဆီးနှင်းပြင်များ၊ ရေခဲမြစ်များနှင့် စိမ့်စမ်းများ မှ ရရှိသည်။

မြစ်ချောင်းတခုသည် မြေမျက်နှာပြင်ပေါ်တွင် စီး ဆင်းရာမှ အခြားမြစ်ချောင်းတို့နှင့် ပူးပေါင်းမိပြီး မြစ် ရေပြင်သည် ပို၍ ကျယ်သွားတတ်သည်။ မြစ်ချောင်း တို့၏ အရေးကြီးသော လုပ်ဆောင်ချက်မှာ မြေမျက်နှာ ပြင်ကို တိုက်စားခြင်းပင်ဖြစ်သည်။ အမေရိကန်နိုင်ငံမှ ကော်လိုရာဒိုမြစ်အတွင်းရှိ တမိုင် ကျော် နက်၍









၁၅ မိုင်မျှ ကျယ်သော ဂရင်းကင်ညွှန်ချောက်ကြီးကို ကြည့်ခြင်းဖြင့် မြစ်ချောင်းများ၏ တိုက်စားနိုင်စွမ်းကို သိရှိနိုင်သည်။

မြစ်များ စီးဆင်းရာတွင် အနည်များကို သယ်ဆောင်သွားပြီး မြစ်ဝ တို့၌ စုပုံ ထားတတ်ကြသည်။ ထိုအခါ မြစ်ခွဲများဖြစ်ပေါ်လာကာ မြစ်ဝကျွန်းပေါ် ဒေသများ ဖြစ် ပေါ် စေ သည်။ မြစ်ချောင်းတို့မှ မြစ် ရေ တို့ သည် နှစ် စဉ် မြေသား၊ ကျောက်စ ကျောက်န စသော အနည် တန်ပေါင်းများစွာကို သယ်ဆောင်ကာ ပင်လယ်သမုဒ္ဒရာသို့ ပို့ချသည်။




မြစ်များသည် နက်ရှိုင်းသော ချိုင့်ဝှမ်းများကိုလည်း ရေများပြည့်လျှံစေကာ ဖြတ်ကျော်စီးဆင်းသည်။ တောင်ကုန်းပြင်မြင့်များကိုလည်း တွေ့ပတ်၍၎င်း၊ တိုက်စားချေပျက်၍၎င်း စီးဆင်းသည်။ မြင့်မားသော ကျောက်ကမ်းပါးစောက်များကိုမူ ရေတံခွန်အဖြစ် လှိမ့်ဆင်း ဖြတ်ကျော်သည်။


မြစ်သည် ကူးသန်းသွားလာ ရောင်းဝယ်ရေးတွင် များစွာ အသုံးဝင်သည်။ သစ်ဝါး စသည်တို့ကို သယ်ယူနိုင်သည်။ မြစ်မှ လယ်ယာများကို ရေပေးနိုင်ရုံမက လျှပ်စစ်အား ရရန်လည်း ဖန်တီးနိုင်သည်။ ငါးလုပ်ငန်း ပြုလုပ်နိုင်သည်။ မြစ်ဝကျွန်းပေါ် ဒေသ၊ မြစ်ရေလျှံသော ဒေသတို့သည် စိုက်ပျိုးရေးအတွက် ကောင်းမွန်သည်။ ထို့ကြောင့် မြစ်ကြောင်းတလျှောက်၌ လူနေထူထပ်ပြီး မြို့ကြီးများ တည်ရှိနေတတ်သည်။ မြန်မာနိုင်ငံ၌ ကူးသန်းရောင်းဝယ်မှုအတွက် အသုံးဝင်ဆုံး အရေးပါဆုံးသော မြစ်မှာ ဧရာဝတီပင် ဖြစ်သည်။ ယင်းသည် မိုင်ပေါင်း ၁၂၅၀ မျှ ရှည်လျားသည်။



မြောက်အာဖရိကရှိ မိုင်ပေါင်း ၄၁၀၀ ကျော်ရှည်သော နိုင်းမြစ်သည် ကမ္ဘာတွင် အရှည်ဆုံး ဖြစ်လေသည်။




မောင်ဉာဏ်ရှင်
နှင့်
မြို့စားကြီး
ရေး-အပါကြီး
ကာတွန်း
မောင်မောင်သက်
တနေ့တွင် မြို့စားကြီးသည် နောက်လိုက် နောက်ပါ အခြွေအရံများဖြင့် သူအုပ်ချုပ်ရသော နယ်များကို ကြည့်ရှုရန် ရောက်လာ၏။
ထိုအခါ မြင်းစီးလာသော မောင်ဉာဏ်ရှင်သည် အခန့်သင့်သဖြင့်-
မြို့စားကြီးရှေ့သို့ လာရောက်၍ ခစားလေ၏။
သူဘယ်သူလဲ ဟေ့
မောင်ဉာဏ်ရှင် ပါဘုရား
မြို့စားကြီးက အမှုထမ်းတဦးကို မေးသော် —
မောင်ဉာဏ်ရှင် ဆိုတဲ့ မောင်မင်း လားဟေ့
မှန်ပါ ကျွန်တော်မျိုး မောင်ဉာဏ်ရှင် ပါဘုရား


မင်းဟာလိမ်နိုင်ညာနိုင်တဲ့ဖြတ်ထိုးဉာဏ် ရှိတယ်ဆို-အခုမင်းနဲ့ငါပညာပြိုင်ရအောင်
မပြိုင်ဝံ့ကြောင်းပါ
မောင်ဉာဏ်ကြွင်း တော့ခုတွေ့ ဘဲဟေ့
ပွဲကြီး ပွဲကောင်း ဘဲဟေ့
ငါအမိန့်ပေးနေတယ်၊ငါထိုင်နေတာကို ထအောင် လုပ်စမ်း၊မလုပ်နိုင်ရင် ကြိမ်လေးရာ အပြစ်ပေးမယ်
ထိုင်နေတာကိုထအောင်မလုပ် ပါရစေနဲ့၊ထနေတာကိုတော့ ထိုင်အောင်လုပ် နိုင်ပါတယ်
တကယ်လား
ကဲထပြီကွာ ထိုင်အောင်လုပ်စမ်း
မြို့စားကြီးအလိမ်ခိုင်းတဲ့အတိုင်းမြို့စားကြီးကို ဝေါပေါ်ကထအောင်လိမ်ပြီးပါပြီ-သွားခွင့်ပြုပါ


အရမ်းအခွင့်အရေးမယူနှင့် -
အောင်အောင်ရေ မျဉ်းကျားက လူတွေဖြတ်ယင် ကားတွေရပ်ပေးရတယ်တဲ့ကွ.. ဒီတော့ ဦး မျဉ်းကျားက ဖြတ်ယင်ဖြေးဖြေးဖြတ်မယ်၊ ဘယ်ကားလာလာ ဦး ကိုဦးစားပေးပြီးရပ်ပေးလိမ့်မယ်ကွ
ဘယ်ဟုတ်မလဲကွ အရေးကြီးတဲ့ကားတွေကျတော့ ဦး ကဦးစားပေးပြီး ရပ်ပေးရမှာပေါ့ ကျော်ကျော်..ရ
ဒါတွေကိုငါနားမလည်ဘူး မျဉ်းကျားမှာဖြေးဖြေး ဘဲ ဖြတ်မယ်၊ ကားတွေဘယ်လောက် မောင်းလာလာ မျဉ်းကျားမှာ ဆိုယင် ရပ်ကိုရပ်ပေးရမှာပေါ့ ကွ . . .
သို့နှင့်ပင် မျဉ်းကျား တ ခု သို့ အရောက်၌ -
နေအုံးလေ ကျော်ကျော်
လိမ်းပါကွ
ဟာ
ဟဲ့..ဟဲ့
သေတော့မှာဘဲ
အရမ်းဖြတ်တာကိုး
ဟာ
သူကြောင့် အရှိန်ဖြင့် မောင်းလာသောကားများမှာ....
ကားပေါ်မှ လူများအားလုံး ဒေါပွသွားကြသည်။
ဟင်း
ကံကောင်းလို့....
ကိုယ်ကလမ်းမှန်တယ်ဆိုပြီး အရမ်းအခွင့်အရေးမယူရဘူး၊ တွေ့လား..တခုခုဖြစ်သွားနိုင်တယ်...
. . စိတ်လမ်းကြည်ကြည်သိုက် ကာတွန်း- ဝင်းဖြေ . . .

# ကိုယ်လက်လှုပ်ရှားမှုများ

တက္ကသိုလ်ကြည်ဖော



ဂ။ တင်ပါးအတွက် လေ့ကျင့်ခန်း

အချိန်ကြာမြင့်စွာ ထိုင်နေရသောအခါ တင်ပါးရှိ အကြောသေး အကြောမွှားကလေးများသည် ပိနေ၏။ ယင်းတို့ကို လေ့ကျင့်ခန်းဖြင့် လှုပ်ရှားပေးခြင်းဖြင့် သွေးလှည့်ပတ်မှု မှန်ကန်ညီညွတ်လာနိုင်သည်။

လေ့ကျင့်ခန်း ၁

ခါးထောက်၊ ကိုယ်ကိုမတ်မတ်ထား၊ ခြေဖနောင့်ချင်းထိ၊ ခြေဖျား ထိပ် အနည်းငယ်ခွဲထား။ ခြေဖျားထောက်၊ ဒူးကားလျက်ဆောင့်ကြောင့် ထိုင်၊ တင်ပါးနှင့် ခြေဖနောင့်ထိထား။ ခြေဖျားထောက်လျက် ကပင် ပြန်ထ၊ ဒူးဆန့်၊ ကိုယ်ကိုမတ်မတ်ထားရင်း ခြေထောက် ပြန်ချ။





လေ့ကျင့်ခန်း ၂

ခါးထောက်၊ မတ်မတ်ရပ်၊ ခြေတဖက်ကိုရှေ့ထုတ်၊ ခြေ ဘဝါးကိုခုံး၍ ခြေဖျားကိုကုပ်ထား၊ ထိုအနေအထားအတိုင်း- ခြေထောက်ကိုဘေးသို့ထုတ်၊ ထို့နောက် အနောက်သို့ ဆန့်ထုတ်၊ ခြေပြန်ရပ်၊ မူလအနေအထားပြန်နေ။ ကျန် ခြေတဖက်ကိုလည်း ဤအတိုင်းလုပ်။



# ချစ်သူငယ်ချင်းနှစ်ဦး

ယွန်းကိုသန့်(ကျေးနှင်ရွာ)



မောင်မောင်နှင့် ကျွန်တော်သည် တလမ်းထဲ အတူနေကြသူများဖြစ်ပါသည်။ မောင်မောင်၏မိဘများမှာ ချမ်းသာသူများဖြစ်ပြီး တဦးတည်းသော သားကို လိုလေသေးမရှိ ပြုစုကြပါသည်။

မောင် မောင် သည် ကျွန်တော့်ကို အ တော် ချစ် ခင် ပါသည်။ ထို့ကြောင့်ပင် အပြင်ထွက်တိုင်း ကျွန်တော့်ကို လာခေါ် လေ့ရှိပါသည်။

ကျွန်တော်သည် ညနေတိုင်း ရေတွင်းမှ ရေးဆွဲရပါသည်။အိမ်တွင်ရေပြည့်မှ အပြင်သို့အလည်အပတ် ထွက်နိုင်ပါသည်။ ယနေ့လည်း ကျွန်တော်သည် ရေခပ်ရန် ရေပုံးနှစ်ပုံးနှင့် ရေတွင်းသို့ ထွက်ခဲ့ပါသည်။ ထိုစဉ် မောင်မောင် ရောက်လာပါသည်။

"မင်း ရေခပ်မလို့လား ကွ"

မောင် မောင် က မေး ပါသည်။

"အေးကွာ–ဒီနေ့ ရေများများ ခပ်ရလိမ့်မယ်ကွ။ မင်းသွားချင် သွားနှင့်ပါကွာ"

ကျွန် တော်·က ပြောလိုက်လျှင်ပင် –

"ဟာကွာ – ဘယ်သွားနှင့်ရမတုံး။ မင်းပြီးမှ သွားကြတာပေါ့။ ငါလဲ ကူဆွဲပေးမယ်။ လာ ရေတွင်းကို သွားရအောင်"

မောင်မောင်က ရေတွင်းမှ ရေကူဆွဲပေးသဖြင့် မကြာမီပင် ရေဖြည့်ရမည့် တိုင်ကီတွင် ရေပြည့်သွားပါသည်။

"ကဲ – ရေပြည့်ပြီ သွားကြစို့။ ဒီနေ့တော့ ကမ်းနားဘက်ကို လျှောက်ကြမယ်ကွာ။ ဒေါ်သိုင်း မုံ့ကြော်စုံ ကောင်းတယ်လို့ ပြောကြတယ်ကွ"

ကျွန်တော်တို့တဖြည်းဖြည်း လျှောက်လာကြပါသည်။ လမ်းလျှောက်ရင်းရုပ်ရှင်အကြောင်း၊ ကျောင်း သင်ခန်းစာများ အကြောင်း ပြောလာကြပါသည်။ မောင်မောင်သည် စိတ်သဘောထား အလွန်ကောင်းသည်။ အကူအညီ ပေးတတ်ပြီး တဖက်သားကိုလည်း သနား ကြင်နာတတ်လေသည်။

သို့ဖြင့် ကျွန်တော်တို့ နှစ်ယောက်အကြော်ဆိုင်သို့ရောက်လာကြပါသည်။ အကြော်တပွဲမှာပြီး စားပွဲလွတ် တခုတွင် နေရာ ယူ လိုက် ကြ ပါ သည်။ အကြော်များ ရောက် လာ သော အခါ နှစ် ယောက် သား စား သောက်ပါသည်။

"ကောင်းလိုက်တဲ့ ဘူးသီးကြော်ကွာ"

မောင် မောင် က ပြော ပါသည်။

"အေးကွာ – စားရတာ ချို နေတာဘဲ"

"ဟေ့ – တင်ထွန်း၊သဘက်ခါ တနင်္ဂနွေနေ့ မဟုတ်လား။ အဲဒီနေ့မှာ ငါတို့ဦးလေး အလှူရှိတယ်ကွ။မင်းလဲလိုက်ခဲ့ကွာ – တအိမ်လုံး သွားကြမှာ"

မောင် မောင် ၏ စကားကြောင့် ကျွန်တော် ငိုင်သွားမိပါသည်။ ကျွန်တော့်တွင်အလှူ အတန်းဝတ်ရန် အဝတ်ကောင်း

မရှိပါ။ ကျွန်တော်အားငယ်မိပါသည်။

"လိုက်မယ် မဟုတ်လားကွ၊ မင်းကလဲ ငိုင်တိုင်တိုင်နဲ့"

"အေးကွာ – လိုက် တော့ လိုက်ချင်တယ်၊ ဒါပေမဲ့..."

"ဒါပေမဲ့ ဘာဖြစ်သလဲကွ၊ ပြောစမ်းပါအုံး"

"ငါ့ မှာ အဝတ် အ စား ကောင်းကောင်း မရှိဘူးကွ၊ ဒါကြောင့် စဉ်းစားနေတာ"

မောင်မောင် ငြိမ် သွား ပါ သည်။ စိတ်မကောင်းလည်း ဖြစ် သွား ပုံ ပေါ် ပါ သည်။ ကျွန်တော့်အား လိုက် စေ ချင် သည် မှာတော့ အမှန်ပင်ဖြစ်သည်။

"သူငယ်ချင်းရာ – မင်း ငါ့ အ ဝတ် အ စား တွေ ယူဝတ်ပါကွာ။ မင်း လိုက်ခဲ့စေချင်တာ ဘဲ။ မင်းပါယင် သိပ်ပျော်စရာကောင်းမှာ။ လိုက်ခဲ့ပါကွနော်"

"ဖြစ်မယ်မထင်ပါဘူးကွာ– မင်းအိမ်က ဆို ပြော နေပါ အုံး မယ်"

"ငါ့တာဝန် ထား စမ်း ပါ၊ မင်းသာ လိုက်ဖို့လိုပါတယ်"

ထိုစဉ် မောင်မောင့် အမေ ဒေါ်စိန်စိန်သည် အကြော်ဆိုင်ရှေ့သို့ ရောက်လာပါသည်။

"ဟဲ့ – မောင်မောင်၊ ဒီဆိုင် သွားမယ်လို့ အစကမပြောဘူး။ မေမေ အကြော် စားချင်တာနဲ့ ထွက်လာခဲ့တာ"

"မေမေ ဒီကိုလာလေ"

မောင်မောင်က လှမ်းခေါ်လိုက်သည်။ ဒေါ် စိန် စိန် သည် ကုလားထိုင် တလုံးတွင် ဝင်ထိုင်လိုက်ပါသည်။

"မေမေ၊ သဘက်ခါဦးလေးတို့ အလှူသွားယင် တင်ထွန်းကိုပါ ခေါ်ခဲ့မယ်နော်"

"ခေါ်ခဲ့ပေါ့ သားရဲ့၊ ကိုယ့်သူငယ်ချင်းဘဲဟာ"

"ဒါပေမဲ့၊ တင်ထွန်းက အဝတ်အစား မရှိလို့ မလိုက်ချင်ဘူးတဲ့ မေမေ။ ကျွန်တော်က ကျွန်တော့်အဝတ်အစား ယူဝတ်ပါလို့ ပြောထားတယ်"

"အေးပေါ့သားရယ်-အဝတ်အစား မရှိတော့ မလိုက်ချင်ဘူးဆိုတာ ဟုတ်မှာပေါ့။ ဒါပေမဲ့ သားပြောသလို သားရဲ့ အဝတ်တစုံ ခဏ ပေးဝတ်လိုက်ပေါ့။ မောင် တင် ထွန်း က လဲ လိုက် ခဲ့ပေါ့ကွယ်။ မင်းသူငယ်ချင်းက မင်း မပါယင် စိတ် ကောင်း မှာ မဟုတ်ဘူး။ ဒီလိုတယောက်နဲ့တယောက် ချစ်ချစ်ခင်ခင် နေတာ ဒေါ်ဒေါ် တော့ သိပ်ဝမ်းသာပါတယ်ကွယ်။ ဒီလိုသာ နေသွားကြယင် ဘယ်တော့မှ အခက်အခဲဆိုတာ ရှိမှာ မဟုတ်တော့ဘူး။ တယောက်ကို တယောက် လဲ ကူညီစောင့်ရှောက်ကြပေါ့။ မင်းလိုက်ခဲ့နော်– မောင် တင်ထွန်း"

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ကျွန်တော် လိုက်ခဲ့ပါ့မယ်"

ထိုအခါမှမောင်မောင်သည် ပြုံးရွှင်သွားပါတော့သည်။

# မိဘကျေးဇူး

မြင့်မိုရ်ရွှေတောင် မကကျုံးလို့
မိဘကျေးဇူး ကြီးလှပါ။

အစားအစာ သင့်ရာကျွေးလို့
ယုယပိုက်ထွေး ငယ်စဉ်ခါ။

အဖျားအနာ ရောဂါရတော့
ဒုက္ခခံလို့ ပြုစုတာ။

အဝတ်အထည် ဆင်ယင်ပေးလို့
ပညာသင်ရေး ကျောင်းအပ်ကာ။

ကောင်းရာမှန်ရာ လမ်းညွှန်ပြလို့
ပဲ့ပြင်ဆုံးမ သင်ကြားကာ။

မိဘမေတ္တာ ရေနှယ်အေးလို့
ပန်းနှယ်ပျံ့မွှေး ဖူးစင်တာ။

မိဘနှစ်ဖြာ ရှိသေကြလို့
ကြီးခါကာလ လုပ်ကျွေးပါ။


လုပ်ကျွေးပါ - လုပ်ကျွေးပါ။ ။

မောင်တင်စိုး
(သစ်ရာကောက်)



R. 517

# ဆတ်



ဆတ်၏အရောင်အသွေးမှာ **အညိုရင့်ရောင်** ဖြစ်သည်။ အထီးသည် **အမထက် ရင့်ရောင်** အသွေး ပိုရင့်သည်။ အရွယ်ရောက်သော ဆတ် ထီး၏လည်တိုင်တွင် ရှည်လျားကြမ်းတမ်းသော အမွေးများရှိသည်။

ဦးချို၏အရောင်မှာ အဝါရင့်ရောင် ဖြစ်ပြီး ကြမ်းတမ်းသော ဖုထစ်များပါရှိသည်။ အရှည်မှာ ပျမ်းမျှလက်မ ၃၀ ခန့် ရှိတတ်သည်။

ဆတ်၏ ပျမ်းမျှအရပ်မှာ ၄ ပေ ၆ လက်မ ခန့် ဖြစ်သည်။ ကိုယ် အလေးချိန်မှာ ပျမ်းမျှ ပေါင် ၅၀၀ ခန့် ရှိသည်။

ဆတ်သည် အကြား၊ အမြင်နှင့် အနံ့ခံစွမ်း အလွန်ကောင်းသည်။ ညဥ့်အချိန်တွင်သာ ကျက်စားလေ့ရှိသော်လည်း၊ ဘေးရန်ကင်းပါက နေ့အချိန်တွင်လည်း ထွက်၍ ကျက်စားသည်။ ထူထပ်သော ရွှံတောချုံများတွင် နှိုအောင်းနေတတ်ပြီး အမှောင်ပျိုးမှ ထိုနေရာမှ ခွာလေ့ရှိသည်။ ရွှံအိုင်များတွင် လူးလေ့ရှိသည်။ ရေကိုနှစ်သက်ပြီး၊ ရေကူး ကျွမ်းကျင်သည်။ အလွန်ဖျတ်လတ်သည်။ အသံမမြည်အောင် သွားလာတတ်သည်။ အန္တရာယ်ရှိလျှင် ခွာ ပေါက်တတ်ပြီး၊ ကဆုန် စိုင်းပြေးလေ့ရှိသည်။

သစ်ရွက်၊ မြက်နု၊ ဝါးပင်ပေါက်နှင့် အခြား အနုံ့ အညွှန့်များ၊ ဇွေးသီး၊ သဖန်းသီး စသည်များကို စား သည်။ ဆားငန်ဓာတ် ကြိုက်သည်။

သီးခြားနယ်မြေများတွင် နေလေ့ရှိပြီး၊ နယ်မြေအတွက် အချင်းချင်း တိုက်ခိုက်လေ့ရှိသည်။ နှိဝင်ဘာလနှင့် ဒီဇင် ဘာလများတွင် ဖိုမ စုံတွဲနေသည်။ မိုးဦးတွင် သားပေါက်သည်။ တကြိမ်လျှင် တကောင်သာပေါက်ဖွားသည်။ အမ သားပေါက်လျှင် အထီးမှာ တကောင်ထည်း ခွဲနေတော့သည်။ တကောင်စီ သီးခြားခွဲနေတတ်ပြီး လေးငါးကောင်အထိသာ အတူတကွမွေ့ရသည်။

တနှစ်လျှင်တကြိမ် ဦးချိုလဲလေ့ရှိသည်ဟု ဆိုသည်။ ဦးချိုပေါင်းကျွတ်စ ဆတ်ချိုနုမှာ ဆေးဖက်ဝင်သည်။ ဆတ်ကို မြန်မာနိုင်ငံအနှံ့တွင် တွေ့ရှိနိုင် သည်။



ရဲမြင့်



ရန်ကုန်မြို့၊ ၅၂၉-၅၃၀ ကုန်သည်လမ်း စာပေဗိမာန်ပုံနှိပ်ထုတ်ဝေရေးအဖွဲ့ ပုံနှိပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၈၁၂၈၈ အရ ဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၂) တွင် ဦးကျော်ငြိမ်း ရိုက်နှိပ်သည်။

အတွဲ - ၃။ အမှတ် - ၉။

# တောင်သူ လယ်သမား နေ့

(မတ်လ ၂ ရက်)

# ရွှေသွေး ဂျာနယ်

၁၃၃၂ ခု၊ တပေါင်းလဆန်း ၃ ရက် (၂၇-၂-၇၁)




စနေနေ့တိုင်း ထုတ်ဝေသည်။


(ရွှေရင်ဆိုလယ်)မှ........→


ဖွရင်ဆိုလယ်
ပန်းချီ-ဦးဘကြည်၊ ဇာတ်လမ်း-သာညွန့်
ဟာ-ဒီအုတ်ဂူ-၂-ခုက ဆန်းလှချေကလား
ဟူး ဆန်းဆိုသူတို့ ဇာတ်လမ်းက ဒီလိုကွဲ..........
ကေလာသတောင်ခြေရှိ လယ်ပျက်ကြီးကို ရွာသားများ ခုတ်ရှင်းနေစဉ် အုတ်ဂူနှစ်ခု ပေါ်လာရာ....
ဟေ့-မင်းတို့ သူများပိုက်ဆံယူမယ် ပြန်ပေးရမယ်-သိလား၊ မပေးယင် နောင်ဘဝမှာ ငါ့အိမ်မှာ ပဲ့ကျွန်ဖြစ်မယ်
သိပါတယ်မျာ-ဇနီးသည် မမာလို့ပါ နောက်သုံးလမတိုင်မှီ ဆပ်ပါမယ်
တခါက ဤတောင်စွန်းရွာတွင် ဦးစံဘဆိုသူ လယ်ပိုင်ရှင်ကြီးတဦး ရှိခဲ့သည်။
ဘယ်နှယ်-မောင်ရင်တို့၊ ငွေယူတုန်းကတော့ မျက်ရည်ခံထိုးပြီး -စပါးပေါ်တော့ သူများကို ရောင်းမလို့ပေါ့လေ.... ဒီစပါးတွေအားလုံး ငါ့လှည်းပေါ်တင်ကြ-
တင်ပါ့မယ်မျာ
ဦးစံဘသည် ပင်ထောင်စပါးဖိုးကို ချေးနှိမ်၍ ပေးပြီးလျှင် စပါးပေါ်ချိန်၌ စပါးများကို အတင်း သိမ်းယူလေ့ရှိ၏။
အီလစ် စာရေးကြီးရယ် အားကိုးပါရစေ..... ဟဲ-ဟဲ
စိတ်ချပါဗျာ-ဖြစ်ရပါစေမယ်
အာဏာရှိသူများကို လပ်ထိုး၍လည်း မိမိထံ ပေါင်နှံထားသော လယ်များကို မတရားသိမ်းယူလေ့ရှိသည်။
မောင်ဒန်းလှရေ-လှည်းပြင်ထားလိုက်ဟေ့-အနောက်ရွာကို သွားရအောင်
ဟုတ်ကဲ့-ဦး
ဦးစံဘအိမ်တွင်ကူညီလုပ်ကိုင်ပေးသောသူရင်းငှား မောင်ဒန်းလှဆိုသူရှိ၏။
အမလေး လုပ်ကြပါအုံး
ဟာ-ဦးလေးသမီး မမြစိမ်း ဘာဖြစ်လို့ပါလိမ့်
တနေ့သော် ဦးစံဘတို့ဇနီးမောင်နှံ အလှူသွားခိုက်—
ဟင်..ကျွတ် ကျွတ်... ဘာဖြစ်သွားသလဲ
အား.. မူးတယ်
ထမင်းအိုး ငှဲ့ရင်း ခြေချော်လဲသွားသဖြင့် —



ကျေးဇူးတင်ပါတယ် ကိုဒန်းလှရယ်...... ကျွန်မ မှင့်-လှူမျှ သွားတာဘဲ.
ကျေးဇူး တင်စရာ မလိုပါဘူး .... စောင့်ရှောက်ရမယ့်ဝတ္တရား ရှိတယ် မဟုတ်လား
လက်ထမရည်ပူ လောင်သွား၍ ကွမ်းရွက်နှင့် သကြားရည်ဆွတ်ပေးရ၏။
ဟိတ်.......။ ကိုဒန်းလှ လန့်သွားတယ် မဟုတ်လား ....ဟဲ
မြစိမ်းကို ပန်းချူပေး နော်....
ထိုနောက်ပိုင်း၌ မောင်ဒန်းလှနှင့် မမြစိမ်းတို့သည် လူငယ်ဘာဝ မေတ္တာမျှသွားကြ၏။
မယ်မြရေ... မင့်သမီးနဲ့ ဒန်းလှ-ခွဲမရယင်ငါတော့ ယင့်ယင့်ကလေးနဲ့ ခွဲရမှာဘဲ
ကိုစံဘ သဘောဘဲလေ ကျွမလဲ မြောတာဘဲ
မောင်ဒန်းလှနှင့် မမြစိမ်းတို့ ချစ်ကြိုက်နေကြောင်း ဦးစံဘသိရှိသွားပြီး မကြာမီ –
မောင်ဒန်းလှ..... မင်းတို့ယျှငယ်ချင်းကိစ္စကိုလဲ ငါမခွဲပါဘူး၊ ဒါပေမယ့် မောင်ဒန်းလှ-အစွမ်းလေးတော့မြစေချင်တယ် ကွဲ... ဟိုမှာဦးလယ်တွေဟာ ...အရှေ့ဘက် ထန်းသုံးပင်ကစပြီး - အနောက်ဘက်-ချောင် ညိုပင်ကြီးအထိဘဲကွဲ......
တနေ့တွင် ရပ်ရွာလူကြီးများရှေ့၌ ဦးစံဘက မောင်ဒန်းလှအား....
အဲ........နေ့ထွက်ချိန်ကစပြီး နေဝင်ချိန်အထိ အပြီးရိတ်ရမယ်။ ရိတ်နိုင်ယင်-လယ်ရော- သမီးရော...
ကောင်းပြီ- ကျနော် သဘောတူပါတယ်
ကိုစံဘကြီး အကောက်ကြံ တာကွ......
အို-မဖြစ်နိုင် တဲ့ဥစ္စာ
လျှမြေမှာ-ဒန်းလှ-တဲ့ ...စန်းထတဲ့လျှမော်...... မှန်းဆလို့ တျပျော်မယ်.. လျှပေါ်မှာထိပ်သီး......
ကိုဒန်းလှ ကျွမ ပုဝါလေး ရင်မှာစည်း ဖြီးလှပ်ပါ...
ချိန်းဆိုထားသော နေ့သို့ ရောက်သော်....



ဒန်းလှ - ဇွဲ - ဒန်းလှ
ကြိုးစားလိုက် ဘသား
စိတ်မှာသာ ဆက်ရိတ်သွား
နို့ - နောက် က လိုက် - ကောက်လှိုင်းစည်းမယ်
အောင်ပြီ... အောင်ပြီ
ဒန်းလှတဲ့ ဇွဲနော့ တလှဆဲ ရှိတယ်
တနေကုန်စပါးရိတ်ပြီး တောင်ဆွယ်နေကွယ် လုအချိန်၌ ညောင်ညိုပင်သို့အရောက်တွင်....
ကိုဒန်းလှ - ကိုဒန်းလှ -
မောင် - လုပ်ကြပါအုံး.... ကိုဒန်းလှ အသက်မရှိ တော့ဘူး ရှင့်.......... ရက်စက်လှချီကလါး အဖေရယ်.......
ဟီး ...ဟီး ....
မောင်ဒန်းလှမှာအမောဆို့ပြီးလဲသွားတော့၏။
မကြာပါဘူး ...မမြစိမ်းလဲ ရင်ကွဲနာကျ သေရှာတာပါဘဲ..... အဲဒီလူတွေဟာ..... မောင်ဒန်းလှ နဲ့ မမြစိမ်း တို့ရဲ့ လူတွေပေါ့.... နောက်တော့ ကိုစံဘကြီးလဲ စိတ်နောက် သွားတယ်....
ဒါကြောင့် ဦးစံဘကြီးကိုစိတ် နာပြီး - ဒီလယ်တွေကိုဘယ် သူမှမလုပ်လို့ - လယ်တွေ ခုလို တော ကျန်တာ ကွဲ....
..........
..........
ဘကြီးဖိုးပြော၍ဆုံးသည်နှင့်-
တော်လှန်ခဲ့တာ ဒို့လယ်သမား
ရွာသူရွာ သား တို့ လည်း တ ခဲနက်ဟစ် အော် ကြွေး ကြော် လျက် ဆက် လက် ၍ ခုတ် ထွင် ကြလေ၏။


ဦးအောင်ဝင်း
ရွှေမြို့တော်ကြီးမှာ ခိုးဆိုးတိုက်ခိုက်ခြင်း မရှိစေရ - ရှိလျှင် မိက သေဒဏ်အပြစ်ပေးမည်
သာကေတ ရွှေမြို့တော်ကြီးကား သာယာ အေးချမ်းလှပေသည်။
ဘုရင်ကြီးသည် အဖက်ဖက်မှ အပြုသဘော ပါသော အမိန့်များ ထုတ်ထားလေသည်။
သူခိုး - သူခိုး လိုက်ဟ မလွတ်စေနဲ့
သူခိုးကိုမိ၍ အကျဉ်း ချထားလိုက်လေ၏။
မင်းတော့ သေဒဏ်အပေး ခံရမှာဘဲကွ
သူခိုးသည် များစွာ နောင်တရလျက် ရှိ၏။
ငါဟာ အလုပ်လုပ် မစားဘဲ - ခိုးမိတာ မှားပြီ - - ငါ အလုပ်လုပ် စားယင် - ခုလို ဒုက္ခ မရောက်ဘူး
ဤသည်ကို အမတ်ကြီးတဦးက ကြားလေရာ—
အင်း ဒီကိစ္စကို ပြန်စဉ်းစားဖို့လိုမယ် - ဒီလို အမှု အသေးအဖွဲ့ကို သတ်မိန့်ပေးဘို့ မသင့်ဘူးဗျ


တကယ်လို့ သတ်ဖိနပ်ပေးက - လူတဦးရဲ့ အသက်ဆုံးရှုံးရချိမ့်မည် - ထို့အတူ ငါ့မြို့တော်မှာလဲ - လူဦးရေများပြားလှသည်မဟုတ် - - -
သူတပါးတိုင်းပြည်မှ စစ်မက်ခင်းလာသော် ကျွန်ုပ်တို့လူဦးရေကလေးဖြင့် တွန်းလှန်နိုင်ရန်ခက်ခဲမည် -- ဒါကြောင့် ကျွန်ုပ် သတ်ဖိနပ် ပျက်ပြယ်ရန် ဘုရင်အား တင်လျှောက်မှာဘဲဗျ -
ထိုအကြောင်းကို ဘုရင်ကြီး ကြားသိသော် -
အမတ်ကြီးက သတ်ဖိနပ် ဖျက်ပေးရန် တင်လျှောက်ပါလိမ့်မယ်
အော် - ဒီလိုလား
အင်း -- အမတ်ကြီးသည် သတ်ဖိနပ် ပျက်ပြယ်ရန် ငါ့အား တင်လျှောက်တော့မည် - သူမကြံ့တတ် - မတားတတ်အောင် - ငါ စီစဉ်ထားမှဘဲ
ညီလာခံ ဝင်ချိန်တွင် ဘုရင်ကြီးသည် အမတ်ကြီးအား အကဲခပ်နေပြီး -
အမတ်ကြီး မကြံ့တတ်အောင် အပိုင်ပြောမှဘဲ
အမတ်ကြီး - သူခိုးကို သေဒဏ်အပြစ်ပေးမည့်အကြောင်းနှင့် ပတ်သက်၍ သင်စဉ်းစား တွေးတောနေသည်မဟုတ်လား


မှန်လှပါ စဉ်းစားနေကြောင်းပါ အရှင်မင်းကြီး
အိမ်း -- သင်စဉ်းစားနေက အချည်းနှီးသာဖြစ်လိမ့်မည် - ငါသည် သင်ပြောသမျှတို့နှင့် ဆန့်ကျင်ဘက် အမိန့်ကိုသာ ချမှတ်ပေမည်
အင်း - ဘုရင်ကြီးနှင့်အတိုက်အခံ ဆိုရ၍ - သေဒဏ်မှလွတ်ရန်ပြောပါက - ဘုရင်ကြီးသည် ဆန့်ကျင်ဘက်အတိုင်း သေဒဏ်သာအတည်ပြုတော့မည် - x - -- ဒါကြောင့် -
မှန်လှပါ - သူခိုးအား သေဒဏ်အပြစ်တည်ပါစေ အရှင်မင်းကြီး
အမတ်ကြီး၏ စကားကိုကြားသော် ဘုရင်ကြီးမှာ အံ့ဩသွားလေ၏။
သင် - တင်လျှောက်တာနှင့် ဆန့်ကျင်ဘက်အတိုင်း - ငါသည် ဆိုရတော့အံ့ -- သူခိုးအား သေဒဏ်မှ လွတ်စေ- အမတ်ကြီး ---
သင်သည်ဖြတ်ထိုးဉာဏ်ဖြင့်ပြည့်စုံပြီး တတ်ကျွမ်းလိမ္မာလှသည်ဖြစ်၍ တပါးသူ၏အသက်ကို ကယ်တင်နိုင်စွမ်းရှိပေသည် -- ပညာရှိပီသပါပေသည်အမတ်ကြီး
ထို့နောက် ဘုရင်ကြီးသည် အမတ်ကြီးအား ချီးမွမ်းထောမနာ ပြုလေတော့သည်။ ပြီးပါပြီ

# ပြည်သူ့မိတ်ဆွေ




ကမ္ဘာပေါ်ရှိ နိုင်ငံအစိုးရတိုင်းသည် ရဲအဖွဲ့ဟူ၍ ဖွဲ့စည်းလျက် နိုင်ငံသူ နိုင်ငံသားတို့၏ အသက် အိုးအိမ်ကို ကာကွယ်စောင့်ရှောက်လျက် ရှိသည်။

"ပုလိပ်" ဟူသောအမည်မှာ အင်္ဂလိပ်စကားလုံးကို အသံလှယ်ယူထားသော အမည်ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးသောအခါ ယခင် ပုလိပ်အဖွဲ့ကို ရဲအဖွဲ့ဟူ၍ ခေါ်သည်။ ယခုအခါ ပြည်သူ့ရဲတပ်ဖွဲ့ဟု ခေါ်ကြသည်။

လူတို့၏ အသက် အိုးအိမ်စည်းစိမ်ကို စောင့်ရှောက်ရေးအတွက်၎င်း၊ တရားဥပဒေ အုပ်စိုးရေးနှင့် ရပ်ရွာ ငြိမ်ဝပ် ပိပြားရေးအတွက်၎င်း ရဲတပ်ဖွဲ့သည် အလွန် အရေးကြီးသည်။

ရန်ကုန်မြို့တွင် စကားပြော ကြေးနန်းအမှတ် "၀၀၉" ကို လှည့်ပေးရုံနှင့် ရဲ ၅ မိနစ်ချုပ်ထဲ သတင်း ပို့နိုင်သည်။ ရဲအကူအညီလိုက ချက်ချင်း တောင်းဆိုနိုင်သည်။




ပြည်သူ့ရဲတပ်ဖွဲ့တံဆိပ်အချို့

ရဲများသည် တရားဥပဒေကို ရိုသေလေးစားသူတို့၏ မိတ်ဆွေများ ဖြစ်ကြသည်။ လူတို့အား လမ်းအန္တရာယ်မှ၎င်း၊ လူဆိုးတို့၏ အနှောင့်အယှက်မှ၎င်း ကင်းလွတ်စေရန် ရဲများက အစဉ်သဖြင့် ကာကွယ် စောင့်ရှောက်ကြသည်။



အမျိုးသမီး ရဲမေနှင့် ဒု-လုံခြုံရေးမှူး တို့သည်လည်း လမ်း ကြီးကြပ်ရေး၊ မှုခင်း စုံထောက်ရေး ဝတ္တရားများကို ဝင်ရောက် ဆောင်ရွက် လျက်ရှိသည်။



လက်ဗွေပုံစံထိန်း
သိမ်းသည့်လုပ်ငန်းမှ ရဲမေ

ရဲတပ်ဖွဲ့ဝင်တို့သည် လမ်းပေါ်၌ မတော်တဆ တိုက်ခိုက်မိရာသို့၎င်း၊ မီးလောင်ရာသို့၎င်း၊ ရေနစ်ရာသို့၎င်း ဦးစွာရောက်အောင်သွား၍ အကူအညီ ပေးသည်။



ရဲတပ်ဖွဲ့ဝင်တို့သည် သူနာပြုအတတ်၊ မီးသတ်အတတ် အစရှိသော လူမှုဝန်ထမ်း အတတ်များကိုလည်း တတ်ကျွမ်း ထားရသည့် ပြည်သူ့ မိတ်ဆွေများ ဖြစ်ကြသည်။



သူတို့သည် ၂၄ နာရီပတ်လုံး ပြည်သူ လူထု၏ အသက် အိုးအိမ်စည်းစိမ် လုံခြုံမှုကို သက်စွန့်ကြိုးပမ်း ဆောင်ရွက်နေသူများ ဖြစ်ပေသည်။




ဇော်သင်းဦး
ကာတွန်း
ဒီမှာ သမီး အတွက် ကြောင်ကလေး
လှလိုက်တာ ဖေဖေ ရယ်
တနေ့တွင် ဝါဝါ၏ ဖေဖေသည် ဝါဝါအတွက် ကြောင်ကလေးတကောင် ယူခဲ့သည်။
ကြောင်ကလေးကို ထမင်းကျွေးလိုက် အုံးသမီး
ဟုတ်ကဲ့
ငါနဲ့ အတူ ထမင်းစား၊ ညအိပ်ရင် ငါနဲ့ အတူ အိပ်ရမယ်
ကြောင်ကလေးရ၍ ဝါဝါအလွန်ပျော် နေလေသည်။
နင်က အညိုရောင် ဆိုတော့ နင့်ကို မိညိုလို့ ခေါ်ရမယ်၊ ကဲ ဒီ အခန်း ထဲမှာနေ-
မိုး လဲချုပ်တော့မယ် မိညိုလဲ ပျောက်နေ ပြီ ခုထိ ပြန်မလာ သေးဘူး
ညနေစောင်းသော်-
ဝါဝါသည် မိညိုကိုစောင့်ရင်း အိပ်ပျော် သွားလေသည်။
မကြာမီ အိမ်ရှေ့ခြံပေါက်ဆီမှ မိညိုကိုခွေးများ ဝိုင်းလိုက်သံကြောင့်-


ဟင်-မိညိုအော်သံပါလား ခွေးတွေဝိုင်းကိုက်နေ ကြပြီထင်တယ်-
ဝါဝါသည် အိပ်ရာမှ လန့်နိုးလာသည်။
မှောင်လိုက်တာငါလဲ အောက်မဆင်းရဲဘူး
သို့သော် အကြောက် လွန်ပြီး မဆင်းဝံ့သဖြင့်ကျိတ်၍ အိပ်နေလိုက်သည်။
မိညိုတစ်ကောင်ဘယ်လိုနေပါလိမ့် ငါသွားကြည့်အုံးမယ်-
နံနက် မိုးလင်းသော်-
မြောင်းနဘေး၌ သေနေသော မိညို ကိုသာ တွေ့ရလေတော့သည်။
ငါသတ္တိကြောင်လို့ နင်သေရတာ- ငါ့ကို ခွင့်လွှတ်ပါ မိညိုရယ်-
နောက်ဆိုယင်ငါသတ္တိမကြောင် တော့ပါဘူး ကွယ်



အလွယ်
မလိုက်
တော့ပါ
မောင်မောင်ဝင်း
နောက်နေ့ ကျယင်မြန်မာပြည်မြေပုံ အိမ်ကဆွဲခဲ့ကြနော်
အိမ်စာကြည့်ခန်းတွင်
ပျင်းတယ်-ထပ်ဆွဲ တာဘဲကောင်းတယ်
နောက်တနေ့ ကျောင်းသို့ရောက်သော် –
ခင်မောင်ဖော်ဆွဲတဲ့ပုံ အကောင်း ဆုံးဘဲ
ငါထပ်ဆွဲတာကိုဆရာမ မသိဘူး
ရက်အတော်ကြာ၍ စာမေးပွဲတွင် မြန်မာပြည် မြေပုံ ဆွဲခိုင်းရာ....
မြေပုံကိုအလွတ် မဆွဲတတ်ဘူး၊ငါ အလွယ်လိုက်မိတာ မှားတာဘဲ

# ကိုယ်လက်လှုပ်ရှား




## ၉။ ပေါင် လေ့ကျင့်ခန်း

လှုပ်ရှားမှု နည်းပါးသော ပေါင် အတွင်းသားများအတွက် ဤလေ့ကျင့်ခန်းသည် ထိရောက်လှ၏။

**လေ့ကျင့်ခန်း ၁**

ကြမ်းပြင်ပေါ် စောင်းလျက်အိပ်၊ ကြမ်းနှင့်ထိသော လက်တဖက်ကို ခေါင်းရင်းဖက်သို့ ဆန့်ထား၊ ကျန် လက်တဖက်က ကိုယ်ကို ထိန်းထား။




အပေါ်ဖက်မှ ခြေထောက်ကို ပေါင်ရင်းမှနေ၍ ထဖြည်းဖြည်း ကား၍ မြှောက်ယူ၊ပြန်ချ။(၈)ကြိမ်လုပ်။

နောက်တဖက်သို့ ပြန်စောင်းအိပ်၊ ရှေးနည်းတူ ခြေကို မြှောက်လိုက် ချလိုက် လုပ်။

**လေ့ကျင့်ခန်း ၂**

(က) ခြေစုံရပ်၊ ခါးထောက်၊ ခြေထောက်ကို ပေါင်ရင်းမှနေ၍ ရှေ့သို့ဆန့်ပြီးမြှောက်၊ မြင့်နိုင်သမျှ မြင့်အောင်မြှောက်၊ ပြန်ချ။ ကျန် ခြေတဖက်ကိုလည်း ထိုအတိုင်းလုပ်။

(ခ) ခြေစုံရပ်၊ ခါးထောက်၊ ခြေထောက်ကို ဘေးသို့ ဆန့်ထုတ်ပြီး မြင့်နိုင်သမျှ မြင့်အောင်မြှောက်၊ ပြန်ချ။ ကျန်တဖက်ကိုလည်း ထိုအတိုင်းလုပ်။



ဝါ၊ နီ၊ ပြာ၊ နက် ဆေးရောင်တို့ဖြင့် အရောင်ခြယ်ပါ။



# ကိုယ့်အား ကိုယ့်မာန်

မန္တလေး-မောင်မြတ်သင်း

ကျွန်တော်တို့ သူငယ်ချင်း တစု နံနက်စောစော ဘိုးသာဖြိုး အိမ်သို့ ထွက်လာခဲ့ကြပါသည်။ ဘိုးသာဖြိုးမှာ ကလေးများကို အလွန် ချစ်တတ်သူ ဖြစ်သည်။ ကျွန်တော်တို့ ဘိုးသာဖြိုး အိမ်သို့လာခဲ့ခြင်းမှာ တပို့တွဲလပြည့်နေ့ အိုးစည်ဝိုင်း မဏ္ဍပ်ဆောက်ရန်ကိစ္စအတွက် ဖြစ်ပါသည်။

နှစ်စဉ် တပို့တွဲ လပြည့်နေ့တွင် ကျွန်တော်တို့ရွာ ဘုရားရင်ပြင်ရှေ့ဝယ် ဧည့်ခံမဏ္ဍပ်ဖြင့် ထမနဲ ကျွေးပါသည်။ ဘေး တဖက်တွင် ကျွန်တော်တို့ ကလေးတွေအတွက် အိုးစည်ဝိုင်း မဏ္ဍပ် ထိုးပေး ပါသည်။ လွန်ခဲ့သော နှစ်များက ဘိုးသာဖြိုးသည် ကလေး ချစ်တတ်သူပီပီ ကလေးများ၏ အိုးစည်ဝိုင်း မဏ္ဍပ်ကို သူကိုယ်တိုင်ဦးစီးကာ စံနစ် တကျ ဆောက်လုပ်ပေးခဲ့ပါသည်။

ယခုလည်းအိုးစည်ဝိုင်းမဏ္ဍပ် ဆောက်လုပ်ရန် အတွက် ဘိုးသာဖြိုးထံသို့ ကျွန်တော်တို့ တတွေ ရောက်လာခြင်း ဖြစ်ပါ၏။ ကျွန်တော်တို့ ဘိုးသာဖြိုး အိမ်အတွင်းသို့ ဝင်မိကြသော အခါ ဘိုးသာဖြိုးမှာ ထန်းပလပ်အရပ် ကလေးများထိုးနေပါသည်။ သူ့မျက်နှာမှာ ခါတိုင်းလို မရွှင်ပြပါ။ မျက်မှောင်ကြုတ်၍ ကျွန်တော်တို့ကို ကြည့်နေပါသည်။ ခါတိုင်း ကလေးချစ်တတ်သော ဘိုးသာဖြိုးကြီး စိတ် ပြောင်းသွားပြီလောဟုပင် တွေးတောစရာဖြစ်နေပါ၏။

"အဖိုး ကျွန်တော်တို့ အိုးစည်ဝိုင်းမဏ္ဍပ်ဆောက်ရအောင် လာပြောတာ" ဟုကျွန်တော်က အရဲစွန့်၍ ပြောလိုက်သောအခါ

"ငါမအားဘူးဟေ့၊ မင်းတို့ဖာသာ ဆောက်ကြ ပေတော့၊ သွား သွား" ဟု ဘိုးသာဖြိုးက ခပ်ဆတ်ဆတ် ပြော၍ ကျွန်တော်တို့ကို နှင်ထုတ်ပါ တော့သည်။

ယခင်က ဘိုးသာဖြိုးသည် ကျွန်တော်တို့ကို နှင်ထုတ်ဖို့ နေနေ သာသာ ဆတ်ဆတ်မျှ မပြော ဘူးပါ။ ကျွန်တော်တို့ တောင်းပန်ကြပါသေးသည်။ မရပါ။ ထို့ကြောင့် ကျွန်တော်တို့မှာ ဘိုးသာဖြိုးကို နှုတ်ဆက်ပြီး ပြန်လာခဲ့ကြပါသည်။

တပို့တွဲလပြည့်ရန် သုံးရက်သာ လိုပါ တော့သည်။ ကျွန်တော်တို့မှာ အိုးစည်ဝိုင်း မဏ္ဍပ်ဆောက်လုပ်ရန် အလုပ် ရှုပ်နေပါသည်။ ဧည့်ခံမဏ္ဍပ်မှာ ပြီးလုနီးပါး ရှိနေပြီ။ ကျွန်တော်တို့ အိုးစည်ဝိုင်း မဏ္ဍပ်ကား တိုင်ပင် မထောင်ရသေးပေ။

ထို့ကြောင့်ကျွန်တော်တို့မှာ တာဝန်ကိုယ်စီ ခွဲရတော့သည်။ လှမောင်ကြီးကို ဝါးခုတ်ရန်၊ သန်မာ၍ သစ်ပင်တက်ပိုင်သော ကျောက်ဒိုးကို ထန်းပင်တက်၍ ထန်းလက် ခုတ်ရန်၊ သာညာဏ်နှင့် ကျော်မောင်ကို မဏ္ဍပ်တိုင်ထူဘို့အတွက် ပန္နက်ချ၍ ကျင်းတူးရန်၊ ကျန်လူများနှင့် ကျွန်တော်က အထွေထွေ လုပ်ရန်ကို တာဝန် ယူလိုက်ကြပါသည်။ .

ကိုယ့်တာဝန်နှင့်ကိုယ် ကျေ

ပြွန်စွာ လုပ်ဆောင် လိုက်၍ ကျွန်တော် တို့၏ အိုးစည်ဝိုင်း မဏ္ဍပ် ကလေးမှာ နှစ်ရက် အတွင်း၌ပင် ခါတိုင်းနည်းတူ ဖြစ်လာတော့၏။ သို့သော် ကျွန်တော်တို့မှာ ဤမျှနှင့်မကျေနပ်ကြသေးချေ။ ပွဲအတွက် ကြားတရက်လိုသေး၍ ထိုတရက် အတွင်း အစီအစဉ်တခု တိုးလုပ်ရန် စဉ်းစား ကြပါသည်။

"ဒီနှစ်တော့ ဒို့ လက်စွမ်းပြကြရပြီ။ ခါတိုင်းထက် ပိုပြီး လုပ်မှဖြစ်မယ်ကွ" ဟု ကျော်ဒိုးက ဆိုသည်။

"ကိုင်း–ဒါဖြင့် ဘယ်လိုလုပ်မလဲ" ဟု ကျော်မောင်က မေးလိုက်သည်။

"နဖူးစည်းကို ရိုင်ရက်ပြီး ပတ်မယ်ကွာ။ ပြီးတော့ အုန်းလက်ကိုရက်ပြီး ပန်းဆွဲချမယ်။ မျက်နှာကျက်အတွက် ဝါးခွဲပြီး တပင်ကျော် တပင်ချ ရက်ကပ်ကြမယ်" ဟု သူ့အစီ အစဉ်များကို ပြောပြလေသည်။

"အေး– ကောင်းသားဘဲ။ ဒို့ တာဝန် ခွဲကြရအောင်" ဟု ကျွန်တော်က ပြောလိုက်သောအခါ သာဥာဏ်က လူများကို တာဝန်ခွဲပေးပါသည်။

"ကျော်ဒိုးက အုန်းလက်တက်ခုတ်ကွာ။ လှမောင်ကြီးက ရိုင် ရက်။ အုန်း လက် ကို ပန်းဆွဲရက်ဖို့အတွက် ငါတာဝန်ယူတယ်။ မျက်နှာကျက်နဲ့ကျန်တဲ့ ဟာကိုတော့ အားလုံးဝိုင်း လုပ်ကြတာပေါ့"

သာဥာဏ် ခွဲပေးသော တာဝန်ကို ကျွန်တော်တို့တတွေ မခိုမကပ် လုပ် ဆောင် ကြ သည်။ ကျွန်တော်တို့ လုပ်ဆောင်ချက်ကြောင့် အိုးစည်ဝိုင်း မဏ္ဍပ် ကလေးမှာ ခါတိုင်းထက်ပို၍ လှပခမ်းနားစွာ ပြီးစီးသွားလေပြီ။

ပွဲနေ့တွင်ကျွန်တော်တို့သည် အိုးစည်ဝိုင်းမဏ္ဍပ်အတွင်း၌ အိုးစည် ဗုံမောင်း တီးကာ အလွန်ပျော်ရွှင်နေကြပါသည်။ ထိုအချိန်တွင် ကျွန်တော်တို့ မဏ္ဍပ်အတွင်းသို့ ဘိုးသာဖြိုး ရောက်လာပါသည်။ မဏ္ဍပ် ဆောက်တုန်းက ခြေဦးမျှမလှည့်ခဲ့သော ဘိုးသာဖြိုးကို ကျွန်တော်တို့ မမြင်ချင်ပေ။

"ကလေးတို့ ပျော် ကြ ရဲ့လားကွဲ့"

ဘိုးသာဖြိုးက စကားစလာသည်။ ကျွန်တော်တို့က ပြန်မပြောပါ။

"ကလေးတို့ အဖိုးကို စိတ်ဆိုးနေတယ်ထင်တယ်။ အဖိုးကမင်းတို့ ကလေးတွေကို ကိုယ့်အား ကိုယ်ကိုးတဲ့စိတ်ဓာတ် ရှိလာအောင် တမင် ကူမလုပ်ဘဲနေခဲ့တာကွဲ့။ ခုတော့ မင်းတို့ ကလေးတွေ ကိုယ့်အား ကိုယ်ကိုးပြီး တာဝန်သိတဲ့ စိတ်ရဲ့ အကျိုး အာနိသင်ကို သိကြပြီ မဟုတ်လား"

သည်တော့မှ ကျွန်တော်တို့လည်း ဘိုးသာဖြိုး၏ စေတနာကို သ ဘော ပေါက် သွားကြပါတော့သည်။

## ဆရာစံ

နဂါးထိပ်က ဂဠုန်ပျံ

လယ်သမားရဲ့အလံ။

ဆရာစံ ဇာနည်ဘွား

ပြည်သူချစ်တဲ့သား။

မတရားတဲ့ နယ်ချဲ့ကို

တော်လှန်ကြမယ်ဆို။

မိုးကြိုးသံလို စိတ်မာန်ကြွ

သတ္တိဂုဏ်ရောင်ပြ။

မြန်မာ့သားကောင်း အမည်ခံ

ဒို့မျှားဦးထိပ်ပန်။

ဆရာစံ လယ်သမား

ဦးကျေး၊ ဒေါ်ဖက်သား။ ။

မောင်မင်းယဉ် (ကူမဲ)



R. 517



# တောဝက်

တောဝက်၏ဦးခေါင်းမှာ ရှည်မျောမျော ဖြစ်ပြီး နှုတ်သီးရှည်သည်။ ခြေချောင်းများမှာ တိုပြီး သန်မာသည်။ ဇက်ပိုးမှ စပြီး ကျောရိုးတလျှောက် ကြမ်းတမ်းသော အမွေးရှည်များရှိသည်။ အရောင်မှာ မည်းနက်သည်။ အထီးများသည် ပခုံးမှအမြင့် ၂ ပေ ၆ လက်မခန့်ရှိပြီး၊ အလေးချိန်ပေါင် ၂၀၀ မှ ၃၀၀ အထိ ရှိတတ်သည်။ အစွယ် ၆ လက်မမှ ၈ လက်မအထိ ရှည်သည်။ အမများတွင် အစွယ်မရှိပေ။ အကောင်ပေါက်ကလေးများ၏ အရောင်မှာ အဝါရင့်ရောင်ဖြစ်ပြီး အညိုစင်းကြောင်းများရှိသည်။

အနံ့ခံအလွန်ကောင်းပြီး၊ အကြားအမြင်သင့်သည်။ အိမ်ဝက်များကဲ့သို့ အသံပြုတတ်သည်။ လမ်းလျှောက်မြန်သည်။ အန္တရာယ်နီးပါက အလွန်လျင်မြန်စွာ ပြေးနိုင်သည်။ နံနက်စောစော၊ ညနေပိုင်းနှင့် ညဉ့်အချိန်များတွင် သွားလာကျက်စားသည်။ အေးသောရာသီတွင် နေ့အချိန် ထွက်တတ်သည်။ ပူအိုက်သောနေ့များတွင် ချုံအောင်းနေသည်။ ရွှံ့အိုင်များတွင် လူးလေ့ရှိသည်။ စွတ်စို၍ ချုံနွယ်ထူထပ်သော တောများတွင်အနေများသည်။

သီးနှံပင်များ၊ အမြစ်များ၊ ပိုးမွှားငယ်များ၊ မြွေများနှင့် အလွယ်တကူတွေ့ရှိသော အသားများကို စားသောက်သည်။ မြွေကိုက်လျှင် မသေ၊ မြွေဆိပ်သည် ဝက်၏ အဆီပြင်ကို အန္တရာယ်မပြုနိုင်ဟု ဆိုသည်။

မိုးဦးမတိုင်မီ သားပေါက်ပြီး မိုးကုန်လျှင် တကြိမ် သားပေါက်ပြန်သည်။ တကြိမ်လျှင် လေးကောင်မှ ခြောက်ကောင်အထိ ပေါက်ဖွားသည်။ အမသည် အသိုက်ပြုလုပ်လျက် သားငယ်များကို ထိန်းသိမ်းစောင့်ရှောက်သည်။ အသိုက်ပြုလုပ်ရာတွင် မြက်ပင်များ၊ ဝါးကိုင်းများ၊ သစ်ကိုင်းသစ်ခက်များကို အသုံးပြုသည်။ အထီးများလည်း အသိုက်လုပ်၍ နေတတ်သည်။ ဝက်သိုက်၏ အမြင့်မှာ လေးပေခန့်အထိ မြင့်သည်။

မြန်မာနိုင်ငံ အနှံ့အပြားတွင် တွေ့ရှိနိုင်သည်။

ရဲမြင့်



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၃၊ အမှတ် ၁၀၊


# ငွေသည်တော်လေး မောင်ထွန်းခက်

# ရွှေသွေး ဂျာနယ်

၁၃၃၂ ခု၊ တပေါင်းလဆန်း ၁၀ ရက် (၆-၃-၇၁)




စနေနေ့ပိုင်း ထုတ်ဝေသည်။


ခင်ဗျားကိုတော့ ကျွန်တော်မုန်းတီးခွင့်ပါတယ်ခင်ဗျာ၊ ဒါပေမဲ့ အလုပ်ကတော့ဝန်အာ၊ အချိန်မှီအောင် သွားရပါဦးမယ်၊
ဟေ့-မင်းငါတို့ကွင်းကို၊ ဘာလို့လုပ်ထားလဲ မင်းလိုခေတ် မရှိဘူး-သွား-
ကဲကွာ-
အို-ဘာပြုလို့ ဒီလောက်ဒေါသကြီးရ တာလဲခင်ဗျာ၊ ကျွန်တော်က ဘယ်သူ့မှ ရန်မရှာပါဘူး၊ ခင်ဗျားတို့အကျိုး အတွက်လာတာပါ၊
ခင်ဗျားကို အကူအညီပေးချင်ပေမဲ့၊ အလုပ်က တာဝန်ပေးထားလို့ အချိန်မှီကွင်းကိုသွားလိုက်ပါဦး မယ်၊
ဟေ့-ထွန်စက်-မင်းကဘာအသုံးကျလို့၊ ငါတို့ကွင်းကို ဖျက်ဆီးရတာလဲ၊ ကွာ့မှာငါတို့ ရှိမှင်၊ ဘယ်သူ့အကူ အညီမှ မလိုဘူး၊ ဟိုရှေးလက်ထက်ကတည်းက၊ ကျွဲနွားငါတို့ အလုပ်လုပ်ခဲ့တာကွ သိလား-ခုချက်ချင်းပြန်ပါ၊
ဟေ့-နွားခေါင်း ပြောနေတာ ကြားနားမလည် ဘူးလား-ကဲကွာ



ဟေ့ကောင်- မင်းကို ဘယ်သူဖိတ်လို့ ငါတို့ကွက်ကို လာရတာလဲ၊ ငါတို့ကွက်မှာ မင်းအလုပ်ဘာမှမရှိဘူး၊ ခုချက်ချင်း လှည့်ပြန်ပါ၊
ဝေးကွ –
ကြည့်ပါအုံး-


မကြာမီ
ထို့နောက်-


ကျွန်တော်နှင့် သူငယ်ချင်းများ
ဇာတ်လမ်း
ရဲစွယ်မောင်ညိုသျှင်
ပန်းချီ -
ညနေတွင် ကျွန်တော်သည် ကစားရန်အိမ်မှ ထွက်လာစဉ် ကိုကိုက
ညီညီရေ.. လမ်းလျှောက် ထွက်ကြရအောင်
ဟာ . ဘာများ ဆုံးမဆုံးမလို့ လဲမသိ
ဟုတ်ကဲ့ ကိုကို
ရထားရုံဘက်ကို လျှောက်ကြည့်ကြမယ်
ရထားဆိုက်ချိန်ဖြစ်၍ မုန့်ရောင်းသူ၊ ထမင်းထုပ်ရောင်းသူ၊ သောက်ရေ ရောင်းသူတို့၏ အသံများနှင့် ဆူညံလျက်ရှိပါသည်။
ဟိုမှာကြည့်စမ်း ညီညီ
မင်းရဲ့ . သူငယ်ချင်းလေးတွေ ဈေးရောင်းနေကြရတယ် နော်
ဟုတ်ကဲ့
အလကား လျှောက်ပြနေတယ် သူတို့ အဝတ်အစားတွေကလဲ ညစ်ညစ် ပတ်ပတ် နဲ့


ထိုနောက် မီးရထား ခုံးတန်တားပေါ်မှ ကျော်ဖြတ်ပြီးလာစဉ် ....
လာဟော့ ညီညီ လယ်ကွင်းတွေ ဘက်ကို ဖြတ် လျှောက်ကြရအောင်
တော်တော်သာယာတဲ့ ရိုးရိုးညနေခင်းဘဲ
ဘယ်တွေ ခေါ်သွားနေ မှန်းမသိဘူး ခြေထောက် တွေ တောင်ညောင်းလာပြီ
လမ်းဘေး ရေအိုင်တွင် ကျွန်တော့်အရွယ် ကလေးများ ငါးဖမ်းနေကြသည်ကို တွေ့ရပါသည်။ သူတို့အထဲတွင် မြင့်လွင် တယောက်လည်း ပါပါသည်။
ကြည့်စမ်း ညီညီ ဟိုဟာတွေ အေးအေး ဆေးဆေး လမ်းလျှောက်နေတဲ့ အချိန်မှာ သူတို့က ဝမ်းစာအတွက် ရှာနေရတယ်
မြင့်လွင်ကို ကျွန်တော် သိပ်မုန်းပါသည်။ သူက ကျွန်တော့်ထက် စာတော်သဖြင့် ဖေဖေတို့က ကျွန်တော့်ကို သူနှင့်နှိုင်းပြီး အမြဲအပြစ်တင် ဆူပူလေ့ရှိပါသည်။
ညီညီရော ဘယ်လဲကွ
မြင့်လွင်ကို မဖြေချင့်ဖြေချင် ပြန်ဖြေခဲ့ပြီးနောက် ကျွန်တော်တို့ ဆက်လျှောက်ခဲ့ကြပါသည်။
လာခဲ့ လျှောက်နေ တာပါ
ကဲ ဆက်လျှောက် ကြစို့



လမ်းဖွင့် မိန်းကလေးတယောက်ငိုနေသည် ကို တွေ့ရာ ကိုကိုက
ကောင်မလေး တယောက် ငိုနေပါလား..လာ ညီညီ
ညီမလေး ဘာလို့ ငိုနေတာလဲကွ
ချော်လဲပြီး အကြော် ဗန်း မှောက်ကျ သွားလို့ပါ..
ကဲ..ကဲ.. ငိုမနေနဲ့. အကြော်ဘိုး တွေ အကိုဘဲပေးလိုက်မယ် နောင်တွင်းမှာ ချော်မလဲအောင် သတိထားမှပေါ့ကွဲ.
အပြန် လမ်းတွင်
တွေ့ခဲ့တယ်မဟုတ်လား ညီညီ မင်းအရွယ် ခလေးတွေဟာ ရေကျောင်း၊ ငါးဖမ်း၊ အကြော်ရောင်းနဲ့ လူကြီးတွေလို အလုပ်လုပ်နေရတယ်
မင်းမှာတော့ ကစားချိန် ကစား၊ စားချိန် စားနဲ့ ဘာမှ မပူပင်ရဘူး ဒါကြောင့် စာမေးပွဲ အောင်အောင် မဖြေနိုင်ဘူး
သည်တော့မှ ကိုကို့ရည်ရွယ်ချက်ကိုကျွန်တော် နားလည်သဘောပေါက်သွားပါတော့သည်။
အင်း ကိုကိုက ဒါတွေ သဘော ပေါက်စေချင်လို့ကိုး
ပြီး

# ဖန်

ရေး ★ စိုးမြင့်



လူတို့သိရှိသော ပထမဦးဆုံးသော ဖန်တုံးသည် မြင်းထန်သော မိုးကြိုးမုန်တိုင်း ကျရောက်စဉ် တချိန်က သဘာဝအလျောက် ဖြစ်ထွန်းပေါ်ပေါက်ခဲ့ဟန် တူပေသည်။ အဘယ်ကြောင့်ဆိုသော် ဘီစီ ၇၀၀၀ ခန့်ကဟု ခန့်မှန်းရသော အပြာရောင် ဖန်တုံးကလေး တတုံးကို မြေအောက်မှ တူးဖော်ရရှိခဲ့ဘူးသည်၊ ထိုဖန်တုံးကလေးသည် မိုးကြိုးပစ်၍ သီးနှံပင်များ မီးလောင်ရာမှ ပြာနှင့် ချော်ရည်တို့ ပေါင်းစပ်မှုကြောင့် ဖြစ်ထွန်းခဲ့ဟန် ရှိသည်ဟု ပညာရှင်အချို့က ယူဆကြသည်။




ထိုနောက်တွင် အီဂျစ် လူမျိုးတို့က သဲနှင့် ဆော်ဒါကို ကျိုချ၍ ရရှိသော ဖန်ရည်တမျိုးဖြင့် လက်ဝတ် တန်ဆာများကို ပြောင်လက်စေရန် သုတ်လိမ်းခဲ့ကြသည်။ သုံးရာစု နှစ်သို့ ရောက်သော် လူတို့သည် မှန်ချပ်ပြားများကို ပြုလုပ်နိုင်လာကြသည်။ ယခုအခါ ဖန်မှာ လူတို့၏ အဆောက်အအုံများ အတွက်၎င်း၊ စက်ရုံအလုပ်ရုံများ အတွက်၎င်း၊ အိမ်သုံး အတွက်၎င်း မရှိမဖြစ်သည့် ပစ္စည်း တရပ် ဖြစ်၍ နေပေပြီ။ သို့သော် ဖန်ပြုလုပ်ရာတွင် အသုံးပြုသော ပစ္စည်းများနှင့် လုပ်နည်းကိုင်နည်းများမှာကား ယနေ့တိုင် များစွာပြောင်းလဲခဲ့ခြင်း မရှိသေးပေ။






ကာတွန်း
မောင်မောင်သောက်



ဖန်ပြုလုပ်ရာ၌ အဓိက အသုံးပြုရသော ပစ္စည်းများမှာ သဲ၊ ဆော်ဒါနှင့် ထုံးတို့ဖြစ်သည်။ ပြုလုပ်လိုသော ဖန် အမျိုး အ စား ကို လိုက်၍ ပိုတက်၊ အောက်ဆိုက်နှင့် ယမ်းစိမ်းတို့ကိုလည်း အသုံးပြုရသည်။ ဖန်ကွဲ ဖန်စ များကိုလည်း ရောနှော အသုံးပြုနိုင်သည်။

လိုအပ်သော ပစ္စည်းများကို ရောစပ်ပြီးနောက် ကြီးမားသောလုံထဲ၌ထည့်ပြီးလျှင်အပူချိန် ၁၃၀၀ ဒီဂရီ စင်တီဂရိတ်ဖြင့် နာရီပေါင်း ၃၀ မျှ အရည်ကျိုပေးရသည်။ ထိုအရည်မှ ဖန်ထည်ပစ္စည်းများကို ပြုလုပ်ယူရသည်။




ဦးစွာ လုံထဲမှ ဖန်ရည်ကို တဖက်တွင် အပုလုံးပါသော သံပြွန်ချောင်းဖြင့် လိုသလောက်ကော်ယူပြီး၊ ထိုပြွန်ကို အလိုက်သင့် လှိမ့်ကာ ပြွန်တဖက်မှ လေဖြင့်မှုတ်၍ အလိုရှိရာပုံကို ပြုလုပ်ရသည်။ ထိုနောက် တဖြည်းဖြည်း အအေးခံပြီး၊ ကျောက်စက်များဖြင့် အလိုရှိရာ ပုံစံများကို ဖော်ယူရသည်။ မျက်နှာပြင်ကို ချောမွတ်အောင် တိုက်စားပေးရသည်။ ထိုနောက် ကြည်လင် တောက်ပ လာစေရန် အက်ဆစ်ရည်ထဲတွင် နှစ်ပေးရသည်။ ထိုနောက် မညီညာသော အနားများကို ဖြတ်ပစ်ရသည်။ အချောကိုင်ပေးရသည်။

ဤသို့ဖြင့် ဖန်အိုး ဖန်ခွက်၊ ဖန်မှုး၊ မှန်ချပ်မှ စ၍ မှန်ဘီလူး၊ အပူချိန်တိုင်း ပြဒါးတိုင်၊ ရောင်စုံမှန်စသော လူသုံး ဖန်ထည်ပစ္စည်းအမျိုးမျိုးကို ပြုလုပ်ယူကြပေသည်။




ဇာတ်လမ်း- ဆွန်းကိုညွန့် (ရေနံချောင်း)
ပန်းချီ- ဦးအေးတင်...
ဖေဖေ နဲ့ မေမေက ကျွန်တော့်ကို-သိပ် ချစ်ပါတယ်-ကျွန်တော် နဲ့ ဆိုး ဆိုးပြီး-ပူဆာ ယင်-ဘာမဆို လိုက်လျောပါတယ်
ကျွန်တော် ဝေလင်းမောင် ဖြစ်ပါသည်။
ယနေ့ရုပ်ရှင်ကား အသစ်လဲသဖြင့် ....
မေမေ ဒီနေ့ ရုပ်ရှင် လိုက်ပြပါနော်
အေး-- မင်း ဖေဖေ ပြန်လာယင် လိုက်ပြမယ်
ရုပ်ရှင်လိုက်ပြမည်ဆို၍ ကျွန်တော် အလွန် ပျော်နေပါသည်။
ဒီနေ့မှ ဖေဖေကလဲ နောက်ကျလိုက်တာ- ခုထိ ပြန်မလာသေးဘူး
ဟော- ဖေဖေပြန်ရောက်လာပြီ။
ဖေဖေ အခု ရုပ်ရှင် သွားကြမယ်
နောက်နေ့မှ သွားတာပေါ့ သားရယ်- ဖေဖေ အလုပ်ပင်ပန်းလာ လို့ပါကွယ်
ဟာ- ဖေဖေက လဲ ကားသစ်လဲတာဆို့ ဒီနေ့ဘဲ သွားကြည့် ချင်တယ် ဗျာ--- လိုက်ပို့ပါနော်
အော်-သားကလဲ နက်ဖြန်မှ ကြည့်ပါကွယ်-ဖေဖေ ပင်ပန်း လွန်းလို့ပါ- သားကလိမ္မာ ပါတယ်ကွယ်
ထိုစဉ် မေမေက ထမင်းစား ရန် ခေါ်သဖြင့် ဖေဖေ ထသွား ပါသည်။
သား ရေ- ထမင်းစား ရအောင်ဟေ့
ရုပ်ရှင်လိုက်မပြ၍ ကျွန်တော် က စိတ်ကောက် နေသည်။
ရုပ်ရှင် မကြည့် ရယင်- ထမင်း မစားဘူးဗျ


ထိုစဉ် ဖေဖေ့ အသံကို ကြားရပါတော့သည်။
ဟေ့-မစားချင် နေပစေကွာ- မမီ. မင်းသာ လာစားလှဲ့
ကျွန်တော်သည် စိတ်ကောက်ပြီး အိမ်ရှေ့ထွက်ထိုင်နေရာ တဖြည်းဖြည်း ညမိုးချုပ်လာပါသည်။
သား-အိမ်ထဲကို လာလေ အပြင်မှာ အေးတယ်ကွယ့် လာပါသားရယ်
မလာဘူးဗျာ
မလာလဲ နေပစေကွာ
ဖေဖေသည် အိမ်တံခါးအားလုံးကို ပိတ်လိုက်ပါသည်။
ညဉ့်နက်သော်
ဟာ- ချမ်းလိုက်တာ ထမင်းကလဲ ဆာလိုက်တာ
ကျွန်တော် အပြင်မှာ ကြာရှည် မနေနိုင်တော့သဖြင့်
ဖေဖေ - ကျွန်တော် ထမင်းဆာလို့ပါ- တံခါးဖွင့်ပေးပါ ဖေဖေ
မင်း အခု စိတ်ကောက်ချင်တယ်-နောက် စိတ်ကောက်တဲ့ အကျင့် ရှိနေဦးမယ် ဆိုယင် အပြင်မှာဘဲနေ
နောက်ဒီလိုစိတ်မကောက်တော့ပါဘူး- ဖေဖေတို့ ပြောစကားကို နားထောင်ပါတော့မယ်
ဖေဖေက တံခါးဖွင့်ပေးသဖြင့် အိမ်ထဲသို့ ဝင်ရပါတော့သည်။
တော်ပြီ ဒီနေ့ကစပြီး ငါဘယ်တော့မှ စိတ်မကောက်တော့ဘူး



သူတာရဲ
ဂုန်လိုက်တော်
သူတာပါးနဲ့အမြဲဂုန်ဖြစ်ချင်တဲ့
ဂျော်နီဝက်ဟာ—ဂုန်ဖြစ်စရာ
မရှိလို့—မန်ကျည်းပင်အောက်မှာ
မှေးနေတုန်း———
ဖြောင်း
အား
ကံတွင်—ဂျော်နီဝက်သည်ချက်ချင်း
ထခုန်ကာ—အဖော်များဆီသို့ပြေးသွားပြီး
ငါ့ကိုမန်ကျည်းပင်
ဂုန်စတယ်—ဂလုံစားချေဘို့
လာကြဟေ့—လာကြဟ—
ချကွာ
ဟ—ဟ—ဟ
ဒီအပင်
ကြီးကို
ဆွဲကြဟေ့
အတန်ကြာသော်
ခြော်—ကျီးကူတဲ့
သစ်ကိုင်းဒဏ်ကြောင့်
ဒေါသထွက်ပြီးငါ့ကို
ဂုန်လာပြုကြတာကိုး—
ခုတော့—အင်း—ကျွတ်—
ကျွတ်—ကျွတ်—

# ကိုယ်လက်လှုပ်ရှားခြင်း



၁၀။ ခြေသလုံးနှင့်ခြေကျင်းဝတ်အတွက် လေ့ကျင့်ခန်း

ကိုယ်ခန္ဓာအစိတ်အပိုင်းများအနက် ခြေသလုံးနှင့်ခြေကျင်းဝတ် တို့သည် အလုပ် အများဆုံးလုပ်ရသည်။ နည်းမှန်လမ်းမှန် လှုပ်ရှား လေ့ကျင့်ပေးပါက သန်မာ တောင့်တင်းလာနိုင်သည်။





**လေ့ကျင့်ခန်း ၁**

ခြေစုံရပ်၊ ခါးထောက်၊ ခြေဖျားထောက်၊ တစ်မှငါးအထိ ရေတွက်ပြီးမှ ခြေပြန်ချ။ (ရှစ်ကြိမ်)

**လေ့ကျင့်ခန်း ၂**

ခါးထောက်၍ မတ်မတ်ရပ်၊ ခြေတဖက်ကို ရှေ့သို့လှမ်းမည့်ဟန် တလှမ်းတိုးပြီး ဒူးကိုကွေးညွှတ်ထား၊ ကျန်တဖက်ကို ဆန့်နိုင်သမျှ ဆန့်ထား၊ ပြန်ရပ်၊ မူလအနေအထားပြန်နေ။ တဖန်အခြားခြေတဖက်ကိုလည်း ဤအတိုင်း တလှည့်စီ ပြောင်းလုပ်ပါ။



## ကျွန်တော့်ပုံတူ ကြည့်မလား

စက္ကူဖြူတရွက်ကို အနားမှာ အသင့်ထားပါ။ ထို့နောက် ကျွန်တော့် နှာခေါင်းထိပ်နေရာကို တမိနစ်ခန့် စိုက်ကြည့်ပါ။ ပြီးလျှင် အနီးရှိ စက္ကူဖြူပေါ်သို့ တဖန် စိုက်ကြည့်နေပါ။ တခဏအကြာတွင် စက္ကူဖြူပေါ်၌ ကျွန်တော်၏ ပုံတူအနက်ရောင်ဖြင့် တရိပ်ရိပ် ထင်လာသည်ကို တွေ့ရပါလိမ့်မည်။

ဆိုးဖြင့်

# လူပျင်း မဟုတ် တော့ပါ

နေဝင်းကြည်



နံနက် မိုးမလင်း တလင်းအချိန်ဖြစ်ပါသည်။ အိမ်အပြင်တွင် နှင်းများ ထူထပ်စွာ ကျနေပါသည်။ ကျွန်တော်သည် အိပ်ရာထဲတွင် ကွေးနေအောင် ကိုယ်ကိုပုထားပြီး အိပ်နေပါသည်။

"လွန်းမောင် ထတော့လေ၊ အချိန်မရှိဘူး"

"အမေကလဲ စောကြီး ရှိသေးတယ်၊ ချမ်းလဲချမ်းတယ်"

"နင်ကသာ စောနေ၊ နင့်အဖေတော့ နင့်ကို မစောင့်နိုင်လို့ သန်းမောင်ကိုခေါ် သွားပြီ။ နင်ဟာ အိမ်မှာ အပျင်းထူဆုံးဘဲ။ အကြီးရယ်လို့ ဘယ်နေရာမှ အားမကိုးရဘူး"

အမေဆူနေ၍ ကျွန်တော် အိပ်ရာမှ ထရပါသည်။ ကျွန်တော့်အစား ညီ သန်းမောင် လိုက် သွား သ ဖြင့် ကျွန် တော် လိုက်သွားရန် မလိုတော့ပေ။

"အမေ ဘာမုန့်ရှိသလဲ။ဟင်-ဘာမှလဲ ဝယ်မထားပါလား"

ကြောင် အိမ် တံခါးကို ဖွင့်ကြည့်လိုက်ရာ စားစရာ မရှိ၍ ကျွန်တော်ကစိတ်ပျက်စွာ ပြောလိုက်မိသည်။

"စားစရာတော့ မရှိဘူး။ ထမင်းအိုးပေါ်မှာ ပဲပြုတ်တော့ရှိတယ်၊ ထမင်းနဲ့စားပေါ့။ နင်ဟာ အလုပ် လုပ်ဖို့တော့ ပျင်းတယ်၊ စားဖို့တော့ မပျင်းဘူးနော်"

အမေသည် ကျွန်တော့်ကို သာ အကြောင်းရှာ၍ ဆူနေသည်ဟု ထင်မိပါသည်။

မကြာမီ အဖေနှင့် ညီငယ်တို့ ပြန်လာကြပါသည်။ အဖေသည် သတင်းစာများကို သယ်လာသည်။

"လွန်းမောင် - ဟောဒီ သတင်းစာတွေထဲက ကြေးမုံ၊ လုပ်သား၊ ဗိုလ်တထောင်သတင်းစာတွေကို တပုံစီ ရွေးထုတ်ထားစမ်း"

"တယ် အလုပ် ရှုပ်တာဘဲ၊ အေးအေးဆေးဆေးမနေရဘူး" ဟု ကျွန်တော့်စိတ်ထဲတွင် ရေရွတ်မိပါသည်။ အဖေ ချထားခဲ့သော သတင်းစာများကို တခုချင်း၊ တပုံစီ ရွေးလိုက်ပါသည်။

"သန်းမောင် - ဒီနေ့ အဖေ ဘာဖြစ်လို့ အိမ်ပြန်လာရတာလဲ။ ခါတိုင်းအိမ်မပြန်ဘဲ ရုံးကို ဆက်သွားတယ်။ သတင်းစာတွေလဲ မပို့ရသေးဘူး"

"အကိုက ဘာမှ မသိဘူး။ အဖေနေမကောင်းဘူး သိလား။ ဒီနေ့ အဖေ ရုံးမတက်နိုင်ဘူးလို့ ပြောတယ်"

"ဒါဖြင့် ဒီသတင်းစာတွေကို ဘယ်သူသွားပို့မှာလဲ"

"ဒါတော့ မသိဘူး၊ အကိုသွားပို့ပေါ့"

"ငါမပို့ချင်ပါဘူးကွာ၊ ရှက်တယ်"။

ကျွန်တော်သည် သတင်းစာပို့ရမည်ကို တွေး၍ ရှက်မိပါသည်။ ကျောင်းနေဖက် သူငယ်ချင်းများ မြင်မှာကို စိုးရိမ်မိ၍ ပိုပြီး စိတ်ပျက်မိပါသည်။

"လွန်းမောင် - ငါ့ အအင်္ကျီ ခဏလာပါအုံးကွာ"

အဖေသည် ရေနွေးသောက်နေရာမှ ကျွန်တော့်ကိုခေါ် လိုက်ပါသည်။

"ဟုတ်ကဲ့အဖေ၊ လာပါပြီ"

ကျွန်တော်သည် အဖေ့အနားသို့ လျှောက်သွားပါသည်။ အဖေ့ကို အမှတ်မထင် ကြည့်လိုက်မိသည်။ အဖေ၏ မျက်နှာသည် နေလောင်ထားသဖြင့် ညိုနေသည်။ နဖူးရစ်များလည်း လှိုင်းထနေသည်။ လေးလံသော မျက်လုံးကို အားယူဖွင့်ထား၏။ အဖေသည် တခုခုကို စဉ်းစားနေရင်း ရေနွေးကြမ်းပန်းကန်ကို ပါးစပ်လေဖြင့် မှုတ်နေသည်။

"ငါ့သား အဖေ့ရုံးကို သွားစမ်းပါအုံးကွာ။ အဖေ နေမကောင်းလို့ သတင်းစာမပို့နိုင်ဘူး။ ဟောဒီမှာ အဖေစာရေးထားတဲ့လူဆီ သတင်းစာတဝက် သွားပို့စမ်းကွာ။ကျန်တဲ့သတင်းစာကိုတော့ အဖေဘဲ လိုက်ပို့လိုက်ပါ့မယ်"

ကျွန်တော်သည် အဖေစာရေးပေးထားသော စာရွက်ကို လှမ်းယူလိုက်ပါသည်။ အင်အားချည့်နဲ့နေသော အဖေ့ကို မြင်လိုက်ရလျှင် ကျွန်တော့်စိတ်ထဲ၌ သနားသွားသည်။ အဖေသည် ရုံးတွင် မင်းစေအလုပ် လုပ်ရင်း တဖက်မှ သတင်းစာပို့သည်။ တကယ်တော့ အဖေသည် အလုပ်နှစ်ခုကို တပြိုင်တည်း လုပ်နေရသည်။ အဖေသည် အသက်ကြီးလာသည်နှင့်အမျှ ကျန်းမာရေး ချို့တဲ့လာပြီး အလုပ်ကောင်းစွာ မလုပ်နိုင်တော့ပေ။ အဖေ ဤသို့ အလုပ်ပင်ပန်းစွာ လုပ်နေရခြင်းသည် ကျွန်တော်တို့ မိသားစုစားဝတ်နေရေး ဖူလုံရေးအတွက် ဖြစ်၏၊ အဖေ အလုပ် မလုပ်နိုင်လျှင် ကျွန်တော်တို့ အဘယ်ပုံနေကြရမည်နည်း။

ကျွန်တော်သည် ဤသို့ တွေးတောမိပြီး စိုးရိမ်စိတ်များ ဖြစ်ပေါ်လာသည်။အဖေ့အနားမှ ပြန်လာပြီး သတင်းစာများကို ရွေးလိုက်သည်။နောက် ထုပ်ပိုးလိုက်သည်။ ကျွန်တော်၏ သွက်လက်စွာ လုပ်ကိုင်နေပုံကို အဖေသည် ဤတကြိမ်သာ မြင်တွေ့ဘူးမည်ဟု ကျွန်တော် ထင်မိသည်။

"ငါ့သားက တကယ်အားကိုးရတာဘဲ။ ကဲ-နေမပူခင်သွားတော့။ ကျောင်း မှီအောင်လဲ မြန်မြန်ပြန်လာနော်၊ တခြားမှာ ဝင်ဆော့မနေနဲ့အုံး"

"ဟုတ်ကဲ့အဖေ၊ ကျွန်တော် ပို့ပြီးယင် မြန်မြန်ပြန်လာမှာပါ။ ပြီးတော့ ကျန်တဲ့ သတင်းစာတွေကို ကျွန်တော်ဘဲ အိမ်တွေဆီ လိုက်ပို့ပါမယ်၊ အဖေ အနားယူနေပါ"

"ကိစ္စမရှိပါဘူး သားရယ်၊ ငါ့သား ပင်ပန်းနေပါအုံးမယ်"

"မပင်ပန်းပါဘူး အဖေ၊ အဖေ ခုလို အလုပ် လုပ်နိုင်သေးယင် ကျွန်တော်က အဖေ့ထက် ပိုအလုပ် လုပ်နိုင်ရမှာပေါ့" ဟု ပြောပြီး ကျွန်တော်သည် သတင်းစာထုပ်ကိုပိုက်ကာ ထွက်ခဲ့ပါတော့သည်။

× × ×

# လိုက်နာစေချင် ညီမောင်ခင်

ရိုးရိုးသားသား နိုးနိုးကြားကြား
ကြိုးစားကြကွဲ့ ညီမောင်ခင်။
မှန်မှန်ကန်ကန် ဟုတ်ရာလိုက်ကြ
ယုတ်မာစရိုက် ရှောင်အစဉ်။
အများအကျိုး ထမ်းဆောင်ပိုးတော
ကိုယ့်အကျိုးလည်း အောင်မည်ပင်။
ကျရာတာဝန် ဆင်ခြေမပေးနဲ့
အစဉ်မနှေး လုပ်အားရှင်။
အမျိုးဘာသာ ချစ်မြတ်နိုးလို့
တိုင်းကျိုးပြည်ကျိုးဆောင်စေချင်။
စကာပေါင်းကာ ညီညာပြုတော့
ပြည်သာမှုတဲ့ နည်းလမ်းမြင်။
ကိုကြီးညီငယ် မှတ်ကာခဲ့လို့
မပြတ်အမြဲ ကျင့်စေချင်။
အမြဲပင် - အမြဲပင်။ ။

မောင်လှ(ကျောက်မဲ)



# ဖြူ



ဖြူသည် ကိုက်ဖြတ် သတ္တဝါ အကြီးစား ဖြစ်သည်။ ကိုယ်ထည်အလျား သုံးပေခန့်အထိ ရှည်လျားပြီး၊ ဦးခေါင်းချွန်ချွန်၊ အမြီးတိုတိုနှင့် ပုတိုသော ခြေချောင်းများတွင်သန်မာသောခြေသည်းများရှိသည်။ ဝမ်းပိုက်ပိုင်း၊ အမြီး၊ နှုတ်သီး၊ ခြေလက်တို့မှ လွဲ၍ ကျန်နေရာအားလုံး၌ ဆူးများရှိသည်။ ဆူးများမှာ ချွန်ထက်ပြီး တုတ်ခိုင်သည်။ အဖျားပိုင်း ဖြူပြီး၊ အလယ်ပိုင်း မည်းနက်သည်။

ဖြူသည် သူ၏ဆူးများကို လိုရာသို့ တည့်မတ်စွာ ပစ်လွှတ်နိုင်သည် ဟူသော အဆိုမှာ မှားယွင်းသည်။ ဆူးများမှာ နောက်ဖက်သို့ ခပ်ငိုက်ငိုက် ပေါက်နေသည်။ ရန်သူကို တိုက်ခိုက်သောအခါ နောက်ပြန်ပြေးလျက် တိုက်ခိုက်သည်။ အရှိန်မြန်လှသဖြင့် ဆူးများ ရန်သူကိုယ်တွင် စူးဝင်၍ ကျန်ရစ်သည်။ ဆူးတွင် အဆိပ်ရှိသဖြင့် အစူးခံရသော ရန်သူမှာ အပြင်းအထန် ခံစားရပေသည်။ စိတ်လှုပ်ရှားပါက ဆူးများတုန်ခါလျက် အသံမြည်သည်။ နှာမှုတ်သံလည်း ပြုသည်။


ဖြူ၏ သွားများမှာ အလွန် မာကြောသော ဆင်စွယ်ကိုပင် ကိုက်ဖြတ်နိုင်သည်ဟုဆိုသည်။

ဖြူတွင် အမြီးဖွားမျိုးနှင့် အညိုမျိုးဟူ၍ နှစ်မျိုးရှိသည်။ မြေကျင်းအောင်းသော သတ္တဝါ ဖြစ်သည်။ သစ်ပင်ပေါ်သို့လည်း အတော်အတန် တက်နိုင်သည်။ မြေသား ကမ်းပါးယံများနှင့် တောင်စောင်းများတွင် လိုဏ်ခေါင်းများတူး၍ နေထိုင်သည်။ ခြောက်ကောင်မှ ရှစ်ကောင် အထိ အုပ်ဖွဲ့နေထိုင်ကြသည်။ ညဥ့်ပိုင်းတွင်သာ ကျက်စားသဖြင့် နေ့အချိန်တွင် မြင်တွေ့ရခဲသည်။

သစ်ခေါက်များ၊ သစ်ဥသစ်ဖုများ၊ အသီးအနှံများနှင့် စိုက်ပျိုးပင်များကို စားသည်။ ဖြူဝင်ပါက စိုက်ပျိုးခင်းတွင် အပျက်အစီး များလှသည်။

မြန်မာနိုင်ငံတွင် တနင်္သာရီတိုင်းနှင့် နာဂတောင်တန်းတို့၌ အများအပြား တွေ့ရသည်။

ရဲမြင့်





... စာပေဗိမာန်ထုတ်ဝေရေးအဖွဲ့၊ ...
... အမှတ် ဝ၁၂၈ ... ရန်ကုန်မြို့၊ ...
... ဦးကျော်ညွန့်က ... ရိုက်နှိပ်သည်။


အတွဲ - ၃။ အမှတ် - ၁၁။

# ရွှေသွေး ဂျာနယ်


## အဝဖော်ဒုဖော်


ပန်းချီ - ဦးဘကြည်
ဇါတ်လမ်း - ဒွယ်တမယ်


၁၃၃၂ ခု၊ တပေါင်းလဆုတ် ၂ရက် (၁၃-၃-၇၁)





စနေနေ့တိုင်း ထုတ်ဝေသည်။


ဟေး — အားလုံး တိုက်တိုက် နေကြစမ်း
ဆူညံစွာ ထင်ကြေးပေးနေသောငှက် အပေါင်းကို ငှက်ခေါင်းဆောင် တကောင်က–
ကဲ – ရဲဘော်ကြီး (လည်ရစ်)၊ ကျုပ်တို့က ခေါင်းဆောင် မိဖ – ဒီသစ်ပင်ကြီး မှာ နေသင့် – မနေသင့် – အသေးစိတ် စုံစမ်း ကြရစို့လား
အပင်ပန်းခံပြီး လေ့လာမနေ ပါနဲ့ – ရဲဘော် (ထိပ်ကွက်) ရယ်..
အမြဲမှ သင့် တဲ့ နေရာ ဆိုတာ – သေ ချာပါတယ် ဗျ
ကဲ – ခင်ဗျားမရဲစမ်း ချင်နေ။ ကျုပ်တော့ အကဲခပ် အုံးမယ်
အော်တို အားစက်နဲ့
ကဲ– ရဲဘော်ကြီးရေ– ဒီအကိုကို ခဏ ကြည့်လာခဲ့ပါအုံး
သစ်ပင်ကြီးကို ထက် အောက် လေ့လာ ပြီးသော် ---
ဒီမှာ တွေ့လား – ဒါ သစ်ကြိုက်ပင် မဟုတ်လား
ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်သလဲ
ဟာ ----- ခင်ဗျားကလဲ---- သစ်ကြိုက်ပင်ဆိုတာ မိုးလောင်တတ် တယ်ဗျ —
ဟားဟား – ဟားဟား တွေးပြီး ကြောက်မနေပါနဲ့ဗျာ ----- တကယ်လို့ လောင်လဲ အတောင်ရှိကြသား ကဘဲ ----- ပျံပြေး ကြရုံပေါ့ဗျ – ဟဲဟဲ


ဟော - ဦးရိုးရိမ်ဇော်
လိုဘဲ ခေါ်ဘိုကောင်း
တယ်
ဟားဟား
မှတ်တယ်
စံပါဘဲ
ဟဲဟဲ
ခစ်ခစ်
ခစ်ခစ်
ရှုး
ဝါးဟားဟား
ဟိုသို့ ငှက်ခေါင်းဆောင် (လည်ရစ်) က ဆို
လေလျှင် ကျန်ငှက်များက ဟားတိုက်ကုန်၏။
အေးလေ....
မင်းတို့ နေချင်နေကြ
သေချင်သေကြ...
ငါတော့ ခပ်ဝေးဝေး
သွားနေမယ်။
လိုက်ချင်တဲ့
ကောင်
လိုက်နိုင်
တယ်
ကျုပ်နော်တို့
လိုက်
မယ်
ဒို့တော့
ဒီသစ်ပင်ကြီးမှာဘဲ
ဇိမ်နဲ့နေမယ်
ခေါင်းဆောင် (ထိပ်ကွက်) မှာစိတ်ဆိုးပြီး ထို
သစ်ပင်မှာမနေပဲ ပြောင်းသွားတော့သည်။
နွေကာလ ရောက်လာသော် နေပြင်းသဖြင့်
သစ်ပင်များမှာ ခြောက်သွေ့ကုန်၏။
ဝှီး
ဝှီး
ဝှီး
ဝေါ
ဟော ဟော
တခုသောညတွင် မမြော်လင့်ပဲ လေမုန်တိုင်း
ကြီး ကျလာလေသည်။
အမယ်လေး
ချမ်းလာပြီ
မြဲမြဲ မှက်ထားကြဟေ့
တုန်လာပြီဗျ
သစ်ပင်များ ယိမ်းထိုး၍ ခါနေသောကြောင့်
ငှက်များသည် အတင်း တွယ်ကပ်ထား ရ၏။
သစ်ကြိုတ်ပင်ကြီး၏ အကိုင်းများလည်း တ
ကိုင်းနှင့်တကိုင်း ပွတ်တိုက်မိပြီး မီးပွင့်လေ၏။


ထိုမီးပွားများသည် သစ်ကြိုတ်ပင်ကြီး အောက်ရှိ သစ်ရွက် ခြောက်များပေါ် ကျကာ —
မီးထတောက်ပြီး သစ်ပင်ခြောက်ငယ်များကို မီးကူးပြန်၏။ လေပင့်သဖြင့် —
မီးတောက်ကြီးများ ဖြစ်ကာ သစ်ကြိုတ်ပင်ကြီးကိုပါ မီးစွဲ လောင်လေတော့သည်။
မီးခိုးမွှန်တယ်ဗျ
ပူလှာပြီ
ဟတ် – ဟတ် ဟတ်ချိုး
သစ်ကိုင်းများကို အတင်း တွယ်ကပ် နေရသော ငှက်များမှာ မီးခိုးမွှန်၍ ထပျံကြရာ ....
အမေ
အား
လေထဲလွှင့်ပါကုန်ပြီး သေသူသေ၊ မီးဟပ်၍ သေသူသေ ဖြစ်ကြရ၏။ နံနက်လင်းသော် —
အင်း.....တောက်...
ဖြစ်ရလေတယ်ဟယ်
ခေါင်းဆောင် ( ထိပ်ကွက် ) မှာ ထိုဖြစ်ရပ်ကို ကြည့်၍ များစွာ စိတ်မကောင်း ဖြစ်ရလေ၏။


ကြူယ်ကြူယ် ရေး
လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀၀-ကျော်က
ကျောင်းသွားပျင်းသူ
ပန်းချီ— ဦးအောင်ဝင်း...
အထက် ဗမာပြည်ရှိ ရွာတရွာမှာ ကျောင်းသွားပျင်းတဲ့ သူငယ်လေးတယောက်ရှိသတဲ့။
သူ့ကို ကျောင်းသွားဖို့ ပြောတိုင်း ငိုလေ့ရှိသတဲ့။
သားလေး ကျောင်းသွားရမယ်လေ
မသွားချင်ဘူး ကျောင်းမသွားချင်ဘူး
ကျောင်းသွားရယင်လဲ ကျောင်းမှာ မနေဘဲ လစ်ပြီးပြေးလာတတ်သတဲ့။
ဘယ်သူမှ မမြင်ခင် ပြန်မှဘဲ
ဒါကြောင့် သူ့အဖေက စိတ်ဆိုးပြီး ....
ဒါလောက် ကျောင်းသွားပျင်းတဲ့ကလေး- မှတ်ရသားရလောက်အောင် ဆုံးမမှဘဲ
သူ့ကို ဆူးချုံတခုထဲမှာ ပစ်ထားခဲ့ပါရောတဲ့။
ကျောင်းသွားပျင်းယင် ဆူးချုံထဲမှာဘဲနေခဲ့


ကလေးဟာ ဆူးချုံထဲမှာ ဆူးတွေစူးလွန်းလို့ မလှုပ်ရဲအောင်ဖြစ်ပြီး ငိုနေရရှာသတဲ့။
အင်း / အမေဟာ ငါ့ကိုစာတတ်စေချင်လွန်းလို့ ခုလို ဂရုဏာဒေါသနဲ့ ပစ်ထားခဲ့တာဘဲ
ဒီအခါမှာ ပုဂံပြည်က ခရီးသွားယောက်ျားတယောက်ကတွေ့လို့–
ဟင်. ဘာ့နှယ် ဆူးချုံထဲရောက်နေတာလဲကွယ်
ကျွန်တော်ကျောင်းသွားပျင်းလို့ အမေက ဆူးချုံထဲပစ်ထားခဲ့တာပါခင်ဗျာ
ကဲ - ဒါဖြင့် မင်းအဖေ့အိမ်ကို ပြန်မလား - စာသင်မလား
စာသင်ပါ့မယ် ကျောင်းသာထား ပေးပါခင်ဗျာ
သူ့ကို ဆူးချုံထဲကထုတ်ပြီး သူနေတဲ့ရွာကို ခေါ်သွားသတဲ့။
ကျောင်းထားပေးတော့ သူငယ်လေးဟာ စာကို ကြိုးစားသင်ပြီး–
နှစ်တွေ အတော်ကြီးကြာတော့ စာအလွန်တတ်တဲ့ ဘုန်းတော်ကြီးတပါးဖြစ်နေတော့သတဲ့။



လူတွေက ဒီအကြောင်းကိုသိလို့ ဆူးတွင်းပစ် ဆရာတော်လို့ဘဲ ခေါ်ကြသတဲ့။
ဆူးတွင်းပစ်ဆရာတော် ဟာ- သိပ်စာတတ်တာကွ
ဟုတ်တယ် စာတတ်တဲ့နေရာမှာ ဆူးတွင်းပစ်ဆရာတော်က ထိပ်ဆုံးကဘဲ
အဲဒီသတင်းကို သူ့အဖေကကြားတော့
ငါ့သားကို ဆူး ချုံထဲ က တစုံတဦးက ယူသွားပြီး- စာသင်ပေးလို့ ခုလို ကျော်ကြားလာတာ ဖြစ်မှာဘဲ ငါလိုက်သွားဦးမှ
ဆရာတော်ထံ ရောက်တော့
ဆရာတော် ရှိတဲ့ အရပ်ကို လိုက်သွားသတဲ့။
တဦးကိုတဦး မှတ်မိကြပြီး -
ငယ်ငယ်တုန်းက ဆူးချုံထဲ ပစ်ခဲ့တဲ့ တပည့်တော် ရဲ့ သား ဟာ -
ဟုတ်ပါတယ်- ကျုပ် ဟာ ဒကာကြီး ရဲ့ သား ပါဘဲ
ကျုပ်ကိုစာသင်လို့မရနိုင်- ကျောင်းသွားပျင်းလွန်းလို့ ဒကာကြီးက စာတတ်ချင်တဲ့စေတနာနဲ့ ဆူးတွင်းမှာပစ်ခဲ့တာဘဲဆိုပြီး- စာကြိုးစားခဲ့တာ- ခုတော့ အလွန်စာတတ်တဲ့ဆရာတော်ကြီးတပါးဖြစ်လာတာပါဘဲ ဒကာကြီး
သာဓု သာဓု
အဲဒီဆရာတော်ကို ပင်းယဘုရင် လေးစီးရှင် ကျော်စွာက ကျောင်းကြီး ဆောက်ပေးပြီး ကိုးကွယ်ထားသတဲ့။

သရုပ်ဖော်

# လှုပ်ရှားသွားလာ သတ္တဝါ



သတ္တဝါများသည် လမ်းလျှောက်ခြင်း၊ ပြေးလွှားခြင်း၊ ခုန်ပေါက်ခြင်း၊ တွားသွားခြင်း၊ ရေကူးခြင်း၊ ပျံသန်းခြင်း စသည်တို့ဖြင့် လှုပ်ရှားသွားလာမှုကို ပြုလုပ်ကြသည်။




ခွေးကဲ့သို့သော ခြေလေးချောင်းသတ္တဝါတို့သည် ဘယ်ခြေညာလက် လှုပ်ရှား၍ သွားလာကြသည်။

ခြေခြောက်ချောင်းရှိ ပိုးမွှားတို့သည် တကြိမ်လျှင် ခြေသုံးချောင်းဖြင့် လှုပ်ရှားသွားလာ၍ ကျန် ခြေသုံးချောင်းဖြင့် ခန္ဓာကိုယ်ကို မလဲစေရန် ထိန်းထားသည်။

ကျားသစ်သည် ဒုန်းပြေးစဉ် ခြေနှစ်ချောင်းထက်ပို၍ မြေသို့မကျစေပဲ အမြဲလိုပင် ခြေလေးချောင်းစလုံး လေထဲတွင် ရှိနေသည်။






ဆင်၊ ကုလားအုပ်၊ သစ်ကုလားအုပ် စသည့် သတ္တဝါများသည် ခြေလက် တစုံစီပြိုင်တူ လှုပ်ရှား၍ သွားလာ ကြသည်။ မြင်းကိုလည်း ထိုကဲ့သို့ သွားလာစေရန် လေ့ကျင့်ပေး နိုင်သည်။

သားပိုက်ကောင်သည် အမြင့် ၁၀ ပေ၊ အလျားပေ ၃၀ ခုန်အထိ ခုန်၍ ပြေးလွှားနိုင်သည်။




ဖားများသည် အခုန် ကျွမ်းကျင်သော သတ္တဝါဖြစ်၍ နံ့ကောင်၊ ပုရစ်နှင့် သန်းတို့သည်လည်း အခုန်တော်သည်။






ငါးသည် ရေထဲ၌အမြီးကို အားဖြင့် ဝဲယာခပ်၍ သွားလာသည်။



ဖားလိပ်၊ ဝမ်းဘဲနှင့် ငန်းတို့သည် ရေထဲတွင် ခြေဖြင့် ယက်ခပ်၍ သွားကြသည်။

ငါးပျံသည် ရေထဲမှ အားဖြင့် တွန်းကန်ထွက်ပြီး လေထဲ၌ အရှိန်ဖြင့် ပျံဝဲ၍ သွားလာသည်။








ပင်လယ်ခူနှင့် ကင်းမွန်ကဲ့သို့သော ရေသတ္တဝါမျိုးတို့သည် ရေကို ခန္ဓာကိုယ်တွင်းသို့ဝင်စေလျက် အားဖြင့် ပြန်တွန်းထုတ်၍ သွားလာသည်။

ရေနဂါးသည် ကျောရိုးဆူးတောင်ကို လျင်မြန်စွာ လှုပ်ရှား၍ သွားလာသည်။




ငှက်လင်းနို့နှင့် အင်းဆက်ပိုးမွှားတို့သည် အတောင်ကို အထက်အောက် လှုပ်ရှား၍ ပျံသန်းကြသည်။


တောက်တဲ့၊ အိမ်မြှောင်၊ မိကျောင်း စသော သတ္တဝါများသည် ခြေထောက်များကို လှုပ်ရှားသည့်အပြင် ကိုယ်ကိုလည်း လိမ်ကောက်၍သွားလာသည်။



တီကောင်သည် အရေပြားကို ရှုံ့တွဆန့်ထုတ်ခြင်းဖြင့် သွားလာ၍ မြွေသည် ကိုယ်ကို လိမ်ကောက်ခြင်း ဖြင့်သွားလာသည်။






ဘယ်မှာ ရှာရပါ့
ဆောင်မောင်ဝင်း
ရေးဆွဲသည်
သန်းလွင်ဦးသည် ကျောင်းစာများကို စည်းကမ်းမဲ့ကြီး ရေးတတ်သည်။
စာအုပ်များကိုလည်း စည်းကမ်းမဲ့ထားသည်။
ကျောင်းတွင်
နောက်နေ့ကျရင် အလောင်းဘုရား အကြောင်းမေးမယ် အားလုံးကျက်လာခဲ့ကြ
အိမ်စာကြည့်ခန်းတွင်
အလောင်းဘုရား အကြောင်း ဘယ်စာအုပ်ထဲမှာ ရေးမှတ်ပါလိမ့်
ရှိသမျှစာအုပ်တွေထဲမှာ အလောင်းဘုရား အကြောင်း ကိုရှာလို့လဲ မတွေ့ဘူး
မနက်ဖြန် ကျောင်းတက် လို့ ဆရာ့အမေး ဖြေစရာမရှိလို့ အတီးခံရတော့မယ် . . . . ဒါ . . ငါ့စည်းကမ်းမဲ့လို့ ဖြစ်ရတာဘဲ


ခိုင်မာသော
ဆုံးဖြတ်ချက် -
ဟာ-ဟိုမှာ ကိုဝင်းပါလား!..
ကိုဝင်းသည် တခါက ကျနေ့ာ်ကိုထိုးပြေးခဲ့ဘူးသည်။ ထို့ကြောင့် -
ခဲနဲ့ ကောက်ထုမယ်.
ကျနော်သည် ခဲကို ကောက်ကိုင်လိုက်စဉ် ဆရာမပြောသော စကားတို့ကို ကြားယောင်လာမိပါသည်။
တပည့်တို့
ရန်ကို ရန်ချင်း တုံ့ပြန်လိုက်ရုံနဲ့ ရန်ပွဲဟာ ပြီးဆုံး မသွားနိုင်ဘူး..
ရန်ကိုရန်ချင်းတုံ့ပြန်ဖို့ယင် ရန်ပွဲဟာ ကြီးမားသထက် ကြီးမားလာပြီး· ရန်ပွဲကာလဟာ ရှည်ကြာသထက် ရှည်ကြာလာတတ်တယ်---
ကျနော်သည် ရန်ကို ရန်ချင်း မတုံ့ပြန်ရန် ခိုင်မာသော ဆုံးဖြတ်ချက်ချလိုက်ပြီး လက်ထဲ ကိုင်ထားသော ခဲကို ပစ်ချလိုက်ပါတော့သည်။




# ကိုယ်လက်လှုပ်ရှား

တက္ကသိုလ်ကြည်အေး



### ၁၁။ တကိုယ်လုံးအတွက် လေ့ကျင့်ခန်း

ကိုယ်ခန္ဓာအစိတ်အပိုင်းအားလုံးနှင့်တကွ နှလုံးနှင့် အဆုတ်ကိုပါ စည်းချက်မှန်မှန် အလုပ်လုပ်စေခြင်းဖြင့် အမောအပန်းခံနိုင်လာသည်။ သွေးသားညီညွတ်ပြေပြစ်လာသည်။



**လေ့ကျင့်ခန်း ၁**


တနေရာတည်း၌ နေရာမရွေ့စေပဲ ပြေးဟန်ပြုခြင်းဖြစ်သည်။ ခြေထောက်ကြွရာ၌ ကြမ်းပြင်နှင့် အနည်းဆုံးလေးလက်မ ကွာစေရမည်။ ဒူးကို ရှေ့သို့ထုတ်၍ အားယူပါ။ ခြေကို နောက်ပစ်၍ ပြေးဟန်မဖြစ်သင့်။

**လေ့ကျင့်ခန်း ၂**

ခြေစုံရပ်၊ လက်ဘေးကပ်။


(က) လက်ကိုခေါင်းပေါ်မြှောက်၊ လက်ဝါးချင်းရိုက်၊ တချိန်တည်းမှာပင် ကိုယ်ကိုမြှောက်ခုန်၍ ခြေနှစ်ဖက်ကို ၁၄ လက်မခန့် ချဲ၍ပြန်ချ။

(ခ) ကိုယ်ကိုမြှောက်၍ ခုန်၊ ခြေကိုပြန်စု၊ တချိန်တည်းမှာပင် မြှောက်ထားသောလက်ကို ပြန်ချ။ အပြန်ပြန်အလှန်လှန်လုပ်ပါ (ရှစ်)ကြိမ်။




## စာပျောက်ရေးနည်း





ရှောက်သီးကို ခွဲစိတ်၍ ခွက်တခုဖြင့် အရည်ညှစ်ယူပါ။ ထို့နောက် ကလောင်သွားသန့်သန့်ဖြင့် တို့ကာ စာရွက်ပေါ်၌ ရေးလိုရာ ရေးပါ။ အခြောက်ခံထားလိုက်လျှင် စာများ ပျောက်သွားလိမ့်မည်။ ဖတ်လိုသောအခါ စာရွက်ကို မီးပူဖြင့် ၁၀ စက္ကန့်မျှ ဖိထားပါ။ သို့မဟုတ် ထမင်းအိုးဖုံး အပူပေါ်၌ တင်၍ ဖိထားပါ။ စာများ ပြန်ပေါ်လာပါလိမ့်မည်။





# အရုပ်ကလေးတို့ဒါမေမေ

မြေရိုး



"အောင်မလေး ... ဘသူလဲ ဟ"

ဖိုးဝရုပ်ကလေးက အလန့်တကြား အော်လိုက်သည်။

"ကျနော်ပါဗျာ၊ ဘဲရုပ်ကလေးပါ"

ဘဲရုပ်ကလေးက ဝမ်းနည်းစွာဖြင့် ပြန်ပြောသည်။

သူတို့နှစ်ဦးသည် အမှိုက်ပုံးထဲသို့ ရှေ့ဆင့်နောက်ဆင့် ဆိုသလို ရောက်ရှိလာကြသည်။

"နေပါအုံး ခင်ဗျားက ဘာပြုလို့ ဒီအမှိုက်ပုံးထဲ ရောက်နေရတာလဲ"

ဘဲရုပ် ကလေးက ဖိုးဝရုပ်ကလေးကို မေးသည်။

"ပြောတောင် မပြောချင်ပါဘူးကွာ။ ဟိုသစ်ပင်အောက်မှာ ကစားနေတဲ့ ကောင်မလေးကို တွေ့တယ်မဟုတ်လား"

"ဘယ်ကောင်မလေးလဲဗျ"

"ထမီအဝါလေးနဲ့ဟာကွာ။ သူပေါ့ကွ၊ သိပ်ကြမ်းတမ်း ရက်စက်တဲ့ မိန်းခလေး။ စည်းကမ်းလဲမရှိဘူး"

"ဆိုစမ်းပါအုံး"

"သူ့ဆီကို ဟို တနေ့ကမှ ရောက်ပါတယ်။ သူ့ဆီ မရောက်ခင်တုန်းက ကျုပ် ဟာ ဆိုင်တဆိုင်မှာပေါ့။ သူ့ဆီလဲရောက်ရော၊ ပထမတော့ သူကျုပ်နဲ့ ကစားတယ်။ နောက် ကျုပ်ကို ကိုင်ပေါက်တယ်။ ညကျတော့ ပစ်ထားတယ်။ စိတ်ဆိုးလို့ ကိုင်ပေါက်လိုက်တာ မနေ့က ကျုပ် ခေါင်းမှာနဲ့ပြဲသွားတယ်။ အဲဒါ ကျုပ်ကို မလိုချင်တော့ဘူး ဆိုပြီး အမှိုက်ပုံးထဲ ပစ်သွားတော့ တာပါဘဲ"

"ဒီလိုဆို ခင်ဗျားနဲ့ ကျနော် ဟာ ဘာဝတူပါဘဲဗျာ"

ဘဲရုပ်ကလေးက ပြန်ပြောသည်။

"ကောင်ကလေးတယောက် အိမ်ကို ကျနော်ရောက်သွားတာ သုံးရက်ဘဲ ရှိပါသေးတယ်။ သူလဲဒီလိုပါဘဲ၊ စည်းကမ်းမရှိဘူး။ ကျနော့်ကိုကစားပြီးယင် မိုးရေထဲပစ်ထားတာပေါ့။ ကြာတော့ ကျနော့်ကိုယ်တွေသဲစားပြီး ပွန်းပဲ့ကုန်တော့ အမှိုက်ပုံးထဲ လာပစ်တာပါဘဲ"

"တကယ်ဆိုယင် ကျုပ်တို့ကို ကစားလို့ရပါသေးတယ်"

ဖိုးဝရုပ်က မကျေမနပ်နှင့် ပြောလိုက်သည်။

သူတို့သည် နံစော်လှသော အနံ့များကြောင့် မူးဝေ၍နေကြသည်။ သူတို့ကိုယ် မှာလည်း ညစ်ပတ် နေလေသည်။ သူတို့သည် မကြာမီ အမှိုက်ကားကြီးနှင့် ဝေးလံသော အရပ်သို့ ပါသွားရမည်ကို ဝမ်းနည်းနေကြသည်။

× × × ×

ထိုနေ့သည် ကြည်လင် သာယာသော နေ့တနေ့ပင် ဖြစ်သည်။ သို့သော် ဝေဝေ၏ မျက်နှာမှာ ညှိုးမှိုင်းနေသည်။

"သမီးရယ်-ပိုက်ဆံမရှိလို့ မဝယ်ပါနဲ့အုံး။ လကုန်တော့ ဖေဖေ လခထုတ်ယင် သမီးဖို့ အရုပ်ကလေးတွေ ဝယ်ပေးပါ့မယ်"

သူသည် ဟိုလွန်ခဲ့သည့်နေ့က မေမေနှင့် ဈေးလိုက်သွား

စဉ် အရုပ်ကလေးများကို ဝယ် ပေးရန် ပူဆာခဲ့သည်။ မေမေက ဝယ်မပေးခဲ့ပေ။ သူသည် အရုပ် ကလေးများကို သိပ်လိုချင်နေ သည်။ သူ့မျက်စိထဲတွင် အရုပ် ကလေးများကိုပဲ မြင်ယောင်နေ တော့သည်။ သူ့ခြေလှမ်းများကို မလှမ်းချင် လှမ်းချင်နှင့် လှမ်း လာသည်။

"ဟယ်– အရုပ်ကလေးတွေ ပါလား"

ဝေဝေက ရုတ်တရက် အော် လိုက်သည်။ သူအလွန် ဝမ်းသာ သွားသည်။ ဖိုးဝရုပ်နှင့် ဘဲရုပ် ကလေးကို ကောက်ယူ လိုက် သည်။ ထို့နောက် အိမ်သို့ လျင် မြန်စွာ ပြေးသွားသည်။

ဖိုးဝရုပ်နှင့် ဘဲရုပ်ကလေးမှာ အံ့ဩစွာဖြင့် လိုက်ပါ သွားရ သည်။

ဝေဝေသည် အိမ်ရောက် သော် အရုပ်ကလေးများကို ရေ ချိုးပေးသည်။ ပြဲနေသည့် နေ ရာများကို ဖာထေးသည်။

"မေမေရေ-သမီးကို အရုပ် ဝယ်မပေးနဲ့တော့။ သမီး ဒီမှာ အရုပ်ကလေးတွေ ရနေပြီ"

"ဟော့ - ဒီကောင်မ လေးက သိပ် ချစ်စရာ ကောင်းတာဘဲ နော်"

ဖိုးဝရုပ် ကလေးက ပြော သည်။


"ဟုတ်တယ်။ ကျနော်တို့ ကို ကြင်လဲကြင်နာတယ်၊ ရိုလဲ ရိုသေတယ်၊ စည်းကမ်းလဲ ရှိ တယ်"

ဘဲရုပ်ကလေးက ထောက်ခံ လိုက်သည်။

ဖိုးဝရုပ်ကလေးနှင့် ဘဲရုပ် ကလေးတို့မှာ အလွန် ပျော်ရွှင် လျက်ရှိ၏။

ထို့နောက် ဝေဝေ၊ ဖိုးဝရုပ် နှင့် ဘဲရုပ်ကလေးတို့သည် အ တူတကွ ပျော်ပျော်ရွှင်ရွှင် က စားနေကြလေသတည်း။






# လတပေါင်း

မြူးမြူးကြွကြွ အိုးစည်သံ
ဆိုကြတီးကြ ကျက်ကျက်ညံ။
ခုန်ပျံကလို့ ပျော်ပျော်နွဲ
သပုံစေတီ ပူဇော်ပွဲ။

ထူးကဲဝေစီ သရဖီ
ဖူးကြွပွင့်ကြ မိန်ရာသီ။
ထိန်ဝါညီစွ တပေါင်းလ
လေရူးသုန်လို့ မြူမှုန်ထ။
အေးကြည်မြတဲ့ ဥဩသံ
တောမြိုင်စွန်းက
လွမ်းအောင့်ဖန်။
ပန်းချီဆံတဲ့ မိုးပြာအောက်
ရွက်ဟောင်းကြွေလို့
ပူရှိန်တောက်။
အများသောက်တဲ့ ရေအိုးစင်
လုပ်အားပေးလို့လှူဒါန်းလျှင်။
အမှန်ပင် ကျိုးဆယ်မျိုး
မတောင်းပဲနှင့် ပြည့်စုံဖြိုး။

ဗန္ဓုရဝင်း




# မျောက်လွှဲကျော်

မျောက်ဝံမျိုးတွင် အသေးငယ်ဆုံး ဖြစ်သည်။ နောက်ခြေနှစ်ချောင်းနှင့် လူကဲ့သို့မတ်တတ်ရပ်နိုင်ပြီး လမ်းလျှောက်နိုင်သည်။ အမြီးမရှိပေ။ အရပ်အမြင့် နှစ်ပေခွဲမှ သုံးပေနီးပါးထိ ရှိသည်။ ကိုယ်အလေးချိန်မှာ ၁၂ ပေါင်ခန့် အထိသာ ရှိသည်။ မျက်နှာတွင် အမွေးဖြူများ ရစ်လျက်ရှိပြီး လက်တွင် လက်ကောက်ဝတ်အထိ၊ ခြေတွင် ခြေကျင်းဝတ်အထိ အမွေးဖြူများ ပေါက်နေသည်။ အထီး၏ အရောင်သည် မည်း၍ အမ၏ အရောင်သည် ဝါရောင်သန်းသော အညိုဖျော့ ဖြစ်သည်။

ရေသောက်ချိန်တွင်သာ အောက်သို့ဆင်း၍ ကျန်အချိန်များတွင် သစ်ပင်ပေါ်၌ နေသည်။ လက်များမှာ ရှည်လျားပြီး သန်မာသည်။ သစ်ပင်တပင်မှ တပင်သို့၊ တကိုင်းမှတကိုင်းသို့ လွှဲ၍လွှဲ၍ ခုန်သွားလေ့ရှိသည်။ ပေ ၄၀ အဝေးအထိ လွှဲခုန်နိုင်သည်။ မြေပြင်တွင် လျင်မြန်စွာ မပြေးနိုင်ပေ။ ရေကူးလည်း မကျွမ်းကျင်လှပေ။

အေးသောရာသီတွင် သားပေါက်သည်။ တကြိမ်လျှင် တသားသာ ပေါက်ဖွားပြီး သားငယ်သည် မိခင်နှင့်အတူ ခုနစ်လခန့်အထိ နေထိုင်သည်။ သုံးကောင်မှ ငါးကောင်အထိ အုပ်ဖွဲ့နေလေ့ရှိသည်။ အုပ်စုလိုက် ကျက်စားရင်း တခါတရံ တိုက်ခိုက်လေ့ရှိသည်။ သင့်မြတ်စွာ အတူနေသည့်အခါလည်း ရှိသည်။ နံနက်ပိုင်းနှင့် ညနေပိုင်းများတွင် ဆူဆူညံညံ အသံပြုနေတတ်သည်။ အန္တရာယ်မြင်ပါက သတိပေးသံများ ပြုတတ်သည်။



အသီးအရွက်ကိုသာ အဓိက စားသော်လည်း ပင့်ကူများနှင့် အခြား ပိုးမွှားများကိုလည်းစားတတ်သည်။

ရွက်ထူတောများတွင် အနေများသည်။ ပေ ၅,၀၀၀ ကျော် အမြင့်အထိ ကျက်စားလေ့ရှိသည်။

မြန်မာနိုင်ငံတွင် တနင်္သာရီတိုင်း၊ ရှမ်းပြည်မြောက်ပိုင်း၊ အနောက်ရိုးမတို့တွင် အများအပြား တွေ့ရသည်။

ရဲမြင့်



ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ – ၃။ အမှတ် – ၁၂။

# ရွှေသွေး ဂျာနယ်

## အရိုင်းကို ယဉ်စေခဲ့သည်


ပန်းချီ – ဦးဘကြည်
ဇါတ်လမ်း – စန္ဒာဖြင့်

၁၃၃၂ ခု၊ တပေါင်းလဆုတ် ၉ ရက် (၂၀-၃-၇၁)





စနေနေ့တိုင်း ထုတ်ဝေသည်။


ရှိသမျှ ထုခွဲ ရောင်းချ စားသောက်၍ ကုန်လေသော် မည်သို့ ကြံရမည် မသိ ဖြစ်နေကြစဉ် တနေ့၌....
ဒုံ
ဒုံ
ဒုံ
လာကြဟေ့.... သူကြီး အိမ်က မောင်းထုတယ် လူတွေ စိတ်ညစ်နေကြရတဲ့ အထဲ - ဘာများ ကိစ္စထူးပြန်လဲမသိ ဘူး —
ခုလို မောင်းထုပြီး လူစုတဲ့ ခေါ်ရတာကတော့ - နို့ရွာမှာ တဖြည်းဖြည်းနဲ့ ဆင်းရဲလာတာတွေ ရတယ်။ ဒီတော့ ဒီဘေးဆိုး ကိုဘယ်လို လွတ်အောင် ရုန်းကန် ထွက်ရမယ် ဆိုတာ တိုင်ပင်ကြဖို့ပါဘဲ။
အို... ငါ ဖမ်းလို့ရယင် ငွေဖြစ်တော့ဘဲ။ ရေရှိယင် ငါးရှိသတဲ့ — ဒီတော့ - မြစ် တရလုံးကို ရေခပ်ထုတ် လိုက်ယင် ငါးရမှာပေါ့ —
ငါကတော့ - ဦးရာနတ် ဖမ်းစားတယ် ထင်တာ ဘဲ၊ နတ်ပွဲတင်ယင် ကောင်းမယ်
ဖို့တက်ပြီး မေးရင် ဆရာကောင်းကောင်း နဲ့ ယတြာ ချေပါလား
ဒီလိုရှိတယ် - ငါးတွေ ဒီမြစ်ထဲ မှာ တုံးသွားတာမျှ။ ဒီတော့ ငါး ရအုံ့ ကြိုးစား တာထက် ---
ဟာ - ဒို့မေဒါကလဲဗျာ - ငါးရမှဖြစ်မှာဗျ။ အရေးထဲ ခင်ဗျားက ဘာလေဝင်ရှုပ်နေတာလဲ - - -
အသကါး - ငါးလဲ ဖမ်းဘူးတာ မဟုတ်ဘဲနဲ့ ဝင်မပြောနဲ့
သူက ဒီရွာသား မှ မဟုတ်ဘဲ - ငါးများများရတဲ့ ကျေးရွာ ဘယ်သိမှာလဲ
သို့ဖြင့် တယောက်တပေါက် ပြောရင်း —


တနေကုန်သွားပြီး အဖြေမရပဲ အိမ်ပြန်ကြရ၏။
တနေ့တွင် ဦးအေးသည် ငါးရလိုရငြား သွားမျှားပြီး ငါးမရ၍ စိတ်ပျက်ပျက်နှင့် ပြန်လာစဉ် ခရီးသွား ရဟန်းတပါး တွေ့သဖြင့် –
အဖြေရလျှင် ဝမ်းသာလှ၍ သူကြီးထံ အပြေးသွားပြော၏။
သူကြီးက ပြန်မေးရာ –
ထိုအခိုက်ရွာသားအချို့ ရောက်လာပြီး ဦးအေးသတင်း နားထောင်နေကြရာမှ –
အကြံဥာဏ် ပေးကြ၏။
ဟုတ်လိုဟုတ်ငြား စမ်းသပ်မွေးမြူကြည့်ရာ –
မအောင်မြင်ကြချေ။
တဖန် တယောက်က –


တို့ကြောင့် ယဉ်ယဉ်ကျေးကျေး နေကြည့်သော်လည်း အချည်းနှီးပင်ဖြစ်၍ သူကြီးက –
ဦးမေဒါထံ ချဉ်းကပ်၍မေးမြန်းရာ –
အရိုင်းကိုယဉ်မစနိုင်ပြီးစီးပွားရေး တိုးတက်သဖြင့် တရွာလုံး ပျော်ရွှင်စွာ နေထိုင်ကြကုန်သတည်း။


ပန်း
လက်ဆောင်
ရေး/မြေရိုင်း
ဆွဲ★
ကာတွန်း
မောင်မောင်သက်
သားတို့ဆရာမဖို့ဟာတွေကို ဂရုစိုက်နှားထောင်ကြ-နော်
ဟုတ်ကဲ့မေမေ
တိုးတိုးနှင့် စိုးစိုး ညီအစ်ကိုသည် သုံးတန်းအောင်ကြ၍ အရှေ့ရွာရှိ ကျောင်းသစ်ကြီးသို့ ကျောင်းပြောင်းတက်ရန် သွားကြသည်။
အကိုတိုး ဆရာမကို နေ့တိုင်းခြံထဲက ပန်းတွေခူးသွား ပေးမယ်.
ငါလဲခူးသွား ပေးမှာပေါ့
ကျောင်းသွားရမှာ ပျော်တယ်×× ငှက်ကလေး တွေရယ်×× လိုက်မလါး ဟယ်- ဒို့နဲ့တူတူကွယ်..
ညီအစ်ကိုနှစ်ယောက် အလွန်ပျော်နေကြသည်။
ပန်းကလေးတွေလှလိုက် တာဘာလုပ်ဖို့လဲ
ဆရာမကို ပေးမလို့ပေါ့.
ရွာအပြင်ရောက်သော် –
ပန်းကလှလို့အားလှလိုက်လဲ နဲ့နဲ့ပန်းဖို့ပေးပါလား တိုးတိုးရယ်.
ဘာလို့ပေးရမှာလဲဟ ဒါတို့ ဆရာမကိုပေးဖို့ခူးလာတာ.
နဲ့နဲ့ပါဟာ


ရော့ နဲနဲယူ
ကျေးဇူးတင်ပါတယ် ဟယ်
ထိုအခါ စိုးစိုးက ပန်းအချို့ကို ခွဲပေးလိုက်သည်။
အေးလှသည် ပန်းရရှိ၍ ဝမ်းသာပြီး စိုးစိုးနှင့်အတူ လမ်းလျှောက်လိုက်လာသည်။
ပန်းတွေလှလိုက်တာ ဘာလုပ်ဖို့လဲ-ကွ
ဆရာမအတွက်ခူးလာတာ
ဒို့ကိုနဲနဲခွဲပေးပါလား-ပထမဆုံးနေ့မို့ ဒို့လဲဆရာမကို ပန်းလက်ဆောင်ပေးချင်လို့
ရော့-များများတော့မရဘူး နဲနဲစီ ယူကြဟေ့-
ကျေးဇူးတင်ပါတယ်ကွာ.
ငါ့နာမယ်သံချောင်း၊ သူကဖိုးအောင်၊ ခင့်နာမယ်ကော ဘယ်လိုခေါ်လဲ-
စိုးစိုးလို့ခေါ်တယ်



နို့တခေါ့သူငယ်ချင်းအဖြစ်နဲ့အတူ ကစားရအောင် - နော်
အော: - ဝမ်းသာလိုက်တာကွာ
တိုးတိုးကသူ့ပန်းတွေကိုဘယ်သူ့မှမပေးဘူး
စိုးစိုးကသဘော ကောင်းတယ်နော်
စိုးစိုး ပန်းတွေတော့ ကုန်တော့မယ်
ဟော့-စိုးစိုး မင်းပန်းတွေသူများကိုဝေပေး တော့ ဆရာမကိုပေးဖို့ နည်းနည်းလေးကျန် တော့တယ်၊ ငါ့မှာကြည့်စမ်း အများကြီးဘဲ
ဆရာမပေးဖို့ပန်းတွေ နည်းသွားပေမဲ့၊ သူငယ်ချင်း တွေတော့အများကြီးရတာပေါ့
ထို့နောက် စိုးစိုး၊ အေးလှ၊ သံချောင်း၊ မိုးအောင်တို့ သည် ကျောင်းဝင်းထဲသို့ ပျော်ရွှင်စွာ ပြေးဝင်သွားကြ လေ၏။



# အကြီးဆုံး

ရေး ကျော်ညီဖွေး

**အာဖရိကဆင်**

ကုန်းနေသတ္တဝါတို့တွင် အကြီးဆုံး ဖြစ် သည်။ မွေးစ တွင် ပေါင် ၁၇၀ မှ ၂၀၀ ခန့်အထိ အလေးချိန် ရှိ သည်။ အလွန် မှတ်ဉာဏ်ကောင်းသည်။ ကမ္ဘာ့စံချိန် တင်ထားသော အစွယ် တချောင်း မှာ ၂၂၆ ½ ပေါင် အလေးချိန် ရှိသည်။

**ဝေလငါးအပြာမျိုး**

မွေးစဉ်ပင် ခုနစ်တန်ကျော် အလေးချိန်ရှိပြီး အရှည်အားဖြင့် ၂၅ ပေခန့် ရှိနိုင်သည်။ နို့တိုက်မွေးမြူပြီး ကြီးပြင်းလာသောအခါ အလေးချိန် တန် ၈၀ ကျော်ရှိ၍ အရှည်အားဖြင့် ပေ ၁၀၀ ခန့် ရှိနိုင်သည်။

**ကိုဒီယက်ဝက်ဝံ**


မြောက် အမေရိက တိုက်ရှိ အာလာစကာပြည်နယ်တွင်တွေ့ရှိသည်။ ဝင်ရိုးစွန်းဝက်ဝံနှင့် အရွယ်ပမာဏတူညီသည်။ အလေးချိန် ပေါင် ၁၆၀၀ ကျော် ရှိသည်။

**ဂေါ်ရီလာမျောက်ဝံ**

လူနှင့်အတူဆုံး မျောက်ဝံမျိုးဖြစ်သည်။ လူထက်ပင် အရပ်ပိုရှည်သေးသည်။ ခြေချောင်းများတိုပြီး၊ လက်ချောင်းများ ရှည်လျားလှသည်။ အနောက် အာဖရိကတွင် အများ အပြား တွေ့ရသည်။ အလေးချိန် ပေါင် ၂၀၀ ကျော်ရှိသည်။

# သတ္တဝါကြီးများ

သရုပ်ဖော်၊ မြင့်မောင်လွင်



**အာဖရိကခြင်္သေ့**

ကြောင်မျိုးသားစုတွင် အကြီးဆုံးဟု ဆိုရမည်။ အကျော်ကြားဆုံးလည်း ဖြစ်သည်။ အာဖရိကတွင် အများအပြား တွေ့ရသည်။ ကိုယ်အလေးချိန် ပေါင် ၅၀၀ ကျော် ရှိသည်။

**ကြံ့**

အာရှတိုက်တွင် အများအပြား တွေ့ရသည်။ အလွန် အင်အား ကောင်းသော သတ္တဝါဖြစ်သည်။ အန္တရာယ်ပေးတတ်သည်။ မျက်စိမွဲသည့် အတွက် အနီးကိုသာ မြင်သည်ဟု မုဆိုးများက အသိအမှတ် ပြုကြသည်။

**ရေမြင်း**


လူနှင့်ဝေးသော နေရာများတွင် နေသည်။ လှေဖြင့် ခရီးသွားသူများကို ဒုက္ခပေးတတ်သည်။ အရေပြားပေါ်တွင် ကျွဲနွားများကဲ့သို့ အမွေးအမှင်မရှိပေ။ အာဖရိကတိုက်တွင် နေသည်။

**ဝင်ရိုးစွန်းဝက်ဝံ**

အလွန်အေးမြ ရေခဲသည့် အာတိတ် စက်ဝိုင်း ဒေသတွင် အများဆုံး တွေ့ရသည်။ အဖြူရောင် ဖြစ်ပြီး အလေးချိန် ပေါင် ၁၆၀၀ ကျော်ခန့် ရှိကြောင်း မှတ်တမ်းတင်ထားသည်။


ဗိုက်နာတယ်ဆိုလို့မကြွက်ရေး-ငါ့ခွင့်စာ
ကိုဆရာ့ပေး-ပျော်ပွဲစားမလို့လေး
ခွင့်တိုင်စာကိုရသလား-ငါက
တော့မယုံသေး-ဒီညနေမှာ
သွားကြမေး-သူ့အိမ်ကို
သိပြေး...
ရှုရကျော်လို့ခိုင်ချင်ခို-စားလို့ဝါးလို့ကောင်း
သမျှ-နှင်းသိပ်ဒါသိ-အဝစား-ဗိုက်ကြီး
ကားအောင်ပမျှား
အဝစားတဲ့ ရှုရကော်-ဗိုက်နာ
ဖြစ်ပေမျှာ-ဗိုက်ကြီးကိုသိ
မကော်ပြေး-အမေရောကယ်
ပါလေး
ပုဒ္ဒိရာ-ဗိုက်နာပြီ
သရာဝန်ခေါ်
ပုဒ္ဒိရဲ့ခွင့်တိုင်စာ-ဖတ်ပါပြီကော်မျှာ-
ဆရာဝန်ကိုခေါ်ကော်ထား-ဗိုက်နာတာပ
အမှန်မျှား...


လူဆိုက်
ကျွန်တော်သည် ကျောင်းမတက်ဘဲ မြို့ထဲသို့ ထွက်ခဲ့ပြီး ဖောင်တိန်ရောင်းပြီးသော်....
မုံ့များကို အဝအပြဲ ဝယ်စားကာ ရုပ်ရှင်ကြည့်ပစ်သည်။
မိုးချုပ်၍ ကျွန်တော် အိပ်ပျော်သွားရာ....
ဟေ့ကောင် ထစမ်း
ဟာ
ငါဟာ မင်းဖေဖေရဲ့ လုပ်အားနဲ့ ရင်းတီးရတယ်ဆိုတာ မင်းသိတယ် မှတ်လား
ဟုတ် ဟုတ်ကဲ့
အေး သိရက်နဲ့ မင်း ငါ့ကို အလွဲသုံးစား လုပ်ပစ်လိုက်တာဟာ မင်းဖေဖေရဲ့ လုပ်အားကို ခေါင်းစားတာနဲ့ အတူတူဘဲ.. မင်း လူဆိုက် လူဆိုက်
ကျွန်တော်လန့်နိုးလာပြီး ဖောင်တိန်ကြီး ပြောသွားသော စကားများမှာ ကျွန်တော် နားထဲက မထွက်တော့ပါ။


ဒီလိုကစားနည်း
ရွှေစင်ညွှန့် ရေးဆွဲသည်-
ဟော့တို့နီ၊တို့ထမင်းအိုး တယ်တမ်းကစားရအောင်
အေးမင်း မီးခြစ်ယူ ခဲ့ပါ ထင်းယူခဲ့မယ်-
မီးတွဲအောင်ထင်းကို ရေနံဆီနဲ့လောင်းကွ-
ထို့နောက်-
ဟာ ဘေးက အမှိုက်ပုံကြီး မီးလောင်နေပြီ
မကြာမီ လူကြီးများမြင်၍ ပြေးလိုက်လာပြီး သတ်ကြသည်။
ဒီလိုဒုက္ခရောက်စေမဲ့ကစားနည်းမျိုး မလုပ်ရဘူး၊ တရပ်ကွက်လုံးလောင် သွားမယ်ဘယ် လိုလုပ်မလဲ-

# ကိုယ်လက်လှုပ်ရှား



## ၁၂။ မှန်ကန်သော ကိုယ်နေဟန်ထား

ကိုယ်နေဟန်ထား မမှန်ကန်မှုကြောင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ညောင်းညာကိုက်ခဲလာနိုင်သည်။ ကိုယ်တွင်း၌ အဆိပ်အတောက်များအောင်းနေနိုင်သည်။ လက်ပြင် ကုန်းခြင်း၊ ခါးရှုံ့ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မှန်ကန်စွာရပ်နည်း။ ဒူးပေါ်တွင် အားပြု၍ရပ်ခြင်းကို ရှောင်ပါ။ ကိုယ်အလေးချိန်ကို ခြေနှစ်ဖက်ပေါ်တွင် အညီအမျှထား၍ မတ်မတ်ရပ်ပါ။ ဝမ်းဗိုက်ကြောကိုရှပ်၍ ရင်ကိုပင့်ထားပါ။ ခါးကိုဆန့်ထားပါ။ ပခုံးနှစ်ဖက် စန့်စန့်ထား၍ ခေါင်းကို တည့်မတ်စွာထောင်ထားပါ။

မှန်ကန်စွာ လျှောက်နည်း။ မှန်ကန်စွာရပ်သော အနေအထားအတိုင်း ပုံဟန်မပျက်စေပဲ လျှောက်ပါ။ ခြေဖဝါးကို ရှေ့တည့်တည့်သို့ ကျအောင် ချပါ။

မှန်ကန်စွာ ထိုင်နည်း။ ကုလားထိုင် နောက်မှီနှင့် ကျောပြင် အပေါ်ပိုင်းကို ထိကပ်ထားပါ။ ခါးကိုဆန့်၍ ဝမ်းပြင်ကြောကို ရှုံ့သွင်းထားပါ။


လေ့ကျင့်ခန်း





(က) ကြမ်းပြင်ပေါ်တွင် ဒူးကွေး၍ထိုင်၊ ခြေဖဝါးနှင့် ကြမ်းပြင် ထိ၍ထား၊ လက်နှစ်ဖက်ကို ဒူးပေါ်တွင် ယှက်၍ထား၊ ခေါင်းကို ရှေ့သို့ ငိုက်ချထား၊ အကြောများ လျှော့ထား။

(ခ) ကိုယ်ကို ပြန်မတ်၊ ဝမ်းဗိုက်ကြောကို ရှုံ့သွင်း၍ ခေါင်းကို တည့်မတ်စွာထား။ အပြန်အလှန်လုပ်။

## လျှပ်တပြက် တံဆိပ်တုံး




၁။ အာလူးကြီးကြီးတလုံးကို ထက်ခြမ်းခြမ်းပါ။
၂။ ရေးလိုသောစာ(သို့မဟုတ်)ပုံကို ပြောင်းပြန်ပုံကြမ်းလောင်းပါ။
၃။ ထားချွန်ပါးပါးထက်ထက်ဖြင့် ပုံကြမ်းမျဉ်းများကို ⅓ လက်မနက်အောင်ခွဲပါ။
၄။ မလိုသော ဘေးသားများကို လှီးထုတ်ပါ။
၅။ လိုအပ်သောစာ(သို့မဟုတ်)ပုံသည် ဖောင်းကြွ၍ ကျန်ခဲ့ပါလိမ့်မည်။



# မမှုဖတော့ပါ

မောင်သင်းချို

ကျွန်တော်သည် လွယ်အိတ်ကို စားပွဲပေါ် သို့ ဘုန်းကနဲ ပစ်ချလိုက်ပါသည်။ ကျွန်တော့်မှာ လွယ်အိတ်ကို သူနေရာ သို့ပင် မချိတ်အားပါ။အဘယ်ကြောင့် ဆိုသော် ကျွန်တော့်တွင်အရေးကြီးသော ကိစ္စတခု ရှိသောကြောင့် ဖြစ်ပါသည်။ ယင်းကိစ္စကား အခြားမဟုတ်ပါ။စွန်လွှတ်ရန် ဖြစ်ပါသည်။ ကျွန်တော့်သူငယ်ချင်းများ ဖြစ်သော မောင်တာနှင့် နီတွတ်တို့ လမ်းဘေးတွင် စွန်ကိုယ်စီလွှတ်နေသည်ကို တွေ့ခဲ့ပါသည်။ ကျွန်တော်သည် ထရံတွင်ချိတ်ထားသော စွန်ကို ဖြုတ်ယူလိုက် ပါသည်။ ကျွန်တော့်သေတ္တာဘေးတွင် ချထားသော မှန်စာကြိုး ရစ် လုံး ကိုလည်း ယူလိုက် ပါသည်။ ထို့နောက် အိမ်ပေါ်မှ တဒုန်းဒုန်း ပြေးဆင်းကာ လမ်းမ ပေါ် သို့ ထွက်ခဲ့ပါသည်။

မောင်တာတို့ ကျနေ့ဘ်ကို စောင့်နေကြပါသည်။

"ဟော့ကောင်တွေ ဘယ်နှစ်ကောင် နိုင်ပလဲ"ဟု ကျွန်တော်က မေးလိုက်သည်။

"ငါတော့တကောင်ဘဲဖြတ်နိုင်တယ်"ဟု မောင်တာက ဖြေပါသည်။

နီတွတ်ကမူ ရှုံ့မဲ့ကာ "ငါတော့ မနိုင်တဲ့အပြင် နှစ်ကောင်တောင် အဖြတ်ခံရတယ်။ တွေ့လား – ဟိုမှာ ထိပ်နီ။ အဲဒီအကောင်ပေါ့ ဒီစွန်တွေထဲမှာ ဗိုလ်စွဲနေတာ။ ငါ့ စွန်တွေလဲ အဲဒီထိပ်နီဘဲ ဖြတ်ပစ်တာပေါ့" ဟု ဖြေပါသည်။

ဟုတ်ပါသည်။ ထိပ်နီ တကောင်သာ ကောင်းကင်တွင် လေနှင့်မိကာ ငြိမ်နေပါသည်။ ထိပ်နီကို ကျွန်တော်မခံချင်ပါ။ ကျွန်တော့် သူငယ်ချင်း၏ စွန်များကို ဖြတ်ပစ်သည် ဆိုသဖြင့် ပို၍ မခံချင် ဖြစ်မိပါသည်။ ထို့ကြောင့် ကျွန်တော်သည် ထိပ်နီကို ဖြတ်ပစ်မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

ထို့ကြောင့် ကျွန်တော့်စွန်ကို ထုတ်ကာ စ လွှတ်ပါသည်။ ကျွန်တော့်စွန်မှာ အပြာကျားဖြစ်ပါသည်။ ဤစွန်ဖြင့် ကျွန်တော်သည် အခြားစွန်များစွာကို အနိုင်ရခဲ့ဘူးပါသည်။ ထို့ကြောင့် ပြာကျားကိုကျွန်တော် အလွန် ချစ်ပါသည်။

ပြာကျားသည် မကြာမီ ကောင်းကင်သို့ ထိုးတက်သွားပြီး ထိပ်နီနှင့် ယှဉ်နေပါသည်။ ကျွန်တော်သည် ထိပ်နီကို ဖြတ်ပစ်ရန် ကြိုးစားပါသည်။ ပထမဆုံး ထိပ်နီကို မျှားယူပါသည်။ ထိပ်နီအနီးသို့ ကပ် လာသော အခါမှ ထိပ်နီကို ပူးကပ်ကာ ဖြတ်လိုက်ပါသည်။

သို့သော် ကျွန်တော် ထင်သကဲ့သို့ ဖြစ်မလာပါ။ ထိပ်နီသည် အရှောင် ကောင်းသွားပါသည်။သူကပြန်၍ ကျွန်တော့်ကို ဖြတ်ရန် ပြင်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် ခပ်ဝေးဝေးမှနေကာ ထိပ်နီအလစ်တွင် ထိပ်နီနှင့် ပူးကပ်လိုက်ပြန်သည်။ သို့သော် ထိပ်နီသည် အလစ်မပေးပါ။ ကျွန်တော့်စွန် အနီး ကပ်လာသည်နှင့် တပြိုင်

နက် ကျွန်တော်က မဖြတ်ရခင်မှာ သူက ဦးအောင် ဆွဲဖြတ်လိုက်ပါသည်။

"ဟော – မြားကျား လန်သွားပြီဟေ့ – လန်သွားပြီ" ဟူသော ကလေးများ အော်သံနှင့် အတူ ကျွန်တော့်စွန် ပြတ်ကျသွားပါသည်။ ကျွန်တော့်စိတ်မှာ ပို၍ မခံချင်ဖြစ်လာပါသည်။ ထို့ကြောင့် နောက်ထပ် အမြားကျား စွန်တကောင်ဝယ်ကာ ထပ်၍လွှတ်မိပါသည်။

ကျွန်တော် နောက်ထပ် စွန်တကောင် လွှတ်နေစဉ် ကျွန်တော့်အနားသို့ ကောင်လေးနှစ်ယောက် လာရပ်ပါသည်။ တယောက်မှာ ကျွန်တော်နှင့်ရွယ်တူ ဖြစ်၍ ကျန် တယောက်မှာ ကျွန်တော့်ထက် ငယ်ပုံ ရပါသည်။ သူတို့နှစ်ဦးလုံး လက်ထဲတွင် လက်ဆွဲခြင်း ကိုယ်စီ ဆွဲထားပါသည်။ လက်ဆွဲခြင်းထဲတွင် မြေပဲဆားလှော် ထုပ်များ ရှိပါသည်။ ဈေးသည်ကလေးများ ဖြစ်ကြဟန် တူပါသည်။ အငယ်ကောင်လေးသည် ကျွန်တော်တို့လွှတ်နေသော စွန်များကို ကြည့်ကာ အားကျနေဟန် တူပါသည်။ အကြီးကောင်လေးမှာ စိတ်ဝင်စားပုံမရပါ။ ကျွန်တော်လည်း သူတို့နှစ်ဦးအပေါ် စိတ်ဝင်စားသဖြင့် ရပ်စိုက်နေမိပါသည်။

ထိုအခိုက် အငယ်ကောင်လေးက ကျွန်တော်တို့ စွန်များကို ကြည့်ရင်း –

"အကို – ကျွန်တော် တို့လဲ စွန်ကကောင်လောက် ဝယ်သွားရအောင်" ဟု ပြောပါသည်။

အကြီးကောင်လေးကမူ –

"ဘာလုပ်ဖို့လဲကွ။ ဒို့မှာ စွန်လွှတ်ဖို့အချိန်မှမရှိဘဲ။ သူတို့သာ အားလို့လွှတ်နိုင်တာ။ ပြီးတော့ သူတို့က ပိုက်ဆံရှိကိုင်းဒီပိုက်ဆံတွေကို အလကားလွှင့်ပစ်နေတာ။ ဒို့မှာက ငါးပြားဆယ်ပြားရဖို့ ခြေ တို အောင်လျှောက်ပြီး ပါးစပ် ပေါက်အောင် အော်နေရတာ။ အလကား ပိုက်ဆံ မဖြုန်းချင်ပါနဲ့။ လာလာ ဟိုမှာ ကားရပ်နေပြီ၊ သွားရောင်းရအောင်" ဟု ပြောရင်း ခေါ်သွားပါသည်။

ကျွန်တော်သည် ကျွန်တော့်ကိုယ်ကို ကျွန်တော် ရှက်မိပါသည်။ နောင်တလည်း ရမိပါသည်။ မှန်ပါသည်။ ကျွန်တော်သည် အလကားရတိုင်း ငါးပြားဆယ်ပြားကို နေ့စဉ် လွှင့်ပစ်နေသူ ဖြစ်ပါသည်။ ဈေးသည်ကလေး နှစ်ဦးကို ကျွန်တော် ကျေးဇူးတင်မိပါသည်။ ကျွန်တော်၏ ဆရာများ ဟုပင်ခေါ်ချင်ပါသည်။ ကျွန်တော်သည် ကျွန်တော့်စွန်ကို ပြန်ရုပ်လိုက်ပါသည်။ ထို့နောက် ဈေးသည်ကလေး နှစ်ဦး ပြောသွားသော စကားများကို ကြားယောင်ရင်း အိမ်သို့ ပြန်လာခဲ့ပါသည်။ ထိုစကားများကို ကျွန်တော် ဘယ်အခါမှ မေ့တော့မည်မဟုတ်ပါ။

× × ×

## မီးသတ်ပြို

နွေဦးပေါက်လို့ တောင်လေလာ
မီးကိုကြောက်ရပါ။

မြို့ရွာတိုင်းကို သူဖျက်ဆီး
ရန်သူကြီးကွဲ့ "မီး"။

မီးမလောင်ခင် တားဆီးမယ်
မီးဘေးအန္တရာယ်။


မီးပွားငယ်ငယ် မောင်မဆော့
ငြိမ်းသတ်လိုက်မှာပေါ့။

မီးပေါ်ဆလို့ လောင်ကျွမ်းယင်
ကုန်လိမ့်ဘက်ကက်စင်။

ဥာဏ်အမြင်နဲ့ ရှေ့တွေးဆရှု
မီးကိုသတ်ပြို။ ။

အောင်စည်(ချောက်)





# စိုင်

စိုင်ကို တောနွားဟု ခေါ်နိုင်သည်။ ကိုယ်ထည်ပုံပန်းမှာ နွားနှင့် ဆင်ဆင်တူသည်။ ကိုယ်ထည်ကြီးမားပြီး တုတ်ခိုင်သော ခြေထောက်များရှိသည်။ ခွါမှာ ကိုယ်ထည်နှင့်နှိုင်းစာလျှင် သေးငယ်နေသည်။ လည်ပင်းမှာ တို၍ တုတ်ခိုင်သည်။ နဖူးပြင် ပြန့်ကားပြီး၊ ဦးချိုနှစ်ချောင်းအကြားတွင် အမွေး လုံးဝ မရှိသော အဝါရောင်အရေပြားပြင် ရှိသည်။ အမသည် အထီးထက် ကိုယ်ထည်သေးပြီး၊ ဦးခေါင်းမှာ သမင်နှင့်တူသည်

အထီးများ၏အရောင်မှာ ကာကီရောင်ဖြစ်သည်။ တခါတရံ အညိုနက်ရောင် အထီးများကို တွေ့ရတတ်သည်။ အမနှင့် သားပေါက် များမှာ ညိုဝါရောင် သို့မဟုတ် အနီဖြော့ဖြော့ ဖြစ်သည်။ မျက်နှာပြင်တွင် ဖြူနေပြီး၊ ခြေထောက်များတွင်လည်း ခြေအိတ်များသဏ္ဍာန် ဒူးဆစ်အထိ ဖြူနေသည်။ စိုင်၏ ဦးချိုမှာ ပြောင်၏ဦးချိုနှင့် ဆင်ဆင်တူသည်။ သို့သော် ဦးချိုပေါက်ပုံချင်း မတူပေ။ ပြောင်၏ ဦးချိုမှာ ဘေးသို့ကား၍ အတွင်းသို့ပြန်ကောက် ဝင်သော်လည်း စိုင်၏ ဦးချိုမှာ တည့်တည့်ပေါက်ပြီး ရှေ့သို့အနည်းငယ်ဝိုက်သည်။

အကြားအမြင်နှင့် အနံ့ခံ ကောင်းသည်။ လူကိုရန်မမူတတ်ပေ။ လမ်းလျှောက် မြန်သည်။ အထိတ်တလန့် ဖြစ်ပါက ထူထပ်သော တောထဲတွင်ပင် လျင်မြန်စွာ ပြေးနိုင်ပြီး ချုံခိုကာ ကိုယ်ရောင်ဖျောက်နေတတ်သည်။ နွားကဲ့သို့ အော်တတ်သည်။ အမြဲ ဆိတ်ငြိမ်စွာ နေတတ်ပြီး၊ အထိတ်တလန့် ဖြစ်လျှင် နှာမှုတ်သံပြုတတ်သည်။

သက်ငယ်နု၊ ဝါးရွက်၊ မျှစ်၊ ပြောင်းစာမြက်၊ လက်ပံပွင့်နှင့် အခြားသစ်ရွက်နုများကို စားသည်။ အငန်ကြိုက်သည်။ မြေညီတွင် အနေများသည်။ သစ်ပင်ချုံနွယ်ပါးသော နေရာများတွင် နေတတ်သည်။ တနေရာတည်းတွင် အတော်ကြာမြင့်စွာ ကျက်စားလေ့ရှိသည်။

ဧပြီလနှင့် မေလများတွင် သားပေါက်များကို တွေ့ရသည်။ တကြိမ်လျှင်တကောင်သာ မွေးဖွားသည်။ တခါတရံမှ နှစ်ကောင် ပေါက်ဖွားတတ်သည်။ ၁၀ ကောင်မှ ၁၅ ကောင်အထိ အုပ်ဖွဲ့နေတတ်သည်။

မြန်မာနိုင်ငံ အနှံ့အပြားတွင် တွေ့ရသည်။

ရဲမြင့်





ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ ၁၁၀၀ ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ−၃။ အမှတ်−၁၃။

တော်လှန်ရေးနေ့
မတ်လ ၂၇ ရက်


# ရွှေသွေး ဂျာနယ်

၁၃၃၂ ခု၊ တန်ခူးလဆန်း ၁ ရက် (၂၇-၃-၇၀)




စနေနေ့တိုင်း ထုတ်ဝေသည်။


သူ့ဖြစ်ပုံက ဒီလိုကွဲ×××
ရဲဘော်တို့ —
အကျယ်ချဲ့ပြီး ရှေ့ရှေ့မပြောချင်ဘူး၊
မဟာ ရန်သူကို သေမှန်း ဆို —
အနီးကပ်ဆုံး ရန်သူကို ရှာပြီး တိုက်ကြ-
- ဒါဘဲ-
၁၉၄၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ယခု တော်လှန်ရေးပန်းခြံရှိတဲ့ နေရာမှာ ဗိုလ်ချုပ်အောင်ဆန်းဟာ ဗမာ့တပ်မတော်ကြီးကို စစ်ထွက်မိန့်ခွန်းပေးခဲ့တယ်။
အောင်ကြာပါ စေ...
တပ်ထွက်အခမ်းအနားပြီးတော့ ရဲဘော်များဟာ ရွှေတိဂုံစေတီတော် မြောက်ဖက်မုတ်ဝ (သွေးဆေးကန်ဖက်) ကို ချီတက်သွားကြတယ်။ လူထုထဲကလဲ အောင်သပြေနဲ့ ဆုတောင်းကြတယ်။
စစ်ဝတ်စုံ ချွတ်ပြီး တော်လှန်ရေး စတင်ခဲ့ပြီးနောက်-
ဟာ - ရှေ့ကျူး တွေ
ပျဉ်းမနားခရိုင် တောတွင်း တနေရာမှာ စောင့်ဆိုင်းနေတုန်း-
ဂျပန်တွေဟာ စားနပ်ရိက္ခာ ခဲယမ်းမီးကျောက်တွေကို ဆင်နဲ့တင်ပြီး တပ်ဆုတ်လာတာကို တွေ့တော့....
အားလုံး အသင့်
ပစ်
မလှမ်း မကမ်းလဲ ရောက်လာရော....



ဒက်
ဒက်
ဒက်
ဒိန်း
ဒိုင်း
ဒိုင်း
ဂျိန်း
ဖက်ဆစ် ဂျပန်တွေ အတုံးအရုန်းကျဆုံး ပြီး ကစဉ့် ကလျား ထွက်ပြေးကြတယ်။
ငပုတွေ ဒီနေရာက ဖြတ်ပြီး စစ်တောင်းမြစ် ကိုသွားရမယ်။ မဟာ မိတ်တွေ က ဒီဘက်က ဖြစ်မယ်
ဟုတ်တယ် မိုလ်မှူး-ဒီနေရာ က တိုက်ယင် အကောင်းဆုံးဘဲ
နောက်တနေ့
ဟော ဟိုမှာ မဟာမိတ်တပ် တွေတောင်လာနေပြီ....
သူတို့လမ်း သူတို့သွားပါစေ ဒါမှ ယူဂျူးတွေကို ဒို့ယျား ယျား တိုက် ရမှာ ဟား ဟား
ဒက်
ဒက်
ဒက်
ဒက်
တင့်ကားကြီးဟာ တဖြည်းဖြည်းနဲ့ အနား ရောက်လာပြီး ပြောက်ကျားတပ်ကို ပစ်သတဲ့
အား
နေရာယူ ကြ



ဝှိုင်း
ဒုံး
ထိန်း
ဒါ ရှုတုံးတွေ မရှိပါယ် ဆင်လာတာ နေ့ရာယျ ပစ်
ဒါပေမဲ့ တင့်ကား ကြီးက မဖြုန်ဘူး၊ ပြန်ပစ်ခြ ပစ်နေ တယ်။
ဒီအတိုင်း ပစ်နေလို့ မဖြစ်ဘူး၊ နောက်ထပ် ရှုတုံးတွေရောက်လာ ယင်ခက်မယ်။ ဒီတင့်ကား ကိုဖျက်ပစ်ရမယ်။ အသက်စွန့်ပြီး အတင်း ဝင်ရမယ်... ကိုင်း – လျှင်မြန်ဖြတ်လတ်တဲ့ ရဲဘော် သန်းမြင့်နဲ့ ရဲဘော် ကျော်လှ – သစ်တုံး တွေယူသွား တာဘဲ ယျကြ
ရဲရဲ သာတက် – သေခတ်ရဲ ပစ်ပြီး – အကြ အကွယ်ပေးထား မယ်
ထိန်း
ထိန်း
ဗိုလ်မှူး အမိန့်အ တိုင်း ရဲဘော် နှစ် ယောက် အတင်း ပြေးဝင်ပြီး–
ထိုင်း
တင့်ကား အောက်နား ရောက်သွား တော့ ဂျပန်စစ်ဗိုလ်က အဖုံးဖွင့်ပြီး ခြောက်လုံးပူး နှင့် ထပစ်တာနဲ့ ရဲဘော်သန်းမြင့် ကျသွား တယ်။ ဒါပေမဲ့
ဖေါင်း
ကျား
ရဲဘော်ကျော်လှဟာ သစ်တုံးကို တင့်ကား ချိန်းကြိုးကြားထဲ အတင်းထိုးလိုက်လို–
အား
တင့်ကားကြီးဟာ ချိန်းကြိုးပြတ်ပြီး ရပ်သွား တယ်။ ရဲဘော်ကျော်လှလဲ သစ်တုံးဖိမိပြီး လက်ပြတ်သွားတယ်။
ဟာ — ကျွတ် – ကျွတ် – သိပ်သတ္တိကောင်း တာဘဲနော်၊ လက် တဖက်ပြတ်သွား တော့ – သနားစရာ ပေါ့ – ဘဘကြီး
တိုင်းပြည်အတွက် ဒီလိုသတ္တိရှိရှိနဲ့ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂိုလ်တွေကို – ငါတို့လေးစား ရကြမှာ မယ်ကွဲ
ဟုတ်ကဲ့ – ဘဘကြီး ရှိခိုတို့ မသိလိုပါ

# အတွေးသမားကြီး


ရေးသူ- မောင်မြေသား
သရုပ်ဖော်- ဂဆု

ရှေးအခါက ကိုနန္ဒနှင့်မသူဇာ လင်မယားနှစ်ယောက်ရှိ၏။








အချိန် ကြာလှသဖြင့် မသူဇာလိုက်လာပြီး—
ဘယ်မလဲထင်း
ထင်းခုတ်သမား တွေယူသွားပြီ
ရှင်ဘာဖြစ်လို့ မဝယ်လိုက်လဲ
ဝယ်ဂုဏ်ကောင်းနိုးနိုး စဉ်းစားနေလို့ပါ
ထိုသို့ အငြင်းပွားနေကြစဉ်
မသူဇာ ထမင်းအိုး တည်ခဲ့သော မီးဖိုမှ မီး ထလောင်သဖြင့်—
အမယ်လေး၊အိမ်လေး တော့ ကုန်ပါပြီတော့
မသူဇာကပင် အတင်းဆွဲခေါ်၍ ပါလာလေ၏။
ကိုနန္ဒသည် မီးကို မည်ကဲ့သို့ ငြိမ်းရန် တွေးနေပြန်သဖြင့်—
ရေပုံးသွားငှါးပြီး ငြိမ်းပါတော့လား
အင်း ဟုတ်သားဘဲ
ကိုနန္ဒသည် ရေပုံးငှါးရန် ထွက်လာပြန်၏။



လူကြီးနှစ်ယောက် စစ်ဘုရင် ထိုးနေသည်ကို တွေ့သဖြင့် ရေပုံးငှါးရလျှင် –
ခွေ
ကောင်းနိုးနိုးစဉ်း စားနေပြီး –
စစ်ဘုရင်ပွဲ ပြီးသွားသောအခါမှ–
ရေပုံးခဏလောက် ငှါးပါခင်ဗျာ
အေး၊ ယူ သွား
ကိုနန္ဒ ပြန်လာသောအခါ အိမ်မှာ ပြာကျနေပြီ ဖြစ်၏။
အမယ်လေးဟဲ့ ဟီး-ဟီး-ဟီး
မသုဇာမှာ ရင်ဘတ် စည်တီးငိုနေရာ–
တွေးတောခြင်းမရှိဘဲ ဘာဖြစ်လို့အရမ်း ငိုနေတာလဲဟ
အရမ်း ငိုနေတာမဟုတ်ဘူးတော့ အခုကျမတို့ဘယ်မှာသွားနေကြ မလဲတော့-ဟီး ဟီး ဟင့်
ဟင်း
မသုဇာက ပြောလိုက်တော့မှ ကိုနန္ဒလည်း–
အိမ်း၊ တွေးနေရုံနဲ့အကျိုးမရှိဘူး လက်တွေ့ထလုပ်မှ အိမ်တဆောင် ဆောက်ရတော့မှာပါလား
ဟူ၍ သဘောပေါက် သွားလေသတည်း။

# လေးနှင့်မြား

ရေးသူ- ရဲမြင့်
ပန်းချီ - ကျော်ကျော်



ယခုခေတ် လေးနှင့်မြားကို တီထွင်မှုသမိုင်း၌ အရေးမပါလှဟု ယူဆကြပေမည်။ သို့သော် လွန်ခဲ့သော နှစ်ပေါင်း ၂၀,၀၀၀ ကျော်ခန့်က ဂူအောင်းလူသားတို့အဖို့ကား အလွန်အရေးကြီးလှပေသည်။ သူတို့သည် အစားအစာနှင့် အဝတ်အစားအတွက် တိရစ္ဆာန်ရိုင်းများကို ပစ်ခတ်သတ်ဖြတ်ရသည်။




စပိန်နိုင်ငံ ရှေးဟောင်းလိုဏ်ဂူမှ ရှေးဦး လေးသည်တော် တို့၏ ပုံများနှင့် ကျောက်ခေတ် မြားသွားများ



လေးနှင့် မြားသည် ထိုသို့ အမဲလိုက်ရာတွင် အလွန် အသုံးဝင်၏။ အန္တရာယ်ပြုနိုင်သော သားကောင်ကြီး များ ကိုလည်း ခုခံကာကွယ်နိုင်သည်။ ထို့ကြောင့် လေးနှင့် မြားတို့၏ သမိုင်းသည် လူ့သမိုင်းနှင့် အတူ အစပျိုးခဲ့သည်။ လူ့သမိုင်းတလျှောက်တွင် လေးနှင့် မြားကို ဆက်လက်၍ အသုံးပြုခဲ့ကြရလေသည်။

ဝီလျံ ဘုရင်၏ နော်မန် လေးသည်တော် တဦး-



အင်္ဂလိပ် လေးသည်တော် တဦး၏ လေး ကိုင်း အလျား ၆ ပေရှိသည်။ ပေ ၂၀၀ အဝေးသို့ ပစ်နိုင်သည်။



ဗရာဇီး နိုင်ငံ တောကြီး များ အတွင်းမှ အသားမည်း အင်ဒီး ယန်း တို့၏ လေးပစ်ဟန်



ခေတ်သစ် လေးပစ်ပြိုင်ပွဲများကျင်းပနေပုံ






ဘီစီ ၇၀၀ ခန့်က ကျောက်ထွင်း
ပန်းချီဖြစ်သည်။ အက်ဆီးရီးယန်း
ဘုရင် အမဲလိုက်ခန်းကို ရေးဆွဲ
ထားခြင်း ဖြစ်သည်။

ရှေးခေတ် ဂရိ လူမျိုးတို့သည်
လည်း လေးနှင့်မြားကို အသုံး
ပြုခဲ့ကြလေသည်။ ဂရိဒဏ္ဍာရီ
တွင် သူ ရဲ ကောင်း ယုလီဆီ
သည် ကျွန်ုပ်ဖြင့် လေးကိုင်းလုပ်
ခဲ့သည်ဟု ဆိုသည်။



အက်ဆီးရီးယန်း
လေးသည်တော်




အမေရိကန် အင်ဒီယန်း လူမျိုး
တို့သည် လေးနှင့်မြားကို အဓိက
လက်နက် အဖြစ် အ သုံး ပြု ခဲ့ ကြ
သည်။




လက်ဝဲဖက်ရှိ လေးမြားနှင့် မြား
အိတ်တို့မှာ အင်ဒီယန်းတို့၏ အ
သုံးအဆောင်များပင် ဖြစ်လေ
သည်။




စကော့တလန်
ပြည်ဘုရင့်လေး
သည်တော် တပ်
သားတဦးပုံ ဖြစ်
သည်။



ရှေး ခေတ် မြန် မာ
ဘုရင်တို့ တွင် လည်း
လေး သည် တော်
များ ရှိခဲ့လေသည်။


ပေစိ
ရေး–ကိုလေးငြိမ်း
ပေစိသည် အလွန်ဆော့သော ကလေးဖြစ်သည်။ ခွေးများကို အကြောင်းမဲ့ ခဲနှင့် လိုက်ပေါက်လေ့ရှိသည်။
ပေစိ သိပ်ပြီး ဆိုးတာ ဗျ
ထို့ကြောင့် ရပ်ကွက်ရှိ လူများက ပေစိကို မုန်းကြသည်။
ဘယ်လိုလဲ ကွ
သူသည် ကလေးများအပေါ်တွင်လည်း အနိုင်ကျင့်တတ်သည်။
တနေ့တွင် စက်ဘီး၌ နှိုးဆော်ခွက်တပ်၍ မြည်အောင်လုပ် ဆော့ရင်း
တောလုံးကွင်းအနီးရောက်သော် တဂွီဂွီမြည်သံကြောင့် ခွေးများ ဝိုင်းဟောင်ပြီး လိုက်ကြလေ၏။ ထိုစဉ်–


ချုံကွယ်မှ နွားမကြီးက လန့်၍ ထွက်ပြေးလာပြီး ပေစိစက်ဘီးကို ဝင်တိုက်မိသဖြင့်....
ပေစိ ပတ်တီးတွေနဲ့ ဘယ်ကြည့်လျှနေပါလား
နောင်တလည်းရ၊ ရှက်လည်းရှက် ဖြစ်နေလေတော့သည်။
ပေစိမှာ မည်သို့မျှ ပြန်မပြောနိုင်ရှာပဲ
ပြီး


RASU
လမ်းလျှောက်မှာ
မပြေးနှင့်
ထမင်းဆာလှပြီ
အိမ်အမြန်ပြေး
မှဘဲ
ဟေ့-ကလေး
အိုး-ဘာဖြစ်
ပါလိမ့်
အရမ်းမပြေးရဘူး ကွဲ့-တွေ့တယ်မ
ဟုတ်လား-ကားတိုက်သွားယင် မင်း
ရောက်ချင်တဲ့ဆီကိုဘယ်တော့မှ
ရောက်မှာမဟုတ်တော့ဘူး

# ဝိုင်းကြီးပုတ်

ကျော်ညွန့်မြိုး



ကလေး တယောက်က ဝက်ဝံကြီးအဖြစ် သရုပ်ဆောင်၍ ကျန်လူများက ဝိုင်းထိုင်နေကြရသည်။

"ဝက်ဝံကြီး အမွေးထူတယ်၊ ပျားရည် သောက်ချင် လာခဲ့ကွယ်" ဟု ဝိုင်းထိုင် နေသော ကလေးများက သံပြိုင် ဆိုကြသောအခါ ဝိုင်းအလယ်မှ ကလေးသည် ဒူးနှစ်ဖက် လက်နှစ်ဖက် မြေတွင် ထောက်လျက် ဝိုင်းကို ပတ်ရသည်။ နောက်သို့ ပြန်စောင်းမကြည့်ရ။

ဝက်ဝံကြီး လှည့်ပတ်နေစဉ် ဝိုင်းထိုင် နေသူတို့က လက်ခုပ်လက်ဝါး တီး၍ သီချင်းဆိုကြရင်း တယောက်ယောက်ကဝက်ဝံတင်ပါးကို ပုတ်လိုက် ရမည်။ ထိုအခါ ဝက်ဝံကြီးက "ဝုတ်" ဟုမြည်ကာ နောက်သို့ လှည့်ကြည့်၍ ထိုင်နေသူတို့၏ မျက်ရိပ်မျက်ကဲကိုခပ်လျက် မိမိအား ပုတ်သူဟုထင်ရသူကို လက်ဖြင့် ပုတ်ပြရသည်။ မှန်လျှင် ပုတ်သူသည် "ဝုတ်"ဟုမြည်ကာ ဝက်ဝံလုပ်၍ဝိုင်းကိုလှည့်ပတ်ရမည်။

ဝက်ဝံဟောင်းက ထိုသူ၏နေရာလပ်တွင် ဝင်ထိုင်ရသည်။

အကယ်၍ဝက်ဝံကြီးက မိမိတင်ပါးပုတ်သူအား ပြရာ၌ မှားသွားပါက ထိုလူသည် ဦးခေါင်းရမ်းပြရမည်။ ထိုအခါ ဝက်ဝံက "ဝုတ်၊ ဝုတ်" ဟု မြည်ပြီးလျှင် ဝိုင်းကို ပတ်မြဲပတ်နေရသည်။

တင်ပါးကိုပုတ်သောကြောင့် ဝက်ဝံက "ဝုတ်"ဟု မြည်လိုက်လျှင်သီချင်းဆိုရပ်ထားရသည်။ လူမှားပြမိ၍ "ဝုတ်၊ ဝုတ်"မြည်ပြီး ထွက်သွားသောအခါ ဖြစ်စေ၊ ဝက်ဝံသစ် ထွက်လာသောအခါ ဖြစ်စေ သီချင်းကို ဆက်လက်သီဆိုရသည်။

ဤကစားနည်းသည် လူရိပ်လူကဲ ခပ်နည်း အပြင် ဝက်ဝံသည် အမွေးထူကြောင်း၊ ပျားရည် ကြိုက်ကြောင်း တိရစ္ဆာန်သဘာဝကိုပါ ကလေး တို့အား သင်ကြားပေးလေသည်။

× × × ×



နီ၊ ဝါ၊ ညို၊ ပြာ ဆေးရောင်တို့ဖြင့် အရောင်ခြယ်ပါ။

# ကျွန်တော့်ဆုတောင်း

အောင်နိုင်ဆွေး



ဖေဖေနှင့် မေမေတို့ ရန်ဖြစ်ကြပါသည်။ မေမေသည် ဖေဖေနှင့် စကား မပြောတော့ပါ။ ခါတိုင်း ထမင်းစားလျှင် သားအဖ သုံးယောက် အတူတူ စားခဲ့ကြသော်လည်း ယခု ကျွန်တော်နှင့် ဖေဖေ အလျင် စားသောက်ပြီးမှပင် မေမေ စားပါသည်။

ကျွန်တော် သည် မေမေနှင့် ဖေဖေတို့ ရန်ဖြစ်ကြခြင်းကို မလိုလားပါ။ တခါကလည်း ကျွန်တော်တို့ အိမ်ဘေးမှ သန်းဝင်းနိုင်တို့ အိမ်တွင် သန်းဝင်းနိုင်၏ ဖေဖေနှင့် မေမေတို့ ရန်ဖြစ်ကြပါသည်။

ထိုနှစ်က သန်းဝင်းနိုင် စာမေးပွဲ ကျပါသည်။

သန်းဝင်းနိုင် စာမေးပွဲ ကျခြင်းမှာ သူ၏ မေမေနှင့် ဖေဖေ ရန်ဖြစ်ကြပြီးနောက် သူ၏ ဖေဖေသည် သူ၏ဖိုးဖိုးထံ သွားနေပါသည်။ သန်းဝင်းနိုင် ကိုလည်း ခေါ်သွားလေ သဖြင့် သန်းဝင်းနိုင်သည် ကျောင်းစာများ မလိုက်နိုင်တော့ပဲ စာမေးပွဲ ကျခဲ့ရလေသည်။


ယခုလည်း ကျွန်တော်၏ မေမေနှင့် ဖေဖေတို့ ရန်ဖြစ်ကြပြန်သည်။ ထို့ကြောင့် ကျွန်တော်သည် စိတ် အလွန် ထိခိုက်နေမိသည်။

ထို့ကြောင့် ကျွန်တော်သည် စာမကျက်ပဲ နေခဲ့ပါသည်။ မေမေသည် ကျွန်တော့်အား လာရောက် မေးမြန်းလေတော့၏။


"သား – ဘာဖြစ်လို့ စာမကျက်တာလဲ ဟင်။ စာမေးပွဲကလဲ နီးနေပြီသားရယ်။ သား စာမကျက်ယင် . စာမေးပွဲ ကျနေမှာပေါ့။ လိမ်မာစမ်းပါ သားရယ်...."

"သား လိမ်မာပါတယ် မေမေရယ်....ဒါပေမဲ့ မေမေတို့ ရန်ဖြစ်နေတော့ သားမနေတတ်ဖူး။ ဟိုနှစ်တုန်းက သန်းဝင်းနိုင်ရဲ့ မေမေနဲ့ ဖေဖေတို့ ရန်ဖြစ်ကြတော့ သန်းဝင်းနိုင် စာမေးပွဲကျခဲ့ရတယ်။ အခုလဲ မေမေနဲ့ ဖေဖေတို့ရန်ဖြစ်ကြပြန်ပြီ။ ဒီတော့ သားဘယ်လို စာကျက်ရမှာလဲ။

## လိပ်ရုပ်ကလေး



ဤပုံကို စက္ကူ၊ အမာတွင်ကပ်၍ ပတ်ပတ်လည်မှ ညှပ်ထုတ်ပါ။ ခြေလက်နှင့် ခေါင်းတို့ကို ခေါက်လိုက်လျှင် အောက်ပါပုံ အတိုင်း လိပ်ရုပ်ကလေး ဖြစ်လာမည်



သားလဲ ဒီနှစ် စာမေးပွဲ ကျအုံး မှာဘဲ။ တကယ်လို့သာ သား စာမေးပွဲကျခဲ့ယင် မေမေတို့ ကြောင့် သိလား”

ကျွန်တော်သည် မေမေ့အား ကျွန်တော့် စိတ်ထဲရှိသမျှ အား လုံးကို ဖွင့်ပြောလိုက်ပါသည်။ မေမေသည် ကျွန်တော့်ကို တ ချက်မျှ စိုက်ကြည့်ကာ အဝေး သို့ ငေးနေပါတော့သည်။

ဖေဖေလည်း ကျွန်တော်တို့ နှင့် မလှမ်းမကမ်းတွင် ထိုင်နေ ပါသည်။ ကျွန်တော်တို့ပြောကြ သည်ကိုလည်း ကောင်းစွာကြား ဟန် တူပါသည်။ ဖေဖေသည် အေးအေး နေတတ်သူပီပီ ကျွန် တော်တို့ အထဲတွင် တခွန်းတ လေမျှ ဝင်မစွက်ခဲ့ပါ။

“အေးပါ သားရယ်....သား စာကျက်ပါကွယ် နော်။ သား စာမေးပွဲလဲ အောင်အောင် ဖြေ ပါကွယ်။သားစိတ်မညစ်အောင် မေမေတို့ ရန်မဖြစ်တော့ပါဘူး”

မေမေသည်ကျွန်တော့်အား အလွန်ချစ်၏။ ကျွန်တော် စိတ် ညစ်မည်ကိုလည်း အလွန်စိုးရိမ် ပါ၏။ ကျွန်တော့်ပညာရေး ထိ ခိုက်မည်ကိုလည်း မလိုလားပါ။

ထို့ကြောင့် ထိုနေ့ညမှ စ၍ မေမေသည် ယခင်က အတိုင်း ကျွန်တော်တို့ သားအဖနှင့်အတူ ထမင်းတဝိုင်းတည်း ပြန်စားခဲ့ပါ လေ၏။

ထိုနောက် တလခန့်အကြာ တွင် ကျောင်းစာမေးပွဲကြီး စစ် ပြီး၍ အောင်စာရင်းများ ထွက် လာသောအခါ ကျွန်တော်သည် ဒုတိယအဆင့်နှင့် အောင်မြင်ခဲ့ ပါသည်။ ထို့ကြောင့် မေမေ့ကို လည်း ကျေးဇူး တင်မိပါသည်။ ဖေဖေ့ကိုလည်း ကျေးဇူးတင်မိ ပါသည်။ ဖေဖေနှင့် မေမေတို့ နောက်တကြိမ် ရန်မဖြစ်ပါစေ နှင့်ဟုလည်း ဆုတောင်းနေမိပါ တော့သည်။

× × × ×










## တော်လှန်ရေးနေ့

လွတ်လပ်ရေးကို ရည်မြှော်တွေးလို့
တို့ဘေးဘိုးတွေ တော်လှန် တယ်။
သွေးစည်းကာကွယ်
အောင်လံလွှင့်လို့
ရဲမာန်ဝင့်ရင်း တိုက်ခဲ့တယ်။

ရှမ်း၊ချင်း၊ကချင်၊ ကရင်၊ ကယားနဲ့
မြန်မာသားတွေ သတ္တိကြွယ်။

အသက်အိုးအိမ် စည်းစိမ်ပစ်တဲ့
ပြည်ချစ်သားကောင်း
များကိုကွယ်။

မိန်တပေါင်းမှာ တွန်သံနှောလို့
ဉဩလေးများ လွမ်းသီတယ်။
ကြေးရွက်ဝါတွေ မှိုင်းယံဝဲလို့
တော်လှန်ရေးပုံ ပြောပြတယ်။

တော်လှန်ခဲ့တာ ဘယ်နေ့လဲကွဲ့
သိကြရဲ့လား ရွှေသွေးငယ်။

မတ်လ နှစ်ခွန်
ရက်မှတ်ထား တော့
တစ်ကိုးလေးငါး ခုနှစ်ကွယ်။
မှတ်ကွယ် – မှတ်ကွယ်။ ။

နေအာမုံ

R. 517

# စပါးကြီးမြွေ



စပါးကြီးမြွေသည် အလျား ၁၀ ပေမှ ပေ ၂၀ အထိ ရှည်၍ တခါတရံ ပေ ၃၀ နီးပါးအထိ ရှည်လျားတတ်သည်ဟု ဆိုကြသည်။ အရောင်မှာ အဝါ၊ အညို၊ အမည်းတို့ဖြင့် မှန်ကူကွက်များ သဖွယ်ဖြစ်ပေါ်နေသည်။ ထို့ကြောင့် စပါးကြီးမြွေကို သစ်ကိုင်းသစ်ခက်နှင့် သစ်ပင်အရိပ်တို့တွင် လွယ်ကူစွာ မမြင်နိုင်ပေ။

ရေတိမ်ရာ ပွက်တောများ၌ အနေများသည်။ ရေကူးနှင့် သစ်ပင်တက် ကျင်လျင်သည်။

စပါးကြီးမြွေတွင် အဆိပ်မရှိချေ။ သို့သော် ဖမ်းမိသော သားကောင်ကို မိမိ၏ကိုယ်ဖြင့် ရစ်ပတ်ကာ ဖျစ်ညှစ်ဆွဲဆန့်ပြီးနောက် အကောင်လိုက် မျိုချတတ်သည်။ ထိုသို့ အစာကိုမျိုထားပြီး လ အတန်ကြာသည်အထိ အစာမစားပဲ နေနိုင်သည်။ စပါးကြီးမြွေသည် နွား၊ ကျွဲ စသည့် အကောင်ကြီးများကို မျိုသည်ဟု ဆိုခြင်းမှာ မမှန်ပေ။ သူ၏ဦးခေါင်းထက် အတန်ပိုကြီးသော သားကောင်များကိုသာ မျိုနိုင်ခြင်းဖြစ်သည်။ ထိုသို့ မျိုရာတွင်မေးရိုးများကို အစွမ်းကုန် ချဲ့နိုင်လေသည်။

အတွင်းသို့ ကုပ်ဝင်နေသော သွားများရှိပြီး ရန်သူကို တိုက်ခိုက်ရာတွင် ခေါင်းဖြင့် ရိုက်သည်။ သွားဖြင့်လည်း ကိုက်တတ်သည်။

စပါးကြီးမြွေသည် တဖြည်းဖြည်းကြီးသော အမျိုးဖြစ်၍ အသက်ရှည်သည်။ ဥအုနှ်၍ သားပေါက်သည်။ တကြိမ်လျှင် သားငယ် တရာနီးပါးပေါက်ဖွားသည်။

အာရှ၊ အာဖရိကနှင့် ဩစတြေးလီးယားတိုက်များတွင် တွေ့ရသည်။ မြန်မာနိုင်ငံတွင် နေရာအနှံ့၌ တွေ့ရတတ်သည်။



ရဲမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ – ၃။ အမှတ် ၁၄။

# ရွှေသွား ဂျာနယ်

၁၃၃၂ ခု၊ တန်ခူးလဆန်း ၈ ရက် (၃-၄-၇၀)

## ဒီမှာကိုး ပေါ်နန္ဒာ

ဇာတ်လမ်း
မောင်မောင်ဟန်
သရုပ်ဖော်






စနေနေ့တိုင်း ထုတ်ဝေသည်၊




တပြည်လုံးလည်း ပျော်ပွဲရွှင်ပွဲများ ကျင်းပကြ၍ လူထုတပေါင်း၊ စိတ်ပျော်ရွှင်မှု ရှိခဲ့သည်။
နန်းမယ်ပြင်ဦးပင်၊ နန်းတွင်းသူ နန်းတွင်းသားများ အတွက် ဇာတ်ပွဲများ ကျင်းပနေ ရှိသည်။
ဘုရင်မင်းမြတ်ကိုယ်တိုင်လည်း၊ စိတ်ပျော်ရွှင်သွမ်း ဝေဖြာ၊ မိဖုရား စောနန္ဒာနှင့်အတူ ပျော်ပွဲစားထွက် နေကြသည် —
တခါတရံ၊ နောက်လိုက်နောက်ပါများနှင့်၊ အပျင်းပြေ တောကစား ထွက်နေ ရှိသည်။
ထိုသို့ အချိန်ကြာမြင့်လာသောအခါ၊ ဘုရင် သခင်၏ စိတ်သည် ပြောင်းလဲလာ သည်။
ငါ့ကို တိုင်းသူပြည်သားများက၊ သိပ်ချီးကျူးလေးစားကြပါကလား၊ ငါဟာ အလွန်တန်ခိုး ရှိသူပါကလား၊




သွားရာလမ်း
ဇာတ်လမ်း -
ပန်းချီ -
တိုင်းပြည်တပြည်တွင် ဘုရင်ကြီး ရုတ်တရက် နတ်ရွာစံသွားရာ ထီးနန်းဆက်ခံရန်ရှိသောသားတော်မှာ ငယ်ရွယ်လှသေးသည်။
ဘုရင့် ညီတော်သည် ထီးနန်းကို သိမ်းပိုက်ရန် လျှို့ဝှက်စွာ ကြံစည်နေ၏။
တူတော်မောင်ကို သုတ်သင်ပြီး ငါ ဘုရင်လုပ်ရမယ်
တညတွင် အထိန်းတော်အား တံစိုးလက်ဆောင်ပေးပြီး....
ဘုရင်လေးကို အဆောင်ထဲမှာ တပါးထဲထားခဲ့
ကောင်းပါပြီ ကျွန်ုပ် ရှောင်နေပါမယ်
တိတ်တဆိတ်ငွေရမ်းထားသော လူသတ်သမားအား တာဝန်ပေးလေ၏။
နန်းအဆောင်ထဲမှာ တွေ့တဲ့လူကို အဆုံးစီရင်ခဲ့
သိတ်ချပါ
နန်းဆောင်ထဲရောက်သော်....
ဒီအဆောင်ထဲမှာ ခလေးဘဲ ရှိတယ် ငါသုတ်သင်ရမယ့် လူကြီး လဲ မတွေ့ပါကလား
ဘုရင်လေးသည် ပန်းသီးစားနေစဉ် လက်မှလွတ်ပြီး လိမ့်သွားသဖြင့် လူသတ်သမားက ကောက်ယူပေးခဲ့ရ၏။
အာ-- ခလေး မငိုနဲ့လေ ရော့-ရော့


လူသတ်သမားသည် ဘုရင့် ညီတော်ထံ ပြန်လည်ပြောကြား၏။
သုတ်သင်ရမည့်သူကို မတွေ့ခဲ့ရကြောင်းပါ
ဤတွင် ဘုရင်လေးကို သုတ်သင်ရန်အကြံမှာ ပျက်သွား ရတော့သည်။
ငါက - လူကြီးနဲ့ ခလေးကို ခွဲခြား မပြောလိုက်လို့ဘဲ နောက်တချိုး ကြံရမှာပေါ့
နောက်တကြိမ် လူဆိုးအချို့ကို ငှားရမ်း၍ ကြံစည်ပြန်လေ၏။
အဖိုးထိုက် ရတနာများဝတ်ဆင် လာတဲ့ ခလေးကို - မင်းချင်းတို့ ချီပိုးပြီး မြစ်ဆိပ်ကို လာလိမ့်မယ် - အဲဒီ လမ်းက စောင့်ပြီး သုတ်သင်ကြ
ထိုနေ့တွင် ဘုရင်လေးသည် မြစ်ဆိပ်သို့ အလာ လမ်း၌ အခြားဓားပြတစုက တိုက်ခိုက်ပြီး ရတနာအဝတ်အစားတို့ကို ချွတ်ယူ လုယက်သွားသဖြင့်....
အဝတ်အစား ရတနာတွေ ရပြီးမှ - ဒီခလေးကို မသတ်ပါနဲ့တော့ကွာ
အသက်မသေပဲ ကျန်သော မင်းချင်း တယောက်က ဘုရင်လေးအား ချီပိုး၍ ပြေးခဲ့ရလေသည်။
လာလမ်းက မပြန်ရဲတော့ဘူး - ရွာက မြစ်ကမ်းစောင့်တပ်ကို အကူအညီ တောင်းပြီး ပြန်မှဘဲ
သုတ်သင်ရန် စောင့်နေသော လူဆိုးတို့က ဘုရင်လေးနှင့် မင်းချင်းအား ဂရုမစိုက်ပဲ နေသဖြင့် လွတ်မြောက်ခဲ့ပြန်လေသည်။
သူတောင်းစားဘား အဖ ပါလား - ဘုရင်လေးလဲ မလာသေးဘူး


ဘုရင့် ညီတော်လည်း အကြံကို မလျှော့ပဲ ထပ်မံစီစဉ်ပြန်လေ၏။
ဘုရင်လေး စားမည့် ဟင်းလျာထဲကို ဟော ဒီ အဆိပ်ခတ်ကျွေးပါ
စားတော်ကဲသည် အဆိပ်ခတ်ထားသော ဟင်းလျာကို ဘုရင်လေး စားရန် ပြင်ပေးထားရာ ထိုဟင်းပန်းကန်ကို လှမ်းယူလိုက်စဉ် ကျကွဲသွားလေသည်။
ကြမ်းပြင်မှ ဟင်းဖတ်များကို ကြောင်က စားလိုက်ရာချက်ချင်းပင်သေဆုံးသွား၏။
ထိုအခြင်းအရာကို အမတ်ကြီးက မြင်လေရာ....
ဟဲ့ - စားတော်ကဲ ဒါဘယ်သူခိုင်းတာလဲ မှန်မှန်ပြော
ဘုရင့်ညီတော် က ခိုင်းလို့ပါ
ယင်းအမှုကို တရားရုံးတော်သို့ တင်ပို့ စစ်ဆေးစေသော်....
ဘုရင်လေး အား သုတ်သင်ရန် ယုတ်မာစွာ ကြံစည်သည့် ဘုရင့်ညီတော် အား ကွပ်မျက်စေ
နောက်ဆုံးတွင် သူတပါးအားမကောင်းကြံသောဘုရင့်ညီတော်မှာ သူကိုယ်တိုင် ဘေးဒဏ်ခံရလေတော့သတည်း။

# ရဟတ်





ဟယ်လီကော့ပတာခေါ် ရဟတ်ယာဉ်သည် ပသီပုံပြင်မှ ကော်ဇောပျံပမာ အမျိုးမျိုး အဖုံဖုံ ပျံဝဲနိုင်သည်။ အပေါ် တည့်တည့်သို့ ပျံတက်နိုင်သလို အောက်တည့်တည့်သို့လည်း ညင်သာစွာ ဆင်းသက်နိုင်သည်။ ရှေ့သို့ရင်း၊ နံဘေးသို့ရင်း၊ နောက်ပြန်သော်ရင်း ပျံသန်းနိုင်ပြီး၊ တနေရာတည်း၌လည်း ရပ်တံ့ ပျံဝဲနေနိုင်သည်။ ကွင်းအဖြစ် ကွက်လပ်ကျဉ်းကျဉ်းကို အသုံးပြုနိုင်သည်။

ထိပ်ထက်တွင် ရဟတ်တစုံ သို့မဟုတ် နှစ်စုံ ရှိသည်မှတပါး အတောင်ပံများ မပါချေ။

အရွယ်များမှာ တယောက်စီးအရွယ်မှ တန်တားသံဘောင်ကြီးများကိုပင် သယ်ပို့နိုင်သည့် အရွယ်အထိ ရှိသည်။ သို့သော် ရိုးရိုးလေယာဉ်၏ မြန်နှုန်းကိုမူ မှီအောင် မပျံသန်းနိုင်ချေ။


၅ လေယာဉ်မျိုးကို တီထွင်ဖို့ စိတ်ကူးမှာ "တရုပ်ဂျင်" ခေါ် ကစားစရာ ရဟတ်ပျံကလေးတမျိုးမှ စတင်ပေါက်ဖွားလာခဲ့သည်ဟု လေယာဉ်သမိုင်းသုတေသီများက ဆိုကြသည်။


အီတာလျံပန်းချီကျော် လီယိုနာဒို ဒါဗင်ချီ နှင့် ဗြိတိသျှသိပ္ပံပညာရှင် ဆာ ဂျော့ ကေလီ အစရှိသူတို့သည် ရဟတ်ယာဉ်ပုံစံများ ထုတ်ခဲ့ကြသော်လည်း အကောင်အထည် မဖော်နိုင်ခဲ့ကြပေ။ ပြင်သစ်လူမျိုး ပေါလ်ကော်နျူး၊ လူဝီဗရီဂေး၊ ရုရှ ဂျော့ဒီ မိုသီဇတ်၊



# ယာဉ်

ဆိုးမြင့်
ဖုစုရေးဆွဲသည်





အမေရိကန် အင်မီဗာလင်နာ သားအဖ၊ အီတာလျံ ကိုရာဒီနို ဒီအက်စကာနိုယို တို့ တီထွင်ခဲ့ကြသည့် ရဟတ်ယာဉ်များမှာလည်း မအောင်မြင်ခဲ့ကြပေ။


အောင်မြင်သော ရဟတ်ယာဉ်များကို ဒေါက်တာ ဟိန်းနရစ်ဖော့ခ် (ဂျာမန်) က ၁၉၃၇ ခုနှစ်တွင်၎င်း၊ အီဂါ်စီကောစကီး (ရုရှ) က ၁၉၃၉ ခုနှစ်တွင်၎င်း ထုတ်လုပ်နိုင်ခဲ့ကြရာမှ တစစ တိုးတက်ကာ အလွန်အသုံးဝင်သည့် လေယာဉ် အဖြစ်သို့ ရောက်ရှိလာခဲ့လေသည်။

၁၉၂၅ ခုနှစ်တွင် စပိန်လူမျိုး ဂျူအန်ဒီလာ စီယာရဗား ကလည်း စက်ခေါင်း ပန်ကာအားဖြင့် အရှိန်ယူ ပျံတက်ပြီးမှ ရဟတ်များကို အလိုအလျောက် လည်စေသော ''အော်တိုဂျိုင်ရို'' ခေါ် ရဟတ်ယာဉ် တမျိုးကို တီထွင်အောင်မြင် ခဲ့သေး၏။




ရဟတ်ယာဉ်များသည် ယခုအခါ၌ သီးနှံဖျက် ပိုးသတ်ဆေးဖြန်းခြင်း၊ သစ်တောမီးသတ်ခြင်း၊ ပင်လယ်နှင့် ရေကြီးရာဒေသ၌ အသက်ကယ်ခြင်း၊ ရေနံကြော သတ္တုကြောရှာဖွေခြင်း၊ လျှပ်စစ်ဓာတ်အားပေး လိုင်းကြိုးကြီးများ တလျှောက် စစ်ဆေးခြင်း၊ စာပို့ခြင်း၊ လူနာတင်ခြင်း၊ စစ်ဖက်နှင့် မြို့ပြ သယ်ယူပို့ဆောင်ရေး၊ ထောက်လှမ်းရေး၊ ဆောက်လုပ်ရေး စသော လုပ်ငန်းများတွင် များစွာ အသုံးဝင်လျက်ရှိပေသည်။






# ဘာနောက် သန့်သူ

ရေးသူ-ဒဂုံသန်းမြင့်လေး
သရုပ်ဖော်-ကဆု

•ကျောင်းဆင်းခေါင်းလောင်း ထိုးပြီဖြစ်၍........ - - - - -







ဘိနပ်ပြန်ရသောအခါမှ ဖိုးထောင်လည်း ရယ်နိုင်လေတော့သည်။
ချိုတူးနှင့် တာတီးသည် အခြားသူများ၏ ခဲတံ၊ စာအုပ်များကိုလည်း နောက်ပြောင်ကစားနေကျ ဖြစ်၏။
ဟဲဟဲဟဲ
ငါ့ခဲတံပြန်ပေးပါကွာ
ဟား ဟား
ငါ့စာအုပ် မနောက်ထားပါနဲ့ဟယ်
ချိုတူးနဲ့တာတီးဟာ သိပ်ဆိုးတာဘဲ
အေးဟုတ်တယ် အားကြီးနောက်တာဘဲ
တတန်းလုံးကလည်း လူနောက်နှစ်ယောက်ဟူ၍ သိရှိထားကြသည်။
တနေ့တွင်
ဆရာမ၊ ကျနော့ပိုက်ဆံ သုံးကျပ်မရှိတော့ဘူး ဆရာမ
ဒါဖြင့်၊ တတန်းလုံးအပြင် ထွက်နေကြ၊ လွယ်အိတ်တွေထဲမှာ ရှာရမယ်
လွယ်အိတ်များတွင် ဆရာမက ရှာသောအခါ
ဟော-တွေ့ပြီ
ချိုတူးအိတ်ထဲက နှစ်ကျပ်၊ တာတီး အိတ်ထဲကတကျပ်


မင်းတို့နှစ်ယောက်ကိုဆရာမနောက်ဆုံး သတိပေးလိုက်မယ်၊ နောက်တခါသူများ ပိုက်ဆံကိုယူယင် ကျောင်းထုတ်ခံရမယ်
ဟုတ်ကဲ့ဆရာမ
ချိတူးနှင့် တာတီးသည် တတန်းလုံးရှေ့တွင် ဆုံးမခံရ၍ အလွန်ရှက်လေ၏။
ချိတူးနဲ့တာတီးပါမခိုးတော့ပါဘူးကွာ၊ အနောက်သန့်ကြတာပါ
ဟုတ်ပါတယ်၊ ဒါပေမဲ့ဒီတခါတော့
ငါက အားမောင်အိတ်ထဲကပိုက်ဆံကိုတိတ်တိတ်ကလေးနှိုက်ထားပြီး သူတို့နှစ်ယောက်လွယ်အိတ်တွေထဲကိုအလစ်မှာထည့်ထားလိုက်တာကွ.
ဒါဖြင့်၊ ဒါတိုင်းတော့ သူများကိုသာသူတို့က နောက်နေတာ၊ ဒီတခါတော့သူတို့ခံသွားရပြီပေါ့ကွ-
အေးပေါ့
တော်တော်အိသွားမှာဘဲ---
ငါတော့ တော်ဘီကွာ
ငါလဲဒီလိုဘဲပေါ့ကွာ
ချိတူးနှင့် တာတီးမှာ မိမိတို့၏ အလှည့်ကြုံခဲ့ရဘူးပြီဖြစ်၍ နောက်ထပ် မနောက်ဝံ့ကြတော့ပေ။



# စပါးထောင်း

ကျော်ညွန့်ရိုး

မောင်းထောင်းဟန်ကို အတုယူကာ လက်ခြေတို့ဖြင့် သရုပ်ဆောင် ကစားနည်း ဖြစ်သည်။


ကစားရာ၌ ကလေးများကို စုရုံး၍ အကြီးအကဲ လုပ်သူက "ထမင်း ချက်ဖို့ စပါးထောင်းကြမယ်။ လက်မောင်းတန်းဝိုင်းဖွဲ့၊ လက်မောင်းမြှောက်၊ လက်ချောင်းယှက်၊ ထောင်း" ဟူ၍ အမိန့်ပေးရသည်။

လက်မောင်းကို နားရွက်နှင့် တည့်တည့်မတ်မတ် မြှောက်ရမည်။ လက်ချောင်းများကို တခုအကြားတခု ယှက်သွင်းထားရသည်။ "ထောင်း" ဟု အမိန့်ပေးလျှင် ဘယ်ခြေကို ရှေ့သို့ တလှမ်းခက်ကျော်ကျော် လှမ်းထုတ်၍ ဒူးကွေးပြီးလျှင် ပါးစပ်မှ "ဂျောက်" ဟုဆိုကာ လက်ချင်း ယှက်ထားသော လက်မောင်း ကွင်း ကို မြင်း ခေါင်း (ဝါ) ဒူးခေါင်းတွင် စွပ်လိုက်ရမည်။ ထို့နောက် "ဂျက်" ဟုဆိုကာ မိမိတို့ကိုယ်ကို ပြန်မတ်၍ ခြေကိုလည်း နောက်သို့ ရုပ်သိမ်းလိုက်ရမည်။ ထို့နောက် တဖန် "ဂျောက်" ဟု ဆိုကြကာ ဤတကြိမ်တွင် ညာခြေကိုလှမ်းထုတ်ပြီး ရှေးနည်း အတိုင်းပြုလုပ်ရမည်။ "ဂျောက်" ဟု ဆို တိုင်း ခေါင်း ကို ငုံ့၍ "ဂျက်" ဟုဆိုတိုင်း ခေါင်းကို မော့ပေးရမည်။

လက်မောင်းသည် မောင်းတုံး၊ ဒူးကွေးသည် မောင်းဆုံ ဖြစ်၍၊ "ဂျောက်" သည်မောင်းထောင်း သံ၊ "ဂျက်" သည် မောင်းမြှောက်သံ ဖြစ်သည်။ ဘယ် ခြေ တ လှည့်၊ ညာခြေ တ လှည့် ထုတ်ခြင်းမှာ ဘယ် တ လှည့်၊ ညာ တလှည့်၊ မောင်း ထောင်းခြင်း ဖြစ်သည်။

ခြောက်ကြိမ်စေ့လျှင် စပါး ထောင်းခြင်းကိစ္စပြီး၏။ ထိုအခါ လက်မောင်းကို တွဲလွဲချ လိုက်ကြရလေသည်။

× × × ×






ဖြူပြာကို ကျွန်မအလွန်မုန်းသည်။ သူ ကျွန်မနှင့် လာကစားပြီး၍ ပြန်သွားတိုင်း ကစားစရာများ ပျောက်ဆုံး နေခြင်းကြောင့်ဖြစ်သည်။

စန္ဒာကိုတော့ ကျွန်မအလွန်ခင်သည်။ သူ့မေမေ အရုပ်လှလှကလေးများ ဝယ်ပေးတိုင်း ကျမကိုလာပြတတ်ပြီး မုန့်များကိုလည်း ကျွန်မစားရန် ယူလာ ပေးခြင်းကြောင့် သူ့ကို ပိုခင်မင်နေမိခြင်းဖြစ်ပါသည်။

ကျွန်မတို့ သုံးယောက်မှာ အတန်းလည်း တူ၊ ကျောင်းသွားလည်း အတူတူပင် ဖြစ်ပါသည်။ စန္ဒာတို့အိမ်က ကျွန်မတို့အိမ်နှင့် နှစ်အိမ်ကျော်တွင်ရှိပြီး ဖြူပြာတို့အိမ်က ကျွန်မတို့လမ်းနှင့် သုံးလမ်းခြားပါသည်။ နံနက်တိုင်း ကျွန်မက စန္ဒာကို အလျင် ဝင်ခေါ်ပြီးလျှင် ဖြူပြာ့ကိုဝင်ခေါ်ကာ ကျောင်းသို့ အတူတူ သွားလေ့ ရှိကြပါသည်။

"ငါ့ကစားစရာတွေ၊ အရုပ်တွေ ပျောက်ပျောက် သွားတယ်။ ငါနဲ့ လာကစားတာလဲ နင်တို့ဘဲ ရှိတာဘဲ ဘယ်သူယူသလဲဆိုတာတော့ ငါမသိဘူး။ ငါ့မေမေက ပြောတယ် အရုပ်တွေ ပျောက်လွန်းလို့ နောက်တခါ မဝယ်ပေးတော့ဘူးတဲ့"

တနေ့ ကျောင်း အသွားလမ်း၌ ကျွန်မက ထိုသို့ ပြောလိုက်သောအခါ စန္ဒာက "ငါမယူဘူး နော်" လို့ ပြန်ပြောသော်လည်း ဖြူပြာက ဘာမျှ ပြန်မဖြေပါ။ သူယူတာ မှန်နေ၍ ငြိမ်နေခြင်းဟု ကျွန်မ ထင်ပါသည်။

နောက် တနေ့၌ ဖြူပြာ ကျောင်းမတက်တော့ပေ။ သူယူမှန်း သိသွား ခြင်း ကြောင့် ရှက်ပြီး ကျွန်မတို့နှင့် ရင်မဆိုင်ရဲတာပဲဟု တွေးမိပါသည်။

နောက် တနေ့လည်း သူ ကျောင်းမတက်။ ဖျားနေ၍ များလားဟု တွေးပြီး သနားလာမိပြန်၏။ "ဖြူပြာတို့ဟာ ဆင်းရဲတယ်။ နင့် အရုပ်တွေ၊ ကစားစရာတွေကို သူ့မေမေ မဝယ်ပေးနိုင်လို့ သူခိုး ယူသွားတာ ဖြစ်မှာပေါ့" ဟု မကြာခဏ စန္ဒာ ပြောတတ်သော စကားများကို ကြားယောင်လာသောအခါ ဖြူပြာ့အပေါ် သနားစိတ်များ ပျောက်သွားပါတော့သည်။

ဟုတ်ပေမည်။ တခါတုန်းက ဖြူပြာ့အတွက် စာအုပ်ဖိုး မရှိဟုဆိုကာ ဖြူပြာ့မေမေသည် မေမေ့ထံမှ ငွေ ဆယ့်ငါး ကျပ် ချေးသွားခဲ့ဘူး၏။ မေမေက လည်း ပြောဘူးသည်။ "ဖြူပြာတို့ဟာ သမီးတို့၊ စန္ဒာတို့လို ထမင်းစားချိန် အဆင်သင့်ဝင့်စား၊ ကျောင်းသွားချိန် အဆင်သင့် ထသွားနိုင်တာ မဟုတ်ဘူး အိမ်မှာ သူ့အမေနဲ့ ကျောင်း မသွားခင် ဝိုင်းကူ လုပ်ပေးရရှာတာ။ သမီးတို့လိုလဲ မုန့်ဝယ်စား ဖို့ မုန့်ဖိုး တမတ်၊ ပြားသုံးဆယ် ရတာ မဟုတ်ဘူး။ မုန့်ဝယ်စားတဲ့

အခါ ဖြူပြာလေးကိုလဲ ပေးစား နော် ကြားလား” တဲ့။

တနေ့ စန္ဒာ့မေမေသည် သူ့ သမီးထွေး သန္တာနှင့်အတူ ကျွန် မတို့အိမ်သို့ အလည်ရောက်လာ ပါသည်။ “စန္ဒာတော့ သူ့အဖေ နဲ့ ပဲခူးကို အလည်လိုက်သွားလို့ ပါမလာဘူး”ဟု ပြောပါသည်။

သန္တာကို ကျွန်မ မြင်သော အခါ အလွန် အံ့သြသွားပါ သည်။ အဘယ်ကြောင့် ဆို သော် မကြာခင်က ပျောက် သွားခဲ့သော ကျွန်မ၏ ကော် ရုပ်ကြီးကို သန္တာ ကိုင်ဆောင် လာသည်ကို တွေ့ရခြင်းကြောင့် ပင် ဖြစ်ပါသည်။ ထိုအရုပ်မှာ တတောင်ခန့် မြင့်ပါသည်။ လှဲ ချလိုက်လျှင် မျက်လုံးများ ပိတ် သွားပြီး အိပ်နေသည့်အလား ထင်မှတ်ရပါသည်။ “အဲဒီ အ ရုပ် ဘယ်ကရသလဲ” ဟု သိလို ဇောနှင့် မေးလိုက်သော အခါ မမစန္ဒာယူ လာခဲ့တာ” ဟု သန္တာက ဘာမျှ မသိသူပီပီ အ မှန်အတိုင်း အဖြေပေးပါသည်။

ကျွန်မ အထင်ကြီးခဲ့သော စန္ဒာ၊ မထင်မမှတ်ခဲ့သော စန္ဒာ က ယခုအရုပ်သူခိုး ဖြစ်နေချေ ပြီ။ ထို့ကြောင့် ကျွန်မ ဝမ်း လည်းနည်းသည်။ စိတ်လည်း ဆိုးသည်။ မျက်ရည်များလည်း အလိုလို ဝဲလာသည်။ထို့နောက် ကျွန်မသည်ဖြူပြာတို့အိမ်ဖက်သို့ ပြေးထွက် လာမိပါသည်။

ဖြူပြာ့ကို အိမ်ရှေ့ခန်း ရှိ သင်ဖြူး ဖျာပေါ်တွင် နှစ်နှစ် မြိုက်မြိုက် အိပ်ပျော် နေသည် ကို တွေ့လိုက်ရပါသည်။ ပြုံးချို နေသော သူ့မျက်နှာ လေးမှာ သူတွင် အပြစ် မရှိကြောင်း ပြောပြ နေသလိုပင်။ ကျွန်မ စိတ်ထဲ၌လည်း နင့်ကနဲ ခံစား လိုက်ရပါသည်။ အထင်မှား အမြင်မှား ပြီး အမုန်းပွား ခဲ့ သည့် ကျွန်မ အပြစ်များ ကို လည်း သူသိအောင် ပြောပြ ချင်လှပါသည်။

ဖြူပြာရေ –

“နင်နေမကောင်းတာ သိရ လို့ ငါ စိတ်မကောင်း ပါဘူး ဟယ်။ နင့်အပေါ် အထင်အ မြင်လွဲမှားခဲ့တာတွေကိုခွင့်လွှတ် ပါနော်။ ဘာတွေလဲ ဆိုတာ တော့ နင်သိချင်လဲ သိထားမှာ ဘဲဧ။ မနက်ဖန် ငါလာမှ ကိုယ်တိုင် ထပ်တောင်းပန်ရဦး မယ်။ နင်ကြိုက်တတ်တဲ့ နံပြား ကိုလဲ ငါမနက်အစောကြီးထပြီး ဝယ်လာခဲ့ ပေးမယ်နော်။ နင် နေကောင်းလာတဲ့အခါ ငါတို့ အိမ်မှာ တို့နှစ်ယောက် အတူတူ ခါတိုင်းလို ပျော်ပျော်ပါးပါး က စား ကြရအောင်နော်”

သူနိုးလာသည်အထိ စောင့် မနေနိုင်သောကြောင့် စာရွက် ပေါ် ရေးပြီး သူ့ဘေး၌ ချထား ခဲ့ကာ ကျွန်မ အိမ်ပြန်ခဲ့ပါ သည်။ ဘာဖြစ်မှန်းမသိ၊ ကျွန် မစိတ်သည် ခါတိုင်းထက် ပေါ့ ပါး၍ နေပါတော့သည်။

× × × ×

## နွေဦးပေါက်

ဥသြငှက်ငယ် တွန်သံကျူးလို့
တပေါင်းတန်ခူး ရောက်ပြီကွယ်။
နွေဦးပေါက်လျှင် ရောဂါများလို့
သတိထားဘို့ ဆင်ခြင်ဘွယ်။
နေ့ဖက်ပူကာ ညမှာချမ်းလို့
တောင်လေသရမ်း တိုက်ခတ်တယ်။
ရာသီအပြောင်းမှာ ဥတုဖောက်လို့
ကျောက်နဲ့ပလိပ် ဖြစ်တတ်လွယ်။
ကြွက်မကျအောင် သုတ်သင်ပေးလို့
ကာကွယ်ဆေးလဲ ထိုးရမယ်။
လက်သုပ်ချဉ်တွေ ဝယ်မစားနဲ့
ဝမ်းတွေသွားမဲ့ ရောဂါသယ်။
သစ်သီးချိုချို အရည်ရွှမ်းလို့
မှည့်လွန်းယင်တော့ မစားနဲ့ဖယ်။
ရေချိုးဆင်ခြင် အတင့်မရဲနဲ့
နေပူထဲလဲ မထွက်နဲ့ကွယ်။
ဈေးတန်းဖက်မှာ မုန့်ထွက်စားယင်
တားမြစ်ထားတာ ရှောင်ရမယ်။
သိဖွယ် – မှတ်ဖွယ်။ ။

သလ္လာ – မောင်လှသွေး



# ဆောင်တော်ကူးပန်း

မိုးကုန်၍ ဆောင်းသို့အကူး၊ မြောက်လေမြူးစအချိန်တွင် ဖွေးဖွေးလှုပ်အောင် ဖူးပွင့်သော ဆောင်တော်ကူးပန်းကို ကရမက်ပန်းဟုလည်း ခေါ်ကြသည်။ ဖြူဖြူအိအိချစ်စဖွယ်ရှိသောပန်းခိုင်ကြီးများသည် အပင်၏ ထိပ်ပိုင်းတွင် ပို၍ ဝေဝေဆာဆာ ပွင့်လေသည်။ တန်ဆောင်မုန်း နတ်တော်· (အောက်တိုဘာနောက်ပိုင်းမှ ဒီဇင်ဘာ) လများအတွင်း ပြတ်တောင်း ပြတ်တောင်း ပွင့်သည်။ တကြိမ်ပွင့်လျှင် တရက်တွင်သာ ခပ်များများ ပွင့်လေသည်။

ဆောင်တော်ကူးသည် နှစ်ရှည်ခံအနွယ်မျိုးဖြစ်သည်။ စင်တင်၍၎င်း၊ သစ်ပင်ကြီးများတွင် နွယ်၍၎င်း စိုက်ပျိုးကြသည်။ အမြင့်တက်လေ၊ အပွင့်များလေ၊ ပိုပွင့်ပေဖြစ်သည်။ ပွင့်လုနီးနီးတွင် မိုးကြွင်း မိုးကျန်များ မိလိုက်လျှင်၎င်း၊ နှင်းများများ ပက်ဖြန်းခံရလျှင်၎င်း အပွင့်များ ပို၍ ဖြူဖွေးလှပပြီးလျှင် ဆုပ်ဆုပ်ခဲခဲ ပွင့်လေသည်။ တလက်မ၊ နှစ်လက်မခန့် သာရှိသော အရွက်များသည် ပါး၍ချောသည်။ ညောင်ရွက်နှင့်တူ၍ အရင်းပိုင်း၊ အဖျားချွန်သည်။

နိုင်ငံပန်းရုံ

ယခု မလေးရှားဟုခေါ်သော မလ္လာယကျွန်းဆွယ်တွင် မူလပေါက် ရောက်ခဲ့ပြီးမှ အရှေ့တောင်အာရှတခွင်တွင် မျိုးပြန့်ခဲ့လေသည်။ ဆောင်တော်ကူးပန်းနှင့် ဆင်တူသော မျိုးတူပန်းတမျိုးရှိသေးသည်။ ဆောင် တော်ကူးထက် အပွင့်နောက်ကျ၍ ဒီဇင်ဘာပန်းဟု၎င်း၊ ကုန်းကရမက်ဟု၎င်း ခေါ်ကြသည်။ ကုန်းကရမက်အပွင့်များသည် ပို၍ ဖြူဖွေးနူးညံ့သည်။ အရွက်များက အစိမ်းဖြော့သည်။ ဆောင်တော်ကူးလောက် ရနံ့မသင်းလှချေ။



တင့်တင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၂) ၌ ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ - ၃။ အမှတ် - ၁၅။

# ရွှေသွေး ဂျာနယ်

နှစ်သစ်ကို ကြိုဆိုပါသည်။

၁၃၃၂ ခု၊ တန်ခူးလပြည့် (၁၀-၄-၇၀)




စနေနေ့တိုင်း ထုတ်ဝေသည်။

မိုးအေး ဇာတ်လမ်းမှ—


# ဖိုးအေး

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - မမရာ (ရွှေပြည်)


ဘီးမားဖျံကလေး ဖိုးအေးဟာ အစားနဲ့ ကစားခြင်းကိုဘဲ စိတ်ဝင်စားတယ်။ သူတို့ရဲ့ မျိုးရိုး ဓလေ့ ထုံးစံတွေကိုလဲ စိတ်မဝင်စားဘူး။ တကယ်လို့ လာမဲ့ သကြန်မှာ ဖိုးအေးသာ မြန်မာပြည်မှာ ရှိမယ်ဆိုယင်၊ မုချ မီးကုန်ယမ်းကုန် ဝင်ရောက်ကစားမှာဘဲ။ ဒါပေမဲ့ ဖိုးအေးဟာ ကနေဒါနိုင်ငံသား ဖြစ်နေတယ်။



ကနေဒါနိုင်ငံ အရှေ့ပိုင်း တောကြီးထဲမှာပေါ့ ကွယ်။ ဖိုးအေးဆိုတဲ့ ဘီးမားဖျံကလေးဟာ —





တကောင်ထဲ အေးအေးဆေးဆေး လမ်းလျှောက်လာသတဲ့။ သူ့နောက်ဖက်မှ အသံကြားလို့ —





လှည့်ကြည့်လိုက်တော့ မြေခွေးကြီး တကောင် ချောင်းလိုက်လာတာ တွေ့သတဲ့။




ဖိုးအေးလဲ ကြောက်အားလန့်အားနဲ့ အတင်းဒုန်းစိုင်းပြေးထွက်လာတာပေါ့။



ဟာ
ဘာဖြစ်လာတာလဲ - ကွ - အမောတကောနဲ့
နောက်မှာကြည့် လေကွာ - - -
သူငယ်ချင်း ဖိုးချမ်းက အိမ်တံခါးဖွင့်ပေးတယ်။
နောက်က မြေခွေးကြီးကလဲ အတင်းဖိလိုက်လာတာပေါ့။
ဒီလမ်း အတိုင်း ရဲရဲသာပြေး - ဖိုးအေး
ဖိုးအေးနဲ့ ဖိုးချမ်းဟာ တံခါးကို ပြန်ပိတ်ပြီး ဖြောင့်တန်းနေတဲ့ မြေအောက် လိုဏ်ဂူလမ်း အတိုင်းလာခဲ့ကြတယ်။
မြေခွေးကြီးက အားကောင်းတယ် - တံခါးချိုးပြီး ဝင်လာမှဖြင့် ........
ဟင်
ဟာ ကောင်း - ရှယ်မနေနဲ့လေ - ဒီမှာ စိတ်မချရ သေးဘူး ....
နောက်ဆုံး ဖိုးချမ်းရဲ့ အိမ်ထဲ ရောက်သွားတော့-
ဟင် - ရေတွေ
အေးပါကွ လိုက်သာလိုက် ခဲ့ပါ
ဖိုးချမ်းက ပြောပြော ဆိုဆိုနဲ့ အိမ်ဘေးထွက် ပေါက်ကလမ်းပြခေါ် သွားလို့-
ဗြိုး — မောလိုက်တာ ချမှ - စိတ်ချရတော့တယ်
အေး
ရေလယ် ကျွန်းကို ရောက် သွား ကြ တယ်။
လေပေါက်
သစ်ကိုင်း-သစ်ခက်
ကျွန်း
ရေ
ရေ
အဲဒီလို ရန်အေးအောင် ဝင်ပေါက် - ပြေးပေါက် ရယ်လို့ - ငါတို့ (ဘီးဗါး) မျိုးတွေက အဆန်းထွင် ထားတာပေါ့
ဟေ - ဟုတ်လား


ဘာ - ဟုတ်လား တွေ ဘာတွေ လုပ်မနေနဲ့ — မင်းက ဖိုးအေး ဆိုတဲ့ အတိုင်း အေးကိုအေး လွန်းပါတယ်
အေးလေ - တနေ့ တနေ့ - ကစားရ - စားရ နဲ့ ဒီဟာ - တခြားဟာ တွေ ဘယ် သိ မလဲ ကွ
မင်းတယ် ညံ့တဲ့ကောင် - ကိုယ့် အမျိုးသား တွေရဲ့ ဓလေ့ထုံးစံ ဥာဏ်ပညာကိုတော့ သိမှပေါ့ ......
တို့တတွေမှာ ရန်သူကလဲ ပေါများတယ် ကွ........
ငါတို့ သားမွေးကို လိုချင်လို့ ဖိုက်ထောင် ဖမ်းတဲ့ တောလိုက် သမားတွေ.......
တို့များ အသား ကိုစားချင်တဲ့ သား ရဲတိရစ္ဆာန်ကြီး တွေ......
ဒါကြောင့် သူတို့အေးရန်ကလွတ်ကင်းအောင် ဥာဏ်ကျေဖြီး အိမ်တမျိုး ဆောက်ရတာ ကွ။
ကဲ — မင်းလဲ အမော ပြေရောပေါ့ — ငါ- တို့ အမျိုး အိမ်တွေ လိုက်လယ် ရှင်း မင်းကိုလက်တွေ့ပြမယ်....
လမ်းခုလပ်တွင် မိနီနဲ့ ဆုံမိကြရာ—
ဟော့ - မိနီ နင်ဟာတွေ သယ်လာလဲ
သစ်ခက် သစ်စ, လေး တွေပါ. ကိုချမ်း
ဒါတွေ ဘာလုပ်ဖို့လဲ ဆောင်းတွင်း ကျရင် - မီး ဖိုလှုံဖို့ လား
ဖိုးအေးရယ် - နင်ဟာ တော်တော်အ တယ်........ နင်တို့အိမ်ကကြမ်းခင်းတွေ နင်မတွေ့ဖူးဘူး လား — မှတ်ထား - ရေညှိ၊ သစ်ခက်၊ သစ်ရွက်၊ သစ်စ,တွေနဲ့ ရောခင်းထားတော့ နူးနူးညံ့ညံ့နဲ့ နွေးလို့ - ထိုင်လို့ ကောင်းတာပေါ့ဟဲ့ - အေးလေ - ဖအေ - မအေတွေက အလို လိုက်ထားတော့ - ဆော့ဘို့ - စားဘို့ ဘဲ သိများဘဲ။ ကဲလေ အိမ်ဆောက်ဘို့ ရွှံ့ သွားသယ်ရအုံးမယ်.....

(ဆက်ရန်)




ခြေလျင်တပ်များကို၊ တိုးချဲ့ခန့်ထားလျက်စစ်လေ့ကျင့်မှုများလေ့ကျင့်ပေးနေသကဲ့သို့ —
မြင်းတပ်များကိုလည်း —
ဆင်တပ်များကိုလည်း၊ နေ့ရောညပါ၊ အပြင်းအထန် လေ့ကျင့်ပေးနေသည်။
တဖန်ရေတပ်ကိုလည်း၊ ဖေါင်ကတ္တူလှေအင်အားကြီးမား စေရန်၊ ပြုပြင်ဖွဲ့စည်းပြန်သည်။
မိမိကိုယ်ကိုအထင်ကြီး ကြီးသူ တပါးနိုင်ငံအား၊ တိုက်ခိုက်ရန်၊ စစ်ဆင်မှုများပြုလုပ်နေသော ဘုရင်သိဂကုဗေဓာအား၊ မိဖုရား၊ ဝါနန္ဒာသည် နောက်ဆုံးအနေဖြင့် တောင်းပန်လေသည်
ငြိမ်းချမ်းစွာနေထိုင်ခြင်းသာ တိုင်းပြည်မှာ သာယာဝပြောပါမယ်မောင်တော်၊ စစ်မက်ဖြစ်ပွားခြင်းမှာ မကောင်းပါ၊ ပြည်သူအများဆင်းရဲဒုက္ခရောက်ကြရပါလိမ့်မယ်၊




မှန်လှပါ၊ အရှင့်ဘုန်းတော်ကြောင့်၊ ကိုမ်နီးချင်းနိုင်ငံတွေပါ၊ အရှင့်လက်အောက်ကျွေးမြူး ရောက်ကောက်ပါလိမ့်မယ်။ တောက်တွေ့ ကြွက်ကြောမနေပါနဲ့၊ အမြန်ချီတက် သိမ်းပိုက်သင့်ကြောင်းပါ။
စစ်ပြင်ဆင်မှုများကို မြုပြုမှုနှုပ်နေလေသည်။
ထိုအချိန်တွင်၊ ကိုမ်နီးချင်း နိုင်ငံတခုဖြစ်သော မိဖွဲ့လါ တိုင်းပြည်တွင်၊ အသက်ကြီး ရင့်သော ဘုရင်သုမနနှင့် နန်းမွေခံ မင်းသားတို့ အုပ်စိုးနေကြသည်။
မိဖွဲ့လါတိုင်းပြည်သည်။ သာဝတ္ထိပြည်ကဲ့သို့ အေးချမ်းသာယာဝပြောမှုမရှိသည်။
မှန်လှပါ၊ ကိုမ်နီးချင်းနိုင်ငံဖြစ်တဲ့ သာဝတ္ထိပြည်မှာ၊ စစ်ရေးစစ်ရာပြင်ဆင်မှုများ ပြုလုပ်နေကြောင်းကြား သိရကြောင်းပါ၊ အကျိုးအကြောင်း သိရအောင် အမြန်စုံစမ်းမှုများ ပြုလုပ်သင့်ကြောင်းပါ၊
သာဝတ္ထိပြည်သို့ ...

ရေးသူ - ဂုဏ်မြင့် 

# ဆား

ပန်းချီ - ကျော်ကျော်





ဆရာဝန် နှစ်ဦးသည် နှစ်ပတ်တိတိ ဆားဓာတ်ပါသော အစာများကို လုံးဝ မစားပဲ နေခဲ့ကြရာ အားအင် ကုန်ခန်းပြီး အလေးချိန်တစတုံစီလျော့သွားကြသည်။ မှတ်ဉာဏ်လည်း ထိုင်းသွားကြသည်။

သင်သည် တနှစ် အတွင်း ဆား ၁၀ ပေါင်ခန့် စားသုံးဖို့ လိုအပ်သည်။ လူ့သွေးထဲတွင် ဆားရှိသည်။ ချွေးထွက်လျှင် ချွေးနှင့်အတူ ဆားများ ထွက်လာသည်။ ထိုအခါ သွေးထဲသို့ ဆားဓာတ်ထပ်၍ ဖြည့်ပေးဖို့လိုလာသဖြင့် ဆားကို စားရသည်။ တာဝေးအပြေးသမားကို ပြိုင်ပွဲအပြီး၌ ဆားဓာတ် ဆေးတိုက်ပေးရလေ့ ရှိသည်။









အချို့ နိုင်ငံများတွင် ဆားကို မိုင်းတူးသကဲ့သို့ တူးယူ ကြရသည်။ လျှပ်စစ် လွှန်ဖြင့် ကျင်းတူးပြီး ဗိုင်း န မိုက် ထည့် ၍ ဖောက်ခွဲ ယူသည်။




ဆိုဒါ အချို့ကို ထုတ်လုပ်ရာတွင် ဆားကိုအသုံးပြုရသည်။

မုံ့ဖုတ်ဆိုဒါ၊ ကော့စတစ်ဆိုဒါ၊ အဝတ်လျှော်ဆိုဒါတို့ ဖြစ်သည်။

ကော့စတစ်ဆိုဒါကို ဆပ်ပြာ ထုတ်လုပ်ရာတွင် အသုံးပြုရသည်။

မှန်ပြုလုပ်ရာတွင်လည်း အသုံးပြုသည်။





မြေအောက် ပေ ၁,၀၀၀ ခန့် တွင် ဆား ကျောက် တည်ရှိသည်။

ရေ ရိုး ရိုး ကို ဆားကျောက် ရှိရာသို့ စီးဝင်စေလျက် ဆား ကျောက် ကို အရည်ဖျော်ယူသည်။

ဆားရည်ကို ပိုက်ဖြင့် စုတ်ယူပြီး ကျိုချက် ရလေသည်။



ကျွန်ပ်တို့အဖို့ ဆားမှာ တန်ဖိုး မရှိလှပေ။ သို့ သော်လည်း ရှေးခေတ် ရောမ စစ်သည်တော်တို့ မှာ ဆားကိုလစာအဖြစ် လက်ခံ ယူကြရသည်။



ပင်လယ်ရေပြင် အပုံ လေးပုံတွင် ဆားတပုံ ပါဝင်သည်။ ဆား ရည်ကို နေလှန်း၍ ရေများ အခိုးအငွေ့အဖြစ် ပျံထွက်စေလျှင် ဆားများ ကျန်ရစ်သည်။ ရှေးရိုးနေလှန်း ဆားထုတ်လုပ်နည်း ဖြစ်သည်။

ယနေ့ကာလတွင် ဆား ကို စက်ကြီးများဖြင့် အ မြောက်အမြား ချက်လုပ် သည်။

အလွန်ကြီးမား သော လုံပိတ် ပေါင်း အိုးကြီးများကို အသုံးပြု ရလေသည်။





ဆားသည် လူများ အသက်ရှင် နေနိုင်ရေး အ တွက် မရှိလျှင် မဖြစ်ပေ။ ထိုအတူ တိရစ္ဆာန် များလည်း ဆားစားကြရသည်။ သဘာဝဆား တွင်းများ၊ ဆားငန် ရေတွင်းများတွင် သွား ရောက် လျက်ကြရသည်။ သောက်ကြ ရသည်။










ဓာတုဗေဒအရ ဆားကို ဆိုဒီယမ်ကလိုရိုက်ဟု ခေါ်သည်။ ဆားကို ဓာတ်ခွဲ လျှင် ဆိုဒီယမ်နှင့် ကလိုရင်းဓာတ်များရရှိသည်။ သောက်သုံးရေ သန့်ရှင်းစေ ရန် ကလိုရင်း ထည့်ပေးရသည်။ ကလိုရင်း တစက်သည် ရေ အစက်ပေါင်း ၂ သန်း အတွင်းရှိ တိုက်ဖွိုက်ပိုးများကိုသေစေနိုင်သည်။

ကလိုရင်းကို စက္ကူ ထုတ်လုပ်ရာတွင်စက္ကူဖြူစေရန် ချွတ်ဆေးအဖြစ် လည်း ကောင်း၊ ဒီဒီတီ ပိုးသတ်ဆေးထုတ်လုပ်ရာတွင် လည်းကောင်း အသုံး ပြုသည်။


ဖိုးထူးတွင် သူအလွန် ချစ်သော ငနီခေါ် နွားကြီး တကောင်ရှိသည်။
ကျောင်းပိတ်ရက်များတွင် သူ့နွားကြီး ငနီနှင့်အတူ ဦးဖြူထီး၏ နွားများကို အငှါးထိန်းကျောင်းလေသည်။
ဟုတ်ကဲ့
ဦးဖြူထီးက အလွန်သဘောကျနေသည်။
တနေ့တွင် စားကျက်၌ ဖိုးထူး၏ နွားကြီး ငနီနှင့်ဦးဖြူထီး၏ နွားကြီး ထိပ်ကွက်တို့ ဇွဲကြရာ....


ဦးဖြူထီး၏ နွားကြီးထိပ်ကွက်တွင် ဒဏ်ရာရသွားလေသည်။
ဟာ- ငနီ-မရွှေနဲ့ကွ၊ ဒုက္ခပါဘဲ-အဖိုးကြီးတော့ ငါ့ကိုကြိမ်းတော့မယ်
ဘယ်တတ်နိုင်မလဲ
ဖိုးထူး၏သူငယ်ချင်းများကလည်းမြင်ကြသည်။
ဒီလူကြီးက သူ့နွားတွေ ထိယင်မခံဘူးကွ-
အိုကွာအမှန် အတိုင်းဘဲ ပြောလိုက် ပေါ့ကွာ-
ဒီနေ့ နွားတွေ အချင်းချင်း ခွေကြလို့ ဟိုကောင်ကြီးဒဏ် ရာရသွားတယ်- ကျွန်တော့်-နွား--
ဟေ-ဟုတ်လား
အိမ်ရောက်၍ နွားများကို ခြံထဲသွင်းပြီး နောက်-
ဘယ်တတ်နိုင်မလဲ နွားတွေဘဲဟာ ရန်တွေမှာ-ဥပဒေမရှိ ဘူး၊ နောက် ဒီလို မဖြစ်စေနဲ့-
မဟုတ်ဘူး ဦးကြီးရဲ့- ကျွန်တော့်နွား ငနီခွေလို့-ဦးကြီးနွားထိပ်ကွက် ဒဏ်ရာရသွားတယ်
ဟင်-ဘာဖြစ်တယ် ငါ့နွားဟုတ်လား
ကဲ လာမင်းပါနဲ့လိုက်ခဲ့-
ဤတွင် ဦးဖြူထီးသည် စိတ်ဆိုးမာန်ဆိုးဖြင့် နွား ခြံဆီသို့ အပြေးသွားလေသည်။


ဟိုမှာ-အဖိုးကြီး ဒေါပွ လာပြီထင်တယ်
ဖိုးထူးသူငယ်ချင်းများလည်း နွားခြံအနီးသို့ရောက်လာကြသည်။
ဟိုက်
ဦးဖြူထီးသည် နွားခြံသို့ ရောက်လျှင်-
ဟာ-ဒီကောင်ရာက အများကြီးပါလား
ငါ့နွား ဒီကောင်ရာ ရတော့မင်း ပျော်ရမယ်-မပျော်နိုင်ယင် မင်းလုပ်ခတွေ မပေးနိုင်ဘူး-ဒါပဲ
ဟာ
အမှတ်မထင်ဖြစ် တာပါဦးကြီးရယ်-ကျွန်တော်တို့လဲ မြင်ပါတယ်
မင်းတို့ဖိုးထူး ဘက်က ရှေ့နေ မလိုက်ကြနဲ့
ဦးဖြူထီးသည် သူ့စကား နှင့်သူ ပြန်မိနေ၍ ရှက် ရှက်ဖြင့် အလျှော့ ပေး ကာ ထွက်သွား လေ တော့၏။




စပါးကို မောင်းဆုံတွင်ထည့် ထောင်းလိုက်သောအခါ ဆန်၊ စပါးလုံးအချို့နှင့် ဖွဲကြမ်း ဟူ၍ သုံးမျိုး ကွဲသွားသည်။ ဖွဲကြမ်းမှာ စပါးအခွံဖြစ်သည်။ ထိုစပါးအခွံများကိုဖယ်ထုတ်ပစ်၍ ဆန်သန့်သန့်ရအောင် ပြုလုပ်ခြင်းကို "ဆန်ပြာ" သည်ဟု ဆိုသည်။

ဆန်ပြာပုံကိုသရုပ်ဖော်သောအခါ ကလေးတို့သည် လက်မောင်းကို ရှေ့သို့ ဆန့်တန်းပြီး လက်ဝါးလှန်ရမည်။ လှန်ထားသော လက်ဝါးသည် ဘေးချင်းထိနေရမည်။ ခေါင်းဆောင်လုပ်သူက "ဆန်ပြာ"ဟု အမိန့်ပေးလိုက်သောအခါ ကလေးတို့က "ဖလပ်" ဟုဆိုကာ ဒူးကွေး၍ ဆောင့်ကြောင့်ထိုင်ချပြီး လက်ကောက်ဝတ် တို့ကို ဒူးနှစ်ဖက်ပေါ် တွင် တင်ထားရသည်။ ထို့နောက် "ဖလံ"ဟုဆိုကာ ဖွဲပြာချလိုက်ဟန်ဖြင့် ပူးလှန် ထားသော လက်ဝါးနှစ်ဖက်ကို ရှေ့သို့ ထိုးမြှောက်လိုက်ရမည်။ တပြိုင်တည်းလည်း မတ်တတ် ပြန်ထလိုက်ရသည်။ ယင်းသို့ ထပြီးနောက် "ဖလပ်" ဟု ဆိုကာ ယခင် နည်းအတိုင်း ဒူးကွေး၍ "ဖလံ" ဆို မတ်တတ်ရပ် အထိ အဆင့်ဆင့် ပြုလုပ်ရလေသည်။ ဤ နည်း ဖြင့် ခြောက် ကြိမ် မြှောက်လျှင် ဆန်ပြာခြင်း အမှုကိစ္စပြီးတော့၏။

ထိုအခါ ဝိုင်းဖွဲ့နေသော ကလေးတို့သည် လက်မောင်းကို ဘေးသို့ တွဲလွဲချ၍ ထားကာ သက်တောင့်သက်သာ အနားယူကြရပေသည်။

လက်ဆန့်၊ ခြေကွေး၊ ထိုင်ထ အကြိမ်ကြိမ် ပြုလုပ်ရသဖြင့် ဤ ကစားနည်းသည် ကိုယ်လက်လှုပ်ရှားအညောင်းအညာ ပြေစေသော အကျိုးကျေးဇူးကို ကလေးတို့အား ရရှိစေနိုင်လေသည်။



ဝါ၊ နီ၊ ပြာ၊ နက် ရောင်စုံချယ်ပါ။



# သင်္ကြန်ရေစင် ဖြန်းပက်ချင်

လှမွန်

“ဒီနေ့ သင်္ကြန်ကျပြီ”

ဖေဖေက သင်္ကြန်ကျပြီဟု ပြောသောအခါ ကျွန်မ အလွန်ဝမ်းသာ ပျော်ရွှင် မိပါသည်။ သင်္ကြန် ကျလျှင် ကျွန်မသည် သူငယ်ချင်းတွေနှင့် ရေပက် ကစားရမည်။ အဝတ်အစားသစ်ကလေးတွေကို ဝတ်ပြီး ဖေဖေ မေမေ တို့နှင့် အတူ ဘုန်းကြီးကျောင်းသို့ လိုက်ရမည်။ ဘုန်းကြီးကျောင်း၌ သာဂူ၊ မုံ့လုတ်ဆောင်း စသော အစား အသောက်များ စားရမည် ဖြစ်ပါသည်။

“သီတာရေ– လာဟေ့၊ ရေပက်ကစား ကြရအောင်” ဟု နီနီ၊ ပုစုး၊ ပေါက်ပေါက်၊ ဘိုးအေး၊ ဘိုတုတ်စသော ကျွန်မ၏ သူငယ်ချင်းများက လာ၍ ခေါ်ပါသည်။ သူတို့လက်၌ရေကစားသည့် ပြွတ်ကိုယ်စီ ပါလာ ကြသည်။ ကျွန်မလည်း ဖေဖေဝယ်ပေးသော လက်ပစ်ဗုံး ပြွတ်ကလေးကို ယူ၍ လိုက်သွား ပါသည်။ မနေ့က အကြိုနေ့ဖြစ်၍ ဖေဖေနှင့် မေမေက ရေမကစားရန် တားမြစ်ကြပါသည်။ ဤနေ့ကား အကျနေ့ ဖြစ်သောကြောင့် ကျွန်မသည် လွတ်လွတ်လပ်လပ် ကစားခွင့်ရပါသည်။

ကျွန်မတို့ သူငယ်ချင်း တစုသည် ရွာလယ်လမ်းဆုံသို့ သွားကာ ဖြတ်သန်း သွားလာသမျှ လူအားလုံးကိုရေပက်ကစားကြပါသည်။ လူ တဦးတယောက် လာသောအခါ ကျွန်မတို့တတွေ၏ ဝိုင်းဝန်း ပက်မှုကြောင့် ရွဲရွဲစိုကုန်ပါသည်။ ထိုသို့ရွဲရွဲစိုသွားလျှင် ကျွန်မတို့သည် ပျော်ရွှင်စွာ ဝိုင်း၍ ရယ်ကြ ပါသည်။ ဘုန်းကြီးများ၊ မယ်သီလရှင်များ၊ အဖိုးကြီး အဖွားကြီး များကိုကား ကျွန်မတို့ မပက်ကြပါ။ လူကြီးတွေက ပြောထားသောကြောင့် ဖြစ်ပါသည်။

“ဟေ့– ဟိုမှာ ဦးလေးထွန်းခင်ကြီးလာပြီ၊ဝိုင်းပက်ကြမယ်”

ဦးလေး ထွန်းခင်ကြီး လာသည်ကို မြင်လျှင်မြင်ချင်း ကျွန်မကာသူငယ်ချင်းများအား ပြောလိုက်ပါသည်။ ဦးလေး ထွန်းခင်သည် အဝတ်အစား သစ်သစ် ဝတ်ထားသည်။

“ဟေ့– သီတာတို့ တတွေ ဦးလေးကို မပက်ကြနဲ့ကွာ။ ဦးလေးအလှူသွားမလို့၊ ရှုံးပျက်ကုန်လိမ့်မယ်” ဟု ဦးလေးထွန်းခင်က တားပါသည်။

“သင်္ကြန်တွင်းဆိုတာ ပက်ရတယ်ဗျာ” ဟု ဘိုတုတ်ကပြောသည်။ ကျွန်မတို့ တတွေ ကလည်း ဝိုင်း၍ ပက်ကြပါသည်။ ဦးလေးထွန်းခင်မှာ ရွဲရွဲစိုကုန်ပါသည်။

“မပက်ပါနဲ့ဆိုတာ ပြော်လို့မရဘူး။ အေး– နင်တို့တတွေ

အကြောင်း သိမယ်''ဟု ဦးလေးထွန်းခင်က စိတ်ဆိုး၍ပြောသွားပါသည်။ ကျွန်မတို့လည်း ဦးလေးထွန်းခင် စိတ်ဆိုးသည်ကို သဘောကျ၍ ဝိုင်းရယ် ကြပါသည်။

သင်္ကြန် အတက်နေ့ နံနက်တွင် ကျွန်မသည် ဖေဖေ မေမေတို့နှင့်အတူ ဘုန်းကြီးကျောင်းသို့ လိုက်ရန် စိတ်ကူးပါသည်။ ဘုန်းကြီး ကျောင်း၌ ကျွန်မကြိုက်သောရွှေရင်အေးသောက်ရမည်ဟုမေမေကပြောပါသည်။ ကျွန်မသည် ဖေဖေ မြို့က ဝယ်လာသော ဂါဝန်အသစ်ကို ဝတ်ထား၍ ရေပက်ခံရမည်ကို စိုးရိမ်နေပါသည်။ ကျွန်မ၏ သူငယ်ချင်းတစုလည်း ကျွန်မကဲ့သို့ပင် ဘုန်းကြီးကျောင်းသို့ သွားကြမည်ဟု သိရပါသည်။ သူငယ်ချင်းတွေနှင့် ကျောင်းမှာ ဆုံရမည်ဖြစ်၍ ဝမ်းသာနေပါသည်။

ရွာလယ် လမ်းသို့ ရောက်သောအခါရေထမ်းလာသောဦးလေးထွန်းခင်နှင့် တွေ့ပါသည်။ ဦးလေးထွန်းခင်က –

''ကောင်မလေး– နင့်ကိုရေမွန်းအောင် ပက်ရမယ်။ တနေ့တုန်းက ငါ့ကို မပက်ပါနဲ့ဆိုတာမရဘူး''ဟု ပြောကာ ရေပုံးကြီးနှင့် ခေါင်းမှလောင်းချပါသည်။ ဦးလေးထွန်းခင် အစ သန်မှန်းသိသော ဖေဖေနှင့် မေမေတို့က ရယ်နေကြပါသည်။

ဦးလေးထွန်းခင်သည် ကျွန်မကို ရေပက်ရသဖြင့် ရယ်နေပါသည်။ဦးလေးထွန်းခင် ရယ်လေ ကျွန်မ ဒေါသထွက်လေ ဖြစ်ပါသည်။ ကျွန်မသည် ရေရွှဲနေသော အဝတ်အစား တွေနှင့် ဘုန်းကြီးကျောင်းသို့ မသွားလိုပါ။ သူငယ်ချင်းတွေနှင့် ချိန်းထားသောအစီအစဉ်ပျက်တော့မည်ဖြစ်၍ ဦးလေးထွန်းခင်အား ပိုမို စိတ်ဆိုးမိ ပါသည်။ ထို့ကြောင့် –

''တော်တော်ဆိုးတဲ့လူကြီး။ သူများကို ရေရွှဲအောင် ပက်လို့ ကျောင်း မလိုက်နိုင်တော့ဘူး'' ဟုဒေါသနှင့်ပြောလိုက်ပါသည်။

''သင်္ကြန်တွင်းမှာ စိတ်မဆိုးရဘူး။ သူများကို ပက်တုန်းက ပျော်ယင် ကိုယ့်ကိုယ်ပက်တော့လဲ သည်းခံ ရတယ်။ ရေစိုနဲ့ ကျောင်းကိုသွားလဲ ရတာဘဲ။ သင်္ကြန် တွင်းမှာ ဘယ်သူမဆို စိုတာဘဲ''ဟု ဦးလေး ထွန်းခင်က ပြောပါသည်။ ဖေဖေနှင့် မေမေကလည်းကျွန်မကိုချော့၍ ကျောင်းသို့ ခေါ် သွားပါသည်။

ဘုန်းကြီးကျောင်းတွင် နီနီ၊ ပုစူး၊ ပေါက်ပေါက်၊ ဘိုးအေး၊ ဘိုတုတ် စသော ကျွန်မ သူငယ်ချင်းအားလုံးကို တွေ့ရပါသည်။ သူတို့လည်း ရေတွေ ရွှဲနေကြပါသည်။

× × × ×



## ပန်းဧည့်သည်

သင်္ကြန်မိုးဖွဲ တဖြောက်ဖြောက်
ဝင်းဝင်းဝါဝါ ထိန်ထိန်တောက်
ပန်းမင်း အို – ပိတောက်။
ပန်းမင်းပိတောက် ပွင့်လေပြီ
ပင်လုံး ဝေဝေစည်။
ရွှေရည်ငွေရည် သောက်လို့များ
အသွေး လှသလား။
လေပြေလာတိုင်း မွှေးပလေ
နွဲ့သာ လက်ဆောင်ဝေ ။
နောက်နှစ်တနွေ လာပါအုံး
မောင်တို့ မျှော်မဆုံး။ ။

မင်း (မန်းတက္ကသိုလ်)

R. 517



# သဇင်

တော်ဝင်နတ်ပန်းဟု မြန်မာတို့ အမြတ်တနိုး တန်ဖိုးထားသော သဇင်ပန်းကို မြန်မာမင်းများ လက်ထက်က ဘုရင်နှင့် မိဖုရားတို့အား ဦးဦးဖျားဖျား ဆက်သပြီးမှ ပြည်သူတို့ ပန်ဆင်ရသည်။ ရှေးအယူအဆအရ သန့်စင်သော နေရာ၌သာ ဖြစ်ထွန်းပြီးလျှင် နတ်နိုးသော နတ်တော်လတွင် စ၍ ပွင့်သောကြောင့် နတ်များ နှစ်သက်သော ပန်းဖြစ်၍ နတ်ပန်းဟုလည်း ခေါ်ကြသည်။

မြန်မာ သစ်ခွမျိုးတွင် ပါဝင်သော သဇင်သည် တောကြီး၊ တောင်ကြီးများရှိ သစ်ပင်ကြီးငယ်များထက်ဝယ် ဥများဖြင့် တွယ်ကပ် ပေါက်ရောက်သဖြင့် ''ပင်ဆင့်ပန်းပျို'' ဟုလည်း တင်စားခေါ်ကြသည်။ တလက်မခန့်ရှိ စိမ်းညိုညို သဇင်ဥများသည် အရင်းကြီး၍ အဖျားသွယ်သည်။ မိုးဦးကျတွင် ဥတက်သစ်များ ထွက်သည်။ ယင်းတို့၏ ထိပ်မှ အရွက်သစ်များ ထွက်ရာ တလက်မမှ သုံးလက်မခန့်အထိ ရှိသည်။ မိုးကုန်လျှင် အရွက်များ ကြွေပြီးနောက် ဖူးတံထွက်သည်။ ဥတခုလျှင် တတံသာ ထွက်သည်။ ပွင့်ချပ် ထိပ်ချွန်ချွန်နှင့် ရွှေဝါရောင် ဝတ်ဆံများ ပါရှိသော အပွင့်ငယ်များသည် သွယ်သွယ်နွဲ့နွဲ့ ရိုးတံတလျှောက် တပွင့်ချင်း အစီအရီ ထွက်ပွင့်ရာ အမျိုးသမီးများ ပန်ဆင်ရန် သိမ်မွေ့လှပသော ပန်းနု ပန်းယဉ်ပေတည်း။

## နိုင်ပန်းစုံ



သဇင်ဖြူ၊ သဇင်ဝါ၊ သဇင်နီနှင့်သဇင်နက်ဟူ၍ လေးမျိုးရှိသည်။ သဇင်ဝါသည် ရနံ့အသင်းဆုံး ဖြစ်သည်။ အပွင့် ပိုကြီး၍ စိပ်သော သဇင်ဖြူက အလှပိုသည်။ သဇင်နီနှင့် သဇင်နက်မှာ ရနံ့ မသင်း အဆင်း မလှသော်လည်း ပို၍ ဆေးဖက်ဝင်သည်ဟု ဆိုကြသည်။

တောတောင် ထူထပ်သော တနင်္သာရီတိုင်း၊ ရခိုင်တိုင်း၊ ပုသိမ်ခရိုင်၊ တောင်ငူခရိုင်၊ မေမြို့ထပိုက် နှင့် ရှမ်းပြည်နယ်တို့မှ သဇင်အထွက်ကောင်းသည်။ ယခုအခါ ရန်ကုန်မြို့တွင် သဇင်ကို စီးပွားဖြစ် ပြုစု စိုက်ပျိုးရာ အောင်မြင် ဖြစ်ထွန်း နေလေပြီ။

တင့်တင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၃။ အမှတ်-၁၆။

ရွှေသွေး ဂျာနယ်

# ဖိုးအေး (၂)

ပန်းချီ - ဦးဘကြည်
ဓါတ်လမ်း - မမမှု (ရွှေတိုး)

၁၃၃၃ ခု၊ တန်ခူးလဆုတ် ၇ ရက် (၁၇-၄-၇၁)




စနေနေ့တိုင်း ထုတ်ဝေသည်။


ဇွန်းဇြဟော့ – ဇွန်း
ဟင် – သစ်ပင်လှဲ တာကလဲ ပုဆိန်လဲ မပါဘူး
သစ်ပင်လှဲနေတဲ့ တောစပ်ကို ရောက်သွားတဲ့ အခါ–
ဦးလေးမြ ကြွား သွားတော့
ဘာ- ပုဆိန်လဲ..... ဒီသွား တွေကမှ ပုဆိန် ထက် ထက်သေးတယ် -ငရိုက်-
မသေမချင်းမှတ်ထား သစ်ပင်ကို ပါးစပ်နဲ့ ဒီလိုကိုက်ဖြတ်လှဲရတယ် – ဟင်း
ဦးလေးဖြူ - သူက ဦးလေး ဖော်ရဲ့သား ဖိုးအေးပါ- အမျိုး သား ဘဝကို ခုမှ လေ့လာ နေဆဲ ဖိုးပါ- အဟဲ...
အဲဒီနောက် ဖိုးချမ်းက မိတ်ဆက်ပေးလိုက် ရတာပေါ့။
ဟား ဟား – ဟား ဟား ပြော်.....ငဖော့ သားကြီး ....... ဟား ဟား - ဒီလိုဘဲ ဖြစ်ရမှာပေါ့- ငဖော် ကလဲ ခော်ကြွားဘိုးသာ အာစုံထား နေတဲ့ ကောင်ဘဲ – အင်း .........
မင်းတို့နဲ့ပေါင်းမှတော့ အရာရာသိချာလည် ဖြီး၊ ကောင်းတဲ့ဘက်မှာ ဦးဆောင်နိုင်အောင် မင်းက ပြောပြပေါ့ကွာ – ကြားလား – ဖိုးဖို့ - ဒိုလို ရန်သူတွေပတ်လည်ဝိုင်း နေတဲ့ ကောင်မျိုး - မျိုးပါပြုတ်သွား မယ် – ကိုယ့်လုံ့လ – ကိုယ့်ခွန်အား ပေါ်မှာသာ အားကိုးရမယ်ကွဲ ---- တီထွင်ရမယ်ကွဲ- ကဲ – ကြည့်မနေကြနဲ့- ဝိုင်းလုပ်ကြ-
ဟုတ်ကဲ့ ဦးလေးဖြူ



မင်းတို့က ဟိုဘက်ကို တွန်း
ရေဘက်ကို တွန်းချ— ဟုတ်ပြီ
မင့်-သစ်စတွေက ပါ ခင်းထားတဲ့ သစ်ကိုင်းတွေ အပေါ်မှာ အုံ့
ဖိုးချမ်း ယူခဲ့တဲ့ သစ်တွေနဲ့ အပေါ်က မံ
ဖိုးအေးရဲ့ ခဲတွေကို အပေါ်ဆုံး ကဖုံး
ကျန်တဲ့ ကောင်တွေ မြန်မြန်ယူခဲ့ကြလေ...
ရှူး
မောရော- မြေခွေးကြီးလိုက်လို့ ပြေးရသလောက်တော့ - မမော ဘူး။ပျော်ပျော်လေးနဲ့ မောတာ ကွဲ
အေး — — နော်
ဖိုးအေးနဲ့ဖိုးချမ်းဟာ ဆည်ဖို့အပြီးဆည်ပေါ်မှာ အနားယူနေကြတာပေါ့။
ဒီမှာ- ဖိုးချမ်း ဆည်ဖို့ပြီး - ရေ များတော့ - ရေကျူးဘို့လား — ဟ —
အေးပေါ့ — ခုဆို ဆောင်းဝင်တော့မယ်လေ..... ဆောင်းတွင်းကျ တော့- အပေါ်ရဲ့ ရေတွေခဲသွားမယ်.....အောက်မှာ ရေရှိနေမယ်..... ဒီတော့ ရေလဲကျူးနိုင်မယ်...... အိမ်ပေါက်ဝတွေလဲ ရေခဲတွေနဲ့ ဆို့ပိတ်နေမှာ တော့ဘူး ပေါ့ကွဲ......
ကိုကိုချမ်း ကျနော်တို့ အိမ်မပြန် တတ်လို့ လိုက်ပို့ပေးပါ—


ဟုတ်ကဲ့
ဖိုးချမ်းနဲ့ဖိုးအေးတို့က လိုက်ပို့ပေးကြတယ်။
ဒါနဲ့ ဒေါ်ဂုတ်တို့အိမ်ကိုရောက်တော့ —










(၁)

## ကာတွန်းမောင်မောင်သက်

စစ်ပွဲတွင် ရန်သူကို ချောက်ချားစေနိုင်သော လက်နက်များ လိုအပ်ကြောင်း သဘောပေါက်လာသည်မှစ၍ အသံဖြင့် ရန်သူကို တုန်လှုပ်စေနိုင်သည်သာမက ရန်သူအင်အားကို ကြီးမားစွာဖြိုဖျက်နိုင်စွမ်းသော ''အမြောက်''ကို တီတွင် အသုံးပြုလာကြလေသည်။

၁။ ယမ်းအိုးအမြောက်မှာ လူတို့ပထမဆုံး တီထွင်အသုံးပြုသော အမြောက်ဟုဆိုရမည်။ ၁၄ ရာစု နှစ်ဦးပိုင်းတွင် စတင် အသုံးပြုခဲ့ကြသည်။ အသွားတပ်မြားကို ယမ်းအားဖြင့် ပစ်လွှတ်ခြင်းပင်ဖြစ်သည်။



(၂)


၂။ ၁၅ ရာစု အဦးပိုင်းတွင် တီထွင်သော အမြောက် ဖြစ်သည်။ သံလုံးကို အမြောက်ဆံ အဖြစ် စတင်အသုံးပြုခဲ့သည်။

၃။ ၁၄၈၆ ခုနှစ်တွင် တီထွင် အသုံးပြုခဲ့သော အမြောက်ကြီးဖြစ်သည်။ ယနေ့တိုင် အီဒင်ဘတ်ရဲတိုက်တွင်ထားရှိသည်။


၄။ ၁၅၉၀ ခုနှစ် ဝန်းကျင်တွင် အသုံးပြုခဲ့ကြသော အမြောက်ပင်ဖြစ်သည်။ အလွယ်တကူ ရွှေ့ပြောင်းနိုင်ရန် ဘီးနှစ်ဘီးသာ တပ်ဆင်ထားသည်။

၅။ အလယ်ခေတ်တွင် အသုံးပြုခဲ့ကြသော အမြောက်ဖြစ်သည်။ တံတိုင်းကြီးများကိုဖြိုဖျက်ရာတွင် အစွမ်းထက်လှသည်။


(၃)



(၅)




(၄)




# အမြောက်

ရဲမြင့်



(၆)

၆။ အမေရိကန် ပြည်တွင်းစစ်တွင် အသုံး ပြုခဲ့သော အမြောက်ပင် ဖြစ်သည်။




(၇)

၇။ အနီးကပ်တိုက်ပွဲတွင် အသုံးပြုသော အမြောက် ဖြစ်သည်။ ၁၆ ရာစုနှင့်ပင် တီထွင်ခဲ့ခြင်းဖြစ်သည်။

၈။ ရထားသံလမ်းဖြင့်သာ ရွေ့လျား သွား နိုင် သော အ မြောက် ဖြစ် သည်။ ပေါင် ၂၀၀ လေး သော အမြောက်ဆံကို အသုံးပြုသည်။ ၁၉ ရာစုနှစ်တွင် ခေတ်ကုန်ခဲ့သည်။


(၈)



၉။ ပထမနှင့်ဒုတိယ ကမ္ဘာစစ်ကြီးများတွင် အသုံးပြုခဲ့ကြသော ရထားသံလမ်းသုံး အဝေးပစ်အမြောက်ကြီးမျိုး ဖြစ်သည်။ စက်အားဖြင့် မောင်းနှင် ရွေ့လျားသွားရသည်။

၁၀။ ယနေ့ကာလတွင်ကား တိုက်ကြီးတတိုက်မှ အခြားတတိုက်သို့ ပစ်လွှတ်နိုင်သော ချူကလီးယားထိပ်ဖူးတပ် ဒုံးပျံများကို တီထွင်ကိုင်စွဲနေကြပြီ ဖြစ်လေသည်။

(၉)



(၁၀)






ဟိုခါက မောင်လူခင်ဆိုတဲ့ လူငယ်တယောက်ဟာ လယ်ပိုင်ရှင်ကြီး ဦးဒေဝဆီမှာ အလုပ်သမားအဖြစ် အလုပ်လုပ်နေသတဲ့။
ဦးကြီးယင် ဟိုဟာ လေးဆက်လုပ် လိုက်ပါဦး
သုံးနှစ်နီးပါး ပင်ပင်ပန်းပန်း လုပ်ခဲ့ပေမဲ့ အစားကောင်းကောင်းမစားရရှာဘူးတဲ့။
အင်း နေ့တိုင်း အရိုးဟင်းချည်း ပဲ . . .
တနေ့တော့ ဦးဒေဝက မောင်လူခင်ကို ခေါ်ပြီး ပြောသတဲ့။
နက်ဖန်ခါငါ့အကို လာမယ် တဲ့ကွ
ဒါနဲ့မောင်လူခင်ကို ဈေးဝယ်ခိုင်းတာပေါ့။
အကောင်းဆုံး အသားငါးတွေ ဝယ်ခဲ့ ဟေ့
ဟုတ်ကဲ့
မောင်လူခင်လဲ ဈေးက ဝယ်လာတဲ့ အသားငါးတွေကို ကိုင်တွယ်ခုတ်ထစ်ပြီး နှစ်မျိုး ခွဲချက်လိုက်တယ်။
တအိုးက အသားတွေ တအိုးက အရိုးတွေ ဟုတ်ပြီ



ပြီးတော့ အသားဟင်းကို အကုန်စားပစ်လိုက်တယ်။
ကောင်းလိုက်တာ
ညွှံသည်အတွက်ကိုတော့ အရိုးဟင်းဘဲ သွားချပေးသတဲ့။
ဟေ့ - ဘယ်လိုလဲကွ
ဗျာ
သွား အသားတွေချည်း ရွေးပြီးခပ်ခဲ့စမ်း
အသားတွေ - ဟို.. ဟို. ဒီ.. အဲ..
မ မရှိတော့ဘူး လွှင့်ပစ်လိုက်ပြီခင်ဗျာ
သူဌေးကြီးမှာ ဒေါသထွက်လာပြီး -
အိုး.. တယ်မိုက်ပါလား အသားတွေ လွှင့်ပစ်ပြီး အရိုးတွေချည်း ချက်ရတယ်လို့ကွာ... ကဲ ဆိုစမ်း ဘာ့ကြောင့်
ကျွန်တော်သူဌေးမင်းဆီမှာ ခုနှစ်ကျော်နေခဲ့တာ တခါမှ အသားတွေ မစားခဲ့ရတော့.. မစားကောင်းဘူး ထင်ပြီး လွှင့်ပစ်မိတာပါ...
ညွှံသည်ရှေ့မှာဖြစ်လို့ အလွန် ရှက်သွားသတဲ့ကွယ်။

ကျွန် တော် သည် ခင် မျိုး နွယ်ကိုအလုပ် လုပ်ရန် အမြဲ သတိပေး ရပါ သည်။






ဆန်ပြာပြီးနောက် စကော ထဲ၌ ဆန် နှင့် စပါး လုံး အ ချို့ ကျန် ရှိ နေ သေး ၏။ ဆန် တွင် ထမင်းချက်သောအခါ စပါးလုံး မပါစေရသဖြင့် စပါးလုံးများကို ဖယ်ထုတ်ပစ်ရပေဦးမည်။

စပါးလုံးများအလယ်၌ စု၍ ကောတက်လာအောင် စံကော ကို ဝိုင်းကာဝိုင်းကာ ပြုရသည်။ ယင်းကို သရုပ်ဖော် ကစားကြခြင်းဖြစ်သည်။

ကလေးများသည် စံကော ဝိုင်းကြီးသဏ္ဌာန် ဝိုင်းရပ်နေကြရမည်။ ထို့နောက် လက်မောင်းကို ဘေးသို့ဆန့်တန်းပြီး လက်ချင်း ချိတ်တွဲ ထားကြရမည်။ အကြီးအကဲ လုပ်သူက စံကော ဝိုင်းဟု အ မိန့် ပေး လိုက် လျှင် စံကောဖြစ်သော ကလေးတို့က-

"စံကော တက်အောင်သာ
ညာဖက်သို့ ဝိုင်းလိုက်ပါ"

ဟု ဆို ကာ လူ ဝိုင်း ကြီး ကို လကျ်ာရစ် တပတ်ပြည့် လှည့် လိုက်ရလေသည်။ ထိုသို့ လှည့် ရာတွင် နှစ်ယောက်၊သုံးယောက် မျှ လက်တွဲပြုတ်ထွက်သွားသည် လည်း ရှိမည်။ ပြုတ် ထွက် သွား သူတို့သည် စပါးလုံးများ ဖြစ် သွားကာ ဝိုင်းကြီးနှင့် မျက်နှာ ချင်းဆိုင်ပြီး အတွင်း ဝိုင်း ငယ် တခုလုပ်ရသည်။ ထိုသို့ ဝိုင်းငယ် အသစ် လုပ်ပြီးလျှင် –

"စံကော တက်အောင်သာ
ဘယ်ဖက်သို့ ဝိုင်းလိုက်ပါ"

ဟု ဆို ကာ နှစ် ဝိုင်း စ လုံး လက်ဝဲရစ် တ ပတ် ပြည့် လှည့် လိုက်ရ၏။ ထို သို့ လှည့် သော အခါ ပထမ ဝိုင်း မှ လက် တွဲ ပြုတ်သူတို့သည် ဒုတိယ ဝိုင်းသို့ ဝင်၍ လက်တွဲကြရပြီး၊ ဒုတိယ ဝိုင်းမှ လက်တွဲ ပြုတ်သူတို့သည် အတွင်းသို့ ဝင်ပြီး ဒုတိယ ဝိုင်းမှ လူတို့ကို ကျော်ပေးကာ တတိယ ဝိုင်း တ ခု ထပ် မံ ပြု လုပ် ကြ ရ သည်။

"စံကော တက်အောင်သာ
ညာဖက်သို့ ဝိုင်းလိုက်ပါ"

ဆို၍ လကျ်ာရစ် တ ပတ် ပြည့် လှည့်လိုက်ရသည်။ ဝိုင်း သုံးဝိုင်းမှ လက် တွဲ ပြုတ် သူ တို့ သည် အပြင်မှအတွင်းသို့အဆင့် ဆင့် ဝိုင်းပြောင်း ဝင်ကြရမည်။ ဤ နည်း ဖြင့် ဘယ် တ လှည့်၊ ညာတလှည့် ဝိုင်းကြရာ နောက် ဆုံး၌ အတွင်းတွင် လူများလွန်း လာ ပေ လိမ့် မည်။ သို့ဖြင့် တ ဖြည်း ဖြည်း လူ လျော့ သွား သောအပြင်ဆုံးဝိုင်းသည် လက် ချင်းဆက်၍ မမီနိုင်အောင် ရှိ လာလေသည်။ ထိုအခါ "စံ ကောဝိုင်းကြီး၊ ပြီး" ဟုသံပြိုင် ဆို၍ အားလုံး ထိုင်ချလိုက်ကြ ရ၏။

စပါးထောင်း၊ ဆန်ပြာနှင့် စံကောဝိုင်းကစားနည်း သုံးမျိုး သည် ကလေးတို့ နေ့စဉ်စားနေ သော ထမင်းကို စပါးမှ မည် ကဲ့သို့ အဆင့်ဆင့် ပြုပြင်စီမံယူ ရပုံကို ပညာပေးသော ပျော် ရွှင်ဖွယ်ကစားနည်းများ ဖြစ်ကြ ပေသတည်း။

× × × ×



# စီးကရက်တိုလေး

မြို့ပတ် ရထားကြီး သည် လည်း တဝုန်းဝုန်း ခုတ်မောင်း လျက် ရှိသည်။တဘူတာရောက် တိုင်း ခေတ္တခဏမျှ ရပ်လိုက် သည်။ တမိနစ်၊ နှစ်မိနစ်ခန့် မျှ သာ ကြာသည်။ ထို့နောက်တွင် တူကနဲ ဥသြဆွဲသံကို ကြားရ သည်။ ရထားကြီး ပြန်ထွက် လေပြီ။

ဘူတာတိုင်းတွင် ဆင်းသူ၊ တက်သူ မနည်းလှချေ။ အလွန် များလှပေသည်။ ဆင်းသူ များ လှသလို တက်လာသူလည်းများ လှပေသည်။ ထို့ကြောင့် ရထား တွဲတိုင်းတွင် ခရီးသည်များဖြင့် ပြည့်ကျပ်လျက်ရှိ၏။ တခါတရံ တွင် မတ်တပ် ရပ်လိုက်သူများ သာမက ရထားနောက်မြီးတွင် တွဲခို လိုက်ပါလာသူ များလည်း ရှိသည်။ အမိုးပေါ်တွင် ထိုင် လျက် လိုက်ပါလာကြသူများ လည်း ရှိတတ်သည်။

လမ်းဘေး သစ်ပင်ကလေး များမှာ တရိပ်ရိပ် ကျန်ရစ်ခဲ့ ကြသည်။ တဲအို တဲပျက်လေး များလည်း တရိပ်ရိပ် ကျန်ရစ် ခဲ့ကြသည်။ထို့နောက် စီးကရက် တိုများ၊ ဆေးလိပ်တိုများသည် ရဲကနဲ ရဲကနဲနှင့် ရထားပေါ်မှ ကျကျန်ရစ်ခဲ့ကြပေသည်။

ဤသို့ဖြင့်နွေရာသီသို့ရောက် လာ၏။

မီးရထား လမ်း ဘေး တွင် ကား ကလေးများ ဆော့ကစား လျက်ရှိနေကြသည်။

မြို့ပတ်ရထားကြီးမှာမူ အ ချိန်မှန်မှန် ခုတ်မောင်းလျက် ရှိ ၏။ ခရီးသည်များလည်း ပြည့် ကျပ်လျက်ရှိ၏။ ဆေးလိပ်မီးဖွား များကလည်း ရထားလမ်းဘေး တွင်၎င်း၊ ရထားလမ်းပေါ်တွင် ၎င်း တဖွားဖွား ကျန် ရစ်လျက် ပင်ရှိသည်။

တနေ့တွင် ဖြစ်ပေသည်။

မြို့ပတ်ရထားကြီးသည် ထုံး စံအတိုင်း ခုတ်မောင်းသွား၏။

ထုံးစံအတိုင်းပင် ရထားကြီး ပေါ်တွင် စီးနင်း လိုက်ပါ လာ သော ခရီးသည်အချို့သည်ဆေး လိပ်တို၊ စီးကရက်တို များကို သံလမ်းဘေးသို့ ပစ်ချ သွားကြ သည်။

သို့ရာတွင် ထုံး စံ အ တိုင်း မဟုတ်တော့ချေ။ စီးကရက်တို ကလေးတတိုသည် တနေရာသို့ လိမ့်သွား၏။ အမှိုက်ပုံ နားသို့ ရောက်သွား၏။ ထိုစီးကရက်တို ကလေးသည် အငွေ့ တထောင်း ထောင်း ထုတ်လွှတ်လျက်ရှိ၏။

လက်သဲခွံမျှရှိသော မီးလေး ဖြင့် ရဲရဲနီလျက် ရှိ၏။ သို့သော် လက်သဲခွံမျှရှိသောမီးလေးသည် အနီးရှိ မြက်ခြောက် များကို ကူး စက် ပြီး လက် သန်း ဖျား အရွယ် ဖြစ်လာ၏။ နောက် လက်မအရွယ်ဖြစ်လာ၏။ လက် ဝါးအရွယ်ဖြစ်လာ၏။ တဖြည်း ဖြည်းနှင့်လူတကိုယ်အရွယ်ရှိလာ ပေသည်။ တဖြည်းဖြည်းနှင့် မီး အဟုန်မြင့်လာလေပြီ။ အမှိုက်ပုံ ကို မီးစလောင်လေပြီ။

သံလမ်း အနီးတွင် ဆော့ ကစားလျက်ရှိကြသော ကလေး များကမူ အမှိုက်ပုံမီးလောင်နေ

သည်ကို လှမ်းမြင် ကြ၏။ သို့သော် ဂရုမစိုက်ကြချေ။ သူတို့နှင့် မဆိုင်ဟူ၍ ထင်မြင် ယူဆနေကြဟန် တူပေသည်။

မီးအရှိန်သည် လုံးဝ သေမသွားချေ။ အမှိုက်ပုံ တပုံ ကုန်သွားသည့် တိုင်အောင် ဆက်လက်လောင်၏။ ထိုအခိုက် လေပြင်းပြင်း တိုက်လိုက်သဖြင့် မီးရှဲရှဲ တောက်လောင် နေသော အမှိုက်တစသည် လေထဲသို့ ပါသွားလေသည်။ ထို့နောက် မီးရထား သံလမ်းအနီးရှိ တဲအိမ် တအိမ်ပေါ် သို့ .ကျ သွား တော့သည်။ တဲအိမ်ခေါင်မိုးပေါ် တွင် မီးတောက်လောင်လေပြီ။

မီးလောင်ရာတွင် လေကပင့်လာပြန်လေပြီ။ ခါတိုင်းတွင်မူ လေသည် ခပ်မှန်မှန်သာ တိုက်ခတ်တတ်၏။ ယခုမူ လေသည် ခပ်ပြင်းပြင်း တိုက်ခတ်လာ၏။ မီးဆက် လောင်ရန် အားပေးနေလေပြီ။

"မီး – မီး – မီး" ဟု လူကြီးများက အထိတ်တလန့် အော်ဟစ်ကြ၏။

"ဘုရား – ကယ်ပါ" ဟု အဖိုးကြီး အဖွားကြီး များက ညည်းညူ ရေရွတ်ကြ၏။

"အမေရေ – အဖေရေ – အမရေ – အကိုရေ" ဟု ကလေးများက ကြောက်လန့် တကြားငိုကြွေးရင်း အော်ဟစ်ကြလေ၏။

လူရွယ်များကမူ "မီး – မီးဟေ့ – ရေယူခဲ့ဟေ့၊ သံချောင်းခေါက်ဟေ့" ဟု သတိပေးနိုးဆော်ကြ၏။

သို့သော် မီး အဟုန်သည် အတော်ပင်ကြီးနေပြီ။ ပေါက်ကွဲသံများ ကလည်း ပြင်းထန်နေလေပြီ။ တဲအိမ် အမြောက်အမြားလည်း ပြာကျနေလေပြီ။

ကလေး ငိုသံ၊ လူကြီးများ အော်သံ စသည်ဖြင့် ရပ်ကွက် ပျက်လုမျှ ညံတက်လာလေပြီ။

ဤသို့ဖြင့် ရထားလမ်းအနီးရှိ ရပ်ကွက်တခုလုံး ပြာကျသွားလေပြီ။ အကယ်၍သာ မီးသတ်ကားတွေ မရောက်လာလျှင် အခြား ရပ်ကွက်သို့ ဆက်၍ ကူးစက်မည်မှာ သေချာပေသည်။

ဤအဖြစ်၏ တရားခံသည် မည်သူနည်း။

စီးကရက်မီးလား။

တာဝန်မဲ့သော မီး မရိုသေသူ လူကြီးလား။

တာဝန်မဲ့သောကလေးများလား။

စီးကရက်မီးသည် သာမည တရားခံ ဖြစ်ပါသည်။

မီးမရိုသေသူ လူကြီးသည် အဓိက တရားခံ ဖြစ်ပါသည်။

တာဝန်မဲ့သောကလေးများသည် တရားခံအားပေး ဖြစ်ပါသည်။

တရားခံ အားပေး မဖြစ်ဘို့ အရေးကြီးပါသည်။ တာဝန်မမဲ့ဘို့ လိုပါသည်။

နွယ်တမယ်

× × × ×

## နှစ်ဦးသကြန်

မိုးသကြန် ရေသောက်လို့
ရွှေပိတောက် ဝေဝေ၊
အတာရေ သဘင်ပွဲ
နွဲကြတော့တွေ၊
မောင်ကြီးတို့ မြန်မြေ
သာခေတ်ကို အရေး၊
မလေးတို့ ဌာနေ
မာစေဘို့ အရေး။
ကောင်းမှုနွယ် ဝဉ်အလာနဲ့
ဒိုရိုးရာ ခါမပျက်
အားဆက်လို့သေး။ ။
အဖိုးအို ပါးရေကျနဲ့
အဖွားက အိုမြမြ၊
အရွယ်အို ဇရာထောင်းကို
ပေါင်းစု ရေလှူ၊
ပျိုသူချင်း ချစ်ကြည်ဖြူ
သူငါတလှည့် ရေကစား။
နှစ်ဦးချိန်ခါ
သစ်ဖူး စေတနာနဲ့
သူသူငါ ပါဝင်ပြုံးပါလို့
မုံလုံးရေပေါ် တဲ့
အလှူတော်
ခေါ်ငင် ကျေးကာပ
ဝေးစေ ပျော်ပါး။ ။ စန္ဒာမြင့်



R. 517

# ကေရာဇ်



ရနံ့သင်းသော ကေရာဇ်ပန်းများသည် ပွင့်အာ၍ မကြာမြင့်မီ ကြွေကျမြေခ၍ ပန်းမွှေ့ရာ ခင်းကြလေသည်။ အပွင့်ကလေးများ သည် ဖယောင်းစိမ်ထားသည့်နှယ်ရှိ၍ အဖြူတွင်မဆိုစလောက် ပန်း ရောင်သန်းနေသည်။ ပုံပန်းသဏ္ဌာန်မှာ သေးသွယ်ရှည်လျားသော လည်တံရှိသည့် နှဲနှင့်တူသည်။ ထိပ်ဝန်း ပွင့်ချပ်လေးခုအဖြစ် ပွင့် ကားသွားရာ ပွင့်ချပ်တခုတွင် ထိပ်ကွဲနေသည်။ ဝတ်ဆံ ၀၊၀၊ ကလေးများက လည်တံထိပ်ဝမှ ပြူထွက်နေကြသည်။ အခိုင်လိုက် ဖူးပွင့်သော်လည်း အပွင့်များ အကြွေမြန်သဖြင့် အညှာတံ ရှည် သော စပယ်ဖူးနှင့်တူသည့် အဖူးကြီးငယ်တို့သာ ပန်းခိုင်များတွင် ရှိနေကြလေသည်။

# နိုင်ပန်းစုံ

ကေရာဇ်ပန်းတို့သည် မိုးကုန်စ တန်ဆောင်မုန်း၊ နတ်တော်တွင် တကြိမ်၊ တန်ခူးကဆုန်မှ မိုးမကျမီ အထိ တကြိမ်၊တနှစ်လျှင် နှစ်ကြိမ် ဖူးပွင့်သည်။ အပင်အလတ်စားမျိုး ဖြစ်သည်၊ ကြီးထွားမြန်သည်။ သို့ သော် ကျိုးပဲ့လွယ်သည်။ ပင်စည် တွင် အပွေး အခေါက် ရှိသည်။ အရွက်များသည် အ ရင်း ဝိုင်း၍ အဖျား ချွန်သည်။ ရွက်လက်တခု တွင် ၅ ရွက်မှ ၇ ရွက်ထိပါသော ရွက်ပေါင်းမျိုးရှိသည်။ နွေဦး တွင် အရွက်ကြွေသော်လည်း ရွက်သစ် အထွက်မြန်သဖြင့် အရွက် ကင်းနေသည်ဟု မရှိလှချေ။ ကေရာဇ်ပင်၏ မူလဇာတိမှာ မြန်မာ နိုင်ငံနှင့် မလေးကျွန်းစု ဖြစ်လေသည်။



မြန်မာ ဘယဆေးလောကတွင် နာမည်ကြီးသော ကေရာဇ်ပင် သည် တပင်လုံး ဆေးဖက်ဝင်သည်ဟုဆိုကြသည်။ အထူးသဖြင့် အပွင့်ကိုသုတ်စားလျှင်၊ အမြစ်ကိုသွေးသောက်လျှင် အမူးအမော် ကောင်းသည်ဟုလည်း ဆိုကြလေသည်။

တင့်တင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၁၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၃။ အမှတ်-၁၇။

# အသိဉာဏ်


ရွှေသွေး ဂျာနယ်

ပန်းချီ - ဦးဘကြည်
ဇါတ်လမ်း - မြန်မာ့အလင်း စိန်ဝင်း

၁၃၃၃ ခုနှစ် တန်ခူးလဆုတ် ၁၅ ရက်(၂၄-၄-၇၁)





စနေနေ့တိုင်း ထုတ်ဝေသည်။


ဒါတော့ ငါ မသိဘူး။ လူ့အသိဉာဏ်ဟာ - ဒို့ရဲ့ ဦးချိုထက် အများကြီး ထက်တာတော့ အမှန်ပဲ
သိချင်ယင် အဲဒီလူကို သွားမေးပါလား - ဟို ချောင်းကမ်းပါး နားမှာ ထိုင်နေတယ်လေ။
ထိုကြောင့် သွားမေးလေ၏။
ဟေ့လူ - မင့်ဆီမှာ **အသိဉာဏ်** ဆိုတဲ့လက်နက် ရှိတယ်ဆို။ ကျွဲချိုထက် တောင်ထက်လို့ ကျွဲကြီးတွေကို မင်းခိုင်းချင်တိုင်း ခိုင်းနေနိုင်တယ် ဆိုတာ ဟုတ်လား .......
တယ်ရိုင်းရိုင်း ခဲတင်းတဲ့ ကျားပါလား
ဟေ့ - ငါ့ အသိဉာဏ် ဟာ - ကျွဲချို မပြောနဲ့ - ကျားစွယ် - ကျားလက်သဲတွေထက် - ထက်တယ်ကွ
ဟာ ဒီလိုဆိုယင် မင့် **အသိဉာဏ်** ငါ့ကို ခဏပြစမ်းပါလား
လူသည် ထိပ်လန့်တုန်လှုပ် သွားသော်လည်း အသိဉာဏ်ဖြင့် ဆင်ခြင်၍ ....
ပြတော့ ပြချင်ပါရဲ့ - ဒါပေမယ့် အခုတော့ ပြလို့မဖြစ်ဘူးကွ။ အဘိုးတန်တဲ့ အသိဉာဏ်ကို ငါက နေရာတကာကို ယူလာလေ့မရှိဘူး။ အိမ်မှာလုံလုံခြုံခြုံ သိမ်းထားခဲ့တယ် -
အိမ်ပြန်ယူပြီး ပြပါလားကွ
ဟာ - ဘယ်ဖြစ်ပါ့မလဲ - ငါသွားနေတုန်း မင်းက ငါ့ကျွဲတွေကို ကိုက်စား မလို့ဟုတ်လား
ငါကြည့်ချင် လွန်းလို့ပါ - သွားယူပါ - ငါမစားပါဘူး၊ ကျိန်ဆိုယင် ကျိန်ပါ့မယ်


ငါ - မင်းကို စိတ်မချနိုင်ဘူး - မင်း - ငါသွားနေတုန်း ဒုက္ခမပေးနိုင်အောင် ကြိုးတုပ်ခံပြီး နေရစ်မယ် ဆိုမှ ယုံမယ်
အမယ်လေး လေး - မင့် အသိဉာဏ်ကို စာကယ်ပြမယ် ဆိုယင် - စိမ်လိုက်ကွာ - မင်းကြိုးတုပ်ချင်သလိုတုပ်
အင်း
လူက ကျားကို ကြိုးဖြင့် တုပ်ချည်လေ၏။
စိတ်ချရပြီ
အသိဉာဏ် မဲ့တဲ့ ကျား။ နင့် မှာ အသိဉာဏ် မရှိလို့ အခုလို ကြိုးတုပ်ခံရတာ - သိလား - အခု နင်ဟာ - ငါလုပ်ချင်တာကိုလုပ် သ၍ ခင် ခံရတော့မယ်။ နင့်သွားတွေ - နင့်လက်သဲတွေဟာ ငါ့အသိဉာဏ်လောက် မထက်ဘူး ဆိုတာ သိပြီလား - ဟင် -
မိမိစိတ်တိုင်းကျ ကြိုးနှင့်တုတ်နှောင်ပြီး၍ စိတ်ချရသောအခါ -


ငါ တို့ဟာ - အသိဉာဏ် ရှိတဲ့
လူဟ - လူဟ - လူဟ-
နင်ဟာငါ့ဖနောင့် စာ ဖြစ်ပြီ၊ နင် ဘာတတ်နိုင်သေးလဲ - ဟင် -
နင်ဟာ သားစားကျူးတဲ့ သတ္တဝါဖြစ်လို့ - နင်ရှိမှ
ယင် ငါ့ကျွဲတွေ အတွက် စိတ်ဖချရဘူး -
နောင် - ရန်မရှာနိုင်အောင်
လုပ်ရမယ် - နေအုံး
အွတ်
အင်း
အိုး


ကဲ - ဖေ့ ချစ်သားတို့ - တသက်တခါ ဒါမျိုး
ကြုံရခဲတယ်ကွဲ ....
ဒီကျားစုတ်ကို
ချောင်းထဲ ပစ်ချ
ကြစမ်း —
ဟဲဟဲ
ဟေ
ဟဲ
ကျွဲများကို တာဝန်ပေးလေသော် -


ကျွဲနှစ်ကောင်သည် ပြေးသွားပြီး ကြိုးတုပ်ထားသော
ကျားကို ဦးချိုဖြင့်ခတ်၍ ချောင်းထဲသို့ တွန်းချ လိုက်လေ
တော့သည်။


ဇာတ်လမ်း
သရုပ်ဖော်
မှန်လှပါဘုရား၊
အမယ်လေး—




ကယ်တော်မူကြပါ


ငါတို့ဆီ တက်လာတဲ့ လမ်းခရီးမှာ ရန်သူတွေကို တပ်မကြီးများ မတွေ့ရပါလား။
မှန်လှပါ၊ အရှင်ဘုရား၊ ကြောင့်၊ မိဖြိုလိုက်ရန် တပ်များ ထွက်ပြေး တိမ်းရှောင်နေတာ ဖြစ်ပါလိမ့်မယ် ဘုရား။
မိဖြိုလာသူ ရန်ကြီးများ ... ချီတက်ခဲ့ကြသည်။
နှမတော်ကို ဖြတ်လာတဲ့ တပ်တွေကို ... ပေးပြီ၊ ဝန်ကြီးမှူး ... ဖြတ်လိုက်ရမယ်။
... တပ်များသည် ... မိဖြိုလိုက်ရန် ... တပ်များ ... ခိုက်မှု ဖြစ်ကြရသည်။
ရန်သူ ကြောက်ကြောင့် တပ်တွေ ... မှန်းမသိဘူး၊ သူတို့ လက်ချက်ကြောင့် ကျုပ်တို့ တပ်သားတွေ အတော်ကျ ဆုံးပြီ။
ထိုနေ့ည
မိဖြိုလိုက်တပ်သားတွေ ဟာ၊ အလွန်ပါးနပ်များတဲ့ ကောင်တွေ၊ သူတို့ကို သတိနဲ့ စောင့်နေမှ ဖြစ်မယ်။



ထူးဆန်းသော
ဖြစ်ရပ်မှန်များ
ရေးသူ - ကြယ်ဖြူ
ပန်းချီ -
၁။ ရောမဧကရာဇ် ဗိုက်တဲလီးယပ်သည် တနေ့စာ အစားအစာအတွက် ပေါင် ၁,၂၀၀ ကျော် သို့မဟုတ် ၁၅,၆၀၀ ကျပ်ခန့် သုံးဖြုန်းလေ့ ရှိသည်။ ခရု ၁,၀၀၀ ကိုလည်း တရက်တည်းနှင့် စားနိုင်သည်။
၂။ ၁၆၆၆ ခုနှစ်တွင် လောင်ခဲ့သော လန်ဒန်မြို့မီးသည် ဘုရားကျောင်းများ၊ အိမ်များ အပါအဝင် မြေဧက ၄၃၆ ဧက အထိ လောင်ခဲ့သော်လည်း လူ ၆ ယောက်သာ အသက်သေဆုံးခဲ့သည်။
၃။ အောက်တိုပတ်ခေါ် ဘဝဲကောင်သည် ၎င်း၏ ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများနှင့် လိုက်ဖက်၍ လျင်မြန်စွာ အရောင်ပြောင်းနိုင်သည်။ ပန်းရောင် မွဲညစ်ညစ်မှ မွဲပြာရောင် အစင်းကြောင်းများ သို့မဟုတ် မွဲပြာရောင် အစက်ပြောက်များ အဖြစ်သို့ ပြောင်းနိုင် သည်။
၆ ကျပ် နှင့် ၂၀ ပြား
၄။ ပထမကမ္ဘာစစ်ကြီး အပြီးတွင် ဂျာမဏီနိုင်ငံ၌ လူနှစ်ယောက် နင်းရသော စက်ဘီး အဆန်း ပေါ်ခဲ့သည်။
၅။ လူတယောက်၏ ကိုယ်ခန္ဓာထဲတွင် ရှိသော ဆား၊ သကြား၊ အဆီ၊ သံဓာတ် စသည်များကို ယနေ့ဈေးနှင့် ရောင်းလျှင် ၆ ကျပ်နှင့် ၂၀ ပြားခန့်သာ တန်ဖိုးရှိသည်။



၆။ အခြားအလင်းရောင် လုံးဝမရှိပါက ၁၅ မိုင်အဝေးတွင်ရှိသော ဖယောင်းတိုင်မီးကို ရိုးရိုးမျက်လုံးဖြင့် ကြည့်မြင် နိုင်စွမ်းသည်။



၇။ အင်္ဂလန်နိုင်ငံ ရှက်ဖီးမြို့မှ ''ဓား'' အလုပ်သမား တဦးသည် ၎င်း၏ အချိန်အားတွင် အလျား ၇ ပေရှိသော ဓားတချောင်း ပြုလုပ်ခဲ့သည်။ ၁၉၁၉ ခုနှစ်တွင် ရှက်ဖီးမြို့မှပြုလုပ်သော ဓားတချောင်း၌ ဓားသွား ၁,၉၁၉ ချောင်းပါရှိသည်။






၈။ ရုရှဇာဘုရင် ပီတာ (၁၆၇၂-၁၇၂၅) သည် ၎င်း၏နိုင်ငံတွင် အနောက်ယဉ်ကျေးမှု အတိုင်း ဖြစ်စေရန်၊ မုတ်ဆိတ်မွေး ထားသူတိုင်း မုတ်ဆိတ် ရိတ်စေသည်။ မရိတ်လျှင် အမြစ်မှ ဆွဲနုတ်ရမည် ဟု ဆိုသည်။ သို့သော် အများစုက ဆန့်ကျင်သဖြင့် မုတ်ဆိတ် ထားသူတိုင်း တနှစ်လျှင် ၄၂ ပေါင် သို့မဟုတ် ၅၄၆ ကျပ် အခွန်ဆောင်စေသည်။





၉။ ကမ္ဘာကျော် ယိုးဒယား အမွှာပူး ညီနောင်ဖြစ်သည်။ ရင်ချင်းဆက်လျက် မွေးဖွား လာကြသည်။ အသက် ၆၃ နှစ်အထိ သည်အတိုင်း နေထိုင်သွားကြသည်။

၁၀။ တချိန်က သာမန် ကုန်စည်တင်ပို့ခ အလွန်မြင့်မားနေသဖြင့် အမေရိကန်ဘဏ် အဆောက်အဦတခုအတွက် အုတ်ချပ်များကို မိုင် ၄၀၀ ဝေးသော နေရာမှ စာတိုက်ဖြင့် တင်ပို့ခဲ့ရသည်။ ချောထုပ်တထုပ်တွင်အုတ် ၉ ချပ်ထည့်၍ ပို့သည်။





မြန်မာသက္ကရာဇ်-၇၃၀-ခုနှစ်တွင်
အင်းဝဘုရင် နရပတိသည် မြေးတော်က လုပ်ကြံသဖြင့် သားတော် ပြည်မင်းထံသို့ ရောက်လာရာ ရာဇသင်္ကြန်နှင့် သားပေါက်လှတို့လည်း ပါလာ၏။
ပြည်မင်းသည် ခမည်းတော်အတွက် စိတ်ဆိုးပြီး—
အင်းဝတွင် မင်းတို့ လူချွန်ကောင်းလှသည်ဟု ကျော်စောသည်- ငါ့ ဆင်တော် ငရာဟုနှင့် တိုက်လျှင် ခံနိုင်မည်လော မောလော့
ပြည်မင်းက ထပ်ကာ ထပ်ကာ မေးသော်လည်း ရာဇသင်္ကြန်မှာ ဆိတ်ဆိတ်သာ နေလေ၏။
ငါ့ကျေးဇူးရှင် နရပတိ မင်းကြီးရဲ့ သားတော် ပြည်မင်းကို- ငါ အလျှော့ပေးရမှာဘဲ
သို့သော်
ရာဇသင်္ကြန်၏ သားပေါက်လှမှာမူ—
ကြိုက်တဲ့မြင်းကိုသာ ရပါစေ- ကျွန်တော် တိုက်ပါမယ်
ကောင်းပြီ- နင်ကြိုက်တဲ့မြင်းကို အမြန်ရှာ
ပေါက်လှလည်း မြင်းကို ရှာ၍ ရသောအခါ လေ့ကျင့်ပြီး—


ပြည်မင်းထံ ဝင်၍—
နက်ဖြန် တိုက်တော် မူပါလော့- ကျွန်တော် မြင်း နှင့် ခံပါမည်
နောက် တနေ့ တွင်
တိုက်ရန် ချိန်းထားသော ကွင်းပြင်၌ ပြည်မင်းနှင့် ပေါက်လှတို့ ရင်ဆိုင်နေလေ၏။
ပြည်မင်းရဲ့ ခမည်းတော် နရပတိ မင်းကြီး ရဲ့ ကျေးဇူး ဟာ ငါ့ ဖခင် မှစ၍ ငါတို့ မိသားစု အပေါ်မှာ ကြီးမား လှပေတယ်---
ဒါကြောင့် ပြည်မင်း ကို အသက်ဆုံး အောင် တိုက်၍ မလျော်- ထိတ်လန့် ရုံ မျှလောက်သာ အစွမ်းပြမှ သင့်ပေမယ်
ဟဲ့- ပေါက်လှ- ငါ့ ဆင်တော် ဧရာဟု ကို လွှတ်တော့မည်- ခံနိုင်လျှင် ခံပေရော့
သို့ဖြင့်
စတင်တိုက်ခိုက်လေရာ ပေါက်လှသည် လှံကို လွှတ်၍ ထိုးလိုက်သော် ဆင်၏ လက်ကိုဖောက်၍ မြေတွင် တတောင် ခန့် စူးဝင်နေတော့သည်။
ပေါက်လှကို ဖိအောင် ဖမ်းကြ


ပေါက်လှမှာ မြင်းစီး၍ ပြေးလေရာ မင်းချင်းတို့လည်း နောက်မှ လိုက်လေ၏။
ပေါက်လှသည် လမ်း၌ လက်တဖက်ခန့် ရှိသော ကညင်ပင်ကို လှံဖြင့် စိုက်ပြပြန်သည်။
နောက်က လူတွေ မလိုက်ရဲအောင် လုပ်ခဲ့မှ
လှံသည် ကညင်ပင်ကို ထုတ်ချင်းပေါက် စူးဝင်နေတော့သည်။
ဟာ- တယ် လှံချက်ပြင်းလှပါကလား မဖြစ်ချေဘူး- ပြည်မင်းကို ပြန်ပြောမှ
ထို့နောက် ပေါက်လှတို့ သားအဖလည်း အင်းဝသို့ ကောင်းမွန်စွာ ပြန်သွားကြလေတော့သည်။
ကျေးဇူးရှင် ရဲ့ သားကို ရန်မဖြစ်တဲ့ဘဲ ခုလို ကျေးဇူးသိတတ်တာဟာ အလွန် ကောင်းတဲ့ လူ့ကျင့်ဝတ်တခုဘဲ ငါ့သား

# မိ----ထိုး


ကျော်ချင်မြိုး



"တွတ် – တွတ်"ဟု ပါးစပ်မှ အဆက်မပြတ် ရွတ်ဆိုလျှင် "တွတ်ထိုး" ကစားနည်းဖြစ်ပြီး၊ "မိ–"ဟု ရွတ်ဆိုရသည့် အခါ "မိ – ထိုး" ကစားနည်း ဖြစ်သည်။


စိတ်ခေါတ်ခိုင်မာမှုနှင့် ဇွဲရှိမှုကို အားပေးသည်။

ကစားပုံမှာ တဖက်တသင်း ခွဲ၍ တသင်းနှင့်တသင်း မျက်နှာချင်းဆိုင် နေရမည်။အကြားတွင် ပေ ၂၁-မှ ၃၀ အထိ ကွာဝေးသော စည်းကြောင်း နှစ်ကြောင်း ရေးဆွဲ ထားသည်။ စည်းကြောင်း တကြောင်း၏ အရှည်မှာ ၁၅ ပေမှ ပေ ၂၀ အတွင်း ရှိသင့်သည်။စည်းကြောင်း အကွာအဝေးနှင့် အရှည်ကို လူဦးရေ အနည်းအများ လိုက်၍ ထားရှိ ရလေသည်။ မျက်နှာချင်းဆိုင်နှစ်သင်းသည် အလှည့်ကျ တက် ကစားရ၏။ နှစ်ယောက် တတွဲ ဖြစ်စေ၊ သုံးယောက်တတွဲဖြစ်စေ အတွဲလိုက် တက်သင့်၏။ တက်သူ တို့သည် တဖက်စည်းကိုကျော်မိလျှင် "မိ" ဟု ပါးစပ်ကအော်၍ တက်ပြီးလျှင် တဘက် အသင်းမှ တယောက် ယောက်ကို လက်နှင့် ပုတ်၍ ပြန်ပြေးလာခဲ့ ရမည်။ မပုတ်မိသော်လည်း မောလျှင် ပြန်ပြေးလာနိုင်သည်။ တဖက်အသင်းသားများက တက်လာသောသူကို မိလောက်မည်ထင်လျှင်ဝိုင်း၍ဖမ်းနိုင်သည်။အဖမ်းခံရသော သူသည် "မိ" မပြတ်အောင် ပါးစပ်ကဆို၍ မိမိစည်းကြောင်းအထိ ရုန်းခဲ့ ရမည်။ "မိ" ပြတ်က ထိုသူသေသည်။ "မိ" မပြတ်စေဘဲ မိမိစည်းသို့ ပြန် ရောက် အောင် ရုန်း နိုင် ခဲ့လျှင် ဖမ်းသူအားလုံးနှင့် အပုတ်ခံရသူများပါ သေသည်။အကုန်သေသည့်ဘက်က ရှုံးသည်။ သုံးချီ သုံးပွဲ ကစားရာတွင် ၂ ပွဲနိုင်သော အသင်းက အနိုင်ရလေသည်။ ။



# ကောင်းမွန်ချင်ပါသည်

မဝင်းနွယ်



လူ့လောကကြီးသို့ ကျွန်တော် ရောက်လာသည်ဆိုသည်နှင့် ကျွန်တော် အလုပ် စလုပ်ရပါသည်။

ရှေးဦးစွာ ကျွန်တော်အလုပ် ကောင်းကောင်း လုပ်နိုင် သည် မလုပ်နိုင်သည်ကို စမ်းသပ်ကြည့်ကြပါသည်။ ကျွန်တော်က အလုပ်ကို ကောင်းကောင်း နှင့် လျှင်မြန်စွာ လုပ်ပြ လိုက်သော အခါ အားလုံးက သဘောကျကြပါသည်။

နောက်တနေ့မှ စပြီး ကျွန်တော့်ကို အလုပ်အမြဲတမ်း လုပ်ရန် ခန့်အပ်ခြင်း ခံရပါသည်။ ထို့ကြောင့် ကျွန်တော်သည် လူ့လောကကြီးသို့ စတင် ရောက်သည့်မှစပြီး ယနေ့ထိ မနားတမ်း အလုပ်လုပ်ခဲ့သည်။

ကျွန်တော့်အမည်နှင့်အလုပ် အကိုင်ကို စာရှုသူ သိချင်နေပါပြီလား။ ကျွန်တော် ပြောပြပါတော့မည်။

ကျွန်တော်၏အမည်မှာ "မီးရထား"ဖြစ်ပါသည်။ ကျွန်တော်၏ အလုပ် ဝတ္တရားမှာ ခရီးသည်များကို ရောက်လိုရာအရပ်သို့ ပို့ဆောင် ပေးရသော အလုပ်ပင် ဖြစ်ပါသည်။

ကျွန်တော် တာဝန်ကျသော လမ်းမှာ ရန်ကုန်–မုတ္တမလမ်း ဖြစ်ပါသည်။ ၎င်းခရီးကို ကျွန်တော်တဦးတည်း မသွားနိုင်ပါ။ ကျွန်တော့်ကို သွန်သင် ညွှန်ပြပေးသော ဆရာတယောက် ရှိပါသည်။

ကျွန်တော့်ဆရာ၏ ညွှန်ပြမှုကို နာခံလျက် ကျွန်တော် သွားလာရ ပါသည်။ ဆရာ ရပ်ခိုင်းသောနေရာတွင် ရပ်ပြီး၊ သွားခိုင်းသောအခါ သွားပါသည်။ ကျွန်တော်၏ ဆရာကြောင့်ပင် ကျွန်တော် သည် ကောင်းကောင်း နှင့် ဖြောင့်တန်းစွာ သွားလာနိုင်ခြင်း ဖြစ်ပါသည်။

ကျွန်တော့်မှာ အချိန်ကို လေးစားသူများပီပီ အချိန် တိကျစွာဖြင့် သွားလာ ရပါသည်။

တနေ့တနေ့ ကျွန်တော်သွားရသော ခရီးမှာ မနည်းပါ။ မိုင်ရာချီ၍ သွားရပါသည်။ ရန်ကုန်မှ နံနက်စောစောထွက်ရပြီး၊ ညနေမိုးချုပ်မှပင် ရန်ကုန်သို့ ပြန်ရောက်ပါတော့သည်။

တနေ့လုံး မနားတမ်းအလုပ် လုပ်ရသော်လည်း ကျွန်တော် မမောပါ။ ပျော်ပင်ပျော်ပါသေးသည်။

ကျွန်တော့်ကို အမှီပြုပြီး ကျွန်တော်နှင့်အတူ လိုက်ပါကြသော ခရီးသည် များကိုလည်း ကျွန်တော် စေတနာ ထားပါသည်။ လိုက်ပါ လိုသော ခရီးသည်များကို ကျွန်တော်၏ ဝမ်းပိုက်ထဲတွင် အားလုံး ဝင်ထိုင်စေပါသည်။

နေအလွန်ပူသော်လည်းခရီးသည်များကို နေပူ မထိစေရပါ။ မိုးရွာနေသော်လည်း မိုးရေ မစိုစေရပါ။ ရာသီဥတုဒဏ်ကိုလည်း ကျွန်တော်က ကာကွယ် ပေးပါသေးသည်။

ခရီးသည်တို့ ရောက်လိုရာ အရပ်သို့ မြန်မြန် ရောက်စေရန်မှာ ကျွန်တော်၏ အကြီးမားဆုံးသော စေတနာ ထားမှုပင် ဖြစ်ပါသည်။

ကျွန်တော့် အဖို့မှာမူ နေအဘယ်မျှပင် ပူနေပါစေ၊ မိုးအဘယ်မျှ ရွာနေပါစေ ကြံ့ကြံ့ခံပြီး ကျွန်တော်၏ အလုပ်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါသည်။

ကျွန်တော့် အဖို့ ဤမျှပင် တာဝန်ကျေပြီး စေတနာကောင်းခဲ့ပါသော်လည်း အချို့ခရီးသည်များမှာ ကျွန်တော့်ကို နည်းနည်းမျှ အလေး မထားကြပါ။ ကျွန်တော့်ကိုယ်ထဲတွင်ထိုင်ပြီး ကျွန်တော့်ကို ကွမ်းတံတွေးဖြင့် ထွေးထည့်ကြပါသည်။

အချို့ကလေးသူငယ်များက အပေါ့အလေး စွန့်ထည့် ကြသဖြင့် ကျွန်တော့် ကိုယ်ခန္ဓာမှာ နံစော် ခဲ့ရပါသေးသည်။ အချို့သူများကား ကျွန်တော်၏ ခန္ဓာကိုယ် အစိတ်အပိုင်းများကို ဓားဖြင့် ခြစ်ကြပါသည်။ ရိုက်ချိုးဖျက်ဆီး ပစ်ကြပါသည်။

သည့်အတွက်ကြောင့် ကျွန်တော်၏ အင်္ကျီ အသစ်ကလေးမှာ ကွမ်းတံထွေးများနှင့်အခြားအရာများ စွန်းပေနေပြီမို့ မလှတော့ပါ။ ကျွန်တော့် ခန္ဓာကိုယ်မှာလည်း ဓားခြစ်ရာများ၊ အပေါက်အပြဲများဖြင့် ပဲ့ရွဲ့ နေပါပြီ။

ထို့ကြောင့် ကျွန်တော့်မှာ ကျန်းမာရေး သိပ်မကောင်းတော့ပါ။ ကျွန်တော့် ဆရာက ကျွန်တော့်ကို အနားယူစေပါသည်။ ကျွန်တော့်ခန္ဓာကိုယ် အပဲ့အရွဲ့လေးများကိုလည်း ပြုပြင်ပေးပါသည်။

ဟောင်းနွမ်း ညစ်ပတ်နေသော ကျွန်တော့်အင်္ကျီကို ခြစ်ပစ်လိုက်ပြီး အင်္ကျီ အသစ်ကလေး ဖြစ်လာအောင် ဆေးထပ်ခြယ်ပေးနေပါပြီ။

မကြာမီ ကျွန်တော့်မှာ ယခင်အတိုင်း အင်္ကျီ လှလှလေးနှင့် ချောချော လှလှလေး ဖြစ်လာပါတော့မည်။

မိတ်ဆွေ ခရီးသည်များကို ကျွန်တော် တောင်းပန် ချင်ပါသည်။

ကျွန်တော်အမြဲတမ်း လှလှပပနှင့် ကောင်းမွန်စွာ သွားလာနိုင်ရန် ကျွန်တော့်ဘဝကို ကိုယ်ချင်းစာသော အားဖြင့် မဖျက်ဆီးကြပါရန် မေတ္တာ ရပ်ခံချင်ပါသည်။

ကျွန်တော် သည်ကား အလုပ် လုပ်ရသည်ကို ပျော်မွေ့သူပီပီ မကြာမီ ကျွန်တော်၏ အလုပ်တာဝန်ကို ပြန်လည် ထမ်းဆောင် ပါတော့မည်။ ။

## ယဉ်ကျေးပါ

"ဂျော်နီ" အကြောင်းကို
မှတ်ပေအုံးကွဲ့
စကားစပ်မိတုန်း ပြောပြမယ်။
မျောက်လွဲကျော်လို သူခုန်လွှားလို့
လူတွေကြားထဲ ဆော့တတ်တယ်။
ဖင်ကျပ်ဘောင်းဘီ အင်္ကျီဟာနဲ့
ရင်ဘတ်အလှ ပြလို့ရယ်။
ဆံပင်နီကြောင် အရှည်ထားလို့
ငှက်သိုက်များနဲ့ တူလှတယ်။
ညစဉ်လျှောက်ကာ သံစုံဟဲသမို့
ခွေးလိုက်ဆွဲလို့ ကိုက်စဖွယ်။
အခြားသူတွေ သူ့ကိုတွေ့တော့
လမ်းသရဲဟော့ ပြောကြတယ်။
ပြောလဲမဖြုန် သူကပြုံးလို့
ဂုဏ်ယူတုန်းကွဲ့ ညီလေးရယ်။
မကောင်းတာကို ပုံတူကူးတော့
ကိုယ်အရှုံးဘဲ ဖြစ်လိမ့်မယ်။
သူ့လိုလူကို ပညာပေးလို့
လျင်စွာမနှေး ပြင်မှကွယ်။
မြန်မာ့မှုဟန် ထုံးစံလေ့နဲ့
သိမ်မွေ့စွာဘဲ နေဘို့ရယ်။
ပြင်မှကွယ်။ ပြင်ရမယ်။

အေးရေစင် (သာကေတ)



R. 517



# ခွါညို

မြန်မာ ၁၂ လရာသီဘွဲ့များတွင် ပြာသိုနှင့် ခွာညိုသည် ယှဉ်တွဲပါဝမြဲ ဖြစ်သည်။ နှင်းကြိုက်သော ပန်းတမျိုးဖြစ်၍ နတ်တော် ပြာသို နှင်းစိုစိုတွင် ခွာညိုတို့ လှိုင်လှိုင်ဖူးပွင့်သည်။ ကြူကြူ မွှေးသော ခွာညိုတို့သည် တပွင့်ချင်းထွက်၍ အခိုင်လိုက် ဖူးပွင့်ကြသည်။ ခရမ်းရင့်ရောင် ညိုပြာပြာ အသွေးနှင့် ကော့ကွေးနေသော ပွင့်ချပ်ကလေးများသည် ကတ္တီပါသားကဲ့သို့ ရှိသည်။ ဝတ်ဆံ ဖြူဖြူဖွားဖွားတို့သည် ပွင့်ချပ်လေးခု၏ အလယ်မှ ပေါ်ပေါ်လွင်လွင် ထိုးထွက်နေကြသည်။



ခွာညိုသည် နှစ်တာရှည်ခံသော အနွယ်ပင်မျိုးဖြစ်၍ စင်တင်စိုက်ကြသည်။ ကမ္ဘာပေါ်တွင် ခွာညို အမျိုးပေါင်း (၁၀၀)ကျော် ရှိသည်ဟု သိရသည်။ ခွာဖြူခွာဝါဟု ခေါ်ကြသော အနွယ်ပင်များလည်း ခွာညိုမျိုးတွင်ပါဝင်သည်။ ခွာညိုရွက်သည် ပုပ်ပန်းသဏ္ဍာန်နှင့် အရွက်ကြောနေပုံတွင် ကွမ်းရွက်ရှည်ရှည်နှင့် ဆင်သည်။ သို့သော် အသားပိုထူသည်။ အရွက်ရင်းတွင် ရွက်ရင်းစွယ်ကလေး ရှိသည်။

## နိုင်ငံပန်းစုံ

အောက်မြန်မာနိုင်ငံတွင် ခွာညိုကို စာဆိုတို့ကြောင့် ကြားဖူး နေကြသော်လည်း အမြင်ရ၊ အတွေ့ရ နည်းလှသည်။ ရွှေဘိုမန္တလေးစသောအထက်မြန်မာနိုင်ငံတွင်မူ မျိုးမပျောက်သေးပေ။

ခွာညိုပင်မှ ထုတ်ယူရနိုင်သော အဆီသည် ဒူလာရောဂါ အတွက်၎င်း၊ အစေ့သည် ဒူလာနှင့် မီးယပ်ရောဂါ အတွက်၎င်း ဆေးဖက်ဝင်သည်ဟု ဆိုကြလေသည်။

တင့်တင့်


၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ ၁၁၈ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၃။ အမှတ်-၁၈။

# ရွှေသွေး ဂျာနယ်

၁၃၃၃ ခု၊ ကဆုန်လဆန်း ၇ ရက် (၁-၅-၇၁)





စနေနေ့တိုင်း ထုတ်ဝေသည်။


"တခေတ်ပြောင်းခဲ့ပြီ" ဇာတ်လမ်းမှ


# တခေတ်ပြောင်းခဲ့ပြီ

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - သာဒွန့်




ထိန်ဝင်းရေ - မင်း - ၁၁ - နာရီမှာ အလုပ်ပြီးမယ်၊ အိမ်မှာဆော့နေမယ့်အစား - ထမင်းစားပြီးမှပြန်လာခဲ့ကွာ — တို့ကို တိုလီမိုလီ လုပ်ပေးပါ၊ မုန့်ဘိုးပေးမယ်ကွာ၊ စာလဲ သင်ပေးမယ်ကွာ . . .
ဟုတ်ကဲ့ ဦးလေး
ခိုင်းကောင်းတော့ ထိန်ဝင်းကို လူကြီးတွေက ချစ်ကြတယ်။
ကုသိုလ်တော် ဖြတ်ပါခု - ရပ်ရွာက အလှူ၊ မှတ်ပါဗျ သူ့ဖေတို့ အောင် ခွဲပျော်သူ ထိန်ဝင်း သက်နှင်းကပ်လို့ စေတနာဖြူစွာ ရှင်လောင်းရဲ့ သူသူငါငါ.....
တန်ဆောင်မုန်းလမှာ သစ်စက် အလုပ်သမားတွေစုပြီး ကထိန်ခင်းတော့ ထိန်ဝင်းက မင်းသားလိုဝတ်ပြီး ပါဝင်ကပြတယ်။
ဝေါ ဝေါ်......
ကလေးအလုပ်သမားတွေကို တနေ့မှာ ၄ နာရီသာ ခိုင်းရမယ်လို့ စက်ရုံက ဥပဒေထုတ်ထားတယ်။
ဆင်ကြီးမုန်ယိုလို့
ပြေးကြ - ပြေးကြ
ဆင်ကြီး လွတ်သွားပြီ
ဟဲ - ပြေးရို
တနေ့တော့ ထိန်ဝင်းဟာ စာရေးကြီး ရုံးခန်းမှာ အချိန်ပို လုပ်အားပေးနေတုန်း —
ထိန် ဝင်း ဟာ ပြေးရင်း လဲကျသွားပါရော—


ဂျိုး
ဒိုင်း
အဲဒီအခိုက် ဝင်းပိုင်ကြီးက သေနတ်နဲ့ပစ်လိုက်လို့ ဆင်ကြီးလဲသေဆုံးသွားတာပေါ့။
ဟိုက်
ဟာ
ဟင်
အဲဒီနောက်
အလုပ်သမား ခေါင်းဆောင်တွေက ဝိုင်းပြီး ဆူဆူပူပူလုပ်တော့မှ—
ဟင်--
သနားပါတယ်
ဒါဖြင့် - အခုခေတ်က
အဖျားကြီး ကောင်း
လါတာပေါ့ - နော်



ဝါး - အိပ်ချင်လိုက်တာ၊ ဒါပေမဲ့ အိပ်လို့ မဖြစ်ဘူး၊
ပေးလို့ မဖြစ်ဘူး၊
ဂူး ဝါး - ဂူး ဝါး - ဒွတ် -
တပ်စခန်းထဲကို ဝင်မှကို၊
မင်းကို ကင်းအလှည့် ပြီးပြီလား ဟေ့၊
ဟုတ်ကဲ့ - ပြီးပါပြီ ဗိုလ်မှူး၊



သူတို့မြင်းတွေကို၊ ခုလို ဝမ်းပိုက်ကြိုးတွေဖြတ်ထားမှ
ငါတို့နောက်ကို မလိုက်နိုင်မှာ၊
ဟောဒီတဲထဲမှာ လက်နက်တွေထားတယ်၊ ဒီတဲကို မြန်မြန် ဖျက်ဆီး မှကွ၊
ထိုအချိန်တွင် မိစ္ဆိလိုတပ်များသည် သီဟဂျာ၏ တပ်အတွင်းသို့ ဒလကြမ်းဝင်ရောက်တိုက်ခိုက် ကြလေရာ —
မိစ္ဆိလိုတပ်များကို သီဟဂျာ၏တပ်များက ခုခံရန် ပြင်ဆင်ကြလေသည်း —
ဟာ–လက်နက်တွေထားတဲ့တဲ မီးလောင်နေပြီ–ဒုက္ခပဲ၊
မြင်းတွေပေါ် မြန်မြန်တက်ကြတော့၊



ဆက်ရန်


# မီးရထား

စန်းအောင်




ကုန်းလမ်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွင် မီးရထားသည် အသုံးဝင်ဆုံးယာဉ် ဖြစ်သည်။ မြောက်မြားစွာသော ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးနိုင်ခြင်းကြောင့် ဖြစ်သည်။


၁၈၀၄ ခုနှစ်တွင် ရစ်ချတ်ထရီဗီသစ် ဆိုသူသည် မီးရထား စက်ခေါင်းကို စတင် တီထွင်ခဲ့သည်။ ၁၈၁၄ ခုနှစ်တွင် ဂျော့စတီဖင်ဆန်သည်ရေနွေးငွေ့ဖြင့်မောင်းနှင်သောမီးရထားကို တီထွင်ခဲ့သည်။ ၁၈၂၉ ခုနှစ် မီးရထားစက်ခေါင်းပြိုင်ပွဲတွင် ပထမဆု ရရှိခဲ့သည်မှာ စတီဖင်ဆန်၏ 'ရော့ကက်' အမည်ရှိ မီးရထားစက်ခေါင်း ဖြစ်သည်။




၁၈၇၇ ခုနှစ်တွင် မြန်မာနိုင်ငံမီးရထားလမ်းကို ရန်ကုန်မြို့မှ ပြည်မြို့သို့ ပထမဆုံး ဖောက်လုပ်ခဲ့သည်။ မြန်မာနိုင်ငံ မီးရထား လမ်းများသည် မီတာလမ်းခေါ် ၃ ပေ ၃ ⅜ လက်မ အကျယ် ရှိသော မီးရထားလမ်းများ ဖြစ်သည်။

ရေနွေးငွေ့ မီးရထားစက်ခေါင်း၊ ဒီဇယ် မီး ရ ထား စက်ခေါင်း၊ လျှပ်စစ်မီးရထားစက်ခေါင်း ဟူ၍ ရှိသည်။ မြေအောက် လိုဏ်ခေါင်းကြီးများ အထဲတွင် လျှပ်စစ်ဓာတ်အားဖြင့် မောင်းနှင်သော ပထမဆုံး မြေအောက် မီးရထား ကို ၁၈၆၃ ခုနှစ်






တွင် လန်ဒန်မြို့၌ စတင် အသုံးပြုခဲ့သည်။

မီးရထားတွဲများတွင် လူစီးတွဲ၊ အိပ်ခန်းတွဲ၊ ထမင်းစားတွဲ၊ စာတိုက်တွဲ၊ ကုန်တင်တွဲ၊ သစ်တင်တွဲ၊ ယာဉ်တင်တွဲ၊ ရေနံတင်တွဲ ဟူ၍ တွဲအမျိုးမျိုးရှိသည်။

အချို့ လူစီး မီးရထား တွဲများတွင် တတွဲနှင့် တတွဲ ကူးသန်းသွားလာနိုင်ရန် လူသွားလမ်း ရှိသည်။

မီးရထားဌာနတွင် စက်ခေါင်းမောင်း လုပ်သား၊ ဆီထိုး၊ မီးထိုးလုပ်သား၊ ဂတ်မိုလ်၊ သံလမ်းလုပ်သား၊ ရုံပိုင်၊ လက်မှတ်စစ်၊ လက်မှတ်ရောင်းစာရေး၊ ကြေးနန်းစာရေး၊ အလံပြ၊ သန့်ရှင်းရေးလုပ်သား စသည့် ကာယ ဉာဏ လုပ်သားများ ရှိသည်။

မီးရထား သံလမ်း ကြီးကြပ် ထိန်းသိမ်းရေးလုပ်ငန်းသည် အလွန်အရေးပါသည်။ ရှေးကအလံဖြင့် အချက်ပြရာမှ ယခုအခါ လျှပ်စစ်မီးဖြင့် အချက်ပြသည်။

ယခုအခါ ရေနွေးငွေ့မီးရထား၊ ဒီဇယ်မီးရထား၊ လျှပ်စစ်မီးရထားများအပြင် ကောင်းကင် တလမ်းပြေး မီးရထားများကိုပင် အသုံးပြုလျက်ရှိနေပေပြီ။








ရေးသူ
ပန်းချီ
ဘခင်နှင့် လှတင်သည် သူတို့ဆရာထံတွင် စာသွားမေး ပြီး ပြန်လာသည်။ တနေရာသို့ရောက်သော်—
အေး-ဟုတ်သားဘဲ
ထို့နောက် နှစ်ယောက်သား လဲကျနေသော လူကြီးအနီး သို့ တဖြည်းဖြည်း ကပ်သွားကြသည်။
အေးပါ
သတိထားကွနော်


ဟာ.. အဖိုးကြီးတယောက် ကွ· မူးလဲပြီး သတိမေ့နေ တာနဲ့ တူတယ်...
ဒါ - ဒို့ အလုပ်ထဲက ဦးဖိုးချမ်းကြီး ဘဲကွ· နဖူးမှာလဲ သွေးတွေနဲ့· လဲကျ လို့ ကွဲတာနဲ့ တူတယ်...
ဟ - တကိုယ်လုံး အေးစက်နေတာဘဲ သွေးတွေလဲ ထွက်လို့ ကိုင်း.. ဘယ်လို လုပ်ကြမလဲ
သူ့အိမ်ပို့ သွားပြော တာပေါ့ကွ..
သူ့အိမ်က အဝေးကြီး ကွ.. အချိန် ကြာနေရင် သေသွားနိုင်တယ်.. ဆေးရုံ အမြန် ပို့ကြရအောင်.
ဘာနဲ့ ပို့မလဲ
မင်း ဒီမှာနေခဲ့.. ငါ လမ်းမ ထွက်ပြီး ကား တစီးစီး ကို လက်ပြပြီး အကူ အညီတောင်းမယ်..
ကားတစီး တော့ လာနေပြီ လက်ပြပြီး တားအုံး မှဘဲ


ဘာဖြစ်လို့လဲကွ
လမ်းကြားထဲမှာ အဘိုးကြီးတယောက် လဲကျနေလို့.. ဆေးရုံကို ကားနဲ့ ပို့ချင်လို့ပါ..
ကားပေါ်မှ လူကြီးသည် အတန်ငယ် စဉ်းစားလိုက်ပြီး
ဟုတ်လား.. လာလာ.မင်း ကားပေါ်တက်ပြီး လမ်းပြပေး
ဟုတ်ကဲ့
ထို့နောက် ဦးဖိုးချမ်းကို ကားပေါ်သို့ တင်ပေးကြသည်။
ဆေးရုံရောက်သော် ဆရာဝန်က ပတ်တီးစည်းပေးပြီး ဆေးထိုးပေးသည်။
ဦးကြီး အင်မတန်ကံကောင်းတယ် နောက်နာရီဝက်လောက် နောက်ကျရင် ဒုက္ခဖြစ်သွားနိုင်တယ်
မင်းတို့ကို အဘကျေးဇူးတင်လိုက်တာကွာ အဘအသက်ဟာ မင်းတို့အသက်ဘဲရှိတော့တယ်



# ကြောင်နှင့်ကြွက်

ကျော်ညွန့်ဦး

ကြွက်သည် ကြောင်၏ အစာ ဖြစ်သည်။ ထို့ကြောင့် ကြွက်ကိုမြင်လျှင် ကြောင်က လိုက်လံဖမ်းဆီးတတ်သည်။

ကြောင်နှင့် ကြွက်ကို အတုယူကာ တယောက်က ကြောင်၊ တယောက်က ကြွက်အဖြစ် သရုပ် ဆောင်သည်။ ကြွက်သည် စည်းဝိုင်းအတွင်း၌ရှိ၍ ကြောင်ကို စည်းဝိုင်း အပြင်ဖက်တွင် ထားသည်။ ကျန် ကလေးများသည် တဦးနှင့် တဦး လက်ချင်းဆက် ၍ ဝိုင်း ဝန်း ရပ် နေ ကြသည်။ ထို့နောက် အမေး အဖြေ ပြုရသည်။

စည်းဝိုင်း။ ။ကြောင်ပါးကြီး–မြီးတံတို ဘာကိုလိုလို့ ချောင်းတယ်။

ကြောင် ။ ။ကြွက်ဖြူ လိုလို့ ချောင်း တယ် –ချောင်းတယ်။

စည်းဝိုင်း။ ။ဒို့အိမ်မှာ ကြွက်ဖြူ မရှိ–ငုံးတိတိ။

ကြောင် ။ ။ကြွက်ဖြူရှိသေး–ဝှက်လို့ထား။

စည်းဝိုင်း။ ။အ သား ရယ် ဆူ ကြွက်ဖြူစားမဲ့ကြောင်ပါးရယ် အမိဖမ်းရန် လိုက်ခမ်းကွယ်၊ ကြွက်ဖြူကလေး လွတ်အောင်ပြေး။

ရံ ထား သော လူ များ က ကြောင် မဝင်နိုင်အောင် တား ဆီး ပိတ် ဆို့ ထား ကြ သည်။ ကြောင်က အတင်း ဝင်ရသည်။

ကြောင်ဝင်မိလျှင် ကြွက်က အပြင်ဖက်သို့ ထွက်ပြေးရမည်။ ကြွက် ကို ဝင်သာ ထွက်သာ အောင် လက် တွဲ ကို မြှင့် ပေး လျက် ကြောင်ကိုကား မဝင် မထွက်နိုင်အောင် လက် တွဲ ကို နှိမ့်၍ ဆီးတားရသည်။ ကြောင် က ကြွက် မိလျှင် ကြောင်ကို မတားဆီးနိုင် သော အ တွဲ ကို ကြောင် နှင့် ကြွက် လုပ် စေ ၍ ဆက်လက် ကစားရသည်။

× × × ×



ဝါ၊ နီ၊ ပြာ၊ ညို ရောင်စုံချယ်ပါ။



# လက်သမားဆရာ

မောင်သာပြည့်

"ကိုတိုး....အောင်မယ်လေး ငါ့သားမှာလဲ ကျောင်းပိတ်တဲ့ ရက်လေး အေးအေးဆေးဆေး မနေဘူး။ တူတွေ၊ လွှတွေနဲ့ ဘာလုပ်နေတာလဲ"

"အို - မယ်နုကလဲကွာ၊ သူ့စာကြည့် ကုလားထိုင် နဲ့နေလို့ ပြင်နေတာပါကွ။ မင်းမှာလဲ တဆိတ်ရှိ အေးအေးဆေးဆေး နေဖို့ကြိုးပဲ၊ ခုခေတ်မှာ အေးအေးဆေးဆေး နေလို့ မရဘူးကွ။ ဘာမဆို တီထွင်ကြံဆပြီး အသိအရွယ်အလိုက် လုပ်တတ်ကိုင်တတ်ရမယ်ကွ။ မင်း ဝင်မရှုပ်စမ်းပါနဲ့"

ကိုတိုးသည် ဖေဖေနှင့် မေမေကို လှည့်ကြည့်လိုက်ပြီး ဖေဖေ့ဘက်မှ ထောက်ခံသော သဘောဖြင့် ပြုံးရယ်လိုက်သည်။

"ကျုပ်သားကို လက်သမားဘဝ အရောက်မခံနိုင်ပါဘူးတော်"မေမေက ဖေဖေ့ကို မဲ့ရွဲ့ ပြောလိုက်သည်။

"သည်လိုလဲ ဘယ်ဟုတ်မလဲကွ။ စက်မှုပညာဘဲ ဖြစ်ဖြစ်၊ လက်မှုပညာဘဲ ဖြစ်ဖြစ်၊ ဘာပညာပဲဖြစ်ဖြစ်လေ တတ်ထားရင် ကောင်းတာပေါ့ကွာ"

မေမေက ဖေဖေ့ကို မျက်စောင်းထိုးပြီး မီးဖိုခန်းသို့ ဝင်သွားသည်။ မိမိဘက်က ဖေဖေ တယောက်လုံး ရပ်တည်နေသည်မို့ ကိုတိုး၏ တူရိုက်သံ၊ လွှဖြတ်သံသည် အစ ပထမထက် သွက်လက်ဆူညံလာသည်။ ဖေဖေကမူ ကိုတိုးကို ပြုံး၍ ကြည့်နေသည်။

ကိုတိုးသည် စနေ တနင်္ဂနွေ ကျောင်း ပိတ် ရက် မျိုး တွင် လျှောက်မလည်တတ်ပေ။ ဖေဖေဝယ်ထားသော လက်သမား တန်ဆာပလာများနှင့် အိမ်ဝင်းခြံပျက်လျှင်ပြင်သည်။ အိမ် မီးဖိုဆောင်အတွက် လိုအပ်သော ထိုင်ခုံငယ်ကလေးများလည်း ပြုလုပ်ပေးတတ်ပေသည်။ ဤသို့ ပြုလုပ်သည်ကို မေမေက မကြိုက်ပေ။ သို့သော်လည်း ဖေဖေ၏ ရှင်းလင်းပြမှုကြောင့် မေမေသည် ကိုတိုးလုပ်သမျှ မတားမြစ် တော့ ပေ။ ကို တိုး သည် ကျောင်းပိတ်ရက်များတွင် မိခင်၏ အိမ်မှုကိစ္စများကို ကူလုပ်ပေးလေ့ရှိသည်။ ရေခပ်၊ ငရုတ်သီးထောင်း၊ ဆန် စပါးလုံးရွေး စသည်များကို မေမေ မခိုင်းရပဲ နှင့် ကိုတိုးက အလိုက်သိစွာ လုပ်ပေးသည်။ မီးဖိုချောင် အိမ်မှုကိစ္စများပြီးမှ ကိုတိုးသည် သူ ဝါသနာ ပါသော လက်သမား အလုပ်ကို သီချင်းတအေးအေး နှင့် လုပ်ကိုင်သည်။

ကျော်ကျော်သည် ကိုတိုး နှင့် အတန်း တတန်းတည်း သူငယ်ချင်း ဖြစ်သည်။

"လက် သ မား ဆ ရာ ကြီး ကျနော်တို့အိမ် လာပြင်ပေးပါအုံး"ဟု ကျော်ကျော်က ခပ်တည်တည်ဖြင့် စ တတ် နောက်တတ်သည်။ ကိုတိုး စိတ်မဆိုးပါ။ ကျော်ကျော့်ကို ကိုတိုးခွင့်

လွှတ်ထားပါသည်။ သူနှင့်အတူ လက်သမားအလုပ် လာလုပ်ကြည့်ပါလား၊ သိပ်ပျော်ဖို့ကောင်းသည်ဟု ကိုတိုးကပြောသောအခါ ကျော်ကျော်က ဟက်ဟက်ပက်ပက် လှောင်ရယ်ခဲ့သေးသည်။ ကျော်ကျော်သည် စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို စိတ်ပါဝင်စားခြင်း အလျဉ်းမရှိပေ။ ကိုတိုးမှာ သူငယ်ချင်းအတွက် အတော်စိတ်မကောင်းဖြစ်ရသေးသည်။

ကျောင်းတွင်လည်း ကိုတိုးသည် စာတော်သူစာရင်း၌ ပါဝင်လေသည်။ ကျော်ကျော်မှာ စာမည့်သော်လည်း အတန်းထဲတွင် ကျောင်းသား အချုပ်နှင့် ရန်ဖြစ်လေ့ရှိသဖြင့် အတန်းပိုင်ဆရာ၏ သတိပေး ဆုံးမခြင်းကို ခဏခဏ ခံရသည်။ ကျောင်းသားများ စာမကြိုးစား၊ ဆိုးပေလျှင် လိမ္မာသော ကိုတိုးကို စံတင်၍ ဆရာသည် ကျောင်းသားများကို ဆုံးမလေ့ရှိသည်။ ထိုအခါ ကိုတိုးသည် စာကို ပိုမိုကြိုးစားသည်။

သောကြာနေ့ ကျောင်းမုံ့စားဆင်းပြီး အချိန်တွင် ဖြစ်သည်။ အတန်းပိုင် ဆရာဦးခင်အောင်သည် မိမိ၏တပည့်များ မည်မျှတတ်ကျွမ်းစုံလင်ကြောင်းကို သိလိုသဖြင့် ကျောင်းခန်းနောက်ဘက်ဒေါင့်ရှိ ကျိုးယိုင်နေသော ထိုင်ခုံများကို တပည့်များအား ပြင်ခိုင်းလေသည်။ ကိုတိုးသည် မိမိလေ့လာ တတ်ကျွမ်းထားသော လက်သမား ပညာကို ဆရာနှင့် အတန်းသူအတန်းသားများရှေ့ဝယ် ပြသရတော့မည်ဖြစ်သောကြောင့် ပျော်မြူးနေသည်။ ဆရာသည် ကိုတိုး၏ လုပ်ပုံကိုင်ပုံကို အတော် သဘောကျနေသည်။ အခြား ကျောင်းသားများ ကြိုးစား ထုရိုက် ပြင်ဆင်ကြသော်လည်း ကိုတိုး၏ လက်ရာလောက် မခိုင်ခံ့လှပေ။

နောက်တနေ့ ကျောင်းတက်ချိန်တွင် ဆရာ၏ချီးကျူးဂုဏ်ပြုသံသည် အတန်းတတန်းလုံးသို့ လွှမ်းသွားသည်။ ကိုတိုးကို မှတည်၍ ချီးကျူးသည်မို့ ကိုတိုးသည် ခေါင်းငုံ့ထားသော်လည်း ရင်ထဲ၌ ပီတိဖြစ်နေသည်။

"နောက်ဆုံး ဆရာ ပြောချင်တာက ဆရာ့ တပည့်များဟာ ကျောင်းစာတခုထဲမှာသာ နစ်မြုပ်မနေဘဲ အပြင်လောကမှာရှိတဲ့ တတ်အပ်တတ်ထိုက်တဲ့ ဘဝအတွေ့အကြုံ ပညာတွေကိုလဲ လေ့လာဆည်းပူးတတ်ဖို့ လိုတယ်ဆိုတာ ဆရာ ပြောချင်တယ်"ဟု ဆရာက နိဂုံးချုပ်လိုက်သည်။

ကိုတိုးသည် သူ တတ်ထားသော လက်သမားပညာအတွက် စိတ်ချမ်းမြေ့ပျော်ရွှင်နေပေတော့သည်။ ။

## မေဒေး အောင်ပွဲ

"သပိတ်....သပိတ်၊
မှောက်....မှောက်"
"အလုပ်သမားအရေး၊
ချက်ချင်းပေး"
"အလုပ်ချိန်....အလုပ်ချိန်၊
လျှော့အုံး....လျှော့အုံး"
"လုပ်ခ....လုပ်ခ၊
တိုးပေး....တိုးပေး"
ကြွေးကြော်သံများ — လွှင့်ပျံပြီ၊
မိုးတိမ်ယံသို့ဆီ။
တွဲလက်ညီညီ—ခိုင်ခိုင်ထား၊
ငါတို့လုပ်သားများ။
တရားမျှတရှိသင့်ပေ၊
လုပ်ချိန်လျှော့ပါလေ။
လုပ်အားခတွေ တိုးမြှင့်ပေး၊
တို့ရဲ့ ခွင့်အရေး။
သွေးနှင့် ချွေးနှင့် — အရင်းတည်၊
စည်းလုံးတကာယ်ညီ။
တိုက်မည် ခိုက်မည် — ဖိလွှန်းက၊
အုံကြွတော်လှန်ကြ။
'ချီကာဂို'မှ စရှုပင်၊
သမိုင်း မော်ကွန်းတင်။
တူ တံစဉ်လံ လေမှာဝဲ၊
မေဒေးသည်အောင်ပွဲ။
မောင်လှ (ကျောက်မော်)



R. 517



# နန်းလုံးကြိုင်

အဆင်းလှသည်ဟု မဆိုနိုင်သော်လည်း သင်းပြန့်ကြိုင်လှိုင်သော နန်းလုံးကြိုင်ပန်းများသည် ရွှေဝါရောင် ပန်းပွားလုံးလုံးကလေးများနှင့် တူသည်။ သစ်ပင်ပန်းပင် (ရုက္ခဗေဒ) ပညာရှင်တို့က အဆိုပါ အလုံးကလေးတလုံးသည် ပန်းတပွင့်တည်းမဟုတ်။ ဝတ်ဆံဝါဝါများ ပါသော အပွင့် သေးသေးမှုန်မှုန်ကလေးများစွာတို့ အညှာတံတခုထဲတွင်စုပေါင်း၍ အလုံးသဖွယ်ဖြစ်နေခြင်း ဟု ဆိုကြသည်။ ဖူးတံ၊ ပွင့်တံတို့သည် ရွက်လက်များ၏ အရင်းမှ ထွက်သည်။ ပွင့်ချိန်သည် ကဆုန်တွဲ တပေါင်းတွင် တကြိမ်၊ ဝါခေါင် တော်သလင်းတွင် တကြိမ်၊ တနှစ် နှစ်ကြိမ် ဖြစ်သည်။

နန်းလုံးကြိုင်သည် အပင်အငယ်စားမျိုး ဖြစ်သည်။ ထ နောင်း၊

## နိုင်ငံပန်းစုံ

ဆူးဖြူတို့နှင့် မျိုးတူသည်။ အပူဒဏ်ကို ခံနိုင်၍ ရေများများ မလိုသဖြင့် မိုးပါးရေရှား ရပ်ဝန်းများတွင် ဖြစ်ထွန်းနိုင်သည်။ အရွက်များသည် ရွက်ပေါင်းဖြစ်၍ ရွက်မြွှာကလေးများသည် မန်ကျည်းရွက်နှင့် တူသော်လည်း အလွန်သေးသေး စိပ်စိပ်များဖြစ်သည်။ ညအခါ၌ သာမက နေပူပြင်းလှသော အချိန်တွင်လည်း အပူဒဏ်ခံနိုင်ရန် အရွက်ကလေးများကို ပိတ်ထားသည်။ ရွက်လက်များ၏ အရင်းပွင့်တံနှင့် ကပ်လျက် ဆူးချွန်များ ရှိသည်။ ထိုဆူးများသည် မြက်ရှားသော မိုးပါးရေရှား ရပ်ဝန်းတွင် နန်းလုံးကြိုင်ပင်များအား တိရစ္ဆာန်များ စားသောက် ဖျက်ဆီးမည့်ဘေးမှ ကာကွယ်ပေးသည်။ အသီးများသည် မန်ကျည်းတောင့်ကဲ့သို့ အဆစ်ပါသည်။

မြန်မာဆေးကျမ်းများ အလိုအရ နန်းလုံးကြိုင်ပင်၏ အခေါက်၊ အစေး၊ အရွက်တို့သည် ဆေးဖက်ဝင်သည်ဟု ဆိုကြသည်။

နန်းလုံးကြိုင်ပင်များသည် အိန္ဒိယ၊ ပါကစ္စတန်၊ သီဟိုဠ်နှင့် မြန်မာနိုင်ငံတွင် ပေါက်ရောက် ဖြစ်ထွန်းသည်။

တင့်တင့်



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ ၁၁၀၀၀ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၃။ အမှတ်-၁၉။

# ကါယဒွား နှင့် ကျွမ်းကျင်မှု

ဇါတ်လမ်း- ကြွယ်ကြွယ်
သရုပ်ဖော်- ကဆု

ရွှေသွေး ဂျာနယ်
၁၃၃၃ ခု၊ ကဆုန်လဆန်း ၁၄ ရက် (၈-၅-၇၁)




စနေနေ့တိုင်း ထုတ်ဝေသည်။


ဟိုရှေးရှေးတုန်းက ဆင်နဲ့မျောက် မိတ်ဆွေနှစ်ဦး ရှိကြတယ်။
တနေ့တော့
ခွန်အားကြီးဖို့သာ လိုပါတယ်ကွ။
မဟုတ်ဘူးဗျ၊ ကျွမ်းကျင်မှုရှိဖို့သာ လိုတာဗျ။
မင်းပြောတာ မဟုတ်ပါဘူး။
ကျွန်နော်ပြောတာ ဟုတ်ပါတယ်။
မဟုတ်ဘူး
ဟုတ်တယ်
မဟုတ်ဘူး
ဟုတ်တယ်
ဘူး
တယ်
ဘူး
တယ်
ဒါဖြင့် ပညာရှိဇီးကွက်ကို သွားမေးကြမယ်။
အေး၊ ဆိမ်လိုက်။
အေး မောင်တို့နှစ်ဦးမေးတာကို ကျုပ်ဖြေမယ်၊ မဖြေခင်၊ ဟိုဖက်ကမ်းမှာရှိတဲ့ ကနဇိုးပင်က ကနဇိုးသီးတွေကို အရင်ခူးပေးရမယ်။
သူတို့နှစ်ဦး ကနဇိုးသီးခူးဖို့ သွားကြတဲ့ အခါ -


ချောင်းရေစီးက သိပ်သန်နေလို့ မျောက် ဟာ မကူးနိုင်ဘဲ ဖြစ်နေတယ်။ အဲဒီတော့
မျောက်ကို ဆင်ကြီးက ကျောကုန်းပေါ်တင်ပြီး ချောင်းကို ဖြတ်ခေါ်ခဲ့တယ်။
ကဲ ခွန်အားဟာ ဘယ်လောက် အရာကျတယ်ဆိုတာ သိပြီမဟုတ်လား ဟဲ-ဟဲ-ဟဲ-
ကနစိုးပင်ကြီးဟာ မြင့်လွန်းလို့ ဆင်ကြီးဟာ မမှီဘဲ ဖြစ်နေတယ်။
ဦးခေါင်းနဲ့ တိုက်ပေမဲ့လဲ ကနစိုးသီးတွေဟာ မကြွေကျလာဘူး-
အဲဒီအခါမှာ မျောက်ကလေးဟာ ကနစိုးပင်ပေါ် ခုန်ပြီးတက်သွားတယ်။
ဟောကြည့်၊ ကနစိုးသီးကို ကျနော်ခူးမှ ရတယ်မဟုတ်လားဗျ။
ကျနော်တို့ ကနစိုးသီး ခူးခဲ့ကြပါပြီ၊ ဖြေမယ်ဆိုတာသာ ဖြေပါတော့။
ကျုပ်ဖြေပြီးပါကော
ခင်ဗျာ


ကျနော်တို့နားမလည်လို့ ထပ်ပြီးရှင်းပြပါဦး ခင်ဗျာ။
ကောင်းပြီ ရှင်းပြမယ်။
ချောင်းကိုဘယ်သူ ဖြတ်ကူးနိုင်လဲ။
ကျနော်ဖြတ်ကူး နိုင်ပါတယ်။
ကနစိုးသီးကိုတော့ဘယ် သူခူးနိုင်တာလဲ။
ကျနော်ပါ ခင်ဗျာ။
အဲဟုတ်ပြီ၊ မင်းတို့ နှစ်ဦးပေါင်းမှကနစိုး သီးကိုရတယ် မဟုတ်လား။
ကျတွင်
အဲ၊ ခုမှဘဲသဘော ပေါက်တော့တယ်၊ ခွန်အား ကောကျွမ်းကျင်မှုပါ သူ့ နေရာနဲ့သူလိုတာပါဘဲ။
ကဲဒီတော့မောင်လေးတို့နှစ်ယောက် ငြင်းနေကြတာဟာလဲ ဆင်နဲ့မျောက် ငြင်းကြတာနဲ့တူမနေဘူးလား။
ဟုတ်ကဲ့မမ၊ ခွန်အားကော ကျွမ်းကျင် မှုပါလိုတယ်ဆိုတာ ကျနော်တို့လဲ သဘောပေါက်ကြပါပြီမမ။
ပြီး



မိဖုရား
အား -
အောင်မယ်လေး
အားလုံးတပ်တွေ နောက်ကိုအမြန် ပြန်ဆုတ်ကြ -
ဟာ - တောင်ပေါ်က ကျောက်တုံးတွေ ပစ်ချနေပြီ
အောင်မယ်လေး -
အောင်မယ် လေးဗျ -




ကစဉ့်ကလျား ဆုတ်ခွာပြေးကြသော ဘုရင့်သိဂ္ဂါ၏ တပ်သားများနောက်သို့ အင်အားကြီးမားသော မိထ္ထိလါဘုရင့် စစ်တပ်မကြီးများက ဒလကြမ်း ဝိုင်းဝန်းတိုက်ခိုက်ကြလေသည်
ဘုရင့် သုမန်တို့ဟေ့ -
မိထ္ထိလါ တပ်သားတို့ဟေ့ -
ဂန်းသူတပ်တွေ ဒီဘက်ကိုဆုတ်လာပြီ၊ မီးရှို့ကြတော့ဟေ့ -
မီးရှို့ပြီးပြီ၊ မြန်မြန်လာကြဟေ့ -
ဟဲ - ရှေ့မှာ မီးတန်းကြီးပါလား -


ရှေ့မှာလဲ မီးတန်းကြီး၊ နောက်မှာမြို့နဲ့ သူ့တပ်ပိတ်ထားလိုက်ကြပြီ၊
မထူးတော့ဘူး၊ ရှိတဲ့အင်အားနဲ့ တိုက်ကြစို့၊
မိစ္ဆာလာတပ်တို့ဟေ့ -
သီဟကုလ တို့ဟေ့ -
အင်အားနည်းပါးသော သီဟကုလ တပ်သားများသည် မကြာမီပင် မိစ္ဆာလာတပ်သားများ၏ ဝိုင်းရံခြင်းကို ခံကြရတော့သည်၊
ထို့ကြောင့် သီဟကုလမှာလည်း ဘုရင်ကြီးသုမနတပ်သားများ၏ ဖမ်းဆီးခြင်းကို ခံရလေသည်၊

# အလျား အတိုင်းအတာများ



မြန်မာအခေါ် အရ ''တတောင်'' ဖြစ်သည်။ ရှေးခေတ် အီဂျစ်တို့က ''ကျူဗစ်'' ဟု ခေါ်သည်။ တတောင်ဆစ်အစွန်းမှ လက်ခလယ် အဖျားအထိ အလျားဖြစ်သည်။ လက်မ ၂၀ ခန့် ရှိသည်။



လက်ဝါးကို ဖြန့်ကားလျက် လက်မထိပ်နှင့် လက်သန်းထိပ် အကွာအဝေးကို ''တထွာ'' ဟု ခေါ်သည်။ ၉ လက်မခန့် ရှိသည်။ နှစ်ထွာနှင့် တတောင်သည် အညီအမျှ ဖြစ်သည်။




လက်ဝါးကိုဖြန့်လျက် လက်ချောင်းများ အရင်းရှိ ကန့်လန့်အကျယ်ကို ''လက်တဝါး'' ဟု သတ်မှတ်သည်။ ၃ လက်မခန့် ရှိသည်။



လက်မ၏ဖျက်သည် တလက်မ အတိုင်းအတာပင် ဖြစ်သည်။ အင်္ဂလန်ဘုရင် အက်ဒဝပ်(၂) က ဘာလီသီးသုံးသီး၏ အလျားနှင့် အနီးကပ်ဆုံး တူညီရမည်ဟု ဆိုသည်။

# ပန်းချီ - ကျော်သောင်း



လက်နှစ်ချောင်းကို ဘေးသို့ ဖြောင့်တန်းစွာ ဆန့်ထုတ်ခြင်းသည် ''တလံ'' အတိုင်းအတာ ဖြစ်သည်။ ၆ ပေနီးပါး ရှိသည်။



အင်္ဂလိပ်ဘာသာဖြင့် ''ယဒ်'' မြန်မာဘာသာ ဖြင့် 'ကိုက်' ဟု ခေါ်သည်။ နှာခေါင်းထိပ်မှ လက်မထိပ်အထိ အလျားဖြစ်သည်။ အင်္ဂလန် ဘုရင် ဟင်နရီ (၁) လက်ထက်မှစ၍ ပြဋ္ဌာန်း ခဲ့သည်။ ၃ ပေနှင့် ညီမျှသည်။



အင်္ဂလိပ်ဘာသာဖြင့် ခြေဖဝါးကို ''ဖွတ်'' ဟု ခေါ်သည်။ ခြေဖဝါး၏ အလျား ဖြစ်သဖြင့် ''ဖွတ်'' ဟုပင် ခေါ်သည်။ မြန်မာဘာသာဖြင့် ''ပေ'' ဖြစ်သည်။ ၁၂ လက်မနှင့် ညီမျှသည်။



ပုံတွင် ပြထားသည့် အတိုင်း လက်မ ထိပ်နှင့် လက်သန်း၏ အရင်းတည့်တည့်) အကွာအဝေးကို 'တမိုက်' ဟု ခေါ် သည်။ နှစ်မိုက်သည် တထွာနှင့် ညီမျှ လေသည်။



တင့်လွင်ဦး(ကျော့ခွန်း)၏—
ညီထွေး
ညီထွေးသည် လမ်းဘေးပလက်ဖောင်းပေါ်၌ ကစားနေစဉ် သူ၏ဘောလုံးကလေးမှာ လမ်းပေါ်သို့ ခုန်ထွက်သွားလေသည်။
အို
ဘောလုံးနောက်သို့ ပြေးလိုက်သော ညီထွေးမှာ လမ်းသွားခရီးသည်တဦး၏ လက်မြန်မှုကြောင့်သာ ကားနှင့် မတိုက်မိပေ။
ဖေါင်း
ဘောလုံးကလေးမှာ ကားကြိတ် ခံရသဖြင့် ကွဲသွားလေသည်။
ဘောလုံးက ထပ်ဝယ်ယင်ရတယ်— တကယ်လို့ မင်းကို ကားတိုက်သွားယင် ဘယ်လိုလုပ်ပါ့မလဲ—
ထိုအခါမှပင် ညီထွေးမှာ ကြောက်လန့်လွန်းသဖြင့် တုန်နေပြီး—
နောက်ကို လမ်းဘေးမှာ— မကစားနဲ့ကြားလား—
ဟုတ်ကဲ့— မကစားတော့ပါဘူး—
လမ်းဘေး၌ ကစားခြင်းမှာ အန္တရာယ်မကင်းကြောင်း သဘောပေါက်လေပြီ။

# သုံး တတ် ပျင်




ဟေ့-ဒီမှာ-ဗူးပင်ပေါက်လေး မှစ်ပင်ပါလား-ဒီ အတိုင်းထားရင်-သေသွားမှာကွ-ငါတကောက်တယ် ဒီအိမ်မှာယူပြီး-စိုက်ရမကောင်း—
ဟင့်အင်း-အလုပ် ရှုပ်တာပါကွာ-
မေမေ-လမ်းဘေးမှာ ဗူးပင်ပေါက်လေး တပင်ရလို့-ကဲ့ဒီ သားအိမ်မှာစိုက် လိုက်တယ်—
သား-စာကျက် ချိန်ကိုမထိခိုက် ဘူးဆိုရင်စိုက်ပေ မေမေလဲ-အားရင် ဝိုင်းကူပေးမှာပေါ့
လအနည်းငယ်ကြာသော်—
ဟ-ဒါဒီ အကျောလေး မင်းစိုက်ထားတယ် ပေးတာလား
ဟုတ်ဘူးကွ-ငါ့ဗူးပင်ကသီးတဲ့ ဗူးသီးရောင်းလို့ရတဲ့-ပိုက်ဆံနဲ့ ဝယ်ထားတာ—
ဟေ-ဟုတ်လား-ဒီလိုဆို ငါလဲ-တပင်စိုက်ပြီး အကျောတလက်ဝယ် ဦးမှကွ—
ခုမှတော့ စိုက်လို့မရတော့ဘူး-ဗူးပင် စိုက်လို့ကောင်းတဲ့ရာသီကုန်သွားပြီ နောက်နှစ်တော့ စိုက်ပေါ့ကွာ-
အေးကွ-မင်းပြောတဲ့ ကာသ စိုက်လိုက်မယ်-နောက်တနှစ်ဆောင်း ရမှာမဟုတ်ဘူး ပေါ့—
အေးပေါ့


ဇာတ်လမ်း
မြင့်သူ(ကော်လင်း)
သရုပ်ဖော်
ထင်ဆွေ
မင်းတို့ထက် ငါက လှတယ်
တယ် လှ
ဟင်း၊
ဒေါင်းတကောင်ဟာသူ့ရဲ့ အလှကိုကြွား ဝါလေ့ရှိတယ်။
တနေ့
ကိုဒေါင်းရာ ခင်များရဲ့လှပတဲ့ အတောင်ကအမွှေးတရွက် အမြီးထဲကလို့တရွ ပေးပါလား
အိုး ဟဲ..ဟဲ ရပါတယ်.. နုတ်ယူပေါ့ ဟဲ..ဟဲ
ကဲ.. ယူကြစမ်း
ကျုပ်လဲ ပေးအုံး
ဒီလိုနဲ့ ဘဲ အားလုံးကဝိုင်းတောင်းတာပေါ့။
ဒေါင်းဟာသူ့ကိုယ်ကိုပိုပြီး အထင်ကြီးသွားတယ်။
ငှက်တွေသာမကဘဲတခြား တိရစ္ဆာန်တွေ ကပါ ဝိုင်းတောင်းကြပြန်တယ်။
ကျုပ် ကိုရော?
ယူပါ ယူပါ
ဒီမှာလဲ ကျန်သေးတယ်
အဲ ဒါ အကုန်ဘဲ
ဟင်
နောက်ဆုံးတော့ သူ့မှာ အမွှေး တပင်မှ မကျန်တော့ ဘူး ပေါ့။
ဒီတော့အားလုံးကမထိန်းနိုင် တော့ဘဲ ဝိုင်းရယ်ကြတာပေါ့။
ဟော ! အမွှေးတွေ ပြောင်လို့
ဟား ဟား
ဟီး ဟီး
ဟား.. ဟား
ဟား..ဟား
မလှတော့ ဘူးကွ
ဟား ဟား
နောက်ဆုံးမှာဒေါင်းကြီးလဲ ရှက်ရှက်နဲ့ ထွက်ပြေးသွား တော့တယ်။

# ခုညင်းဒိုးပစ်

ကျော်သွန်းမိုး



ခုန်ညင်းပင်သည် ပဲသီးကဲ့သို့ သီးတောင့်ကြီးများ သီး၏။ ထို သီးတောင့်များအတွင်း၌ အစေ့ ကြီးများ ၁၀ စေ့မှ ၁၂ စေ့အထိ ပါရှိတတ်၏။ တစေ့လျှင် အ ချင်းအားဖြင့် ၁ လက်မမှ ၁½ လက်မခန့်အထိ ရှိ၍ အထူမှာ ½ လက်မရှိသည်။

မြန်မာ့ ကျေးလက်များတွင် ယင်း ခုန်ညင်းစေ့နှင့် ဒိုးထိုး ကစားလေ့ရှိသည်။ အချို့ပညာ ရှိများ အလိုအရ ကလေးတို့ သည် ဆုညံစွာ ငြင်းခုံ၍ ပျော် ပျော်ရွှင်ရွှင် ကစား ရ သည် ကို အစွဲပြုပြီး "ခုန်ညင်းဒိုး" ဟူ၍ ဖြစ်လာသည်ဟု ဆိုကြသည်။

ကစားနည်းသုံးမျိုးရှိသည်။ ၎င်းတို့မှာ စုံ မ ထိုးခြင်း၊ ခွင် ထိုးခြင်းနှင့် ခက်ပေးထိုးခြင်းတို့ ဖြစ်၏။

ပထမ နည်းမှာ စီတန်း၍ ထောင်ထားသော ခုန်ညင်း ဒိုး များအနက် နှစ်ဒိုး မှန်အောင် ထိုးမည် သို့မဟုတ် တဒိုးမှန် အောင် ထိုးမည်ဟု တဦးနှင့် တဦး လောင်းကြေး ထိုးကြရ ခြင်း ဖြစ်သည်။

ဒုတိယနည်းမှာ မြေပြောင် ပြောင် တလင်း ပေါ်တွင် ခွင် (ဂွင်)ချ စည်းသား၍ ထိုဂွင်ထဲ တွင် ကစားမည့်သူတို့၏ခုန်ညင်းဒိုးများကို အရေအတွက် ညီတူ ညီမျှစီ စိုက်ထူထားရပြီး အ လှည့်ကျ ထိုး၍ ကစားခြင်းဖြစ် သည်။ ဒိုး ထိုးလိုက်သောအခါ စိုက် ထား သော ဒိုး များ သည် တခုနှင့်တခု ဒိုးချင်းဆက်၍ ထိ မှန် လဲကုန်ကြလေသည်။ ထိမှန် သမျှ ဒိုးကို ထိုးသူက ရ၏။ ထောင် လျက် ကျန် သော ဒိုး များကို ကျန် ကစားသူများက ဆက်၍ ထိုးရသည်။

တတိယနည်းမှာ တုံးရှည်တ ခုကို နောက်ခံပြု၍ ရှေ့နောက် တထွာ သာသာခန့်စီ ခွာ၍ မထောင်ထားသော ခုန်ညင်းဒိုး နှစ်ခုကို "ဘော့ဒိုး" နှင့် ထိုး၍ ကစားရခြင်း ဖြစ်သည်။ ဤ ဘော့ဒိုး ဆိုသည်မှာ ခုန်ညင်း၏ အတွင်းရှိ အဆံများကို အဝမှ ဖောက် ထုတ် ပစ် ပြီး လျှင် အ ပေါက်ဝ၌ ဖယောင်းနှင့် ပိတ်ဆို ထားခြင်းကို ခေါ် သည်။ ထို ဘော့ဒိုးဖြင့် နောက်မှ ကာ ထားသော တုံးကို ထိမှန်အောင် ထိုးလိုက်သောအခါ ဘော့ဒိုး သည် တုံးကိုမှန်ပြီး စိုက်ထား သည့် ခုန်ညင်းဒိုး နှစ်လုံးအနက် ထိုးသူနှင့် အနီးဆုံး နောက်ဒိုး ကို လာ၍ တုန့်ပြန် ထိမှန်ရမည် ဖြစ်သည်။ ဤကဲ့သို့ တုန့်ပြန် ထိမှန်အောင် ထိုးခြင်းကို ခက် ပေး ထိုးသည်ဟု ခေါ်၏။



# အထင်မှား

မောင်ထွန်းရီ

ကျွန်တော်တို့ သူငယ်ချင်း တစုသည် မြင့်အောင်ကို မကျေနပ်ကြပါ။ သူသည် ကျွန်တော်တို့လမ်းထဲသို့ နောက်မှ ပြောင်းလာသူ ဖြစ်ပါသည်။ ကျွန်တော်တို့ထက် အသက် တနှစ်ခန့်သာ ကြီးသော်လည်း အစစအရာရာတွင် ကျွန်တော်တို့ကို ဆရာလုပ်သောကြောင့် သူ့ကို မုန်းပါသည်။

ကစားရာတွင် သူကသာ ဦးဆောင်၍ ဘယ်သူနှင့် ဘယ်သူနေ၊ ဘာကစားကြမယ်၊ ဘယ်သူနှင့် ဘယ်သူနှင့်တွဲ စသည်ဖြင့် အလွန် ဩဇာများသူ ဖြစ်ပါသည်။ အခြားကလေးများက သူ့ဩဇာကို နာခံ၍ ကစားကြသော်လည်း ကျွန်တော်တို့က သူနှင့်မကစားတော့ဟု ဆုံးဖြတ်ကာ ကိုယ့်ဖာသာကိုယ် ကစားကြပါသည်။

စင်စစ် ကျွန်တော်တို့ဖက်သို့ ဘယ်သူမှ မလိုက်ကြဘဲ သူ့ဖက်မှာသာ ကျန်ခဲ့ပါတော့သည်။

"ဟေ့ - ဇော်မိုး၊ ဒို့ဖက်က ဒို့သုံးယောက်ဘဲ ရှိတယ်။ သူနဲ့ ပြန်ပေါင်းတာပေါ့ကွာ"

"မင်းကလဲကွာ တဖြေးဖြေးတော့ ဒို့ဖက်ပါလာမှာပါ။ သူက အင်မတန် ဩဇာပေးတဲ့ကောင်ဘဲ။ ကျော်ဝင်းကော ဘယ်လိုသဘောရသလဲ"

"မင်းတို့သဘောဘဲလေကွာ၊ ငါကတော့ ကစားနေရယင် ပြီးတာဘဲ"

"သူနဲ့ ကစားရတာက ကစားချင်တိုင်းမှ မကစားရတာ၊ တော်ကြာ မိုးချုပ်ပြီ ပြန်ကြတော့၊ တော်ကြာ မောပါသေးတယ်၊ အိမ်ပြန် စာကြည့်ကြပါ အုံးနဲ့ အမျိုးမျိုးဘဲ"

"အေးကွ၊ ဒါတော့ ဟုတ်တာဘဲ၊ ဒို့က လေးဂွနဲ့ စစ်တိုက်တမ်းကစားမယ် ဆိုယင် သူက အန္တရာယ်များပါတယ်တဲ့။ ထွေခင်မယ်ဆိုပြန်တော့လဲ ကိုယ်တွဲချင်တဲ့လူနဲ့ မတွဲရဘူး။ သူ့ဩဇာချည်းဘဲ"

ကျွန်တော်တို့ သုံးယောက်သည် မြင့်အောင် အကြောင်း ပြောရင်း ညဥ့်နက်သွားပါတော့သည်။ သူတို့ ကစားဝိုင်းသည် ကျွန်တော်တို့ထက် အလျှင် သိမ်းသွားပါသည်။

နောက်နေ့တွင် မြင့်အောင်နှင့် ကျန်ခဲ့သော တင်ဝင်းကို တွေ့ပါသည်။ သူက –

"ဟေ့–လှထွန်း၊ ညက မင်းတို့ ဘယ်ထွက်သွားကြတာလဲ၊ ကိုမြင့်အောင်ကြီး ပုံပြောပြတာ သိပ်ကောင်းတာ ကိုယ့်လူ"

"မင်းတို့ဆီ မလာချင်ပါဘူးကွာ၊ ဒီကောင်က သိပ်ဆရာလုပ်တာ"

"ဒါကတော့ သူက ဒို့ထက်လဲ အသက်ကြီးတယ်။ ဒို့ကိုလဲ စေတနာနဲ့ ဆုံးမတာ နေမှာပါကွာ။ ညက သူပြောတဲ့ပုံကလဲ သိပ်ကောင်းတာကွ။ မင်းတို့ ငါတို့လို အရွယ်လေးတွေ သက်စွန့်ဆံဖျား ကြိုးစားကြတဲ့ အကြောင်းကွ"

"အလကားပါကွာ သူက

စာအုပ်တွေ ဖတ်ပြီး ပြန်ပြောတာ နေမှာပေါ့”

“ဘာဘဲဖြစ်ဖြစ်ပေါ့ကွ၊ မဖတ် ရ သေး တာ တွေ ဖတ် ပြီး ပြောတော့ မကောင်းဘူးလား။ ခု သူ ပိုက်ဆံစုထားတာ ပြည့်ပြီတဲ့၊ ခြင်းလုံးဝယ်ပြီး ခတ်ကြမယ်တဲ့”

“သူက ဘယ်လောက် ခတ်တတ်လို့လဲ”

“ဒါတော့ ဘယ်သိမလဲကွ”

“အေးလေ မင်းတို့သာ သူ့ကို ဆရာတင်ထားပေါ့”

တပတ်ခန့် ကြာလာသော်လည်း ကျွန်တော်တို့ ဖက်သို့ မည်သူမှ ပါမလာပါ။ ကျွန်တော်တို့ သုံးယောက်သာ ရှိပါသည်။

“ကျော်ဝင်း ရေ – ဒို့ သုံးယောက်ထဲ ဘာမှ မယ်မယ်ရရ မကာစားရဘူး။ သူတို့သာ ပျော်ပျော် ပါး ပါး ကစား နေတာ။ သူတို့ဆီ ပြန် သွား ရ အောင်ကွာ”

ဇော်မိုးက စိတ်ပျက် လက်ပျက်ဖြင့် ပြောပါသည်။ ကျွန်တော်လည်း အကြံရ ခက်နေမိပါသည်။

“ဒါနဲ့ဒို့ကခုမှပြန်သွားတော့ သူတို့က လက်သင့်ခံပါ့မလား”

“သွား ကြည့် တာပေါ့ကွာ၊ ဒို့ကသာ သူ့အပေါ် အမျိုးမျိုး အ ပြစ် တင် နေ တာ ပါ။ သူက သိတောင် သိမှာ မဟုတ်ပါဘူး”

ကျွန်တော်တို့ သုံးယောက်သည် မြင့်အောင်တို့ ခြင်းခတ်နေရာသို့ မယောင်မလည် သွားကြပါတော့သည်။

“ဟော့ - မင်းတို့ ဘယ် သွားနေကြတာလဲ၊ မလာတာ ကြာပြီနော်။ ကဲ လာဟော့၊ ခြင်းခတ်ရအောင်”

မြင့်အောင်က အားရဝမ်းသာ ဆီးကြိုသဖြင့် ကျွန်တော်တို့ အံ့ဩသွားပါသည်။ ဝမ်းလဲသာသွားပါသည်။

သူခေါ်သဖြင့် ကျွန်တော်တို့က ဝင်၍ ခြင်းခတ်ကြပါသည်။ ခြင်းလုံး ကစားပြီးသောအခါ –

“ကစားတယ်ဆိုတာ အန္တရာယ်လဲကင်း၊ တယောက်နဲ့ တယောက် အထောက်အကူပေးရတဲ့ ကစားနည်းမျိုးကို ကစားမှ ပျော်စရာကောင်းတာ၊ ဒါမှ အကျိုးရှိမှာကွ။ ခု ခြင်းခတ်တယ်ဆိုတာ တဖက်လူရဲ့ အတိမ်းအစောင်းကို ကိုယ်က အကူအညီပေးသလို၊ ကိုယ့်ရဲ့အမှားအယွင်းကိုလဲ အခြားလူက ကူပေးတာဘဲ။ ခုထဲက အလေ့အကျင့်လုပ်သွားယင် ကြီးတဲ့အထိ ကူညီရိုင်းပင်းစိတ် ဆိုတာ အလိုလိုရှိလာတာဘဲ”

ကျွန်တော်တို့သည် ဩဇာအလွန်ပေးသည်ဟု မြင့်အောင်ကို အထင်မှားခဲ့ကြသော်လည်း သူသည် ကျွန်တော်တို့၏ ရှေ့ဆောင် လမ်းပြ တ ဦး ဖြစ် နေကြောင်းကို သိရပါသည်။ သူ့ကို အ ထင် လွဲ ခဲ့ သည် များ သည်လည်း မှားမှန်း သိလာပါတော့သည်။

## ကဆုန်လပြည့်
## ဗုဒ္ဓနေ့

ဗုဒ္ဓသခင် ဖွားသန့်စင်၊
လပြည့်ကဆုန်တွင်။

ဗောဓိပလ္လင် ညောင်ပင်နန်း၊
စံပယ် အောင်မြင်ခန်း။

လဝန်းပြည့်ပြည့် ကဆုန်မှာ၊
ဘုရားပွင့်ခဲ့ရာ။

ပြည်ခေမာ နိဗ္ဗာန်ကူး၊
လမြတ်နေ့ရက်ထူး။

ရည်စူးမြှော်ကိုး ပူဇော်ပေ၊
ဗောဓိညောင်ပင်ခြေ။

ရေသိတာ သွန်းကာလောင်း၊
မြတ်ဆုပန်ချွေတောင်း။

တက္ကသိုလ် ကြည်မာ



R. 517



# ပေါက်

ပေါက်ပင်သည် ပင်လုံးကျွတ်ပွင့်သည်။ နွေဦးရာသီ ပေါက်ပွင့်ချိန်တွင် လိမ်မော်ရင့်ရောင် အဖူးအပွင့်များဖြင့် လျှမ်းလျှမ်းတောက်နေသော ပေါက်ပင်ကို အဝေးမှ လှမ်းမြင်ရလျှင် တောမီးလောင်နေသည့်နှယ် ထင်မြင်နိုင်သောကြောင့် နိုင်ငံခြားသားတို့က "တောမီးလျှံပင်" ဟု တင်စား ခေါ်ဝေါ်ကြသည်။

ကျေးပင်ဟုလည်း အခြား နာမည်တမျိုးဖြင့် နိုင်ငံခြားသားတို့က ခေါ်ကြသေးသည်။ ပေါက်ပွင့်တွင် ပွင့်ချပ်ငါးခုရှိသည့်အနက် တခုသည် ကျေးနှုတ်သီးကဲ့သို့ ကောက်နေသည်။ အပွင့်ရောင်ကလည်း ကျေးနှုတ်သီးရောင်နှင့် တူသည်။ ထို့ကြောင့် အရွက်စိမ်းများနှင့် ပေါက်ပွင့်အကြား ကျေး နားလျှင် ခွဲခြားသိရန် မလွယ်သည်ကို ပြည်ထဲရေးရာကိစ္စများနှင့် ခိုင်းနှိုင်းကာ "ပြည်ထဲအရေး ပေါက်နှင့်ကျေးသို့" ဟု ဆိုရိုးပြုခဲ့ကြသည်။ ထို့ပြင် ပေါက်ပွင့်သည် အရောင်အဆင်းလှသော်လည်း ရနံ့မရှိသကဲ့သို့၊ ရုပ်ဆင်းလှပတင့်တယ်သော်လည်း အရည်အချင်းမရှိသူကို "လူပေါက်ပန်း" ဟု ပမာပြု၍ ခေါ်ဝေါ်သုံးနှုန်းခဲ့ကြသည်။

ခိုင်ပန်းစုံ

ပေါက်ပင်သည် အပင်အလတ်စားမျိုး ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် မူလပေါက်ခဲ့သည်။ နတ်တော်ပြာသိုတွင် အရွက်ကြွေပြီးနောက် ဖူးပွင့်ဝေဆာလာသည်။ မကြာမီ ရွက်သစ်များဖြင့် စည်စည်ပင်ပင် ဖြစ်လာသည်။ ပေါက်ရွက်သည်ကြမ်းသည်။ သုံးရွက်ဆိုင်ဖြစ်သည်။ ၃-၄ လက်မရှိ အသီးတောင့်ရင့်များသည် ဝါညိုညိုဖြစ်၍ အစေ့ပြားပြားများ ရှိသည်။

လူသုံးပစ္စည်း ပြုလုပ်ရေးတွင် ပေါက်ပင်သည် အသုံးဝင်သည်။ ပေါက်ပွင့်မှ အဝါရောင် လိမ်မော်ဆိုးဆေး ရနိုင်သည်။ အကိုင်းအခက်များမှ ချိပ်တမျိုး ရသည်။ ပင်စည်မှ အစေးကို ဆိုးဆေးနှင့် သားရေနယ်ရန် ချုပ်ဆေးအတွက် သုံးနိုင်သည်။ အမြစ်နုနှင့် အခေါက်များမှ လျှော်ထုတ်ယူနိုင်လေသည်။

တင့်တင့်



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၃၊ အမှတ် ၂၀၊


# မောင်ဒေါနု -၁- ရွှေသွား ဂျာနယ်

ပန်းချီ - ဦးဘကြည်
ဓါတ်လမ်း - မောင်းနို

၁၃၃၃ ခု၊ ကဆုန်လဆုတ် ၆ ရက် (၁၅-၅-၇၁)





စနေနေ့တိုင်း ထုတ်ဝေသည်။




တခါသော် နာဂ၏ ကျွန်းကြီးသို့ ရောက်၍
ကုန်များကို ရောင်းချကြလေသည်။
ဟာ - ဟင်း တွေ တယ်စုံပါလား - ဝအောင် ပြဲအောင် စားပစ်လိုက်မယ်
ညနေပိုင်း၌ မောင်ရာဂ ထမင်းစားရန် ပြင်ဆင်နေစဉ် -
ချက်မမြှင် ဒုက္ခသည်ကို ထမင်းကျန် ဟင်းကျန် ကလေးများ စွန့်ကြဲတော်မူကြပါခင်များ
အလှူခံတဦး ရောက်လာလေသည်။
ကျုပ်တို့တောင် မစားရသေးဘူး - သွား -
မောင်ရာဂသည်စား ချိန်နီးမှ လာ တောင်းရ သလောဟု ဒေါသ ထွက်ပြီး -
သာရ - သာရ သာ - - - - ရ
အဘိုးအိုသည် မောင်ဒေါနတ် ဆီသို့ သွား၍ အလှူခံ ပြန်သည်။


ဤအဘိုးအိုသည် - အသက် ကလည်း ကြီး - မျက်စေ့ကလည်းမမြင် - တကယ်ပင် လုပ်ကိုင်
မစားနိုင်ရှာပါ ကလား .........အင်း..... သနားပါတယ်။ ငါ၏ မိခင်အို -ဖခင်အိုတို့ကို
သတိရလိုက်တာဟယ်။
မောင်ဒေါနသည် အဘိုးအိုကြီးကို လှမ်းကြည့်ပြီး တွေးတောနေမိလေသည်။
ဘဘကြီး - ကျနော်တွဲထားမယ် - မကြောက်ပါနဲ့ - ရဲရဲသာလျှောက်ပါ -
ထို့နောက် အဘိုးအိုကို လှေပေါ်သို့တွဲတင်၍-
ဘဘကြီး - ဒါက ငါးကျော် - ဒါက သနပ်ရဲ - ဒါကဟင်းချို - ဒါကထမင်း - မြိန်ရှက်စွာ စားပါလော့...
မိမိစားရန် ခူးထားသော ထမင်းပွဲဖြင့် မိရင်း၊ ဖရင်း ကဲ့သို့ ပြုစုကျွေးမွေးလေတော့သည်။
ဘဘကြီး လိုရာ သုံးရန် ငွေသား -၁၀၀- ကန်တော့ပါတယ်....
ထို့နောက် ငွေ ကျပ် ၁၀၀ ဖြင့် ကန်တော့လေ၏။
ငါ့မြေး -ငါ့မြေးရဲ့ မေတ္တာ စေတနာကို ဘဘကြီး ဖိတိဖြစ်လို့ မဆုံး - သာဓု-ခေါ်ပါတယ်၊ ငါ့မြေးရဲ့ မေတ္တာ-စေတနာကို တုံ့ပြန်လိုသဖြင့်-ဟောဒီ ဆေးကိုလက်ခံပါ၊ ဒီဆေးဟာ အုက်ချာပါဒ လိုက်ဖြီး ခန္ဓာတိုက်ဆွဲနေတဲ့ ရောဂါကို လက်တွေ့ကုစားနိုင်ပါတယ်။ ဆေးညွှန်းနှင့်တကွ ဆောင်ထားစေလိုပါတယ်။
အဘိုးအိုက ဆေးစွမ်းကောင်းတလက်ဆုချ၏။


တဖန် ခရီးဆက်ကြပြန်ရာ နာဂိန္ဒကျွန်းတဖက်
သို့ဆိုက်ရောက်ပြီး ရောင်းဝယ်ကြပြန်သည်။
အင်း.....
ကျွတ်ကျွတ်
လူလေးတို့ရယ် ထမင်းကျန် ဟင်းကျန် လေးများ စွန့်ကြဲ တော်မူကြပါ ဗျာ.....
ညနေ ထမင်းစားချိန်တွင် သွက်ချပါဒဝေဒနာ စွဲကပ် နေသော အဘိုးအိုတဦး ရောက်လာပြီး -
လိမ်မြန်ကြတယောက်၊ ဤကြောင့်သာ ရေမရှိ - ကြောင်းသာ မရှိ၊ ဈေးရောင်း မကောင်း ရတဲ့အထဲ အလှူခံက တယ်ပေါတယ်၊ ခင်များ ကျွေးဘို့မပြောနဲ့ - ကျုပ်တောင် မစားရသေးဘူးဗျ . . . . .
သွားဗျာ -
သွား -
သွား —
သွား —
အလှူခံသည်ကို မောင်ရာဂက စိတ်ဆိုးပြီး နှင်လွှတ်၏။
အလို - တကယ့် ဒုက္ခိတ ပါလား - အင်း ...... သနားပါတယ် ....
အို - တပည့်တို့ - ထို ဒုက္ခသည်ကို လှေထက်သို့ ခေါ်ဆောင်ကြစမ်း ကြကုန်လော့...
အဘိုးအိုလည်း မောင်ဒေါနန္ဒ၏လှေဘက် သွား တောင်းပြန်လေသည်။
ထို့ကြောင့် လှေထိုးသား များ သည် ဒုက္ခသည်ကို လှေပေါ်သို့ ပွေ့ချီလာကြ၏။




ဆက်ရန်





နေထွက်မှနေဝင်သည့်တိုင်၊ ကျောက်များခွဲရခြင်း၊
ကျောက်များကို ဝေးလံစွာသယ်ရခြင်းများကိုလည်း၊ ပင်ပန်းဆင်းရဲစွာ ခံယူရလေသည်။
အရှင်မင်းကြီး ကျောက်သယ်ရတာ၊ ပင်ပန်းလွန်းလှပါတယ်၊ ကျွန်တော်မျိုး သယ်ပေးပါ့မယ် ဘုရား၊
ဘာဖြစ်လို့ သူများကို သယ်ခိုင်းရတာလဲ ကွာ-
အား မယ်လေးဗျ-
မင်းတို့လက်ထဲမှာဆိုတော့၊ မင်းတို့ကြိုက်သလို လုပ်ကြလေးတာပေါ့ကွာ- ဟင်း-
ဟား-ဟား-ဟား-
စားသောက်ရပြန်တော့လည်း၊ အညံ့စားအစားအစာများကို၊ မဝတဝ စားရပြန်သည်။
အင်း- ဒီလောက်ညံ့တဲ့ အစားအစာတွေကို ငါဘယ်လိုမျိုချ ပါ့မလဲ၊


ဒီပါဂုပ္ပန်တော့လည်း အကျဉ်းထောင်ကြမ်းပြင်မှာ ဆင်းရဲခွာ အိပ်စက်ရလေသည်။
ငါအိပ်ပါမဲ့ မျက်လုံးကြောင်ပြီ၊ ဒီလိုကဝဏ်မှာ ငါကြာကြာနေရရင် သေလိမ့်မယ်ထင်တယ်။
ငါဒီလိုဆင်းရဲဒုက္ခရောက်ရတာ ငါ့အပြစ်ပါ၊ ငါမဆင်မခြင်ကိုယ့်သူ့ တပါးတိုင်းပြည်ကို မတရား စစ်ဝင်တိုက်လို့ လေ ကရုဏာ အမင်းအဆိုးကို ခံရတာပါ၊
ငါခုလိုဒုက္ခရောက်သလို၊ ငါ့ကြောင့် ဒုက္ခရောက်နေကြရှာမှာကို စစ်သည်တော်အဖမ်းခံ ကြောက်စရာကောင်းပါကလား၊ ငါမှားတယ်- ငါမှားတယ်-
ငါ့မိဖုရားဒေဝီနန္ဒာဟာ၊ ဒီလိုအဝေးမှာ ငါ့ကိုမျှော်တင့်ရှင့်၊ ငါ့ကိုသတိပေးတာဖြစ်ရမယ်၊ ဒါပေမယ့် သူ့စကားကို ငါနားမထောင်ခဲ့ဘူး၊
အို-ကိုကိုဖြစ်ဖြစ်၊ နှင်းသူ့ ... ငါ့မှတ်ချက်ကြိုက်ရမယ်၊ ဒီအကြံ ... မဖြစ်ဘူး၊
သုံးနှစ်သုံးမိုး ပေါ်ပန်းဆင်းရဲခွာ အကျဉ်းကျပြီးမှ သူ့နိုင်ငံကို မိဖုရားထံသို့ စာတစ်စောင်ကို ဝှက်၍ပေးပို့နိုင်သည်။
အမယ်- မောင်တော်ဆီက စာပါလား၊
ဆက်ရှင်




# မြန်မာ ရုပ်ရှင်



၁၈၇၂ ခုနှစ်တွင် သောမတ်အေအယ်ဒီဆင်သည် ဓာတ်ပုံငယ်ကလေးများကို ရစ်လုံးဖြင့်ရစ်၍ လက်ဖြင့် လှည့်ကာ ပြသသော ရုပ်ရှင်မှန်အိမ်ကလေးတခုကို တီထွင်လိုက်သည်။ သူသည် ၁၈၈၉ ခုနှစ်တွင် ပထမဆုံးရုပ်ရှင်ကို ပြသနိုင်ခဲ့သည်။

၁၉၁၀ ခုနှစ်တွင် မြန်မာပြည်၌ ရုပ်ရှင် စတင်ပြသည်။ ၁၉၂၀ ခုနှစ်တွင်ကား မြန်မာပြည်၌ ပထမဆုံး ရုပ်ရှင်ပြသနိုင်လေပြီ။ စတင်ရိုက်ကူးပြသူမှာ လန်ဒန်အတ်ဦးအုန်းမောင်ဖြစ်သည်။ ပထမဆုံးဇာတ်ကား "မေတ္တာနှင့် သူရာ" တွင် မင်းသား မင်းသမီးအဖြစ် မောင်ညီပုနှင့် မအေးကြည်ခေါ် မရီတို့ ပါဝင်သရုပ်ဆောင်ကြသည်။


၁၉၂၇-၂၉ ခုနှစ်များတွင် မြန်မာကာတွန်းဆရာကြီး "ရွှေးရိုး" အမည်ခံ ဦးဘကလေး၊ ဦးသိန်း(ဇဝန)နှင့် ကာတွန်းဆရာ ဦးဟိန်စွန်းတို့သည် ကာတွန်းရုပ်ရှင်ကားများကို စမ်းသပ်ရေးဆွဲ ရိုက်ကူးခဲ့ကြသည်။ ဦးဘဂျမ်းနှင့် ဦးဟိန်စွန်းတို့၏ "ကြက်တောင်ကွ" ကာတွန်းဇာတ်ကားကို ၁၉၃၄ ခုနှစ်တွင် ရုံတင်ပြသခဲ့သည်။ သည့်နောက်ပိုင်းတွင် လူငယ်ကာတွန်းဆရာများက ဆက်လက် ကြိုးပမ်းကြသော်လည်း ယနေ့တိုင် ·မြန်မာကာတွန်းရုပ်ရှင် မထွန်းကားသေးပေ။













ရုပ်ရှင်ပညာတွင် ဓာတ်ပုံ၊ အသံ၊ ကားကူး၊ ကားဆေး၊ အခမ်းအနား ပြင်ဆင်မှုမ်းမံမှုတို့လည်း ပါဝင်သည်။ ရုပ်ရှင်ရိုက်ရန် ဖလင်ကော်ပြားများကို ဓာတုဗေဒနည်းဖြင့် ဆေးသုတ်လိမ်းထားပြီး ရိုးရိုးအလင်းအမှောင် ရိုက်ကူးရန်နှင့် ဆေးရောင်စုံ ရိုက်ကူးရန်ဟူ၍ သီးခြားခွဲထားသည်။

ရုပ်ရှင်ရိုက်ကူးရာတွင် မင်းသား၊ မင်းသမီး၊ လူကြမ်း၊ လူရွှင်တော် စသည်များ ပါဝင်ကြပြီး၊ ဇာတ်ကားပြီးမြောက်အောင် မူလ ဇာတ်လမ်းရေး စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ သုတေသနပြုသူ၊ တည်ဆောက်ရေးသမား၊ ပန်းချီ အနုပညာ ဒါရိုက်တာ၊ အဝတ်အစားနှင့် မိတ်ကပ်ခြယ်သသူ၊ လျှပ်စစ် အလုပ်သမား၊ ဓာတ်ပုံဆရာ၊ ဖလင်အယ်ဒီတာ၊ ဒါရိုက်တာ စသူများက ဆောင်ရွက်ကြသည်။

အများပြည်သူတို့၏ နားမျက်စိရှေ့သို့ ရောက်မည့် မလိုလားအပ်သော အသုံးအနှုန်း အပြုအမူစသည့် ပြကွက်များကို စစ်ဆေးဖြတ်တောက်ရန် ဆင်ဆာအဖွဲ့ဟူ၍ ဖွဲ့စည်းထားသည်။

အကယ်ဒမီဆုခေါ် ''ရွှေစင်ရုပ်'' ဆုကို ထူးချွန်သော ဇာတ်ကား၊ မင်းသား၊ မင်းသမီး၊ ဒါရိုက်တာ၊ ဇာတ်ပို့၊ ဓာတ်ပုံဆရာစသည့် ပညာသည်များကို ပေးရန် ၁၉၅၂ ခုနှစ်မှစ၍ ကျင့်သုံးခဲ့ပေသည်။






မဝချက်နဲ့
ရေး★မောင်မောင်တိုး
ဆွဲ★ဘလွန်းမောင်မောင်သက်
ဒို့ ဟိုသဘော်ပျက်ကြီးပေါ်မှာ သွားကစားကြမယ်-
အေး-ကစားမယ်
တညနေတွင် မောင်ထွေး၊ စိန်လှနှင့် မောင်သိန်းတို့ သူငယ်ချင်း သုံးဦး တွေ့ဆုံကြကာ –
ဟေ့-မောင်သိန်း ဒို့နှစ်ယောက် အရင်ပုန်းမယ်
အေး-ငါဒီနေရာက မျက်စိမှိတ်ထားမယ်
သင်္ဘောပျက်ကြီးပေါ်သို့ တက်ပြီး –
မောင်သိန်းကကြောက်တတ်တယ်၊ သူ့ကို ကြောက်အောင်ခြောက်ရအောင် -
အေး
တူပြီလားဟေ့
တူတူပုန်းတမ်း ကစားကြလေသည်။
အမယ်လေးဗျ
ဖိုက်
အမယ်လေး သေပါပြီ
ဟိုအခန်းထဲ ဝင်ဟေ့-


ဟိုကောင်တွေဘါဖြစ်
သလဲမသိဘူး
လာကြပါအုံး-ဗျို့
ကယ်ကြပါအုံး
ကျွန်တော့်သူငယ်ချင်း
တွေမရှိတော့ဘူး
လုပ်ကြပါအုံး-ဗျာ
ဟား-ဟား
ဟား-
ဟိုကောင်တော့
သိတ်ကြောက်နေပြီ
စိန်လှနဲ့
မောင်ထွေး-ရေ
ဘယ်ထဲမှာလဲကွ
မောင်သိန်းနှင့်အတူ လူကြီး တယောက်
လိုက်လာသည်။
သဘော်ပေါ်မှာလူကြီးတယောက်
ရောက်နေတယ်
ထင်တယ်-
အေး-ကွ
ဘိနပ်သံကြား
တယ်တိတ်တိတ်နေ
ဟေ့-ဘါမှုလဲမမြင်
ရဘူး မှောင်လါပြီကွ
ဒီအထဲမှာမြွေရှိယင်
ဒုက္ခဘဲ-ကွ
မြွေကိုက်ယင်မသေ
ပေမဲ့မျက်စိကန်း
တတ်တယ်လို့ကြား
ဖူးတယ်ကွ


ဒီအထဲကအော်သံ ကြားတာဘဲဦးရဲ့ မြန်မြန်လုပ်ပါ
ဟော့ ကောင်လေးတွေ ဘာလုပ်နေတာလဲ ထွက်ခဲ့ကြ
အပေါ်ကခေါ်နေပြီကွ၊ လာကွာ ပြန်တက်မယ်
မောင်သိန်းလဲ တော်တော်ကြောက်နေပြီထင်တယ်ကွ
မင်းတို့ဘာဝင်လုပ်တာလဲ
တော်တော်ဆိုးတဲ့ကောင်လေးတွေ-
ကျွန်တော်တို့တူတူ ပုန်းတမ်းကစားတာပါ
ကြောက်တတ်တဲ့သူကိုမနှောက်ရဘူး အကြောက်လွန်ပြီး သေတတ်တယ်
ဟုတ်ကဲ့
မင်းတို့နဲ့နောက်တခါ မကစားတော့ဘူး
ဒို့မနောက်တော့ပါဘူးကွ ကတိပေးပါတယ်
အပြန်တွင် –

# ရှောတိုင်တက်

ကျော်ညွန့်မိုး



ရှောတိုင်တက် ပြိုင်ပွဲသည် မြန်မာ့ရိုးရာ အားကစားစစ်စစ် ဖြစ်သည်။တဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ယှဉ်ပြိုင် နိုင်ကြသည်။ ဆိုင်းဝိုင်းကြီးဖြင့် တီးမှုတ် အားပေးလေ့ရှိသည်။

ရှောတိုင်တက် ပြိုင်ပွဲသည် ပဒွင်းခံ၊ ရှင်ပြု၊ ကထိန်ခင်း၊ စ သော ပွဲ လမ်း များ ၌ မ ပါလျှင် မပြီးသော ပြိုင် ပွဲ တ ရပ် ဖြစ်သည်။


တက်လိုက်လျှင် ရှော၍ကျနိုင်သဖြင့် ထိုတိုင်ကို ရှောတိုင် ဟု ခေါ်သည်။ အမြင့် ၁၅ တောင်ကျော်ရှိ၍ တိုင်အရင်းမှာ သုံးထွာခန့် လုံးပတ်ရှိသည်။ အတန် ရင့်သော ဝါးပိုးဝါးကို အသုံးပြုကြသည်။

ဝါးပိုး၏အဆစ်များကို သေချာစွာ အ ချော သပ် ထား ၏။ ထိပ်ဆုံးအဆစ်ထဲတွင် ဝက်ဆီနှင့် ပဲဆီကို ဆတူရော၍ ကျိုချက်ကာ ထည့် ထား ရ သည်။ ထိုအဆစ်၏ အောက်ခြေမှ ကပ်၍ ဆီများ စီးကျစေရန်အတွက် အပေါက်ငယ် ၂၀ ခန့်ကို ခပ်စောင်းစောင်း ဖောက် ထား သည်။


ဝင်ရောက် ယှဉ်ပြိုင် သူတို့သည် ရှောတိုင်ထိပ်မှ အလံကို အောင်မြင်စွာ တက်ရောက်ယူနိုင်ရန် ကြိုးစားအားထုတ်ကြရသည်။ ဆုငွေကို အလံထိပ်၌ ချိတ်ဆွဲထားရှိသည်။


ရှောတိုင် တက်မည့်သူသည် ကိုယ်ခန္ဓာ ကြံ့ခိုင်တောင့်တင်းမှု ရှိပြီး ခြေလက်မြဲမြံ သန်စွမ်းရန် လိုသည်။ မလျော့သော ဇွဲလုံ့လနှင့်လည်း ပြည့်စုံရပေမည်။

# မြင်းလှည်းကလေး




မြင်းနှင့် လှည်းပုံများကို စက္ကူထူတွင်ကပ်ပြီး ညှပ်လိုက်ပါ။ မျဉ်းစက်ပြထားသော နေရာကို ဓားဖြင့် ဖောက်ပါ။ က နှင့် ခ ကိုပူး၍ မြင်းကို အလယ်တွင်ထားကာ ကော်ကပ်ပါ။ တဖက်တွင် ပြထားသော မြင်းလှည်းအတိုင်း ဖြစ်လာမည်။





# ချဉ်ပေါင်ကြော်

အောင်ခိုင်ဝင်း



"ဟဲ့–နီတွတ်၊မိုးအေးတယ်၊ အနွေးအင်္ကျီသွားဝတ်စမ်း"

မိုး ပေါက် ကလေးများ တပေါက်ပေါက်ကျနေပုံကို ပြတင်းပေါက် မှ ငေး ကြည့် နေ သော ကျွန်တော်သည် အမေ့အသံကြောင့် လန့်သွားပါသည်။

"ဟုတ်ကဲ့အမေ" ဟု အမေ့ကို လှမ်းပြောကာ အခန်းထဲသို့ ပြေးဝင်သွားပြီး အနွေးအင်္ကျီ ယူဝတ်လိုက်ပါသည်။ မိုးအေးလျှင် ကျွန်တော် အအေးမိပြီး ဖျားတတ်ပါသည်။ ဤသည်ကို အမေက ကောင်းကောင်းသိပါသည်။ ကျွန်တော် ဖျားလျှင် ဒေါက်တာ လွန်းဘား ဆိုသော ကုလား ဆရာဝန် ကြီး အမြဲ ရောက်လာတတ်သည်။သောက်စရာ ဆေးမျိုးစုံကို ပေးတတ်သည်။ တခါတရံ "ဆေးထိုးယင် မြန်မြန် ပျောက်သွားမယ်" ဟုဆို ကာ ဆေး ထိုး ပေး တတ်ပါသည်။

တနေ့တွင် ကျွန်တော်မိုးရေထဲ ထွက်ကစားပါသည်။ ထိုနေ့ညနေဘက်တွင် ကျွန်တော်ဖျားပါတော့သည်။

အမေက "မိုးရေထဲ ထွက်မကစားနဲ့ဆို၊ ပြောတာမရဘူး၊ ခုတော့ဖျားပြီ" ဟု ကျွန်တော့်ကို ဆူပါသည်။

ကျွန်တော်က "အမေရယ်– ဒေါက်တာလွန်းဘားကို မခေါ်ပါနဲ့နော်၊တော်တော်ကြာ ဆေးထိုးနေရအုံးမယ်" ဟု ပြောပါသည်။

အမေက ကျွန်တော့်ကို "ရော့ဒီဆေးသောက်လိုက်၊ငြိမ်ငြိမ်နေ" ဟု ပြောပြီး ဆေးတိုက်ပါသည်။ ထို့ကြောင့်ကျွန်တော်သည် အမေလှမ်းပေးသောဇွန်းကိုယူကာ ချက်ချင်းသောက်ချလိုက်ပါသည်။ပြီးတော့ ငြိမ်ငြိမ်ကလေး ကွေးနေမိသည်။

ညဘက်သို့ ရောက်သော် အဖျား တက်လာပါသည်။ အမေက ကျွန်တော့်နဖူးကို လက်ဝါးဖြင့်စမ်းရင်း–

"ဟင်– အဖျားတွေ တက်နေပါလား၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ မနက်ကျယင် ဒေါက်တာလွန်းဘားကို ခေါ်မှဖြစ်မယ်" ဟု တိုးတိုးပြောပါသည်။

ကျွန်တော်က "ဒေါက်တာလွန်း ဘား တော့ မ ခေါ် ပါ နဲ့၊ ကျွန်တော်ကြောက်တယ်" ဟု ပြောရာ–

အမေက "မခေါ်ပါဘူးသားရယ်–အိပ်အိပ်" ဟုဆိုကာ ကျွန်တော့်ကို စောင်နှင့် ပတ်ပေးပါသည်။ ပြီးနောက် သူ့ရင်ခွင်ထဲတွင် ပိုက်ထွေး ထားပါသည်။ အမေ့ရင်ငွေ့သည် ကျွန်တော့်ကို နွေးထွေးစေပါသည်။ အားရှိစေပါသည်။ အမေ့ကို ကျွန်တော် အလွန် ကျေးဇူးတင်မိပါသည်။

ကျွန်တော် နိုးလာပါသည်။ မိုးလည်းလင်းနေပါပြီ။ မကြာမီ ကျွန် တော် ကြောက် သော ဒေါက်တာ လွန်းဘား ရောက်လာပါသည်။ ကျွန်တော့်နဖူးကို သူ့လက်ဝါးကြီးနှင့်စမ်းကာ–

"အာ– ကိုယ် တော်တော်ပူတယ်" ဟု ပြောပါသည်။ ထို

နောက် ကျွန်တော့်ကို အဖျားတိုင်းကြည့်ပါသည်။ "အဖျားတရာကျော်တယ်၊ သောက်ဆေးလိုက်ယူပါ" ဟု ပြောပါသည်။ ထို့နောက် ဒေါက်တာလွန်းဘား ပြန်သွားပါသည်။

ကျွန် တော် သည် အိပ် ရာ ပေါ် တွင် ငြိမ်ငြိမ်ကလေး ကွေး နေပါသည်။ ထမင်းစားခန်း ဘက်မှ "ဟာ–ချဉ်ပေါင်ကြော် ဟင်းပါလား၊ ထမင်းစားမြိန်အုံးမှာဘဲ" ဟူသော အဖေ့အသံကို ကြားလိုက်ပါသည်။ ချဉ်ပေါင် ကြော်ဆို၍ ကျွန်တော့်မှာ စားချင်စိတ်များ တဖွားဖွားပေါ် လာပါသည်။

ညနေဘက်တွင် ကျွန်တော် အတော် သက်သာလာပါသည်။ ထမင်းလည်း ဆာလာပါသည်။ ထို့ကြောင့် မီးဖိုချောင်ထဲသို့ ခြေဖျားထောက်ဝင်ကာ စားစရာ လိုက်ရှာမိပါသည်။ ကြောင်အိမ် ထဲ တွင် ချဉ် ပေါင် ကြော်ဟင်းကို တွေ့သောကြောင့် သုံးလေးဇွန်း ခပ်စားလိုက်ပါသည်။ ပြီးနောက် အိပ်ရာသို့အသာပြန်လာပြီး ကွေးနေမိပါသည်။

ည ဘက် တွင် ကျွန် တော့် ကိုယ်တွေ ခြစ်ခြစ်တောက်ပူလာပါသည်။အမေနှင့်အဖေ ရောက်လာပြီး အမေက ကျွန်တော့်ကိုယ်ကို စမ်းကြည့်ကာ "ကိုယ်တွေ သိပ်ပူနေတယ်။ ဆရာဝန်သွားခေါ်မှ ဖြစ်မယ်" ဟုဆိုပါသည်။

မကြာမီ ဒေါက်တာ လွန်းဘား ရောက်လာပါသည်။ ကျွန်တော့်ကိုစမ်းသပ်ကြည့်ပြီး ဆေးထိုးပေးပါသည်။ ဆေးထိုးပြီးသောအခါ ကျွန်တော့် တင်ပါးမှာ အောင့်လာပါသည်။

အမေက "ဒီဆေးကပြင်းတယ်၊ နေအုံး၊ အမေရေနွေးအိတ်ကပ်ပေးမယ်" ဟု ဆိုကာ ရေနွေးအိတ်သွားယူပါသည်။

အမေသည် ကျွန်တော့် တင်ပါးပေါ် သို့ ရေနွေးအိတ်ကို ညင်သာစွာ တင်ပေးပါသည်။ ကျွန်တော်က အမေ့ရင်ခွင်ထဲသို့ တိုးဝင်ကာ–

"နီတွတ်– ညနေ တုန်း က ချဉ်ပေါင်ကြော်တွေ အမေမသိအောင် ခိုးစားမိလို့ ခုလိုအဖျားတက်ရတာပါ အမေရယ်" ဟု အမေ့ကို ဝန်ခံမိသည်။

"အော် သားရယ်–သားနေကောင်းယင် သားကြိုက်တတ်တဲ့ချဉ်ပေါင်ကြော် အမေချက်ကျွေးမှာပေါ့။ နောက်ကို ခိုးမစားနဲ့နော်" ဟု ဆိုပါသည်။

ကျွန် တော် က "ဟုတ် ကဲ့ အမေ– သား နောက်ကိုဘယ်တော့မှ ခိုးမစားတော့ပါဘူး" ဟု ပြောလိုက်ပါသည်။

အမေသည် ကျွန်တော့်ကို ခွင့်လွှတ်သောမျက်နှာ၊ ကြင်နာသောမျက်လုံးတို့ဖြင့် ကြည့်နေပါသည်။

× × × ×

# ထန်းတက်လုပ်သား

မားမားရပ်လို့ မတ်မတ်ထောင်၊
ခေါင်းစုတ်ဖွားနှင့် မြစိမ်းရောင်။

ပြောင်ပြောင်မဲမဲ ပြွတ်သိပ်ခဲ၊
ထန်းသီးကြီးတွေ ခိုင်လုံးတွဲ။

လှံလဇ္ဇနဲ့ လုပ်အားဆောင်၊
ထန်းပင်တက်တဲ့ လုပ်သားမောင်။

ထန်းတထောင်ကို နေ့ချင်းပြီး၊
တက်ကာ ဆင်းကာ ခေါနဲ့လှီး။

ထန်းတောကြီးက ခေပ်ကျယ်ကျယ်၊
မောပေါင်ပန်းပေါင် ပြုံးရောင်ကြွယ်။

ဟိုပင်တွယ်လို့ သည်ပင်ကူး၊
မြင်းမူသားကွဲ ဝေထွေရှူး။

မြူးမြူးရွှင်ရွှင် အလုပ်ခွင်၊
လူစွမ်းကောင်းဘွဲ့ ဂုဏ်ထူးဆင်။

ရွှင်ဘုရင်တောင် ချီးမြှောက်ရ၊
အလုပ်ဟူသမျှ ဂုဏ်ရှိစွ။

ဖိုးလမင်း



R. 517

# ကသစ်



ကတ္တီပါပွင့် နီနီရဲရဲ ကလေးများနှင့် တူသော ကသစ်ပန်းတို့ ပင်လုံးကျွတ် ပွင့်လန်းချိန်မှာ တပို့တွဲ တပေါင်း ဆောင်းနှောင်းမှ နွေဦးသို့ ကူးပြောင်းချိန်ဖြစ်သည်။ အကိုင်းအခက်များ၏ အဖျားမှ ထွက်သော ပန်းခိုင် ကြီးများတွင် အဖူးအပွင့်တို့သည် ခရုပတ်လှည့်၍ ထွက်ကြသည်။ ပွင့်တံအခိုင်အရှည်သည် ၁၀-၁၂ လက်မပင် ရှိတတ်၍ အဖူးချွန်ချွန် များစွာပါဝင်ပြီးလျှင် ထိပ်ပိုင်းမှ အပွင့်များကစ၍ ပွင့်အာသည်။ ဖူးငုံနေစဉ် ပွင့်ချပ်ငါးခုအနက် နှစ်ခုသည် ယုန်နားရွက်ကလေးများသဖွယ် ထောင်၍ ချွန်ထွက် နေသည်။ ပွင့်အာချိန်တွင် ပွင့်ချပ် တခုသည် ထောင်နေ၍ နှစ်ခုက အတောင်နှင့် တူသည်။ ကျန်နှစ်ခုကမူ ခပ်လှဲလှဲနေသည်။ ထိုပွင့်ချပ်နှစ်ခုအကြားမှ ထိပ်ပိုင်းဝါသော အနီရောင် ဝတ်ဆံရှည်ရှည်များက ထောင်၍ထွက်နေသည်။

## ခိုင်ပန်းစုံ



ကသစ်ပန်းသည် ရနံ့မရှိချေ။ သို့သော် ဝတ်ရည် ရွှမ်း သဖြင့် ပွင့်ချိန်၌ ကသစ်ပင် ထက်တွင် ကျေးငှက်များ တရုံးရုံး ရှိနေတတ်သည်။ ကသစ်ရွက်သည် အတန်ငယ်ကြီး၍ သုံးရွက်ဆိုင်ဖြစ်သည်။ အပွင့်မပွင့်မီ အရွက်ကြွေသည်။ သို့သော် အပင်အနေအထား လှပသဖြင့် ပွင့်ချိန်တွင် အရွက်ကင်းနေသော်လည်း ကြည့်ကောင်းနေသည်။ အပွင့်များ ကြွေပြီးနောက် မကြာမီ ရွက်သစ်များဖြင့် ဝေစီလာ၍ အဆစ်ရှိသော အသီးတောင့်များရှိသည်။

ကသစ်သည် အပင်ကြီးမျိုးဖြစ်သည်။ ကုန်းကသစ်၊ ရေကသစ်၊ တောင်ကသစ်၊ ပင်လယ်ကသစ်ဟူ၍ အမျိုးမျိုးရှိရာ များသောအားဖြင့် ပင်စည်အခေါက်ပွ၍ အဖုအထစ်များဖြစ်နေသော ကသစ်ဖုများတွင် ဆူးများရှိသည်။

ကသစ်ပွင့်၊ အရွက်၊ အခေါက်၊ အမြစ်တို့သည် ဆေးဖက်ဝင်သည်ဟု မြန်မာ ဆေးကျမ်းများတွင် ဆိုလေသည်။

**တင့်တင့်**

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၃။ အမှတ် ၂၀

# မောင် ဒေါန -၂-

ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-မင်းနီ

ရွှေသွား ဂျာနယ်

၁၃၃၃ ခု၊ ကဆုန်လဆုတ် ၁၃ ရက် (၂၂-၅-၇၁)





တိုင်းသူပြည်သား လူအများတို့လေး ..... ဘုရင့်သမီးတော် စေါ်ကလျာတွင် အနာကြီးရောက် စွဲကပ်နေ၍ ပျောက်ကင်းအောင် ကုသနိုင်သူအား ယောကျ်ားဖြစ်လျှင်-သမီးတော်နှင့်ရလျားရစ်ပတ်စေပြီး - အိမ်ရှေ့မင်း အရာ နှင်းမည်.........
တနေ့သောအခါ
ကျနော်မျိုး ကုသနိုင်ကြောင်းပါ
မောင်ရင် - ဟုတ်မှလဲလုပ်နော် - မပျောက်ဘူး ဆိုလျှင် - ဘုရင်တို့ မျက်စောင်း အကြောင်း သုံးပါး မရွေးဘူးကွဲ
မောင်ဒေါနသည် မိမိရထားသော ကုဋ္ဌနူနာ ပျောက်ဆေးကို ယုံကြည်သဖြင့်—
မှန်လှပါ - သမီးတော်၏ ရောဂါကို ပျောက်ကင်းအောင်ကုသလိုသော ဆရာတယောက် - ရှေ့တော်ဝယ် ခစားလျက်ရှိကြောင်းပါဘုရား
လုလင်ပျို - သင့်ကနော်မှုရ ပျောက်ကင်းအောင် ကုသနိုင်ပါမည်လော..
သို့ဖြင့် ဘုရင်ကြီး ရှေ့တော်သို့ ရောက်သောအခါ-
မှန်လှပါ - ဆေးစွမ်းကောင်း သုံး၍ - စေတနာမှန်ဖြင့် ကုသလျှင်-ဘယ်ရောဂါ မျိုးမဆို - မလွဲ ဧကန်အောင်မြင်မည်ဖြစ်ကြောင်း ရဲရဲကြီး အာမခံ ဝံ့ကြောင်းပါ ဘုရား
အိမ်း .... ကောင်းပြီ မောင်မင်း ...... ကဲ-အိမ်တော်ဝန်မင်းကြီး - ဤလုလင် အား သမီးတော် အဆောင်သို့ ပို့စေ၊ သမီးတော် လည်း ဆေးကုခံယူစေ၊ လုလင်ပျို ဆေးကုသမှုမှာ လိုသမျှ ဖြည့်စေ၊ ကုသနေစဉ် မကြာခဏ ရောဂါ၏ အခြေအနေကို-ငါ - ကိုယ်တော်မြတ် အား သံတော်ဦးတင်ကြစေ ဟျား ...
ဖခမည်းတော် အမိန့်တော်အတိုင်း နာခံလျက်ပါ.....


ဖန်ရည်ဖြင့်ရေချိုးပြီးပြီဖြစ်၍ - ကျွဲဆေးကိုလိမ်းပြီး ဆေးဖြောက်သွားမှသာ အာကျိုဝတ်တော်မူပါ.
ကောင်းလှပါဖြီ ဆရာလေး
သို့ဖြင့် ကန့်လန့်ကာ ခုနစ်ထပ် ကာရံပြီး မန္တမရှာ စတင်၍ ကုသလေတော့သည်။
ဤသို့ နီးနီး ကပ်ကပ် စေတနာ မေတ္တာ အပြည့်ထား၍ ပြုစုလေရာ-
အလို... အသားတော်လေး ဏာ အတော် ချော လာ ပြီအဲ
ဒါ - ဆရာလေးရဲ့ ဆေး တန်ခိုး ကြောင့်ပေါ့.....
တဦးနှင့်တဦး ချစ်ခင်နှစ်သက် လာကြလေတော့သည်။
ရက် ၃၀ ခန့်ကြာသော အခါ ရောဂါသည် အလွှားလွှား ကွာကျပြီး ဝင်းဝါချောမွေ့သော အသားတော် ပေါ်ထွက်လာသည်သာမက စိုပြေဝဖြိုး လာလေသည်။
မောင်ရှုံးဖေ....
အိမ်း — သမီးတော် ရုပ်လက္ခဏာ ဝသည့်ရသည်မှာ - ရောဂါပျောက်ကင်း ကျန်းမာခဲ့ရသည် - ကိုယ်တိုင် ခံစား မှုကို လျှောက်တင်စေ....
အိမ်တော်ဝန်က ဘုရင့် သမီးတော်နှင့် မောင်ဒေါနကို ဘုရင့် ရှေ့တော်သို့ ခစားစေရာ ....
မှန်လှပါ - ခမည်းတော်ဘုရား - သမီးတော်ရဲ့ ခံစားချက်မှာ ကိုယ်စိတ်နှစ်ဖြာ - ကျန်းမာချမ်းသာ စွာရှိကြောင်းပါဘုရား
ဝမ်း မြောက် ဝမ်းသာ ရှိလေစွ သမီးတော်


ဂုဏ်ထားသည့် အတိုင်း - မောင်ဒေါနနှင့် သမီးတော်အား လက်ဆက်စေပြီး - မောင်ဒေါနကို အိမ်ရှေ့မင်း အရာ ပေးရလိမ့်မည်။ သမီးတော်၏ စိတ်ထားကိုလည်း ရဲရဲဝံ့ဝံ့ လျှောက်တင်သော်...
ဖခမည်းတော်၏ သဘောတော် အတိုင်း ပါဘုရား
မှူးကြီးမတ်ရာ - ဗိုလ်မှူးဗိုလ်ကြေ တို့၏ သဘောထားကိုသိလိုလှသေးသည်။ အမတ်ကြီး - သို့ရှိမဟာလက်ဝဲ - လျှောက်တင်စေ...
မှန်လှပါ - ဘုန်းတော်ကြောင့် မောင်ဒေါန၏ နောက်ကြောင်း ရာဇဝင်ကို - အမိန့်တော်အတိုင်း ထောက်လှမ်းခဲ့ရာ - ထိုလူငယ်သည် - ဆင်းရဲချမ်းသာ မရွေး - နတ္တသည်များကို - ကိုယ်ကျိုးမငဲ့ ကူညီခဲ့ကြောင်း သိရပါသည်။ သမီးတော်၏ ရောဂါကိုလည်း ပျောက်ကင်းအောင် ကုခဲ့ပါပြီ။ ထို့သို့ တိုင်းပြည်ကျိုး ဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်မျိုးကို အိမ်ရှေ့အရာ အပ်နှင်းသင့် ကြောင်းပါ - ဘုရား ....
ကဲ - မောင်ဒေါန သဘောထားလည်း တင် လျှောက်သော်...
မှန်လှပါ .....
နတ္တသည်များ၏ ဘေးလွတ်ကင်းအောင် ကူညီ၍ အောင်မြင်တိုင်း ပီတိဖြစ်မိကြောင်းပါ ဘုရား.... ယခုအခါ ပို့မို့ကျယ်ပြန့်စွာလုပ်နိုင်ရန် အကြောင်း ဖန်လာပါ၍ - မိမိအသက်နှင့် ခန္ဓာမြဲနေသရွေ့ အများအကျိုး ဆောင်ရွက်လိုပါသောကြောင့် လက်ရှိ အစီအစဉ်ကို ဝမ်းသာစွာ လက်ခံလိုလှကြောင်း ပါဘုရား ....
သာဓု - သာဓု - သာဓု .....
အားရဝမ်းသာရှိလေစွ .......
ကိုယ်ကျိုးမငဲ့ - စေတနာ သက်သက်ဖြင့် ဆောင်ရွက်သူများသည် တံခိုး လက်ဆောင် - ရာထူးတိုးတက်ရေးတို့ကို မျှော်ကိုးစရာ မလိုတော့တဲ့ - တိုင်းပြည်က ထိုက်တန်သော နေရာတွင် ဦးထိပ်တင်ထား ကြမည်သာဖြစ်သည်။ ကျန်မင်းမှုထမ်း
များလည်း - မောင်ဒေါန ကဲ့သို့ပင် စိတ်ထားကြ ရမည်၊ မောင်ဒေါနအား သမီးတော်နှင့် အပ်နှင်းပြီး အိမ်ရှေ့အရာ ထားမည်ဖြစ်၍ မင်းခမ်း မင်းနားများ အတွက် သက်ဆိုင်ရာတို့က အလျှင်အမြန် စီမံ ဆောင်ရွက်စေ.... .....မောင်မင်းများ၊
နှမတော် ဝေါကလျာ
မောင်တော် ဘုရား
သို့ဖြင့်-



တစ်နေ့တွင်






# အရာဝတ္ထုဟူသည်

ရဲမြင့်
ကာတွန်း – ကြွယ်ဝလေး





တစုံတရာ အလေးချိန်ရှိသော အရာတိုင်းကို အရာဝတ္ထုဟု ယေဘူယျအားဖြင့် သိပ္ပံ ပညာရှင်များက သတ်မှတ်ကြသည်။

သိပ္ပံပညာရှင်တိုင်းက အရာဝတ္ထု (ဒြဗ်) တွင် အခြေခံအားဖြင့် အနုမြူများ ပါဝင်ပေါင်းစပ်လျက်ရှိသည်ဟု ဆိုသည်။ ကုလားထိုင်တလုံးကို စိတ်ဖြာကြည့်လျှင် "မြူ" (မော်လီကျူ)ခေါ် အရာဝတ္ထု သေးသေးမှုန်မှုန် ကလေးများ ပါဝင်ပေါင်းစပ်နေကြောင်း တွေ့ရမည်။ ၎င်းမြူများကို ထပ်မံ၍ စိတ်ဖြာကြည့်လျှင် "အနုမြူ" (အက်တမ်)ခေါ် ပိုမိုသေးနုတ်သော အရာများဖြင့် ပေါင်းစပ်ထားကြောင်း တွေ့ရမည်။ အနုမြူ တခုထဲတွင်ပင် လျှပ်စစ်သဘော အဖိုအမဓာတ် ရှိနေပြီး၊ ပရိုတွန်နှင့် နျူထရွန်ခေါ် ထပ်ဆင့်သေးငယ်သော အရာဝတ္ထုများ ပါဝင်ပေါင်းစပ်နေကြောင်းတွေ့ရမည်။




ဓာတုဗေဒပညာရှင်များက အရာဝတ္ထုသည် ဓာတ်သဘောအားဖြင့် နှစ်မျိုးသာ ရှိသည်ဟု ဆိုသည်။ တမျိုးကို ဩဂနစ် (မီးသွေးဓာတ်သဘော)ဟုခေါ်သည်။ တိရစ္ဆာန်များနှင့် သစ်ပင်များကဲ့သို့ သက်ရှိ အရာဝတ္ထုများ ဖြစ်သည်။ အခြားတမျိုးမှာ အင်ဩဂနစ် (မီးသွေးဓာတ်မဟုတ်)များဖြစ်ပြီး ကျောက်ခဲ၊ မြေသားစသည့် ကမ္ဘာ့မြေမျက်နှာပြင် အပေါ်နှင့် အောက်ရှိ တွင်းထွက်ပစ္စည်းများ ဖြစ်သည်။







အရာဝတ္ထုသည်အသွင်သဏ္ဌာန် သုံးမျိုးရှိပြီး၊ အသွင်သဏ္ဌာန် တမျိုးမျိုးဖြင့် တည်ရှိနေသည်။

အစိုင်အခဲ၊ အရည်နှင့် အခိုးအငွေ့ဟူသော အသွင်သဏ္ဌာန်များ ဖြစ်ကြသည်။





ဖန်ခွက်ကဲ့သို့ အစိုင်အခဲ အသွင် တည်ရှိသော အရာဝတ္ထု၊ လေကဲ့သို့ အခိုးအငွေ့ အသွင် တည်ရှိသော အရာဝတ္ထုနှင့် ရေကဲ့သို့ အရည် အသွင် တည်ရှိသော အရာဝတ္ထုတို့မှာ အရာဝတ္ထု၊ အသွင် သဏ္ဌာန်သဘော သုံးမျိုးပင် ဖြစ်သည်။


အရာဝတ္ထုတွင် ဂုဏ်သဘော အားဖြင့် ထုထည်နှင့် အလေးချိန်ရှိသည်။




အရာဝတ္ထုကို ဖန်တီး၍ မရပေ၊ ဖျက်ဆီး၍လည်း မရပေ။ ရေခဲတုံးမှ ရေဖြစ်သွားပြီး ရေကိုအပူပေးလျှင် အခိုးအငွေ့ ဖြစ်သွားသည်။ ယင်းအခိုးအငွေ့ကို အအေးခံပါက ရေပြန်ဖြစ်ပြီး၊ ရေကိုရေခဲဖြစ်အောင် ပြန်၍ ပြုလုပ်နိုင်သည်။ ဤသဘောအတိုင်း အရာဝတ္ထုသည် အသွင်သဏ္ဌာန် အားဖြင့် ပြောင်းလဲသွားရုံမျှ ဖြစ်သည်။



အရာဝတ္ထုတွင် ထုထည်ရှိသည်။


အရာဝတ္ထုတွင် အလေးချိန်ရှိ၏။



အား


အရှင်ရှိ
အဲ့ဒီရှေ့အဖြေအဖြစ်
ဟဲ့ ငပိုး၊ ပေါင်
မုန့် စားချင်ယင်
လာယူလှော့--
ဟုတ်ကဲ့
မမ-
ငါ ပေါင်မုန့် သွား
ယူလိုက်ဦးမယ်
ဟေ့-မင်း တို့
ကစားနှင့်
ငပိုးသည် အလျင်စလို လှေကားကို
ခုန်တက်လိုက်ရာ –
အမလေး
ဗျ
ကောင်းတယ် ကောင်းတယ်
တထစ်ချင်း တက်ဝှမှာကို
လောကြီးဖြီးခုန်တက်
တော့ အရင်လို အ
ဖြေးဖြစ်တာပေါ့-




အစားငမ်းသော''လူပေါလေး''တယောက် ရှိခဲ့သည်။




တနေ့သော နံနက်တွင် မိခင် ဖြစ်သူသည်လူပေါလေးအား အိမ်စောင့်ထား၍ ဈေးသို့ သွားသည်။




အိမ်တွင် လူပေါလေး တယောက်တည်း ကျန်ခဲ့သည်။




သူသည် မီးဖိုဆောင်သို့ဝင်၍ နို့ဆီ ခိုးစားသည်။




သို့သော် နို့ဆီဘူးတွင် လက်ညှပ်ပြီး လက်ကို ရှသွားသဖြင့် အသံကုန်အော်ဟစ်၍ ငိုလေတော့သည်။




အိမ်နားနီးချင်းဖြစ်သူ ဦးသူတော်က ဖြတ်ပေးလိုက်သည်။ သို့သော်လည်း လူပေါလေး လက်ညှိုးတွင် ပတ်တီးလေးဖြင့် ဖြစ်သွားသည်။

# အုန်းခုတ်ပွဲ

## ကျော်ညွန့်မိုး



အုန်းပင်များပေါက်ရောက်ရာ အောက်မြန်မာနိုင်ငံ ကျေးလက်တောရွာများတွင် ကစားလေ့ရှိသော အားစမ်းပြိုင် ကစားနည်းတမျိုးဖြစ်သည်။




မြေပေါ်တွင် အုန်းသီးတလုံးကို အလျားလိုက် ဖြစ်စေ၊ တလုံးပေါ်တလုံး ဆင့်၍ဖြစ်စေ တင်ပြီးနောက် အချက်ပေးလိုက်သည်နှင့် ဓားဖြင့်အပြိုင်ခုတ်ဖြတ်ရလေသည်။ အုန်းသီးများမှာ ချက်ချင်းအုန်းပင်ပေါ်မှချသော တခိုင်ထဲမှ အလုံးညီအုန်းသီးများကို ရွေးချယ်ထားခြင်း ဖြစ်ရမည်။

ခုတ်မည့်ဓားမှာ ဓားမ၊ ငှက်ကြီးတောင်ဓား၊ လေးကင်းဓားစသည်ဖြင့် ကြိုက်ရာဓားကို နှစ်ဦးသဘောတူ ရွေးချယ်ကြရ၏။ လောင်းကြေးမှာ အုန်းသီးအားလုံးကို နိုင်သူကအပိုင်ရလေသည်။

ထိုကစားနည်းတွင် မြန်မာတို့၏ ဓားရေးကျွမ်းကျင်မှု၊ ဓားချက်ပိုင်မှု၊ ဓားရည်ဝမှုများကို ပေါ်လွင်စေပါသည်။

အထက်အညာ ကျေးရွာများတွင် အုန်းသီးအစား ထန်းသီးအလုံးညီညီများကို ခုတ်၍ ကစားလေ့ ရှိကြသည်။ အချို့ဒေသ၌မူ ငှက်ပျောပင်ကို အသုံးပြုကြ၏။




## မျက်စိရှင်ရဲ့လား

တမိနစ် အတွင်း ပုံစံတူ တစုံစီ အတွဲများကို ရှာနိုင်ရမည်။

### အဖြေ

၊ဆနှင့်ဌ ၊ညနှင့်ခ

၊ဇနှင့်က ၊စနှင့်ဂ ၊ဋနှင့်င ၊ဈနှင့်ဃ



# ဆိုးမိပါသည်

စိန်ဝင်းမြင့်

"ဟဲ့ ကောင် လေး--ထမင်း စားနဲ့လှချေလား"ဟု မေမေက ပြောပါသည်။

" နေ့ လယ် က မုန့် တွေ စား ထား လို့ ပါ မေ မေ" ဟု ကျွန် တော်က ပြောလိုက်ပါသည်။

ည နေ ခင်း သည် ကြည်နူး စရာ ကောင်းနေ ပါသည်။ ကျွန် တော်တို့ မိ သား စု သည် လည်း ပြင်ဆင်၍ ပြီးခဲ့ပါသည်။

ကျွန်တော်တို့ မိုးကောင်း ဘုရားပွဲတော်သို့ ရောက်ခဲ့ပါပြီ။ ဘုရားပွဲသို့ လာသူတို့မှာ မရေ တွက် နိုင်အောင် များလှ ပါ သည်။

လျှောက် သွား နေ ရင်း မှ ဆိုင် တ ဆိုင် ကို တွေ့ ပါ သည်။ မေမေ့ကို ဆိုင်ထဲသို့ ခေါ် သွား ပြီး "မေမေ၊ သားကို ဒါလေး ဝယ်ပေးပါ"ဟု ကျွန်တော်ပြော ပါသည်။

"ဒါ ဘာ လုပ် ဘို့ လဲ သား ရယ်၊ မကောင်းပါဘူး၊ နောက် ပျက်စီးမဲ့ပစ္စည်းပါ"ဟု မေမေက ပြန်ပြောပါသည်။

ကျွန် တော် မ ကျေ နပ် ပါ။ မေမေ့ကို စိတ်ဆိုးမိ ပါသည်။ ဈေးဆိုင်အနီးမှ မခွာပဲ ရပ်နေ ပါသည်။ မေမေက ဖေဖေ့ကို သွားပြောသည်။ နောက်ဖေဖေ က ကျွန် တော့် လက် ကို ဆွဲ ပြီး ချော့မော့ပြောမှ ဆိုင်က ခွာခဲ့ ပါသည်။

"ဒီပစ္စည်းလေးဝယ်ပေးရမှာ ကိုပဲ၊ မကောင်းဘူးလေး ဘာ လေးနဲ့၊ အလကားမေမေ၊ ကပ် စေးနဲနေလိုက်တာ"

ရှေ့ဆက်လျှောက်လာကြပါ သည်။ ကစားစရာ ဈေးဆိုင် တဆိုင်ကို တွေ့ပြန်ပါပြီ။

ကျွန်တော် အားတက်သွား ပါသည်။ ထို့ကြောင့် ဖေဖေ့ကို ဆိုင်ထဲသို့ ဆွဲခေါ်ပြီး ကျွန်တော် လိုချင်သည့်ပစ္စည်းကို လက်ညှိုး ထိုးပြလိုက်ပါသည်။

"သား က ဒါ လို ချင် လို့ လား"

"ဟုတ်ကဲ့ဖေဖေ"

" ဒီ တင့် ကား လေး ဘယ် လောက်လဲ" ဟု ဖေဖေက ဆိုင် ရှင်ကိုမေးပါသည်။

"ဆယ့်ငါးကျပ်ပါ ခင်ဗျာ" ဟု ဆိုင်ရှင်ကပြောပါသည်။

"မလျှော့ တော့ ဘူးလား"

"မလျှော့နိုင်လို့ပါ ခင်ဗျာ။ ဒါ ဈေးရင်းအတိုင်းပါပဲ။ ကျွန် တော်တို့မှာ အမြတ်မရပါဘူး" ဟု ဆိုင် ရှင် က ပြော ပါ သည်။ ကျွန်တော်သည် တင့်ကားရုပ်ကို လက်မှမချပဲ ပိုက်ထားပါသည်။ ဖေဖေက ဈေးသည်ကြီးကို တ လှည့်၊ ကျွန်တော့် ကို တ လှည့် ကြည့်ပါသည်။

"ကဲ- သား ဒီတင့်ကားလေး ချထားလိုက်ပါကွယ်၊ နောက် တဆိုင် ဝင်ကြည့်သေးတာပေါ့" ဟု ဖေဖေကပြောပါသည်။

"ဟုတ်ကဲ့ ဝင်ကြည့်ပါ၊ကျွန် တော်ပြောတဲ့ ဈေးမျိုး ရ မရ မေးကြည့်ပါ"ဟုဆိုင်ရှင်ကပြော ပြီး တင့်ကားလေးကို ပြန်သိမ်း သွားပါသည်။

ကျွန် တော့် မျက် လုံး အိမ် တွင်းမှ မျက်ရည်များ ကျလာ

ပါသည်။ဖေဖေသည် ကျွန်တော့် လက်ဆွဲပြီး ဆိုင်ထဲမှ ဆွဲထုတ်ခဲ့ပါသည်။ ကျွန်တော် မကျေမနပ်ဖြစ်ရပြန်ပါပြီ။ ထို့ကြောင့် ဖေဖေ တွဲထားသော လက်ကို ဖြုတ် လိုက် ပါ သည်။ ဖေဖေက ကျွန်တော့်လက်ကို ပြန်တွဲထားပြန် ပါ သည်။ ကျွန် တော် က ဖေဖေ့လက်ကို အတင်းဖြုတ်ပြီး ရှေ့ကပြေးထွက်ခဲ့ပါတော့သည်။ ဖေဖေက အော်ခေါ် သည်။ ထို့နောက် မေမေကအော်ခေါ်ပြန်သည်။ ကျွန်တော်သည် မကြားဟန်ဆောင်ပြီး အဝေးသို့ ပြေးလာခဲ့ပါသည်။

တဖြည်းဖြည်း မှောင်စ ပြုလာပါပြီ။ လမ်းမီး၊ ဆိုင်မီးများလည်း ထွန်းလင်းလာပါသည်။ ပွဲလာသူများလည်း များလာပါသည်။ လူ အ များ ကြား တွင် ကျွန်တော် ယောင်လည်လည်ဖြစ်နေပါသည်။ ဘယ် မှ လည်း မသွားတတ်ပါ။ ဖေဖေတို့ကိုရှာသော်လည်း မတွေ့ပါ။ ဖေဖေတို့လည်း ကျွန်တော့်ကို ရှာတွေ့မည်မထင်ပါ။ ထိုအခါ ကျွန်တော် ငိုမိပါတော့သည်။ လူကြီးတယောက်က ကျွန်တော့်အနီးသို့လာပြီး မေးပါသည်။

"တယ်ခက်တဲ့ မိဘတွေဘဲကိုး၊ ကိုယ့်သားသမီးကိုတောင် လက်တွဲပြီး မ သွား ကြ ဘူး၊ ခု တော့ တကွဲတပြားစီ ဖြစ်ရပြီ" လူကြီးကို ဤသို့ တီးတိုးပြောပြီး ကျွန်တော့်လက်ကို ဆွဲကာ "ကဲ-ကဲ မငိုနဲ့တော့ကွယ်။ဦးဦး မင်းအိမ်ကိုလိုက်ပို့ပေးမယ်။ဒါနဲ့ မင်းက ဘယ်မှာနေတာလဲ" ဟု ပြောပါသည်။

"ရန်ကင်းမှာ နေပါတယ်"

"ကဲ-လာ၊ ဦးဦးလဲ ရန်ကင်းကို ပြန်မလို့၊ မင်းကို အိမ်လိုက်ပို့မယ်"

အိမ်တွင် ဖေဖေတို့ကို မတွေ့ပါ။ ကျွန်တော့်ကို လိုက်ရှာနေသည် ထင်ပါသည်။ ကျွန်တော် ငိုရပြန်ပါပြီ။ ကိုကိုသည် ကျွန်တော့်ကို ချော့ပြီး ဖေဖေတို့ကို ရှာရန် ထွက်သွားပါသည်။

မိုးကောင်းဘုရားပွဲတွင် ဖေဖေတို့ အလုပ်ရှုပ်နေကြမည်ဖြစ်ပါသည်။ လုံခြုံရေးရဲကိုလည်း လူပျောက်ကြောင်း တိုင်တန်းကြမည်ဖြစ်ပါသည်။ ကျွန်တော် အ လွန် မိုက် သော သူ ဖြစ် ပါ သည်။ ဖေဖေတို့ကို ဒုက္ခပေးရုံမက ပြည်သူ့ရဲများကိုပါ အလုပ်တခုပိုအောင် ဒုက္ခပေးသလိုဖြစ်နေပြီဟု ကိုကိုက ပြောသွားပါသည်။ ရဲများနှင့် ဖေဖေတို့ ကျွန်တော့်ကို လိုက်ရှာနေကြမည် ဖြစ်ပါသည်။ မတွေ့လျှင် ဖေဖေတို့ အိမ်ပြန်လာကြမည် မဟုတ်ပါ။ ကိုကိုနှင့် ဖေဖေတို့ တွေ့မှ ဖြစ်ပါမည်။ ဖေဖေတို့ကို သနားလာပါသည်။

ကျွန်တော့်ကြောင့် ဖေဖေတို့ရော ပြည်သူ့ရဲများပါ အလုပ်များနေသည်ကို စိတ်မကောင်းဖြစ်မိပါသည်။ ကိုယ့်ကို ကိုယ်လည်း ခွင့်မလွှတ်နိုင်အောင်ဖြစ်နေပါသည်။

## ဖူးတင့်

**မိုးဦးသစ်လျှင်၊ ဖားအုံအင်၊**
**တွင်းပြင်ခေါင်းမ၊ မိုးကိုတ၊**
**သံစုံကြည်မြ ချီအချ။**

**မိုးဦးသစ်လျှင်၊ မြက်သဘင်၊**
**ဆင်ယင်ကျင်းပ၊ ညီလာခ၊**
**မဆုံးနိုင်စွ၊ မြေအမျှ။**

**မိုးဦးသစ်လျှင်၊ သိုက်မြုံပြင်၊**
**အပင်ညွှတ်မျှ၊ ခိုနားကြ၊**
**ကျေးငှက် ဖို-မ၊ ရွှင်ပြုံးပြ။**

**မိုးဦးသစ်လျှင်၊ လူညိုယဉ်၊**
**ကျောင်းဝင်ခါစ၊ အတန်းရ၊**
**ဖူးငုံဆဲပါ့၊ ပွင့်အလှ။**

ကြည်မွှေ့ (ဟံသာဝတီ)




R. 517

P. 16



# ခါးဝယ်မှိုင်း

ခိုင်ပန်းစုံ





ခါးဝယ်မှိုင်း ပန်းသည် ယခုအခါ အတွေ့ရနည်းသော မြန်မာပန်းတမျိုး ဖြစ်နေပေပြီ။

သစ်ပင် ပန်းပင် ပညာရပ် (ရုက္ခဗေဒ) အမြင်ဖြင့် ခါးဝယ်မှိုင်းအပင်နှင့် အဖူးအပွင့်တို့သည် ထူးခြားချက်များ ရှိသည်ဟု ဆိုသည်။ ခြောက် လ သားအရွယ်အထိ ချုံပင်အဖြစ် ပေါက်လာခဲ့ပြီးမှ အမြစ်အနီးတွင် မြေ လျှောက် ကိုင်း ထွက် လာ သည်။ ယင်း သည် မူလ ပင် စည် ထက် ကြီး ထွားတောင့် တင်း လာ ပြီး လျှင် အသား မာကျောသော နွယ်ကိုင်းကြီး ဖြစ်လာ၍ အနီး အနားအပင်များကို နွယ်တက်သည်။ အရွက်ကြွေများ၏ ငုတ်နေရာများမှဖြစ်လာသော ဆူး များ အား ဖြင့် မြဲမြဲမြံမြံ နွယ်တက်သည်။ ထိုနွယ်ကိုင်းကြီးများမှ အကိုင်း အခက်များ ဆင့်ပွားထွက်ပြန်သည်။

စိမ်းဖန့်ဖန့်ပွင့်ညှာတံများသည်အကိုင်းများအဖျားမှ ထွက်သည်။ ထွက်စက တည့်တည့် မတ်မတ်ဖြစ်သော်လည်း တဖြည်းဖြည်းရှည်လာရာမှ အောက်သို့ ငိုက်လာပြီး အပွင့်များပွင့် အာလာသည်။ ပွင့် ညှာတံများဟု ဆိုသော်လည်း ပွန်ချောင်း သွယ်သွယ်နွဲ့နွဲ့ များနှင့် တူသော ပွင့်ဖတ်အုံ ဖြစ်သည်။ ပွင့်ဖတ်အုံ၏ထိပ်မှ ပွင့်ချပ်ငါးခုတို့သည် ကြယ်ပုံသဏ္ဌာန် ပွင့်ကားထွက်ကြသည်။ ဘဲဥပုံ ပွင့်ချပ်တို့သည် နုစဉ်တွင် အဖြူသို့မဟုတ် ပန်းနုရောင်သန်းရုံမျှဖြစ်သည်။ အပွင့်ရင့်လေ၊ အရောင်ရင့်လာလေ။ ရနံ့ကလည်း စိတ်ကြည်လင်ဖွယ်ကောင်းသည်။ ပွင့်ချိန်သည် မတ်လမှ မေလအထိ။ သို့သော် မိုးကုန်ပြီးနောက်တွင် တဖြည်း ဖြည်းပြန်၍ ပွင့်စပြုလာသည်။

အရွက်များသည် ဘဲဥပုံ ဖြစ်သော်လည်း ထိပ်ချွန်သည်။ ၁-၄ လက်မခန့်ရှိ၍ အကြောများထင်ရှားပြီးလျှင် အမွေးနုများပါသည်။ ထိပ်ချွန်သော အသီးမဲမဲများသည် တလက်မခန့်ရှိ၍ အတောင်ငါးခုပါသည်။ အစေ့နှင့် အရွက်သည် ဆေးဖက်ဝင်ပြီး အရွက်နုများကို သုပ်၍စားကြသည်။

ခါးဝယ်မှိုင်းပင်သည် မြန်မာနိုင်ငံနှင့် မလေးကျွန်းစုတွင် မူလပေါက်ခဲ့၍ နိုင်ငံခြားကမူ ရန်ကုန်နွယ်ပင်ဟုခေါ်သည်။

တင့်တင့်

၂၅ ပြား


ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၁၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၈၈၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

# ရွှေသွေး ဂျာနယ်

## အေးသာ ဓါတ်တတ်ပေလို

ပန်းချီ - ဦးဘကြည်
ဓါတ်လမ်း - မြင့်ညွန့်

၁၃၃၃၊ ခု၊ နယုန်လဆန်း ၅ ရက် (၂၉-၅-၇၁)




ကျောက်ဆည်မြို့ ဘူတာရုံမှ အ-သုံးလုံး လုပ်အားပေးကျောင်းသားများကို ကြိုဆို၍ခေါ်ခဲ့စဉ်-




မှိုဟင်းခါးသည် မအေးသာနှင့် မကြော့တို့သည် ခပ်လှမ်းလှမ်းမှ ကြည့်နေကြ၏။




လူ့အုပ်ကြီး လွန်သွားသော် မအေးသာသည် ငယ်စဉ်ဘဝကို ပြန်လည်အမှတ်ရလာတော့သည်။

စနေနေ့တိုင်းထုတ်ဝေသည်။


ကဲ - သမီး - ဒီ ရွှေလက်ကောက် ဝတ်ကြည့်စမ်း
တနေ့တွင် အေးသာတို့အိမ်သို့ ချစ်တီး ကုလားတဦး ရောက်လာပြီး -
မဖတ်ကြည့်ပါဘူး၊ ကျုပ်က စာမှ မတတ်ဘဲ၊ အရာကြီး ကို ယုံပါတယ်
ဦးထူးက စာချုပ်ပေါ်တွင်လက်မပုံစံ နှိပ်ပေးပြီး၊ လယ်ဂရံကိုပါ ပေးလိုက်သည်။
ဘယ့်နှဲ့လဲ - ဖိုးထူး - အရင်းလဲ - မပေးဘူး - အတိုးလဲ - မပေးဘူး - ငွေတိုး အများကြီး တက်မယ်
လယ်တွေ ပိုးကျလို့ - စပါး အထွက်နဲနေလို့ပါ - အရင်း - အတိုး မှတ်ထားပါ - နဲနဲ ဆိုင်းပါအုံး၊
တနှစ်ခန့်ကြာလျှင်-
xxx ဦးထူး ချေးငွေ - ၅၀၀ိ/- အတိုး ငွေ - ၁၀၀ိ/- ရုံးတွင် လာရောက်ချေ ပမြှင်း မပြုသဖြင့် ချစ်တီး - ရာမ - ကိုအနိုင် ပေးလိုက်ပြီ၊ လယ်နှင့် တကွ စပါး၊ လှည်း၊ နွား၊ ကိုပါ - ရာမ - လက် သို့ အပ်စေ.........
နောက်တနှစ် စပါးနယ်ချိန်သို့ ရောက်သော် ချစ်တီးကုလားရာမသည် ဘီလစ် စာရေးကြီးနှင့် ပုလိပ်အရာရှိများပါ ခေါ်၍လာသည်။
ကျနော် - ၅၀ိ/- ထဲ ချေးတာပါ၊ ရုံး လါဖို့လဲ ဘယ်သူမှ မပြောပါလားခင်ဗျာ၊
လျှာရှည် မနေနဲ့၊ မကျေနပ်ယင် - ဆိုင်ရာက ပြော - အမိန့်က - သိမ်းရမှာဘဲ - - - -
သို့ဖြင့် ပစ္စည်းများအားလုံး သိမ်းသွားလေသဖြင့် ငိုယို၍ ကျန်ခဲ့ကြရလေသည်။


ကိုငွေရေ - ကျမတော့ ဒီညတ စဖြီး - အသုံးလုံး ကျောင်းတက်တော့မယ်...
ဟား - ဟား - အေးသာ
နှင် ဒီနေ့ အဖြစ်လာသလဲ၊ ဒီအရွယ်ရောက်မှ - သူငယ် ပြန်ချင်ပြီထင်တယ်....
အေးပါကွယ် - မင်း သိပ်သင်ချင်ယင်တော့ မင့်သဘောဘဲ
ယင်ယင်ကအဖြစ်အပျက်များ ပြန်တွေးမိပြီး အိမ်ရောက်လေသော်....
က - နဲ့ တွဲယင် ဘယ်လို ဖတ်မလဲ
က - အား ကား
ထိုနေ့ညမှစ၍ မအေးသာ သင်တန်းတက်ရာ
တလလောက်ကြာသော် စာအံတော် ဖတ်နိုင်လာသည်။
မုန့်ဟင်းခါး နှစ်ပန်းကန် ထည့်ပါ
တညနေစောင်းတွင် ရွာထိပ်ရှိ မအေးသာ၏ မုန့်ဟင်းခါးဆိုင်သို့ လူစိမ်းနှစ်ယောက် လာစားလေသည်။
မအေးသာ ဆိုင်သိမ်းသောအခါ၊ စာရွက်ခေါက်တခုကိုတွေ့၏။
ဟောတော့
ဟား ဟား ဟား
အာကိစ္စများ လဲ
မုန့်ဟင်းခါးသယ်
စစ်တပ် အဝင်၌ -


အဲဒီ ကျမရဲ့ မုံ့ဟင်းခါး စါးရင်း ကျန်ခဲ့တာဖြစ်မှာဘဲ...
ဟင်
အင်း — ကျေးဇူး တင်ပါတယ်များ
ဗိုလ်ကြီးနှင့် တွေ့ရသောအခါ မအေးသာက စာခေါက်ကို ထုတ်ပေးလိုက်သည်။
ထိုနေ့ည သန်းကောင်ကျော် တနာရီခန့်တွင် သောင်းကျန်းသူတို့ တိုက်ပွဲဖြစ်ကြလေ၏။
နံနက်လင်းသောအခါ သောင်းကျန်းသူများ အရေးနိမ့်သွားပြီး လက်နက်ချ အဖမ်းခံလိုက်ကြရသည်။
ကျနော့်ကို ကျေးဇူးမတင်ကြပါနဲ့ — မုံ့ဟင်းခါးသည်-ဒေါ်အေးသါကို ကျေးဇူးတင်ကြပါ
ဘယ့်နှယ်-ကိုငွေ - အေးသာ-စါဖတ်တတ်ပေလို့ သာပေါ့...
သိပါပြီဗျာ သိပါပြီ —
မအေးသာ အိမ်ပြန်ရောက်သောအခါ....


ယခင်အပတ်မှအဆက်
မိဖုရား
မေစန္ဒာ
ဇာတ်လမ်း
ဖော်မောင်ဟန်
သရုပ်ဖော်
မောင်သုတဒေဝါနန္ဒာသည် မိထိလာဘုရင်မင်းမြတ်ထံ ဝင်ရောက်ခစားလေသည်၊
မှန်လှပါ၊ မိထိလာ နယ်တတိုက်များအနှံ့ ကျော်ကြားခံတဲ့စောင်း သမားလေးမောင်သုတ ပါဘုရား
မှန်လှပါ၊ ကျွန်တော်မျိုးတတ်ကျွမ်းသောစောင်း ပညာဖြင့်၊ အရှင်မင်းကြီးအား ဖျော်ဖြေခွင့်ပေးတော် မူပါ၊
ဖျော်ဖြေစေဗျား၊
မောင်သုတဒေဝါနန္ဒာသည်၊ ဘုရင်မင်းကြီးအား စောင်းတီး၍ဖျော်ဖြေလေ၏၊ ဘုရင် မင်းကြီးမှာ၊ များစွာနှစ်သက်စောင်း အားရတော်မူလေသည်၊
အင်း-မောင်သုတ မင်းသိတဲ့တော့၊ ကျော်ကြားသလောက် တော်ပါပေတယ်၊ ကျွန်ုပ်ကို ညှို့ဆွဲနေတဲ့စိတ်စိတ္တ ပါလဲ၊ မောင်သုတကိုစောင်းသံကြောင့် ပျော်ရွှင်သွားပြီ မှုတယ်၊ ကိုင်း-မောင်သုတ ဆုကိုကြိုက်သလို တောင်း စမ်း၊
ကျွန်တော်မျိုး အစေ့နဲ့ဆုလာဘ်များလဲ၊ အလိုမရှိပါကြောင်း ပါဘုရား၊ စိတ္တပညာကိုအားပေးပြီး ချီးမြှောက်တဲ့၊ အရှင် မင်းကြီးထံပါးမှာ၊ ထဲဝင်ခစားခွင့် သာ ပေးတော်မူပါဘုရား၊




အလို - သိကြားလာပါလား -
ဟင်း -





ဆက်ရန်

ကျွန်းမောင်မောင်သက်



သစ်တော



ပိုးမွှား

သဘာဝမှရသော ပစ္စည်းအားများမှာ အဓိက အားဖြင့် နေရောင်ခြည်၊ လေ၊ ရေ၊ မြေဆီ၊ တွင်းထွက်ပစ္စည်းများ၊ သစ်တောများနှင့် တောရိုင်း လောကတို့ဖြစ်သည်။




သီးနှံပင်

**နေရောင်ခြည်** သည် အလွန်အရေးပါ၏။ အပင်များနှင့် တိရစ္ဆာန်များ ကြီးထွားရှင်သန်ရန် အနွေးဓာတ်နှင့် အားအဖုံဖုံ ဖြည့်တင်းပေးသည်။


နေရောင်ခြည်မရှိပါက အပင်များ အစာ မချက်နိုင်ပဲ ယင်းတို့ကို စားသုံးသော တိရစ္ဆာန်များလည်း ဗီတာမင်ဓာတ်များ မ ရရှိ နိုင်တော့ပေ။



ငှက်



နေရောင်ခြည် နှင့် လေ




**လေ**သည် အပင်နှင့် တိရစ္ဆာန်လောကအတွက် အောက်ဆီဂျင်ဓာတ်ပေးပြီး၊ သီးနှံပင်တို့အတွက် အရေးပါသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ကိုလည်း ထုတ်လုပ်ပေးသည်။



တိရစ္ဆာန်

**ရေ**သည် အပင်နှင့် တိရစ္ဆာန်များ အတွက် မရှိလျှင်မဖြစ်ပေ။ အစာအဖြစ်ထက် အသုံးချပစ္စည်းအဖြစ် လိုအပ်လေသည်။ မိုးရေသည် လေထုကို သန့်ရှင်းစေပြီး၊ရေစီးအားသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် အသုံးဝင်လှသည်။



မြစ်ချောင်း

# သဘာဝမှရသော ပစ္စည်းအားများ

ရဲမြင့်



မြေဆီ

**မြေဆီ**သည် အပင်များစွာ၏ အိုးအိမ်သဖွယ်ဖြစ်သည်။ ယင်းသည် ကျွန်ုပ်တို့အား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အစားအစာများပေးလေသည်။

**သစ်တော**သည် သစ်သား၊ တာပင်တိုင်ဆီ၊ အစေးနှင့် အခြားပစ္စည်းအမြောက်အမြားကို ထုတ်ပေးနိုင်သည်။ ယင်းကုန်ကြမ်းများဖြင့် ရော်ဘာ၊ အိမ်ထောင်ပရိဘောဂ၊ စက္ကူ စသည့် အသုံးအဆောင်ပစ္စည်းများကို ထုတ်လုပ်ယူနိုင်သည်။



ရေနံ (တွင်းထွက်ပစ္စည်း)

**တွင်းထွက်ပစ္စည်းများ**မှာ သဘာဝမှထွက်သော ရတနာများပင်ဖြစ်သည်။ ရွှေ၊ သံ၊ ကြေး၊ ကျောက်မီးသွေး၊ ရေနံ စသည်တို့ဖြစ်သည်။ ယင်း တွင်းထွက်ပစ္စည်းများဖြင့် လူ့အသုံးအဆောင်အမျိုးမျိုးကို ထုတ်လုပ်ယူနိုင်သည်။

**တောရိုင်းလောက** ဟူသည်မှာ တောတိရစ္ဆာန်ရိုင်းများအား လုံးကို ဆိုလိုသည်။ တိရစ္ဆာန် အမြောက်အမြားကို အစားအစာ အတွက်ဖြစ်စေ၊ သားမွေးအတွက်ဖြစ်စေ အသုံးချနိုင်ပေသည်။



တွင်းထွက် ဓါတ်သတ္တု


ခေတ်သစ်လူသားသည် သဘာဝပစ္စည်းအားများကို တိုးတက်ဖြစ်ထွန်းအောင် ကြိုးဆောင်နိုင်ရုံမက၊ ပစ္စည်းအားသစ်များကိုလည်း ရှာဖွေဖော်ထုတ်နိုင်သည်။ သဘာဝပစ္စည်းများကို အလဟဿ မဖြစ်စေပဲ ကောင်းစွာအသုံးချတတ်ဖို့လိုပေသည်။

အင်းအိုင်



ကျောက်မီးသွေး (တွင်းထွက်ပစ္စည်း)





သရုပ်ဖော်.... ကွန်းသန်း
ဇာတ်လမ်း...သိပ္ပံ·မောင်
တနေ့တွင် မြေခွေးသည် ကြက်ဖတကောင်ကိုတွေ့၍ –
ဒီနေ့ ဟင်းစားရှာရတာ တယ်လွယ်ပါလား...
အလို
ထို့သို့ဖမ်းယူလာစဉ် -
ဟိုက် အရေးထဲ ဆိတ်နှစ်ကောင်နဲ့ လာတိုးနေပြန်ပြီ...
မြေခွေးသည် အထုပ်ကိုပစ်ချကာ ပုန်းလိုက်၏။
အပြင်က..ဘယ်သူတွေလဲ..၊ကျွန်တော့်ကို ကယ်ပါခင်ဗျာ...၊ကျွန်တော် ဖိုးကြက်ပါ...၊
အလို... ကိုဖိုးကြက်...၊ ၊...ဘယ့်နှယ့်ဖြစ်တာလဲ..
ကိုဖိုးကြက်က သူအဖမ်းခံရပုံကိုပြောပြရာ-
အော်...ဒီလိုကိုး...၊ခုအတိုင်းဆို ဒီအိတ်ဟာ. ကိုကြက်ဖရဲ့ အိတ် မဟုတ်ဘူးပေါ့
ဘယ်ကလာ ကျွန်တော့် အိတ်ဟုတ်ရမှာလဲ..၊ကြိုးကိုသာ မြန်မြန်ဖြေပေးကြပါဗျာ၊ဒီမှာအသက်ရှူရတာမွန်းလှပြီ


အိတ်ကိုအရမ်းဖွင့်လို့ဘယ်ဖြစ်မလဲ ...ဒီအိတ်ကို ခင်ဗျားပိုင်လို့လား...
ဟင့်အင်း မပိုင်ပါဘူး
ဒီလိုဆို ပြဿနာက ဘယ်သူ့မှ မပိုင်ရှင်မဲ့အိတ် ဖွင့်ယင် ဥပဒေမဲ့လုပ်ရာကျနေမှာပေါ့
ဦးလိုက်ပြောတာ မှန်ပါတယ်
ခင်ဗျားကို ကျုပ်တို့အများကြီး ကူညီချင်ပါတယ်ဗျာ...၊ စာနာစိတ်နဲ့ သနားလဲ သနားပါတယ်၊ ဒါပေမဲ့...ရှင်းမလိုနဲ့ ရှုပ်နေတယ်ဗျ၊
ဘယ်လိုစွယ်ပိုးမဆိုစဉ်းစဉ်းစားစားဆင်ခြင်ခြင်လုပ်တာကောင်းပါတယ်၊ ..အများအမှန်ကို ရုတ်တရက်မဆုံးဖြတ်သင့်ဘူးလို့ ထင်ပါတယ်...ဒါကြောင့်ပါ
ဒုက္ခပါဘဲ...
ဟုတ်ပါတယ်... ဒီလိုစွယ်ပိုး ဆိုတာ တိုင်ပင်စရာရှိယင်တိုင်ပင်ရမယ်...
ခင်ဗျားတို့ ဒီလောကထောင်ဖြစ်နေလဲ.. ကျွန်တော့်ကို ကိုခွေးကြီးဆီကိုသာ ပို့ပေးကြပါ၊ သူကတော့ နားလည်ပါလိမ့်မယ်
ဘယ်ဖြစ်မလဲဗျာ၊


လမ်းမှာ တယောက်ယောက်နဲ့တွေ့ပြီး ဘယ်က အိတ်ကြီး ချီလာတာလဲမေးယင် မခက်ဘူးလား·
ဟုတ်တာဘဲ··၊ဒါလဲတွေး သင့်တဲ့အချက်တခုဘဲ··
ဒီလိုဆိုယင်လဲ ကျွန်တော် အခုလို ခုဏတွေ့ ခဲ့တာကို ကိုခွေးကြီး ဆီ၊ကျေးဇူးပြုပြီးသွားပြော ပေးပါလား အကိုတို့ရှာ··
ကိုကြွက်ဖသည် ငိုတော့မည့် အသံကလေးနှင့် တောင်းပန်ရှာသည်။
ထိုနောက် မြေခွေးကြီးသည် ပုန်းအောင်းနေရာမှ ထွက်လာပြီး –
ဒါလောက်တော့ ဖြစ်ပါတယ်···၊ဦးပဒေနဲ့ ဖူးစွန်းတဲ့ကံစွမှ မဟုတ်ဘဲဟာ ငွေးစရာမရှိ ပါဘူး၊ ကဲမျှာ··အခုချက်ချင်းဘဲသွားပြောပါ့မယ်
တော်ပါသေးရဲ့ ဟိဟိဟိ
အတန်ကြာသော်-ကိုဆိတ်တို့ပြန်ရောက် လာကြသည်။
အလို··· မရှိတော့ပါလား၊
ကိုကြက်ဖကို တခါတည်း ကယ်လိုက်ယင် ဖြစ်ရက်သားနဲ့ ကိုဆိတ်တို့က အတွေးခေါင်ပြီး၊ဆင်ခြင်ကြလွန်းလို့ ကျုပ်ရဲ့မိတ်ဆွေတယောက်ဆုံးရှုံးရပြီ···

# စမုတ်ဝင်

ကျော်ညွန့်မိုး



စမုတ်ဝင် ကစားနည်းသည် မြန်မာဘုရင်များ လက်ထက်က ရွှေနန်းတော် အကြောင်းများကို သိရှိနားလည်စေပေသည်။

အညာအရပ်၌ "လွန်လျှို" ကစားနည်းဟုလည်းခေါ်၏။

ရွှေနန်းတော်၌ "စမုတ်ဆောင်" ဟူ၍ ရှိသည်။ ရှင်ဘုရင်သည် နန်းတော်မှထွက်၍ မှူး၊ မတ်၊ ဝန်ကြီး တို့ကို ညေ့ခံရာ အဆောင်ဖြစ်သည်။ အရပ်လေးမျက်နှာကိုမူ၍ အရှေ့စမုတ်၊ အနောက်စမုတ်၊ တောင်စမုတ်၊ မြောက်စမုတ်ဟု သတ်မှတ်သည်။ ဆိုင်ရာအမှုထမ်းတို့သည် ဆိုင်ရာ စမုတ်မှသာ ဝင်ရသည်။

ကလေးတို့သည် လက်ချင်းဆက်တွဲလျက်အရှေ့ဖက်သို့မျက်နှာမူကာ တောင်မှ မြောက်အတိုင်း တန်းစီနေကြရသည်။ အလယ်ကျသူနှစ်ယောက်ကို အရှေ့စမုတ်၊ သို့မဟုတ် အနောက်စမုတ်ဟူ၍၎င်း၊ တောင်စွန်ကျသူနှစ်ယောက်ကို တောင်စမုတ်၊ မြောက်စွန်ကျသူနှစ်ယောက်ကို မြောက်စမုတ် သတ်မှတ်သည်။

ထို့နောက် "ဝန်ကြီးတို့လေ– အရှေ့စမုတ်သို့ဝင်ပါလေ" ဟု ဆိုကာ တောင်နှင့် မြောက်အစွန်မှ ကလေးတို့သည် လက်တွဲမပြုတ်စေဘဲ အရှေ့စမုတ်သို့ဝိုက်လာ၍ စမုတ်အနီးသို့ ရောက်လျှင် ဆိုတွေ့ကာ နှစ်ယောက်စီ ယှဉ်လျက် ကုန်းဝင် ကြရသည်။ စမုတ်လုပ်သူတို့က လက်တွဲကို မြှောက်ပေးရသည်။ ဝင်လာသူတို့ကလည်း လက်တွဲလျက် အတိုင်း လျှိုဝင်သွားကြရသည်။ ခါးကုန်းသည့် အနေအထားအတိုင်း မိမိတို့ မူလနေရင်းသို့ အရောက်သွားကြရပေသည်။ လူကုန်လျှင် စမုတ် လုပ်သူတို့က ကိုယ်ကိုလှည့်လိုက်ပြီး "ကတော်မယားတို့လေ၊ အနောက်စမုတ်သို့ ဝင်ပါလေ" ဆိုကြရမည်၊ ထိုအခါ အစွန်နှစ်ဘက်မှ ကလေးတို့သည် ရှေးနည်းတူ နောက်ပြန်ဝိုက်လာ၍ အနောက်စမုတ်တွင်းသို့ ဝင်ကြသည်။ အနောက်စမုတ်မှာ အမျိုးသမီးအတွက်ဖြစ်၍ဝင်သူတို့သည် အမျိုးသမီးဟန်နှင့် လျှောက်ရမည်။

တဖန် "ဝန်ကြီးတို့လေ– တောင်စမုတ်သို့ဝင်ပါလေ" ဆို၍ မြောက်စွန်မှ ကလေးက စတင်ပြီး တောင်စမုတ်သို့ လက်တွဲအတိုင်း ကွေ့ဝိုက်လာရမည်။ စမုတ်အတွင်းသို့ ဝင်မိလျှင် ခြေတပေါင် ကျိုးခုန်ရင်း လက်တွဲလည်း မပြုတ်စေရဘဲ နေရင်းအရောက် ပြန်သွား ရသည်။

နောက်ဆုံး "ဝန်ကြီးတို့လေ၊ မြောက်စမုတ်သို့ ဝင်ပါလေ" ဟု ဆိုပြီးလျှင် တောင်စွန်မှ ကလေးတို့က စတင်ပြီး မြောက်စမုတ်ရှိရာသို့ လက်တွဲအတိုင်း ကွေ့ဝိုက် လာကြရသည်။ စမုတ်အတွင်းသို့ ဝင်မိလျှင် ယခင်အတိုင်း ခြေတပေါင်ကျိုးခုန်ကာ လက်တွဲလည်း မပြုတ်စေရဘဲ နေရင်းအရောက် ပြန်သွားကြရ၏။

ဤသို့ဖြင့် တပွဲပြီးတပွဲ ကစားနိုင်ကြ ပေသတည်း။




# ကျောင်းဖွင့်ချိန်

နွယ်နီ ဖြိုးသ

အတန်းတင် စာမေးပွဲ ဖြေပြီး၍ နွေရာသီ ကျောင်းပိတ်သားပါသည်။ ကျောင်း သားကျောင်းသူများ ပျော်နေချိန်ဖြစ်ပါသည်။ကျွန်တော် မပျော်နိုင်ပါ။လွန်ခဲ့သောနှစ် ကျောင်းဖွင့်ချိန်ကို အမှတ်ရနေပါသည်။

လွန်ခဲ့သောနှစ်ကျောင်းဖွင့်ချိန်က ဖြစ်ပါသည်။

"ဟေ့–ကိုဦး ကျောင်းမှာ စာအုပ်တွေ ရောင်းနေပြီကွ။ မင်း မဝယ်သေးဘူးလား။ ငါတော့ အားလုံးဝယ်လာပြီ"

"လှအေးရာ၊မင်းတို့က ပိုက်ဆံရှိတော့ ဝယ်နိုင်မှာပေါ့။ ငါ့မေမေက ကုန်စိမ်းရောင်းပြီး ကျောင်း ထားရ တာကွ။ အခု မေမေ နေမကောင်းလို့ ဈေးမရောင်းတာ သုံးလေးရက်တောင်ရှိသွားပြီကွ"

လှအေး ပြော သွား သဖြင့် ကျောင်း တွင် စာ အုပ် များ ရောင်းနေကြောင်း သိလိုက်ရပါသည်။ ကျွန်တော် မဝယ်နိုင်သေးပါ။ မေမေ့ကို ပြောပြရန်လည်း ဝန် လေး နေ ပါ သည်။ မေမေအတော်ဖျားနေပါသည်။ ကျွန်တော် ပြောလိုက်ပါကစိတ်မကောင်းဖြစ်၍ ဝမ်းနည်းရုံသာရှိမည်။

ကျွန်တော့်တွင် ဖေဖေမရှိပါ။မေမေက ကုန်စိမ်းရောင်းပြီး ကျွန်တော့်ကို ကျောင်းထားပါသည်။ သို့သော် ကျွန်တော်က ဖဲမလျှော့ပါ။ စာအုပ်မစုံလင်သဖြင့် မဝယ်မဖြစ်သောစာအုပ်ကိုမှ ဖိုးထဲမှ စုဝယ်သည်။ အပေါင်းအသင်းများထံ အသနားခံပြီး စာအုပ်များငှားရမ်း၍ ကြည့်ပါသည်။ သည်လိုနှင့် စတုတ္ထတန်းကို ဖြေဆိုပြီးခဲ့လေပြီ။

သည် နှစ် စ တု တ္ထ တန်း အောင်လျှင် ကျောင်းအသစ်သို့ ပြောင်းရမည်။ လူသစ်များနှင့်လည်း ပေါင်းရမည်။ စာအုပ်ငှား ကြည့် ရန် မှာ လွယ်မည် မဟုတ်ကြောင်း တွေးမိသည်နှင့် ယခု ကျောင်းပိတ်ရက်တွင် မေမေအား ကူညီပြီးကောင်းသော နည်းလမ်းဖြင့် ပိုက်ဆံရှာရန် ကျွန် တော် ဆုံး ဖြတ် လိုက် ပါသည်။

"ကျောင်းပိတ်ရက်မှာ မေမေ့ကို သား ဘာကူညီ ပေးရမလဲ"

"မေမေ ဈေးသွားယင် အဖော်လဲရ၊ သားလဲ ရောက်ဖူးအောင် မေမေနဲ့ လိုက်ခဲ့ပေါ့"

ကျွန်တော်သည် မေမေနှင့် ဈေးကြိုလိုက်ရမည်ဖြစ်၍ ထိုညက အိပ်မပျော်ပဲ မေမေနှင့် အတူတူ စောစော နိုးနေပါသည်။ မကြာမီ ဈေးကြိုကားသံ ကြားရပြီး လူတယောက်က အိမ်ရှေ့မှ လှမ်းနှိုးပါသည်။ မေမေနှင့်ကျွန်တော်သည် အသင့် ပြင်ထားသော ဈေးတောင်းများကို ယူကာ ဈေးကြိုကားဖြင့်ထွက်လာပါသည်။

ဈေးကြိုကားသည် တလမ်းဝင် တလမ်းထွက်ပြီး ဈေးသည်များ စုံသည်နှင့် ကိုလီ ကုန်စိမ်းဒိုင်သို့ ဦးတည် မောင်း လာ ပါ

သည်။ မကြာမီ ကုန်စိမ်းဒိုင်သို့ ရောက်သွားပါသည်။

ကျွန်တော့်အဖို့ ယခုတကြိမ်သာ ရောက်ဖူးခြင်းဖြစ်ပါသည်။ ဈေးရုံတွင်းတွင် မီးရောင်များကြောင့် နေ့ခင်းနှင့် မခြားပါ။ ရောင်းသူနှင့် ဝယ်သူများ၏ အသံများမှာ စီစီညံနေ ပါသည်။ တခါတရံ မြေပဲလှော်သည်နှင့် အကြော်စုံသည် ကလေးများကိုပါ တွေ့ရပါသည်။သူတို့ကိုကြည့်ရသည်မှာ ကျောင်း သား လေးများနှင့် တူပါသည်။ သူတို့ကိုမြင်၍ အားကျမိပါသည်။

မိုး လင်း လုပါပြီ။ ရောင်နီများ သန်းနေပါသည်။ ကျွန်တော်တို့ ဈေးကြိုကားမှာ လူစုံပြီဖြစ်၍ ပြန်ရန် ပြင်နေကြပါသည်။

"မေ မေ သား လဲ ဈေးရောင်း တတ် သား ဘဲ။ မေမေ ဈေးကြိုပြန်တိုင်း ဖရဲသီး ဝယ်လာပေါ့။ သားအိမ်စောင့်ရင်းကား မှတ် တိုင် မှာ ရောင်းချင်တယ်။ သားလဲ ကျောင်းစရိတ်ရမယ်။ ကျောင်း ပြန် ဖွင့် ယင်ကျောင်း စာအုပ်တွေ အချိန်မှီစုံလင်အောင် ဝယ်ရတာပေါ့"

ကျွန်တော့်စကားကို ကြားလိုက်ရသော မေမေမှာ မျက်ရည်များ လည် လာ ပါ သည်။ မေမေက သဘော တူပါသည်။ ဤသို့ဖြင့် ကျွန်တော်သည် ဖရဲသီးစိတ်သည်ဖြစ်လာခဲ့ပါသည်။ မေမေ ဝယ်လာသော ဖရဲသီးများကိုစိတ်၍ အိမ်ရှေ့ကားမှတ်တိုင် အနီးတွင် ထိုင်ရောင်းရပါသည်။

တနေ့ လှအေးနှင့် မြင့်သိန်းတို့ ကားပေါ်မှ ဆင်းလာရာ ကျွန်တော့်ကို တွေ့သွားသဖြင့်–

"ကိုဦး ဒါကဘယ်သူရောင်းတာလဲကွ"

"ငါရောင်းတာပါ လှအေးရာ ကျောင်းပိတ်ရက်မှာ အလကား အချိန်ဖြုန်းနေမဲ့ အစား ကျောင်း စ ရိတ် က လေး များ ရလိုရငြား ပေါ့ကွာ"

"ဒို့ကျောင်းမှာ အောင်စာရင်းသွားကြည့်တာ မင်းအောင်တယ်ဟေ့။ ငါတော့ ကျတယ်ကွာ။ ပိုက်ဆံရှိလို့ စာအုပ်စုံပေမဲ့ မကြိုးစားယင် ကျမှာဘဲဆိုတာ ငါယုံကြည်တယ်။ မင်း အတွက်လဲ ဂုဏ်ယူမိတယ်"

ကျွန် တော့် မှာ စာ မေး ပွဲအောင်သဖြင့် ပျော်နေသကဲ့သို့ မေမေလည်း ဝမ်းသာမဆုံး တပြုံးပြုံး ရှိနေပါသည်။

ကျောင်းပြန်ဖွင့်သော နေ့ဖြစ်ပါသည်။ ကျောင်း အ သစ်သို့ သွားရပါသည်။ ကျောင်းသား ကျောင်းသူတိုင်းမှာ သစ်လွင် တောက်ပ နေကြ ပါသည်။

ကျွန်တော့်တွင်ကျောင်းစာအုပ်များ စုံလင် နေပါသည်။ ကျွန်တော် ကိုယ်တိုင်ဖရဲသီးစိတ်ရောင်းခဲ့ပြီး အမြတ်ရခဲ့သောငွေဖြင့် စာ အုပ် များဝယ် နိုင် ခဲ့ ပါသည်။ ဤအသိကြောင့် ကျွန်တော့် ရင်ထဲတွင်ကြည်နူးနေမိပါသတည်း။

## "ဝမ်းစာ"

ပျံလွှား ငှက်ငယ်၊ လေသူရဲကွဲ၊
မိုးမှာဝဲလို့၊ အစာရှာ။

ကြက်ဖနိုဝါ၊ ဝမ်းစာတွက်ကို၊
မြေမှာယက်လို့၊ သူဖွေကာ။

ငွေမျှင်းမြွမြွ၊ ရေလုပ်သွားက၊
ချောင်းနားရေစပ်၊ငါးဖမ်းလာ။

ကုန်းမှာ လေမှာ၊ ရေမှာရွေးလို့၊
ကြိုက်ရာလုပ်အား၊ပေးနိုင်တာ။

လုပ်အား မှီကာ၊ အစာရတဲ့၊
ပေါစွ မျှားစွ၊ သည်ကမ္ဘာ။
ဝမ်းစာ....ဝမ်းစာ။ ။

မစန္ဒာ



R. 517



# သဘော်ကုက္ကို

သဘော်ကုက္ကိုကို ကုက္ကိုဟုအခေါ်များနေသည်။ ကုက္ကိုအစစ်ကို မြန်မာကုက္ကိုဟု ခေါ်ကြသည်။ နှစ်မျိုးလုံး၏ အသွင်အပြင် အနေအထားမှာ ယေဘုယျအားဖြင့် တူသည်။ ခြားနားချက်မှာ မြန်မာကုက္ကိုပွင့်က အဖြူနှင့်စိမ်းဖန့်ဖန့်အရောင်။ သဘော်ကုက္ကိုက အဖြူနှင့်ပန်းရောင်။ မြန်မာကုက္ကိုရွက်ကသေး၍ ထိပ်စောင်းသည်။ သဘော်ကုက္ကိုရွက်က ခပ်ရှည်ရှည် ဘဲဥပုံ ဖြစ်သည်။

## ခိုင်ပန်းစုံ

သဘော်ကုက္ကိုပင်သည် တပို့တွဲလမှ စ၍ အရွက်ကြွေသည်။ မကြာမီ ရွက်နုရွက်သစ်များဖြင့် ဝေစီလာသည်နှင့်အတူ အဖူးအပွင့်များကိုလည်း စိမ်းစိုသော ရွက်အုပ်များအကြားတွင် တွေ့မြင်ကြရသည်။ ပွင့်ညှာတံတခု၏ ထိပ်မှအပွင့်သည် စင်စစ် တပွင့်တည်းမဟုတ်ချေ။ ကြက်တောင်စည်းနှင့်တူသော အပွင့်ငယ်ကလေးပေါင်း ၂၀ ခန့်အထိ ဝိုင်းပတ် ထွက်နေခြင်း ဖြစ်သည်။ အဖြူတပိုင်း ပန်းရောင်တပိုင်း ဝတ်ဆံရှည်ရှည်များက ပို၍ ပေါ်လွင်ထင်ရှားနေပြီးလျှင် ကြက်သွေးရောင် ပွင့်ချပ်အုံသည် အလွန်သေးငယ်၍ ဝတ်ဆံများကို အရင်းမှ ကတော့ငယ်ဖြင့် စွပ်ထားသည်နှင့် တူသည်။

ကုက္ကိုရွက်သည် ရွက်မွှာ အစုံလိုက် ပါသော ရွက်ပေါင်း ဖြစ်သည်။ အချိန်ကာလကို လိုက်၍ အနေအထား ပြောင်းသည်။ နေပူချိန်တွင် အရွက်အလက်များသည် ဖြန့်ကား၍ နေရောင်ကိုကာကြသည်။ ညအချိန်နှင့် မိုးရွာသည့်အခါ အရွက်များပိတ်နေ၍ အလက်များကလည်း တွဲလောင်းကျနေတတ်သည်။

သဘော်ကုက္ကိုသည် အပင်ကြီးမျိုးဖြစ်သည်။ အမေရိကတိုက် အလယ်ပိုင်းမှ သီဟိုဠ်သို့ မျိုးယူခဲ့ရာမှ မျိုးပြန့်ခဲ့သည်။ အစေ့ကျရာတွင် အပင်ပေါက်လွယ်၍ကြီးထွားမြန်သည်။ အပင်အနေအထား ကြံ့ခိုင်လှပ၍ ရွက်အုပ်ကောင်းသဖြင့် လမ်းဘေးအရိပ်ခိုပင်အဖြစ် စိုက်ပျိုးကြသည်။ အဆစ်ပါသော အသီးတောင့်အမှည့်မည်းမည်းများသည် ချိုသဖြင့်ကျွဲ နွားများ နှစ်သက်သည်။

တင့်တင့်



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၃၊ အမှတ်-၂၃။

# တကယ်ချောက်လည်း မကြောက်ပါ!

ပန်းချီ ဦးစိန်
ဓါတ်သမား ကိုကြီးမြင့်သိန်း

ရွှေသွေး ဂျာနယ်

၁၃၃၃-ခု နယုန်လဆန်း ၁၂ ရက် (၅-၆-၇၀)




စနေနေ့တိုင်း ထုတ်ဝေသည်။


မောင်လူရဲ့ ကကော
မကြောက်ဘူးလား
ဟေ့
ကိုလူကြွားက တယ်လောက်ပင် ကြောက်စရာ
ကောင်းသော သရဲတစ္ဆေ အကြောင်းများကို
ကျုပ်နော် မှမကြောက်တဲ့
ဦးတို့ချောက်လဲ့အပိုတဲ့
ပြောပြပြီး လမ်းတွင် အမျိုးမျိုး ခြောက်လှန့်ကြ
သော်လည်း မောင်လူရဲက မကြောက်။
ကိုယ့်လူချောက်လဲ့အပိုဘဲ
မောင်လူရဲကတော့ကြောက်
မှာမဟုတ်ဘူး
တနေ့သိမှာ
ပေါ့ကွာ
ထို့ကြောင့် ရွာအစွန် က သိမ်ပျက်ကြီးသို့ ည လူခြေ
တိတ်ချိန်၌ မောင်လူရဲအား ထုံးကွင်းရန်လွှတ်၏။
ကဲကွာ့ ထုံးကွင်း
တယ် ဘာဖြစ်
သေးသလဲ
ဒီကောင်လေး သတ္တိသိပ်ကောင်း
တယ် ကျုပ်တို့တောင်မလုပ်ရဲ
ဘူး
မယုံသဖြင့် လူစု၍ သွားကြည့်သောအခါ မောင်
လူရဲ ကွင်းခဲ့သော ပိုင်းစက်သည့် ထုံးကွင်းကြီးကို
တွေ့ကြရလေ၏။


တကယ်အချောက်မခံရသေး
လို့ပါကွာ တကယ်အချောက်ခံ
ရယင် လန့်သေမှာ တောင်
စိုးရသေးတယ်
ထိုအခါ မောင်လူရဲအား ရွာသားများက တအံ့
တဩ ချီးကျူးကြလေသည်။
ကြောက်ပေးတိုင်း ကြွ
မနေနဲ့ မင်းတကယ်
မကြောက်ဘူးလား
ထို့ကြောင့် မောင်လူရဲကို ကိုလူကြွားသည် တနေ့
တခြား အမြင်ကတ်လာလေသည်။
မကြောက်လို့ မ
ကြောက်ဘူး ပြောတာ
ပါဗျာ ကြွားနေတာ
မဟုတ်ပါဘူး
ညအချိန် သင်္ချိုင်းကုန်းကို
သွားပြီး ဂူတခုမှာသံရိုက်
ပြ ဝံ့ပါ့မလား ကဲလေ
စိမ်လိုက် ကျနော် ဒီ
ညသွားမယ် တူနဲ့သံ
ကိုသာပေး ကျနော်
သွားရိုက်ပါတယ်ဗျ
ရော့
ညသန်းခေါင်အချိန်တွင် မောင်လူရဲသည် ရွာစွန်
က သင်္ချိုင်းကုန်းသို့ ထွက်ခဲ့လေ၏။
ဒီဂူမှာဘဲ သံ
ရိုက်ထားလိုက်
မယ်
အုတ်ဂူများ အကြားသို့ဝင်ပြီး ဂူကြီးတခု၌ သံရိုက်
ရန် ချိန်ရွယ်သည်နှင့် တပြိုင်နက်–


ဟီး ဟီး ဟီး
ဟဲ ဟဲ ဟဲ
အုတ်ဂူထိပ်မှ မည်းမည်း သဏ္ဌာန်ကြီးတခု ရုတ်တရက် ဘွားကနဲ ပေါ်လာသဖြင့် –
ဘယ်သူလဲ
တူနဲ့ထုလိုက်မယ်
မောင်လူရဲသည် အုတ်ဂူပေါ်သို့ လျင်မြန်စွာ ခုန်တက်လိုက်ပြီး –
အာမလေး
ဗျ
တုံ
ဟာ… ငါပါကွ
မလုပ်ပါနဲ့ လူကြီး
လေ… ကျွတ်……
ကျွတ်… နာလိုက်
တာ
မင်း မကြောက်တာ ကို
ယုံပါပြီကွာ ယုံပါပြီ
ထိုမည်းမည်း သဏ္ဌာန်ကြီးကား သရဲလည်းမဟုတ် တစ္ဆေလည်း မဟုတ် ကိုလူကြွား ဖြစ်နေသဖြင့်
ဦး ကလဲ ကြံကြံ ဖန်ဖန်မျာ မကြောက်
တဲ့လူကို ကြောက်အောင် သရဲ
ချောက်ပြတယ်လို့ ဟားဟား
ဟား ဟား
ပြီး
မောင်လူရဲသည် ကြောက်လန့်ဖွယ်ဝေးစွ ဟားတိုက်၍ပင် ရယ်လိုက်ရလေသတည်း။








ကာတွန်း
မောင်မောင်သက်



လူအား

စွမ်းအားဆိုသည်မှာ တစုံတရာ သတ်မှတ်ထားသော အချိန်တချိန်အတွင်း ပြီးမြောက်သော အလုပ်ပင် ဖြစ်သည်။ စွမ်းအားနှင့် ဆက်နွယ်လျက်ရှိသော အရာများမှာ အရာဝတ္ထုကို ရွေ့ရှားစေသော အား၊ အရာဝတ္ထုရွေ့ရှားသွားသည့် အကွာအဝေးနှင့် ကုန်လွန်သော အချိန်တို့ပင် ဖြစ်သည်။



မြင်းအား

လူသားသည် ပင်ကိုယ်အားကို အသုံးချခဲ့ရာမှ အခြား အားအမျိုးမျိုးကိုလည်း အသုံးချနိုင်ခဲ့လေသည်။ နွား၊ ကျွဲ၊ မြင်း စသည့် တိရစ္ဆာန်တို့၏ အားကို အသုံးချသည်။ လေအားကိုလည်း အသုံးချသည်။ ချောင်းရေစီးအားကိုလည်း အသုံးချခဲ့သည်။



လေအား


နှစ်ပေါင်းများစွာ လွန်မြောက်သည်နှင့်အမျှ လူသားသည် အခြားစွမ်းအားများကို တိုးတက်ရှာဖွေတွေ့ရှိလာပြန်သည်။ ၁၈ ရာစုတွင် ရေနွေးငွေ့အားကို ရှာဖွေတွေ့ရှိပြီး ရေနွေးငွေ့အားသုံး အင်ဂျင်စက်များဖြင့် စက်ရုံများ၊ ကုန်း-ရေ သယ်ယူပို့ဆောင်ရေး ယာဉ်များ စသည်တို့ကို လည်ပတ်လှုပ်ရှားစေခဲ့သည်။

ရေအားဖြင့်လည်သော စက်ရုံ



# စွမ်းအား အမျိုးမျိုး


ရဲမြင့်




ရေနွေးငွေ့အား

၁၉ ရာစုနှောင်းပိုင်းသို့ ရောက်သောအခါ လျှပ်စစ်ဓာတ်အားကို ရှာဖွေတွေ့ရှိပြန်သည်။ ရေနွေးငွေ့အားနှင့် လျှပ်စစ်ဓာတ်အားတို့သည် ကုန်ထုတ်လုပ်ငန်းများကို အလွန် အထောက်အကူပေးပေသည်။ လျှပ်စစ်ဓာတ်အားကြောင့် စကားပြောကြေးနန်း၊ ကြိုးမဲ့ကြေးနန်း၊ ရေဒီယို၊ ရုပ်မြင်သံကြား စသည်တို့ကို တီထွင်အသုံးပြုနိုင်ခြင်းဖြစ်သည်။

ဓာတ်ဆီမှရသောအား



လျှပ်စစ်ဓာတ်အား



တချိန်တည်းတွင် ဓာတ်ဆီကို လောင်စာအဖြစ် အသုံးပြုသဖြင့် ရရှိလာသောအားကို ရှာဖွေတွေ့ရှိခဲ့သည်။ ဓာတ်ဆီလောင်စာအားဖြင့် မောင်းနှင်သော အင်ဂျင်စက်များကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကျယ်ပြန့်တိုးတက်လာခဲ့သည်။ ယာဉ်အမျိုးမျိုးတွင် ဓာတ်ဆီအားဖြင့် မောင်းသော အင်ဂျင်များ တပ်ဆင် အသုံးပြုခဲ့ကြသည်။


၂၀ ရာစုတွင်ကား အလွန်စွမ်းအားကြီးမားသော အနုမြူစွမ်းအားကို ရှာဖွေတွေ့ရှိလာကြသည်။ ယင်း အနုမြူစွမ်းအားဖြင့် အံ့မခန်းလောက်သော အမှုကိစ္စများကို ဆောင်ရွက်နိုင်သည်။

ယခုအခါ ဒီရေ၏အား၊ နေ၏အပူအားတို့ကို အသုံးချနိုင်ရန် စတင်နေပြီဖြစ်သည်။ ဤသို့ဖြင့် လူသားသည် အခြားစွမ်းအားသစ်များကို ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။

ရဲမြင့်

အနုမြူစွမ်းအား




သူတို့ကြောင့်သာ
ဖိုးရွှေယုန်တို့ ဇနီးမောင်နှံသည် တောထဲ၌ ကိုယ်ပိုင် အိမ်ကလေး တလုံး ဆောက်ပြီးလျှင် လမ်းတလမ်း ဖောက်ပြန်၏။ သို့သော်အိမ်ရှေ့တည့်တည့်လမ်းပေါ်တွင်ရှိသောကျောက်တုံးကြီးတတုံးကို ဖယ်ပစ်ရန် ကျန်နေ၏။
နှစ်ယောက်အတူတွန်းယင် ရပါတယ်ရှင်
အိုနေပါစေ ဘယ်သူလာလာ ကွင်းကျော်သွားယင်ရတာဘဲ
တနေ့တွင် ဖိုးရွှေယုန်သည် အပြင်မှ ခုန်ပေါက်ပြန်လာ၏။ သူသည် ကျောက်တုံးကြီးကို မေ့နေ၏။
ထိုကြောင့် ကျောက်တုံးကြီးကို ဝင်တိုက်မိလေသည်။
အမလေးဗျ
ဟော တော့
ကဲ ဒါကြောင့် ဒီကျောက်တုံးကြီး ကိုရှင်းပစ်ပါမယ် ဆို---
အဲ- နောက် ဆိုယင်သတိ ထားမှာ ပါကွာ--
ရက်အတန်ကြာသော အခါ---
သောက်ရေ
အိမ်ထဲမှ ဖိုးရွှေယုန်က
လာပါကွ မြန်မြန်


မြန်မြန်လာ ပါကွ-ရေ ဆာလှပြီ
လာပါ့-ဖြိုတော်
အော်
အောင် ပေါ်
ဒိုင်
အဲ အဲ လဲ--လဲ
သေပါပြီ တော်---
ဒိုင်း
တဲ့-ဒီကျောက်တုံး ကြီးကိုတော့ မယ် မစ်ကြပါစို့ရှင်
ကိုဒွမရှိ ပါဘူးကွာ အားလုံးမှာ ပျက်စီး ပါသွားဘဲ
နောက် ရက်များမကြာမီ မိတ်ဆွေကြီး ဦးဝက်ဝံကို ညစာစားဖို့ ဖိတ်ကြားလေ၏။
အေး-ဝမ်းမြောက် ဝမ်းသာ လာပါ မယ်...
ဟဲ-သွား မယ်ဗျို့
မင်းတို့အတွက် နွေပျားရည်ချိုချို လက်ဆောင်ယူခဲ့ မယ်ဟေ့
နောက်တနေ့ညနေ
ဟာ-- ဒီပဲကောင်း ပေါ့ဗျာ-- ဟဲ ဟဲ


ဟော လာပြီ--
ရှင်မရေ—
ဟိုဟာ
သတိပေး
အုံး မှ
ဖိုးရွှေယုန်တို့ ဇာနီးမောင်နှံက ထွက်၍ ကြိုဆိုကြလေသည်။
ဟဲ့ ဟဲ့ ဟဲ
ဟဲ ဟဲ ဟဲ
ကျောက်တုံး
ကျောက်တုံး
ကျောက်တုံး
ကျောက်-တိုက်
အဲ့-အဲ့
အား မလေး ဗျ
ဖိုးရွှေယုန်တို့၏ အိမ်ကလေးကို အရှိန်ဖြင့် –
သေ
ပါပြီ
ဝင်တိုက်မိ၍ အိမ်ကလေး
ပြိုသွား တော့၏။ သူတို့ကြောင့်သာ ဤသို့
ဖြစ်ရသည် မဟုတ်လော–

# ဝါကောက် ဆင်လိုက်

ကျော်သွင်နိုး

မြန်မာ နိုင်ငံ အလယ်ပိုင်း မိုးခေါင်ရေရှားဒေသတွင် ဝါပင် စိုက်ပျိုးသည်။ ဝါပင်မှ ထွက်သော ဝါဂွမ်းကို ချည်မျှင်ပြုလုပ်၍ အဝတ်အထည် ရက်လုပ်ကြ၏။ဆင် အစရှိသောတောသတ္တဝါတို့က ဝါခင်းများကိုဝင်ရောက်ဖျက်ဆီး တတ်လေသည်။ ထို့ကြောင့် "ဝါကောက် – ဆင်လိုက်"ကစားနည်းဟူ၍ တီထွင်ကစားကြသည်။

ကစားနည်းမှာ ကလေးနှစ်ဦး (သို့မဟုတ်) ကစားသူများလျှင် သုံးဦးကို ဆင်အဖြစ် အမှတ် ထား၍ သစ်ပင် တပင်အောက်တွင် ပင်စည်ကို ကွယ်ပြီး ပုန်းအောင်း နေကြစေရ၏။ ထိုသစ်ပင်နှင့် မလှမ်းမကမ်းတွင် စည်းဝိုင်း ကျယ်ကျယ် တခုရေးဆွဲထားပြီး ထိုစည်းဝိုင်းအတွင်း၌ ကစားမည့် ကလေးတို့စုဝေး၍ နေကြသည်။



တယောက်။ "ရှင်ငြိမ်းတို့ ဝါပေါက်ကောက် သွားကြမယ် အေ့"

ကျန်ကလေးများ။ "အေး – သွားကြမယ်"


ဤကဲ့သို့ အပြန်အလှန် အသံပေးပြီး စည်းဝိုင်းမှ ထွက်လာကြကာ သစ်ပင်အောက်၌ ထိုင်ကြသည်။ထို့နောက် "ဝါပေါက်တွေ ကောက်ကြပါ"ဟု အသံပြိုင်ဆိုရင်း ဝါကောက်ဟန် ပြုကြရလေသည်။ ထိုအခါသစ်ပင်ကွယ်မှ ဆင်လုပ်သူတို့က

"ဝူး" ဟု အော်လိုက်လျှင် ကျန်လူများက

"ဝါတပေါက်မှ မရပါ၊ ဆင်တွေလာလို့၊ ဝူးဝါး – ဝူးဝါး"

ဆိုညည်း၍ အိမ်စည်း ဆီသို့ ပြန် ပြေး ကြ ရ ၏။ ထိုသို့ ဝါကောက်သူတွေ ပြန်ပြေးသော အခါမှ ဆင်တို့က သစ်ပင်ကွယ်မှထွက်၍ နောက်ကလိုက်ဖမ်းရသည်။ စည်းထဲရောက်သွားလျှင် ထိုသူကို ဖမ်းနိုင်ခွင့်မရှိ။ အဖမ်းခံရသူသည် ဆင်လုပ် ရမည်။ မိအောင် မဖမ်း နိုင်သော ဆင်သည် လုပ်မြဲလုပ်၍ နောက်တပွဲ ဆက်ကစားရလေသည်။

## လူပြက်ရုပ်



# အနိုင်နှင့်အရှုံး

ဖုံးချာ လင်းမေ



မူလတန်း ကျောင်းပေါင်းစုံ အငယ်တန်း ဘောလုံး ပြိုင်ပွဲ၏ နောက်ဆုံး ဗိုလ်လုပွဲနေ့ ဖြစ်ပါသည်။ ဗိုလ်လုရမည့် အသင်းနှစ်သင်းမှာ ကျွန်တော်တို့ အမှတ် (၁) မူလတန်းကျောင်း ဘောလုံးအသင်းနှင့် အမှတ် (၂)မူလတန်းကျောင်း ဘောလုံးအသင်းတို့ ဖြစ်ပါ၏။ အမှတ် (၁)ဘောလုံးအသင်းကို ခေါင်းဆောင်ရသူမှာ ကျွန်တော်ဖြစ်၍ အမှတ် (၂) ကို ခေါင်း ဆောင် ရသူမှာ တင်မောင်မြင့် ဖြစ်ပါသည်။

တင် မောင် မြင့် နှင့် ကျွန်တော် သည် သူငယ် ချင်း များ ဖြစ်ကြပါသည်။ တရပ်ကွက်ထဲသားချင်း ဖြစ်သဖြင့် သိကျွမ်းနေသော်လည်း ကျောင်းနေရာ၌မူ သူက တကျောင်း၊ ကျွန်တော်က တကျောင်း ဖြစ်နေသဖြင့် သိပ်ရင်းနှီးမှု မရှိလှပါ။

တင်မောင်မြင့်သည် တဖက် ဘော လုံး အ သင်း ၏ ခေါင်းဆောင် ဖြစ်သကဲ့သို့ ကစားရာတွင်လည်း အလွန် ထူးချွန်သူ ဖြစ် ပါ သည်။ တင် မောင် မြင့် သည် တ ယောက် ကောင်း က စားတတ်သူ မဟုတ်ပါ။ မိမိ၏ လူများနှင့် အပေးအယူလုပ်ရာတွင်ရင်း၊ တဖက် အသင်း၏ ကစားကွက်ကို ဖြတ်တောက်ရာတွင်ရင်း ပိုင်နိုင်လှပေ၏။

သူ့ကို ကျွန်တော်တို့ အထူးသတိထားရပေမည်။ တဖက်အသင်းတွင် တင်မောင်မြင့် မပါဝင်ပါက ကျွန်တော်တို့က နိုင်ဖို့ သေချာပါသည်။ ယခု သူပါနေသဖြင့် ကျွန် တော် တို့ အတွက် သိပ်မလွယ်လှပါ။

မည်သို့ပင် ဖြစ်စေ အနိုင်ရအောင် ကစားရမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် တင်မောင်မြင့်ကို အထူးသတိထားရန်၊ဖြစ်နိုင်လျှင် တင်မောင်မြင့်ကို လူချကစားရန်၊တင်မောင်မြင့်ထိခိုက်သွားပါက သူ့ကစားကွက်ပျော့သွားပြီး ကျွန်တော်တို့ဖက်က တပန်း သာမည် ဖြစ်ကြောင်း ကျွန်တော့်လူများကိုကျွန်တော်က ကြိုတင် မှာကြား ထားပါသည်။

ကစားမည့်အချိန်ကျရောက်ပြီဖြစ်ရာ အားလုံးအသင့်ဖြစ်နေကြပါတော့သည်။ ဒိုင်လူကြီးကခရာ မှုတ်လိုက် သည်နှင့် တပြိုင်တည်း တင် မောင် မြင့်က ဦးဆောင်၍ အပေး အယူနှင့် ကစားသွားရာ ကျွန်တော်တို့မှာ ကြိုးစား၍ `ကာကွယ် နေရပါသည်။မကြာမီပင် တဖက် ဘောလုံးသမားတယောက် အကွက်ဆင် ပို့လိုက်သော ဘောလုံးကို တင်မောင်မြင့်က လှလှပပ ကန်သွင်းလိုက်ရာ ဂိုးဝင် သွား၏။ ကျွန်တော်တို့မှာ တဂိုး ရှုံးနေပါတော့သည်။

ဤသို့ဆိုပါက ကျွန်တော်တို့ ရှုံး မည် မှာ သေ ချာ နေ ၏။

နောက်ဆုံးဖိုလ်လုပ်ပွဲဖြစ်ရာအနိုင်ရဖို့ အရေးကြီးလှပါသည်။ ကျွန်တော်သည် တစ်စုံတရာ လုပ်ရန် ဆုံးဖြတ်လိုက်ပါပြီ။

တချိန် တွင် ကွင်း လယ် ၌ တင် မောင် မြင့် နှင့် ကျွန်တော် ရင်ဆိုင် တွေ့ကြ၏။ တင်မောင်မြင့်သည် ဘောလုံးကို လှည့်ဆွဲလိုက်ပြီး ကျွန်တော့်ကို လိမ်သွားရာ ကျွန်တော်က ရုတ်တရက်ပင် သူ့ခြေသလုံးကို ဆောင့်ကန်လိုက်သည်။ တင်မောင်မြင့် လဲကျသွား၏။ "မတရား မလုပ်နဲ့၊ ထွက်သွား၊ ထွက်သွား" စသည်ဖြင့် ပရိသတ်များက အော်ကြပါသည်။ ဒိုင်လူကြီးက ကျွန်တော့်ကို သတိပေး လိုက်ပါသည်။ ထို့နောက် ကျွန်တော်တို့ ဖက်သို့ အပြစ်ဒဏ် ဘောတလုံး သွင်းစေပါသည်။ သို့သော် ထိုဘောလုံးမှာ ဂိုးတိုင်ရှိရာသို့ မရောက်ပါ။

တင်မောင်မြင့်သည် လဲနေရာမှ ထကာ ပြန်ကစားနေသော်လည်း သူ့ခြေထောက်မှာ ထော့နဲ့ ထော့နဲ့ဖြစ်နေပါသည်။ ပြေးလည်း မပြေးနိုင်၊ ကောင်းကောင်း လည်း မကစားနိုင်တော့ပါ။ တဖက် အသင်း၏ အားပျော့သွားမှုကို အခွင့်ကောင်းယူပြီး ကျွန်တော်တို့ ကြိုးစားကစားလိုက်ရာ အရှုံးတဂိုးကို ချေနိုင်ရုံမက နောက်ထပ် အနိုင်တဂိုးပင် သွင်းလိုက်နိုင်ပါသည်။

နောက်ဆုံးမှာ ကျွန်တော်တို့အနိုင်ရပြီး ဒိုင်းဆုကို ရလိုက်သော်လည်း "မတရားအနိုင်ယူတဲ့ကောင်တွေအလိုမရှိ။ မတရားသဖြင့် အနိုင်ယူတာ ရှက်စရာ ရှက်စရာ" စသည်ဖြင့် ပရိသတ်က အော်ဟစ် ပြောင်လှောင်ကြပါသည်။ ကျွန်တော်တို့ အားလုံး ခေါင်းမဖော် ရဲတော့ပါ။ ပရိသတ်ဖက်သို့ပင်လှည့်မကြည့်ရဲကြတော့ပါ။ ကောင်းကောင်း အရှက်ရကြပါသည်။

တင်မောင်မြင့်သည် ထော့နဲ့ ထော့နဲ့ လျှောက်ကာ ပြန်သွားရာ ကျွန်တော်က စိတ်ကို ဆုံးဖြတ်လိုက်ပြီး သူ့နောက်သို့ အပြေးလိုက်သွားပါသည်။

"တင်မောင်မြင့်ရာ ငါမှားပါတယ်ကွာ။ ငါ့ကို ခွင့်လွှတ်ပါ။ တကယ်တော့ မင်းတို့သာ အနိုင်ရသင့်တာပါ"

ကျွန်တော်က တောင်းပန်၍ လက်ကမ်း ပေးလိုက်၏။ တင်မောင်မြင့်က ပြန်လည် လက်ကမ်းကာ လက်ဆွဲ နှုတ်ဆက်လိုက်ပါသည်။

မတရားသဖြင့် အနိုင်ရခြင်းထက် တရားသဖြင့် ရှုံးနိမ့်ရခြင်းက မှန်မြတ်ကြောင်းကို ကျွန်တော် နားလည်လိုက်ပါပြီ။

## အရုပ်ကလေးနှစ်ခု

ပစ်တိုင်းထောင်လေး ရဲရဲနီ
သူ့မျက်နှာက ပြုံးပြုံးရီ။

ပုဇွန်ဆီရောင် ဖိုလ်မလေး
မျက်ထား ချိုချိုအေး။

ဖိုလ်မကလေး ရှည်သွယ်သွယ်
နိုင်ငံခြားမှာ လုပ်ပါတယ်။

တို့ပြည်တွင်းဝယ် လုပ်တာတော့
ပစ်တိုင်းထောင်လေးပေါ့။

သိပ်ဆော့တတ်တဲ့ ပစ်တိုင်းထောင်
ပစ်တိုင်း မလဲပေါင်။

လဲစေအောင် ပစ်လိုက်တုံး
သူလေး ခပ်ပြုံးပြုံး။

ယဉ်မဆုံးတဲ့ ဖိုလ်မငယ်
သံပတ်ပေးယင် ချာချာလယ်။

သံပတ်ရယ် ပျက်လေပေါ့
မရွှေဖိုလ်မ အပြုံးလျော့။ ။

မိခင်ငမြ မောင်ပွားညို



R. 517




# ရင်ခတ်ပန်း

ရင်ခတ်ကြီးနှင့် ရင်ခတ်ကလေးဟု နှစ်မျိုးရှိရာ ရင်ခတ်ကြီး၏အပွင့်တို့သည် ရင်ခတ်ကလေးထက် ပို၍ကြီးသည်။ ရင်ခတ်ပန်းတို့သည် ရနံ့သင်းသင်းမွှေးသည်။ ပွင့်စတွင် နို့နှစ်ကဲ့သို့ အဖြူရောင်မှ တဖြည်းဖြည်း အဝါရောင်သန်းလာသည်။ ပွင့်ပြီး တတိယနေ့တွင်မူ ကြက်ဥနှစ်ရောင်သို့ ပြောင်းကာ ကြွေကျလေသည်။ ပွန်ချောင်းနှင့်တူသော လည်တံရှိ၍ ယင်း၏ထိပ်တွင် ပွင့်ချပ်ခုနစ်ခုရှိသည်။ ပွင့်ချပ်များသည် အသားထူ၍ ရင်ခတ်ကြီးအပွင့်သည် ၂-၄ လက်မခန့်ရှိသည်။ ရင်ခတ်ကလေး၏ အပွင့်သည် ၁½ လက်မခန့် ရှိသည်။ အရွက်များကလည်း ခပ်ထူထူဖြစ်၍ ရင်ခတ်ကြီးက ၆-၁၂ လက်မ၊ ရင်ခတ်ကလေးက ၂½-၄ လက်မ ရှည်သည်။ ရင်ခတ်ပန်းတို့သည် တန်ခူးလမှစ၍ မိုးကျသည်အထိ တနှစ်လျှင် နှစ်ကြိမ်သုံးကြိမ်ခန့် ခပ်များများပွင့်သည်။

ရင်ခတ်ကြီးပင်သည် ပေ ၅၀ ကျော်မြင့်၍ ရင်ခတ်ကလေးကမူ ပေ ၃၀-၄၀ ခန့်သာ မြင့်သည်။ သစ်ပင်ပန်းပင်ပညာရှင်တို့အဆိုမှာ ရင်ခတ်မျိုးဝင်အပင်မျိုး ၇၀ ကျော်ရှိ၍ ပေ ၆၀ ကျော် သစ်ပင်ကြီးမျိုးမှ ချုံပင်မျိုးအထိ ပါဝင်သည်။ အာဖရိကတိုက်၊ အိန္ဒိယ၊ မြန်မာ၊ မလေးရှား၊ ဖိလစ်ပိုင် စသော အရှေ့တောင်အာရှ အပူပိုင်းဒေသများ၌ ပေါက်ရောက်သည်။ မြန်မာနိုင်ငံတွင် ရင်ခတ်အမည် မခံသော်လည်း မျိုးတူအပင်များရှိသေးသည်။



ရင်ခတ်သားသည် အညိုနုရောင်ရှိ၍ မာကျောကျစ်လစ်ပြီးလျှင် ချောမွတ်အောင် ပြုရန် လွယ်သည်။ ထို့ကြောင့် ပန်းပုထုရန်နှင့် ပဲခူးတပိုက်တွင် ဘီး၊ ဆေးလိပ်ပြာခံခွက် စသည်တို့ ပြုလုပ်ရန် သုံးကြသည်။

ရင်ခတ်ပွင့်၊ အသီးနှင့် အမြစ်တို့သည် သွေး၊ သလိပ်၊ သည်းခြေရောဂါများအတွက် ဆေးဖက်ဝင်သည်။

တင့်တင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၁၁၂၀၇ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ - ၃။ အမှတ် - ၂၄

# ရွှေသွေး ဂျာနယ်


၁၃၃၃ ခု၊ နယုန်လဆုတ် ၄ ရက် (၁၂-၆-၇၁)

## ပြည့်ရှင်မင်း နှင့် ဆံဖြူ အဖိုးအို


ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - မောင်ပေါ်ထွန်း



တခါသော် သီလဝတီတိုင်းပြည်မှ ဓမ္မရာဇာ ဘုရင်မင်းမြတ်သည် တိုင်းပြည် အခြေအနေကို ပိုင်ပိုင် တိတိကျကျသိလို၍ ရုပ်ဖျက်ကာ ထွက်ခဲ့လေ၏။




ယာခင်းတခုသို့အရောက် မြေဆွနေသော အဖိုးအိုတယောက်ကို တွေ့လျှင် ....




ထူးဆန်းသော အချက်တခုကို သတိပြုမိသဖြင့် စုံစမ်းလိုသောကြောင့် ....

စနေနေ့တိုင်း ထုတ်ဝေသည်။


ဒီသူငယ် - တော်တော် ကြံကြံ ဖန်ဖန်မေးတယ် - သူ့ကို နဲနဲ တော့ ကလိ လိုက်အုံး မှဘဲ
အဖိုးအိုသည် ရုတ်တရက် စဉ်းစားပြီး -
?
အမောင်လုလင်..... အရင်သီးသော သစ်သီးဟာ အရင်မှည့်လေ့ရှိတယ်။ နောက်မှသီးသော သစ်သီးဟာ နောက်မှ မှည့်လိမ့်မယ်........ - ဟဲ....
ဖြတ်ထိုးဉာဏ်ဖြင့် ဖြေလေသည်။
အဖိုး - ကျွန်ုပ် အဓိပ္ပါယ်မပေါ် နိုင်ပါ - ထပ်၍ ရှင်းပါ ဦး...
အဓိပ္ပါယ်က မခက်လှပါဘူး - အမောင်လုလင်ဆံပင် ဟာ - မွေးကထဲက ပါလာလို့ - အသက် ကြီးတယ်ကွဲ......
မုတ်ဆိတ် ကတော့ လူပျိုပေါက် အရွယ် ရောက်မှ ပေါက်လာလို့ အသက် ငယ်တယ် ဟုတ်လား......
ဒါကြောင့် - အသက်ကြီးတဲ့ ဆံပင်က - အရင် ဖြူတာပေါ့ကွဲ
အင်း - သိပ်ကောင်းတဲ့ အဖြေဘဲ..... ဒီမေးခွန်းကို... ........
အဖိုးအို၏အဖြေကို ကြားရလျှင် ကျေနပ်ပြီး တစုံတရာကို စဉ်းစားမိကာ -
ကျုပ်ဟာ တခြား သူ မဟုတ်၊ သီလဝတီ ပြည့်ရှင် ကေရာဇ် ဖြစ်တော့ သည်။
ကောသလ တောင်သား မြည်သူများရဲ့ စားဝတ်နေရေး တွေကိုသိလို ၍××××××
×××
×××


အရှင်မင်းကြီး - ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူပါ။ ရုတ်တရက် စဉ်းစားမိသမျှကိုသာ ဖြေဆိုလိုက်ရ၍ - မှားယွင်းလဲ သည်းခံတော်မူပါ ဘုရား - - - -
အို - အဖိုးအို - တင်နှလုံးချောက်ချားခြင်း မရှိလေနှင့်... အဖိုးအိုရဲ့ အဖြေဟာ - အကျိုးဆက်စပ်နိုင်လုံတာမို့ အလွန်သဘောကျစရာကောင်းပါပေတယ် လတ်တလောဉာဏ် ရွှင်ပါပေတယ်၊
ဒါပေမယ့် ကတိ တခုပြုရ လိမ့်မယ်....
.... ဒီအဖြေကို - ဘယ်သူ့ မေးမေး မပြောရဘူး။ ကြားရဲ့လား အဖိုးအို
အမိန့်တော်မြင့်လှပါတယ် အရှင်မင်းကြီး၊ ဘယ်တော့မှ ပြောခွင့်ရှိတယ်ဆိုတာကို အချိန်ကာလ ကန့်သတ်တော်မူပါမည့် အကြောင်း လျှောက်ထားဝံ့ကြောင်းပါ
ကောင်းပြီ - ဒီလိုဆိုယင် အသင်သည် ကျုပ်ကို အကြိမ် - ၁၀၀ - မြင်အပြီးမှ ကတိတာဝန်မှ လွတ်ကင်းခွင့်ပြုမယ်။ သင်၏ အဖြေကို - နှစ်ခြိုက် လှ၍ - ဒီနှစ် ကစ.ပြီး အခွန်ဘဏ္ဍာတော် လွတ်ငြိမ်းခွင့်ပြုလိုက်တယ် -
ဘုန်းတော်ကြီး လှပါတယ် - အရှင်မင်းကြီး -
ပညာရောင်ရှိန်၊ ထွန်းလင်းထိန်တဲ့ သုခမိန် အမတ်ကြီးများ
ဘုရား ဘုရား
အမေးပုစ္ဆာ တခု ကို အမတ်ကြီးများ ဖြေနိုင်ကြမလား
ဇမ္ဗူ့တခွင်မှာ တူယှဉ်စရာရှားတဲ့ ဓမ္မရာဇါ တရားခင်းဖြတ်ရဲ့ ပညာရှိ အမတ်ကြီးများမို့ ဖြေဆိုနိုင်မည်ထင် ကြောင်းပါ ဘုရား ......
အမေးပုစ္ဆာကိုသာ မိန့်တော်မူပါ ဘုရား
ရွှေနန်းတော်သို့ ပြန်ရောက်သောအခါ ညီလာခံကျင်းပစဉ်....



....သက်ရွယ်အိုမင်း -ဖရာချင်းနေတဲ့ အဖိုးအို တဦး ရှိတယ်ဆိုကြပါစို့
အဲဒီ အဖိုးအိုရဲ့ ဆံပင်တွေဟာ တခေါင်းလုံး ဖြူဖွေးနေတယ်။
မုတ်ဆိတ်ကြွင်ကြွယ်တွေကတော့ မဲနက်
နေတယ်။ ဆံပင်ဖြူပါလျက် ဘာဘယ်ကြောင့်
မုတ်ဆိတ်က မဖြူဘဲ မဲနေရသလဲ...
ခုနစ်ရက်အတွင်း
အဖြေကို လျှောက်ထား
ကြရမယ်၊ ဖြေနိုင်သူကို
ဆုတော် လာဘ်တော်များ
ချီးမြှင့်ပြီး – မဖြေနိုင်သူကို
အမှုတော်ထမ်း ပုရပိုက်မှာ
ကမ္ပည်းထိုးထားမယ်....
အမေးက လွယ်လွယ်နဲ့– အခက်သား ကလား......
ခက်နေလို့ မဖြစ်ဘူး – အမြန်စဉ်းစားမှဖြစ်မယ်-
အချိန်က တိုတိုကလေးရယ်၊ ဒီမဟုတ်ယင်
နာမည်ပျက် ကမ္ပည်းဝင် သွား
လိမ့်မယ်......
ကြံကြပါဦး....
မင်းတို့ရယ်....
ကျုပ်တော့ ဘယ်လိုမှ
စဉ်းစားလို့ မရဘူး
ဒီပုစ္ဆာဟာ ဝိုင်းကြံလို့ မဖြစ်ဘူးဗျ–
ကိုယ့်ဉာဏ်နဲ့ ကိုယ် စဉ်းစားပြီး
ဖြေမှ ဖြစ်မယ်....
ညီလာခံပြီးသော နောက်ပိုင်း၌ မှူးမတ်များမှာ အဖြေကို အမျိုးမျိုး ကြံဆ၍....
ဟာ– ကျုပ်က
ပညာရှိ အမတ်မှ
မဟုတ်ဘဲ –
ဘယ်သိမလဲ
ဒါ– ကျုပ်တို့ အလုပ်
မဟုတ်ဘူး –
တကာကြီး
ပညာရှိ အမတ်
ရာထူးယူထားပြီး
ဒါကလေးများ
မဖြေ
နိုင်ဘူး
လားတော်
....
ဗျာ
မရသောအဆုံး၌ လက်လှမ်းမီရာလူများကိုပင် မေးကြည့်ကြ၏။



ထောင်




နယ်စပ်ကိုရောက်ဖို့အတွက် ခပ်မြန်မြန်ပေးကြမှ
ဖြစ်မယ်။
ဟောဒီ လိုဏ်ဂူထဲမှာ ခဏလောက်
ပုန်းနေကြရင်ကောင်းမယ်။

# လူတို့၏မိတ်ဆွေ

ရေးသူ
မုံရွာဝင်းဖေ




နှစ်ပေါင်း များစွာကပင် လူတို့သည် ခွေးကို အိမ်မွေးတိရစ္ဆာန်အဖြစ်မွေးမြူခဲ့ကြသည်။ ခွေးသည် လူတို့အတွက် အသုံးဝင်သောတိရစ္ဆာန်ဖြစ်၏။

ခွေးသည် ဝံပုလွေနှင့် အမျိုးအနွယ်ချင်း ဆက်စပ်လျက်ရှိပြီး၊ မူလ ပထမက ခွေးနှင့် ဝံပုလွေသည် ပုံသဏ္ဌာန်ချင်း ဆင်တူသည်ဟု အချို့က ဆိုကြ၏။ သို့သော် မျက်မှောက် ကာလတွင်မူ ခွေး၏ ပုံသဏ္ဌာန်သည် ဝံပုလွေနှင့် ခြားနားလျက်ရှိလေပြီ။

ခွေးတို့၏ သွားများမှာ အသားကို ကိုက်ဖြတ် စားသောက်နိုင်ရန် အတွက် ပကတိ ချွန်မြနေလေသည်။ ခွေး၏ ထူးခြားချက်မှာ ရှေ့ခြေ နှစ်ချောင်းတွင် ခြေသည်း ငါးချောင်းစီ ရှိသော်လည်း နောက်ခြေ နှစ်ချောင်းတွင်မူ ခြေသည်း လေးချောင်းစီသာ ရှိခြင်း ဖြစ်လေသည်။










ခွေးသည် သိတတ်သော သတ္တဝါဖြစ်၍ လေ့ကျင့်သင်ပြရာ၌ တတ်ကျွမ်းလွယ်သည်။ လူ့အမူအရာကိုလည်း နားလည်လွယ်သည်။ အရှင်သခင်အပေါ်တွင်လည်း သစ္စာရှိသည်။ လူတို့သည် ခွေးကိုလိုအပ်သလို လေ့ကျင့်ပေးကာ အမျိုးမျိုး အသုံးချကြပေသည်။

ခွေးဘီလူးသည် အိမ်စောင့်ရာတွင် အသုံးဝင်ပြီး၊ အမဲလိုက် ခွေးများသည် အနံ့ခံ အလွန်ကောင်း၍ သားကောင်ကို ရှာဖွေနိုင်စွမ်းရှိပေသည်။ သိုးစောင့်ခွေးများမှာမူကား လူ့ကိုယ်စား သိုးများကို ထိန်းကျောင်းကြ၏။ ရေခဲပြင် ဒေသတွင် အက်စကီးမိုးလူမျိုးတို့၏ ဟပ်စကီ ခေါ် ခွေးများသည် စွတ်ဖားလှည်းဆွဲကြသည်။ ဂရေးဟောင်းခေါ် ပြိုင်ခွေးများသည် အပြေး အလွန်မြန်၏။ လေ့ကျင့်ထားသော ရဲခွေးများကား ရာဇဝတ်ကောင်ကိုပင် ဖမ်းဆီးနိုင်စွမ်းရှိကြသည်။ အဲရဲဒေး ခေါ် ခွေးတမျိုးမှာ မျက်မမြင်များကို ရှေ့ဆောင်လမ်းပြခေါ်နိုင်သည့်အထိပင် လိမ္မာပါးနပ်လှ၏။ စပင်နီယယ် ခေါ် ခွေးတမျိုးကား ''ငှက်လိုက်မုဆိုး'' အဖြစ် ထင်ရှားလေသည်။ အချို့ကမူ လှပသော ခွေးများကိုအိမ်တွင် အလှမွေးမြူထားကြ၏။ ဆပ်ကပ်သမားများသည် ခွေးများကို လေ့ကျင့်သင်ကြားပေးပြီး ဆပ်ကပ်ပွဲတွင် ခွေးလိမ္မာအဖြစ် ပွဲထုတ်လေ့ရှိကြ၏။ ကမ္ဘာ့စစ် အတွင်းကမူ စစ်တပ်များတွင် စစ်ခွေးများကို သတင်းပို့ရာ၌ အသုံးချခဲ့ကြသည်။

ခွေးတို့သည် လူတို့အတွက် အမျိုးမျိုးအသုံးဝင်ပေရာ လူတို့၏ မိတ်ဆွေများဟုပင် ခေါ်ဆိုနိုင်ပေသည်။




တယောက်
တနား
ဝေါး
ဟုတ်ပြီ - စီးပေးမှ -
နင်ပြီးရင် - ငါ့ကိုချည်
ပေး —
သွားစမ်းပါ - ငါ့ဟာငါ
တယောက်ထဲ ကဲ - စီးမယ်
ဟွန့်
ဒီလိုဆိုရင် -
နင်နဲ့ငါ မကစား
တော့ဘူး —
အဲမယ် - မကစား
ချင် - နေပေါ့
နင်မပါရင် - ငါ
တယောက်ထဲ စီးမှ
ကောင်းသေး —
အတော်ကြာသောအခါ —
ကစားလို့ဝပြီ -
မြင်းကြီးကို - အိမ်ထဲပြန်
သွင်းမှ - အင်း
ဟင်း —
မောင်လိုက်တော
ငါတယောက်ထဲ
မနိုင်ဘူး -
ဒီလိုဆိုတော့ —
ခုတော့ - ငါ့ကို
မြှောက်ချော့ရတာ
မဟုတ်လား —
မှားပါတယ် -
နောက်ဆို - ငါ
တကိုယ်ကောင်း
မဆန်တော့ပါ
ဘူးကွာ —


ဖိုးကုလားသည် အလွန် အမြောက် ကြိုက်သည်။
ဓာတ်လိုက် ကွ-
ဖိုးကုလား ကွ-
ဟာတ် ဖြကွ
အမြောက် ကြိုက်သူ
အရှိန်းက တားသော်လည်း
လာမပြောနဲ့ မင်းက မိန်းမရှာ
အီစွတ်တို့ကမူ မြောက်ပေးမြဲ မြောက်ပေး၏။
ဖိုးကုလား ကွ..
ဓာတ် လိုက်ကွ
ဆရာမြင်သော် ဖိုးကုလားတို့အား ကျောင်း ပစ္စည်းမရှိသေမှုနှင့် ခေါ်ရိုက်သည်။
နောက်ရက်များတွင် ဖိုးကုလားသည် လက် ဝါးစောင်း နာနေသောကြောင့် ကျောင်း မတက်နိုင်။
အရှိန်းက သတင်းလာမေးရင်း-
မင်းက အမြောက် ကြိုက် တာကိုး ကွ..
အေးကွာ မြောက်ခိုင်း မြောက်တိုင်း မလုပ်တော့ ပါဘူး..


ဝင်းရွှေ-ဇော်
တယ်တော်တဲ့ဂါ
မိခိုင်ကြည့်စမ်း -ငါအခုဒီ
ပဲလှော်တွေကိုအပေါ်မြှောက်ပြီး
ပါးစပ်နဲ့ဖမ်းပြမယ်
လမ်းသွားရင် ပိုဆော့
ဒီဆော့ မလုပ်ပါနဲ့ဟယ်
ဒါဆော့တာမဟုတ်ဘူး
ပညာတခုဘဲ ဟဲ့.
ဒါမျိုးဟာလူတိုင်း
မလုပ်တတ်ဘူး
ငါမို့သာရတာ..
ဒီမှာကြည့် ..
ယောဒီလိုမြှောက်ပြီး..
ဟဲ့-ကိုဇော်..
ပါးစပ်ထဲ
ကျက်ဝအောင်
ဖမ်း....
ဟေ့
ဟေ့
ဟယ် ..
ဟယ်..
ဘုံး
ဘုန်း..
နင်မို့လို့ဒီလောက်ဘဲ
နာတာနော်...
ပြီး

# ဘယ်သော် ညာသော်

ကျော်ညွန့်မိုး

"ဘယ်သော် ညာသော်" ဆိုသည်မှာ ဘယ်ဖက်ကိုသော်၎င်း၊ညာဖက်ကိုသော်၎င်း လှည့်ပတ်ကစားခြင်းပင် ဖြစ်သည်။

ကစားလိုသူတို့သည် လက်ချင်းတွဲလျက် ဝိုင်းဖွဲ့၍ မတ်တတ်ရပ် နေ ကြ စေ။ ထို့ နောက် တ ယောက် ခြား စီ ထိုင် ကြ လေ။ ထိုင်သူတို့သည် ဝိုင်းအလယ်ဗဟို၌ ခြေ ချင်း ဆုံ မိ အောင် ခြေဆင်း၍ ခြေကို တောင့်တောင့်ထားရမည်။ ထို့နောက် –

"ဘယ်ဖက်ကိုသော်၊ လှည့်ပါနော်"

ဟု ဆို ကြ သော အခါ မတ်တတ်ရပ်နေသူတို့က ထိုင်နေသူတို့ကို လက်ဆွဲမှ ကာ လက်ဝဲရစ် တပတ် လှည့်ဝိုင်း ပေးကြရလေသည်။ တဖန် ထိုင်နေသူတို့က –



"ညာဖက်ကိုသော်၊ လှည့်ပါနော်"

ဟုဆိုကြလျှင် အထက်နည်းတူ လက်ျာရစ် တပတ်လှည့်ဝိုင်း ပေးကြရသည်။

ထိုသို့ ဘယ်ညာ တကျော့စီ လှည့်ပြီးလျှင် ထိုင်သူထ၍ ထသူ ထိုင်ပြီး ခြေဆင်း ထားကြကာ အ ထက် ပါ အ တိုင်း သီဆို၍ လှည့်ဝိုင်းကစားကြရမည်။ ထိုင်သူနှင့် ထသူတို့ တလှည့်စီ အနေအထားပြောင်း၍ ပွဲဆက်မပြတ် ကစားနိုင်ကြလေသည်။

ခြေလက်လှုပ်ရှား အားစိုက်မှုကြောင့် ကိုယ်ခန္ဓာ အကြောအခြင်များလျော့ပါး၍ ကလေးတို့အား အညောင်းအညာ ပြေစေသော ပျော်ရွှင်ဖွယ် ကစားနည်းတရပ် ဖြစ်သည်။

အဆို ပါသဖြင့် ပို၍ စိတ်ဝင်စားဖွယ်ကောင်း၏။

# စက္ကူပုတီး လုပ်ရအောင်




ကလေးတို့ရေ
မြဲကွဲဒိန်အဟောင်း
မျက်နှာဖုံးကို ပုံ (၁) အတိုင်း
ညှပ်ပါ။ ပုံ (၂) ကဲ့သို့ အချွန်
ဖက်တွင် ကော်သုတ်ပြီး တုတ်တချောင်း ကည့်
လိပ်ပါ။ နောက် အပ်ချည်ကြိုးနှင့်သီပြီး စက္ကူ
ပုတီးလေးလုပ်ပါကွယ်။



# သူဖေတနွာ

စန္ဒာမြင့်



"ဟော့-အောင်စန်း ဒီအလုပ် လုပ်ကြမလား။ ငါ အလုပ်တခု တွေ့ထားတယ်" ဟု မြင့်သန်းက ပြောပါသည်။ ကျွန်တော်လည်း ငွေရအောင် အလုပ်တခုခု လုပ်ချင်ပါသည်။ ကျွန်တော့် မိဘများမှာ အလွန်ဆင်းရဲပါသည်။ ဆိုက်ကားနင်း၍ရသော အဖေ့ လုပ်စာကလေးနှင့်ကျွန်တော်တို့ မိသားစု စားသောက် နေရပါသည်။ အဖေသည် သူ၏ မလောက်မင ဝင်ငွေကလေးနှင့် ကျွန်တော့်ကို ကျောင်းထားဖြစ်အောင် ထားသေးသည်။

"မင်းတွေ့တဲ့အလုပ်က ဘာအလုပ်လဲကွ။ ငါတို့အရွယ်ငါတို့ အတန်းနဲ့ ရပါ့မလား"

ကျွန်တော်က မြင့်သန်းကို မေးလိုက်ပါသည်။

"ဟာ– ဖြစ်ပါတယ်ကွ။ ဒီ ကျောင်းတက်လဲမပျက်ဘဲ လုပ်ရတဲ့ အလုပ်ပါ။ မနက်ခင်း ကျောင်းမတက်ခင်နဲ့ ညနေဖက် ရုံးဆင်းတော့ လူ စည်ကားတဲ့ အချိန်မှာ လုပ် နိုင် တာ ဘဲ။ အလုပ်က မနက်ဖက်သတင်းစာ ပို့ဘို့နဲ့ ရွှေသွေးတို့ တေဇ တို့လို စာစောင်တွေ ထွက်တဲ့အခါ လူစည်ကားတဲ့ နေရာတွေ ကားဂိတ်တွေမှာ လိုက်ရောင်းရမှာ"

မြင့်သန်း မိဘများမှာလည်း ကျွန်တော်တို့လိုပင် ပင်ပန်းဆင်းရဲသဖြင့် သူလည်း လုပ်မည်ဟု ပြောပါသည်။ ဤအလုပ်ကို သူ့ဦးလေး ဆိုက်ကားဆရာ တယောက်က တွေ့ခဲ့ကြောင်းနှင့် ကျွန်တော်တို့ လုပ်ချင်လျှင် မြို့ထဲမှ စာနယ်ဇင်းကိုယ်စားလှယ်နှင့် အတိအကျ သွားတွေ့ရမည်ဟု ဆိုပါသည်။ ထို့ကြောင့် ကျွန်တော်တို့ နှစ်ယောက် ဤအလုပ်ကို လုပ်ရန်သဘောတူ ဆုံးဖြတ်ပြီးနောက် ယနေ့ မြို့ထဲသို့ လာခဲ့ကြပါသည်။

ကျွန်တော်တို့ စီးလာသော ကားမှာ ခရီးသည်တွေနှင့် ပြည့်ကျပ်နေပါသည်။ ကျွန်တော်တို့ဘေးတွင် ခပ်ဝဝ အဖိုးကြီး တယောက်မှာ ပစ္စည်းတွေ ပြည့်သိပ်နေသော လွယ်အိတ်ကြီးတလုံးနှင့်ရပ်နေပါသည်။ ခရီးသည်များ မှတ်တိုင်တွင် တက်လိုက်ဆင်းလိုက်တိုင်း ဝဝအဖိုးကြီးမှာ ဟိုရှောင်သည်တိမ်းနှင့်ချာလည်လည်နေပါသည်။ တခါတရံ သူ့လွယ် အိတ် ကြီး မှာ ခရီးသည်များနှင့်ညှပ်ပါသွားသေးသည်။

"လာ- ဘကြီး ဒီမှာထိုင်။ ဘကြီးကိုယ်နဲ့ ပစ္စည်း တွေနဲ့ မဖြစ်ဖူး၊ ဒီမှာထိုင်ပါ"

မြင့်သန်းက ထ၍ အဖိုးကြီးကို နေရာ ပေးလိုက် ပါသည်။ အဖိုးကြီးက မြင့်သန်းကို ပြုံးပြရင်း နေရာတွင်ဝင်ထိုင်ပါသည်။ နှစ်ယောက်ထိုင်ခုံတွင် အဖိုးကြီး၏ ကိုယ်ခန္ဓာ ဝဝကြီး ဝင်ထိုင်လိုက်သောအခါ ကျွန်တော့်နေရာမှာ ကျပ်တည်း သွားသဖြင့် မြင့်သန်းကိုပင် ကျွန်တော် ဒေါသ ထွက်လိုက်မိပါသည်။

သို့နှင့် မြို့ထဲ ရောက်သော အခါ ကျွန်တော်တို့ မှတ်တိုင်တွင် ဆင်းလိုက်ပါသည်။

"ဟော– သူငယ်တို့ ဆင်း တော့မလို့လား"

ကျွန်တော်တို့ ကားပေါ်မှ အဆင်းတွင် အဖိုးကြီးက မြင့်သန်းကို နှုတ်ဆက်သလို လှမ်းပြောလိုက်ပါသည်။

စာနယ်ဇင်း ကိုယ်စားလှယ် နေရာကိုရှာတွေ့သော်လည်းကိစ္စတခုနှင့် အပြင်သွားသည် ဆိုသဖြင့် ကျွန်တော်တို့ ပြန်လာခဲ့ရပါသည်။ ထို့ကြောင့် နောက်တနေ့တွင် ကျွန်တော်တို့ ထပ်သွားရလေသည်။

"ဟေး – သူငယ် ဘာကိစ္စလဲကွ"

ကျွန်တော်တို့ အံ့သြသွားရတော့သည်။ ကျွန်တော်တို့ တွေ့လိုသည့် စာနယ်ဇင်း ကိုယ်စားလှယ်မှာ မနေ့က ကားပေါ်တွင် တွေ့ခဲ့ရသော ဝဝအဖိုးကြီး ဖြစ်နေပါသည်။ အဖိုးကြီးမှာ မြင့်သန်းကို ကောင်း ကောင်း မှတ်မိ နေပုံ ရပါသည်။

မြင့်သန်းက ကျွန်တော်တို့ လာရင်းကိစ္စကိုရှင်းပြလေသည်၊ အဖိုးကြီးမှာ မြင့်သန်း ပြောသမျှကို ဂရုတစိုက်နားထောင်ရင်း တစုံတခုကိုတွေးနေပုံရပါသည်။

"အေး–ဟုတ်တယ်ကွဲ့။ ဟိုတုန်းကတော့ လူလိုတာ မှန်ပါတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့နှစ်ရက်လောက်က လက်ပွေ့ ရောင်းဖို့ သူငယ်လေး နှစ်ယောက်ကို ရလိုက်လို့ အခု လောလောဆယ် တော့ မလိုတော့ဘူးပေါ့"

အဖိုးကြီးက စိတ်မကောင်းသလို ပြန်ပြောရင်း မြင့်သန်းကို ကရုဏာသက်စွာ ကြည့်နေပါသည်။

"အေးလေ–ဒါပေမဲ့ ဘာဘဲဖြစ်ဖြစ်ပေါ့။ ဦးမှာ လူမလိုပေမဲ့ တနေ့က ကားပေါ်မှာ မင်းစိတ်ထားကို ဦးသိခဲ့ရလို့ မင်း တယောက် အတွက်တော့ မဖြစ်ဖြစ်သလိုနေရာရှာပေးရမှာပေါ့။ နက်ဖန်က စပြီး လာခဲ့ ကြားလား"

အဖိုးကြီး စကား ကြောင့် မြင့်သန်း အတွက် ကျွန်တော် ဝမ်းသာမိ ပါသည်။ သို့သော် ကျွန် တော့် ကိုယ် ကျွန်တော် ကား ဝမ်းနည်း မိသလို ရှက်လည်း ရှက်မိ ပါသည်။ ကျွန်တော် ဝမ်းနည်းမိသည်မှာ ကျွန်တော် မြှော် လင့် ထား သော အလုပ်တခု မရ၍ ဖြစ်ပါသည်။ ရှက်မိသည်မှာ ကူညီယိုင်းပင်းမှု မရှိသော ကျွန်တော်၏ စိတ်ဓာတ်၊ သက်ကြီးရွယ်အိုကို နေရာ မပေးတတ်သော စိတ်ညံ့၊ အလေးအပင်နှင့် သူကို ဦးစားမပေးတတ်သော အ ကျင့် တို့ ကြောင့် ဖြစ်ပါသည်။

မြင့်သန်းမှာ သူ့စေတနာက သူ့ကို အကျိုးပြုသွားခြင်း ဖြစ်ပါသည်။

အပြန်ခရီးတွင် မြင့်သန်းမှာ အားတက် ဝမ်းသာ နေရှာ သလောက် ကျွန်တော့်မှာ စိတ်ပျက်ညှိုးငယ်နေမိပါသည်။

# ဒို့ပန်းတိုင်

"ကျန်စစ်သား" ရွှေဝါရောင်၊
အသင်းဖွဲ့လို့ ဒို့ခေါင်းဆောင်။

"ဘုရင့်နောင်" မြန်နှယ်စိမ်း၊
ယဉ်ကျေးမှုကို ဒို့ထိန်းသိမ်း။

မယိုင်ယိမ်းတဲ့ စိတ်ထားညီ၊
"အလောင်းဘုရား" ဟော့ ရဲရဲနီ။

သစ္စာတည် "ဗန္ဓုလ"၊
အပြာရောင်ကို တာဝန်ကျ။

မျှမျှတတ လေးသင်းပြိုင်၊
ကျောင်းတော်ကြီးရဲ့ အားမဏ္ဍိုင်။

ဒို့ပန်းတိုင် တယ်မဝေး၊
မှန်မှန်ချီတက် ရောက်မယ် လေး။ ။

ယုဝတီ ခင်လင်း



R. 517

# ခရေပန်း



## နိုင်ပန်းစုံ

ခရေပန်း၏ နှစ်သက်စရာအချက်မှာ နွမ်း၍ ခြောက်သွားသည့်တိုင်အောင် တသင်းသင်းမွှေးနေခြင်း ဖြစ်သည်။ ရနံ့ကလည်း ရင်အေးဖွယ် ကောင်းသည်။ အရောင်အဆင်းအားဖြင့် ခရေပန်းသည် လှပသည်ဟူ၍ မဆိုနိုင်။ အပွင့်ကလေးများသည် တောင့်ချွန် များစွာပါရှိသော ကြယ်ပုံသဏ္ဍာန်နှင့် တူသည်။ အချယ်မှာ လက်မဝက်ခန့် ရှိသည်။ ခရေပင်နှစ်မျိုးရှိရာ အချို့က အဖိုပင်နှင့် အမပင်ဟု ဆိုသည်။ အဖိုပွင့်က အမပွင့်ထက် အနည်းငယ် ပိုကြီးသည်။ ဝါကြင့်ကြင့် နီကြန်ကြန်ရှိသော အမပွင့်ထက် အဖိုပွင့်က ပို၍ အရောင်ဖြူသည်။

နွေဦးပေါက်မှ မိုးကျသည်အထိ ခရေပန်းများ ဖူးပွင့်သည်။ ထင်ထင်ရှားရှား ပေါပေါ လွှင်လွှင် ဖူးပွင့်ခြင်းမဟုတ်သဖြင့် သတိထားကြည့်မှသာ ထူထပ်သော အရွက်အလက်များ အကြားမှ သေးငယ်သော ပန်းခိုင်ကလေးများကို တွေ့ကြရသည်။ ခရေပန်းများကို ကြွေကျမှသာ သီကုံး၍ ဘုရားတင်ခြင်း၊ ပန်ဆင်ခြင်း ပြုကြရသည်။ နံနက်စောစော အပင်အောက်၌ ခရေပန်းကောက်ရသည်မှာ ကလေးသူငယ်များအဖို့ ပျော်စရာတခုပင် ဖြစ်သည်။



ချရားဟုလည်း ခေါ်သော ခရေပင်သည် အပင်အလတ်စားမျိုး ဖြစ်သည်။ အရွက်များသည် အဖျားချွန်၍ ၃-၄ လက်မခန့်ရှိပြီးလျှင် ပြောင်ချောနေသည်။ အမြဲစိမ်းလန်း၍ အရိပ်ကောင်းသဖြင့် လမ်းဘေးနှင့် ခြံဝင်းများထဲတွင် စိုက်ပျိုးထားကြသည်။ အစေ့ပျိုး၍ စိုက်ရသည်။ ခရေသီးသည် တလက်မခန့်ရှိ၍ ထိပ်ချွန်သည်။ ထို့ကြောင့် စေတီပုထိုးများ၏ ခေါင်းလောင်းပုံအထက် ငှက်ပျောဖူးဟုလည်း ခေါ်သော အစိတ်အပိုင်းကို ချရားသီးဟုလည်း ခေါ်သည်။

ခရေပွင့်၊ အသီး၊ အစေ့၊ အခေါက်တို့သည် ဆေးဖက်ဝင်သည်။ ခရေသားသည် မာကျစ်၍ ခိုင်ခံသည်။ အရောင်ထင်၍လည်း ကောင်းသော သစ်မာမျိုးဖြစ်၍ ဘီရို၊ လှေ၊ လှည်း ပြုလုပ်ရန် အသုံးပြုကြ လေသည်။

တပို့တင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၁၁၂၁၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၁၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ - ၃။ အမှတ် - ၂၅။

# ရွှေသွေး ဂျာနယ်

## ပြည့်ရှင်ဖခင်း နှင့် ဆံဖြူအာဖိုးဘိုး (၂)

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - မောင်ပေါ်ထွန်း


၁၃၃၃ ခု၊ နယုန်လဆုတ် ၁၁ ရက် (၁၉–၆–၇၁)




စနေနေ့တိုင်း ထုတ်ဝေသည်။




ထိုအခါ ဗိုလ်မှူးကလေးမှာ ရူပသုဇာကို ချစ်စိတ်မွှန်ခါ ဘုရင့်သစ္စာကို မစောင့်ထော့ဘဲ ပြောပြလေတော့သည်။



အဖိုးကြီး - ခင်ဗျားဆံပင်ကဖြူပြီး - မုတ်ဆိတ်က ဘာကြောင့် မဲနေရတာလဲဗျ
ဘာကြောင့်လဲ
မဖြေဝံ့ပါ ဝန်မင်း
ဘယ်သူ့ကိုမှ မပြောဘို့ လူတဦးအားကတိ ပြုထားပါတယ်
မကြာမီ အမတ်ကြီးသည် ဘုရင့်ခရီးလမ်းအတိုင်းလိုက်ရာ အဆိုပါ အဖိုးအိုကို တွေ့သဖြင့်
ဪ... ဟုတ်ပြီ၊ လက်စသတ်တော့ ဘုရင့် ပုစ္ဆာ ရှင်အစစ်ဟာ သူဘဲ။ အဖြေရအောင် ညှစ်ထုတ်ရမှာဘဲ
သူမသိနိုင်ပါဘူးဗျာ - ပြောသာပြောပါ - ရော့ - ဟောဒီဝတ်လဲ အသစ်တစုံ ပေးမယ်လေ
မင်းမှာသခင် - ကျွန်ုပ်မှာကတိလို့ ဆိုရိုးရှိပါတယ်၊ ကတိဆိုတာ အဝတ်သစ်ထက် အဖိုးထိုက်လှပါတယ်----
ဟဲ-ဟဲ - ဒီလိုဆိုယင် ဟောဒီ အသပြာ တရာကို ပေးမယ် - ပြောသာပြောပါ၊ ရှုတ်လုံ့ပါတယ်။
သင့် အသပြာဟာ ငွေသားစစ်ရဲ့လား - ကျုပ်ခေတ္တကြည့်ပါရစေ
ကြည့်ပါ ကြည့်ပါ
အဖိုးအိုသည် ငွေထုပ်ကို ဖြေ၍ စစ်ဆေးနေရင်း အကြံတခုပေါ်လာကာ-
ဒီငွေထုပ် - ကျုပ်ကိုတကယ်ပေးယင် အဖြေကို ပြောပြမယ်
ရော့ - ယူပါဗျာ
ဪ - အင်း
သက်တော်ရှည်ပညာရှိသူခမိန်များ
ဘုရား
ကတိဖျက်တဲ့ အဖိုးအို ရောက်ပြီလား
ခစားလျက် ရှိကြောင်းပါ ဘုရား
ရှစ်ရက်မြောက်သောနေ့တွင် ညီလာခံ၌..../


မင်းအားမင်းဒဏ်ကို မကြောက်ဘဲ အဖိုးအို အဘယ်ကြောင့် သင်ကတိဖျက်ရသလဲ၊ မှန်ရာကို သံတော်ဦး တင်စေ....
ဘုန်းတော်ကြောင့် - ကြောက်လှပါတယ် ဘုရား၊ သို့ပါသော်လဲ - အရှင်မင်းကြီးကို အကြိမ်တရာမြင်ဘူးမှ ပြောပါလို့ မိန့်တော်မူ........
ဒီတော့ . သင် . ကျုပ်ကို အကြိမ် တရာမြင်ဘူးပြီလား
မှန်ပါဘုရား
အဘယ်နှာမြင်ဘူးသလဲ အဘယ်တုန်းက လဲ အမြန် လျှောက်တင်စမ်း —
ဟာ
မှန်လှပါ - ဟောဒီ ဝန်ကြီးက - အသပြာ တရာ ပေး၍ အသပြာ ပေါ်မှာ အရှင်မင်းကြီးရဲ့ ပုံတူများ ကို မြင်ရကြောင်းပါ ဘုရား .....
ကောင်းလိုက်တဲ့အဖြေ
ဟေ
သိပ်တော်တာဘဲ
ဒါ - မှတ်ထိုး ဉာဏ်ပေါ့
အင်း — အဖိုးအို . တော်ပါပေတယ်... ရုတ်တရက် ဉာဏ်စွမ်းထက်မြက်ပါပေတယ်။ အဖိုးအိုအား အသပြာ တထောင် ထပ်မံ ချီးမြှင့်ပြီး - ရွှေနန်းတော်တွင် အရံ အမတ်ကြီး အဖြစ် ခန့်ထားစေများ....
သင့်မြတ်တော်မူလှ ပါတယ်ဘုရား
သို့ဖြင့်


ပဉ္စမအပတ်မှအဆက်
ဇာတ်လမ်း
သရုပ်ဖော်
ပုန်သူစစ်သားတွေတော့ပြန်လှည့်သွားပြီ အချိန်ရှိတုန်း၊ နယ်စပ်ကို ကျော်အောင် မြန်မြန်သွားမှ ဖြစ်မယ်၊
နေစမ်းပါအုံး၊ ကျုပ်ရဲ့ အသက်ကို ကယ်ခဲ့တဲ့ ကျေးဇူးရှင်ရဲ့ နာမယ်ကို မသိရသေးလား၊
အို - အရေးထဲမှာ၊ နာမယ်ကို မေးမနေစမ်းပါနဲ့၊ ပုန်သူ့လက်က၊ လွတ်အောင်ပြေးဖို့ အရေးကြီးတယ်၊
မောင်သူတနှင့် အကျဉ်းသား ဘုရင်သီဟ တို့သည် ပုန်သူ့လက်မှ၊ လက်မတင်လေး လွတ်လာပြီးနောက်၊ တောအထပ်ထပ် တောင်အထပ်ထပ်ကို ကျော်ဖြတ်ပြီ၊
ပုန်သူများကို ရှောင်ရှားရင်း၊ နေ့ရောညပါ ခရီးပြင်းနှင်ခဲ့ကြရာ၊
ဟိုရှေ့မှာ - ပုန်သူ့တပ်သား တွေရှိတယ်၊ ဒီဘက်က၊ လှည့်သွားမှ ဖြစ်မယ်၊


ဆယ်ကျော်ခန့်ကြာ ပြီးနောက်၊ နယ်စပ်သို့ ရောက်ရှိကြသည်၊
ကဲ၊ နယ်စပ်ကိုတော့ရောက်လာပြီ၊ ဒီနေရာကကဲလမ်းခွဲကြပါစို့
ခုအချိန်အထိ ကျွန်ုပ်ရဲ့အသက်ကို ကယ်ဆယ်လာတဲ့၊ ကျေးဇူးရှင်ဟာ၊ ဘယ်သူမှန်းမသိရတာ အတော်ဝမ်းနည်းမိပါတယ် အဆွေတော်၊
အို - တစ်နေ့တော့ ဆုံတွေ့ကောင်းဆုံတွေ့ပါလိမ့်မယ် ဆုံတွေ့တဲ့အခါသာ၊ ကျွန်တော့်ကို၊ အသိအမှတ်ပြုပါ၊
အို - ဘယ်သို့ပြောလိုက်တာနည်း၊ ကျွန်ုပ်ဆီသာ လာခဲ့ပါ၊ သင့်ကို၊ တတ်အားသရွေ့ ကျေးဇူးဆပ်ပါ့မယ်၊ ရော့ - ဒါ ဒီလည်ဆွဲကို၊ အသိအမှတ်အနေနဲ့ ယူထားလိုက်ပါ၊
ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကို ခွင့်ပြုပါအုံး -
မောင်သူတအာမည်ခံ စောနန္ဒာသည်၊ ဘုရင်သီဟဂုဏ်ထက်၊ နန်းတော်သို့ အလျင်စွာကျော်အောင်၊ ခရီးပြင်းနှင်ခဲ့ပြီးနောက် -







# သံနှင့် သံမဏိ

ရေးသူ - ရဲမြင့်

ရှေးဦး လူသားတို့သည် သံကို မမြော်လင့်ဘဲ တွေ့ရှိခဲ့ခြင်း ဖြစ်မည်ဟု ယူဆရသည်။ ကျောက်တုံးညိုညိုများ ပိုင်းရံလျက် မီးဖိုရာမှ အရည်ပျော် ထွက်လာသော သံရည် များကိုဋ်း၊ သံရည်များအေး၍ ခဲသွားသောအခါ အလွန်မာကြောင်းကိုဋ်း တွေ့ရှိရခြင်း ဖြစ်ပေမည်။



ဤသို့ဖြင့် ရှေးဦးလူသားတို့သည် သံခဲများဖြင့် လက်နက် ကရိယာများ ပြုလုပ်ခဲ့ကြသည်။ တဖြည်းဖြည်းနှင့် ယင်းသံများကို လူ့အသုံးအဆောင် ပစ္စည်းများအဖြစ် ပြုလုပ်သော ပန်းပဲ ပညာရှင်များ ပေါ်ပေါက်လာသည်။




သံရိုင်းပါဝင်သော ကျောက်များထဲမှ သံကို ရိုးရိုးထင်းမီးဖြင့် အရည် ဖျော်ထုတ်ခဲ့ရာတွင် သံအထွက်မများလှပေ။ ၁၇၃၀ ပြည့်နှစ်သို့ ရောက်သောအခါ အပူများစွာ ထုတ်လွှတ်နိုင်သောကုတ်မီးသွေး (မီးသင်း ကျောက်မီးသွေး) တမျိုးကို အင်္ဂလိပ်လူမျိုး အဗရာဟန်ဒါဗီ ဆိုသူက တွေ့ရှိခဲ့သည်။

ပန်းချီ - ကျော်ကျော်

ထိုအခါ ကုတ်မီးသွေး၏ အကူအညီဖြင့် သံရိုင်းကျောက်များကို ပိုမို၍ ကျိုချက်လာနိုင်လေသည်။ လုံပိတ် သံရည်ကျိုစက်တွင် သံရိုင်းကျောက်၊ ကုတ်မီးသွေးနှင့် ထုံးကျောက်အချို့ကို ရောပြီး မီးလောင်စေသည်။ သံရိုင်းကျောက်များမှ သံရည်များ ပျော်ထွက်လာပြီး ထွက်ပေါက်မှတဆင့် ခံခွက်အတွင်းသို့ ကျဆင်းလေသည်။ ထိုခံခွက်ထဲမှ သံရည်များကို ပုံစံခွက်များသို့ လောင်းထည့်ပြီး သံများကို ထုတ်လုပ်လေသည်။

၁၈၅၆ ခုနှစ်အထိ သံကိုအသုံးပြုခဲ့ကြသည်။ သို့သော် သံရိုးရိုးမှာ မခိုင်ခံ့ပေ။ ထိုနောက်ပိုင်းတွင်မှ ပိုမိုခိုင်ခံ့သော သံမဏိကို တွေ့ရှိလာကြသည်။ သံရည်များအတွင်းမှ မီးသွေးဓာတ်နှင့် အခြား အညစ်အကြေးများကို ထုတ်ပစ်ခြင်းဖြင့် သံမဏိကို ထုတ်လုပ်ကြသည်။

သံနှင့်သံမဏိကား လူတို့အတွက် အသုံးဝင်ဆုံးဖြစ်သည်။ ပေါပေါလည်း ရနိုင်သည်။ အပ်ကလေးတချောင်းမှ သင်္ဘောကြီးများ၊ မျှော်စင်ကြီးများ၊ တန်တားကြီးများအထိ ယင်းတို့ဖြင့် ပြုလုပ်နေရသည်။ သံနှင့်သံမဏိကို ရှာဖွေတွေ့ရှိခဲ့ခြင်းသည် လူတို့၏ တိုးတက်မှုသမိုင်းတွင် အရေးပါလှပေသည်။





သာယာအေးချမ်းသော သာဂရပြည်တွင် ဘုရင်တပါးအုပ်စိုးလျက် ရှိလေ၏။
တနေ့တွင် ဘုရင်သည် အကျဉ်းထောင်များကို ဝင်ရောက် ကြည့်ရှုစစ်ဆေးလေ၏။
မင်းတို့ ဘာဖြစ်လို့ အကျဉ်းခံနေရတာလဲ ပြောကြစမ်း
အကျဉ်းသားတို့လည်း ရခဲသော အခွင့်အရေးကို လက်လွှတ်မခံပဲ ပြောကြားလေ၏။
ကျွန်တော်မျိုးသည် - မတရားသက်သေ ထွက်ချက်ကြောင့် အခုလို အပြစ်ဒဏ် ခံနေရကြောင်းပါ
ကျွန်တော်မျိုးကိုတော့ တရားသူကြီးက အငြိုးထားပြီး ထောင်ချတာပါ - ဒါကြောင့် အပြစ်မှ လွတ်ငြိမ်းခွင့် ပေးတော်မူပါ
မောင်မင်းတို့က ဘာပြောကြားလိုသလဲ
မှန်လှပါ - ကျွန်တော်မျိုးတို့ နှစ်ယောက်မှာ လူမှားပြီး သက်သက် ဖမ်းဆီးခံနေခဲ့ရ ကြောင်းပါ
ကျန် အကျဉ်းသားကား ဘုရင့်အား ရဲရဲ မကြည့်ဝံ့ပဲ ခေါင်းငုံ့ကာ နေ၏။
ကဲ - မောင်မင်းကကော ဘာပြစ်မှုမှ မကျူးလွန်ခဲ့ဘူးလား - ရဲရဲ ပြောစမ်းပါ


ကျွန်တော်မျိုးမှာ အပြစ်ရှိခြင်းကြောင့် အရှင်မင်းကြီးအား ရဲရဲမတင်လျှောက်ဝံ့ကြောင်းပါ --- အမှုဖြစ်ပုံက -----
ကျွန်တော်မျိုး ရဲ့ မိခင် မမာနေ၍ ဆေးဝါးကုသရန် ငွေ မရှိခဲ့ပါ----
ဆေးဆရာ ပင့်ဘို့ ငွေတပြားမှ မရှိဘူး ကြံမှဘဲ
ဒါကြောင့် ကြံရာမရဘဲ- သူဌေးကြီး တဦး အိမ်ကို ဝင်ရောက်ခိုးယူခဲ့ရ
လူမိပြီး အဖမ်းခံခဲ့ရပါတယ်- ဒီလိုနဲ့ အမှုဖြစ်ပြီး -----
ကျံ့ပြစ်မှုဖြင့် အကျဉ်းကျခံနေရသူ ဖြစ်ပါ၍ အရှင့်ထံ လွှတ်ငြိမ်းခွင့် မတောင်းခံဝံ့ကြောင်းပါ ထိုက်တန်တဲ့ အပြစ်သာ ပေးတော်မူပါတော့ အရှင်မင်းကြီး
ထိုနောက် ဘုရင်လည်း နန်းတော်သို့ ပြန်သွားလေ၏။


ဘုရင်သည် သက်ဆိုင်ရာ ဝန်ကြီးများကို ခေါ်၍ အမှုများကို တောင်းယူကြည့်ရှုပြီး -
အားလုံး - အပြစ် ကျူးလွန်သူချည်းဘဲ
ကဲ - ဝန်မင်း အကျဉ်းထောင်သို့ သွား၍ - ဤအမိန့်ကိုထုတ်ပြန်ချေ
အမိန့်တော်ပါတယ် - နားခံစေ - - - သာဂရ ပြည်ကြီးကို အုပ်စိုးတော်မူသော ဘုရင်မင်းမြတ်အမိန့်တော် မှတ်လိုက်သည်မှာ - -
အကျဉ်းသားလေးဦးမှာ မိမိတို့ အပြစ်များကို ဝန်မခံသည့်အပြင် - ထပ်မံ မုသားသုံး၍ပြောဆိုခြင်းကြောင့် ကြိမ်ဒဏ် - ၂၀ - နှင့် ထောင်ဒဏ် ၆ - လ စီ ကျခံစေ
ကျန်အကျဉ်းသားသည် မိမိအပြစ်ကိုဟုတ်မှန်ရာ ဝန်ခံပြီး မှန်သောစကားကိုဆိုခြင်းကြောင့် ဆုတော်ငွေ အသပြာ ၅၀ - နှင့် ထောင်မှလွတ်စေ အမိန့်တော်
လွတ်မလားလို့ လိမ်မိတာ မှားတာဘဲ
အမှန်ကို ဆိုသော အကျဉ်းသားမှာ ငွေထုပ်ပိုက်၍ ထောင်မှ ထွက်ခဲ့လေသတည်း။
မှန်ကန်တဲ့ စကား ပြောဆိုခြင်းရဲ့ အကျိုးပေဘဲ


## လေဆင်နှာမောင်းဆိုတာဘာလဲ

လေဆင်နှာမောင်း ဆိုသည်မှာ နွေရာသီတွင် တွေ့ရတတ်သောလေပွေကဲ့သို့ပင်ဖြစ်သည်။ လေပွေ အကြီးစားဟု ဆိုရပေမည်။ အေးချမ်းခြောက်သွေ့သော လေသည် လျင်မြန်စွာ ရွေ့ရှားလာပြီး ပူ၍စိုထိုင်းနေသောလေထုရှိရာသို့ ရောက်လာသောအခါ လေဆင်နှာမောင်း စတင် ဖြစ်ပေါ်တတ်သည်။


ပူသောလေသည် အပေါ်သို့ မြင့်တက်သည့်သဘောရှိရာ ထိုနေရာတွင်ရှိသည့် ပူ၍စိုထိုင်းနေသော လေသည် ရောက်လာသော လေအေးထု အတွင်းသို့ တိုးတက်သွားတော့သည်။ ထိုအခါ လေအေးသည် ယင်းလေပူများကို လှည့်ပတ်ပွတ်တိုက်လေတော့သည်။ ဤသို့ဖြင့် လှည့်ပတ်ရင်း လေကတော့ကြီး ဖြစ်ပေါ်လာသည်။ လေကတော့ကြီးသည် မြေပြင်ရှိ အရာအားလုံးကို စုတ်ယူရင်း ရွေ့ရှားသွားလေသည်။ ယင်းအရာဝတ္ထုများကို လမ်းတလျှောက် ပြန်ချသွားသည်။

ပင်လယ်ပြင်တွင် လေဆင်နှာမောင်း ဖြစ်ပေါ်ပါက ရေကိုပင် စုတ်ယူသည်။

ကြယ်ဖြူ



## ရုပ်ပြောင်း ရုပ်လွှဲ





# မြင်မယောင်မိပါသေးသည်

မောင်ကျော်သူ (တက်မှူ)

တနေ့သော ဆောင်းဦးညဘွင် ဖြစ်ပါသည်။မြူနှင်းမှုန်များ မသိမသာ ကျဆင်းနေသည်။ ချမ်းအေးစ ပြုနေသော အချိန်ပင် ဖြစ်ပါသည်။

ကိုအောင်မြင့်၊ ကိုသိန်းမြင့် ကိုတင်စိန်၊ ကိုမောင်သိန်း၊ ကိုမောင်ရွှေနှင့် ကျွန်တော်တို့သည် ကျွန်တော်တို့လမ်းထိပ်ရှိ အုတ်ခုံပေါ် တွင်ထိုင်လျက် ရောက်တတ်ရာရာတို့ကို စုဝေး၍ ပြောဆိုနေကြသည်။

ညဆယ်နာရီ သံချောင်းခေါက်သံ ကြားရ၏။

"ဟေ့–ဒီည ဒေါ်သိန်းအိမ်က အုန်းသီး သွားခူးရအောင်" ဟု ကိုတင်စိန်က စ၍ပြောပါသည်။

"ငါးမျှားပြီး ထမင်းချက်စားကြမယ်။ ငါးမျှားချိတ် ရှိရဲ့လား"

"ငါးမျှားချိတ်ရှိမှလား၊လိုက်ခုတ်ယင် မြန်မြန်ရတာပေါ့"

"ငါးက မရတော့ဘူး၊ ကြက်ချက်မယ်ကွာ။ ဟိုဖက်လမ်းက ဦးသိန်းမောင်ကြီးအိမ်က ဗူးသီးနဲ့ဆို အတော်ဘဲ"

"ဟုတ်မှလဲ လုပ်ပါကွာ။ ဦးသိန်းမောင်ကြီးက မိုက်ကမိုက်သနဲ့။ တော်ကြာ ကြက်မစားရဘဲ ဖနောင့်နဲ့တင်ပါး တသားထဲကျအောင် ပြေးနေရအုံးမယ်"

"လူမိုက် ပေါ် လူပေါ် လူဇော်လုပ်ပေးမှ ငြိမ်မှာကွ။ မင်းက ကြောက်လို့လား"

"မကြောက်ပါဘူးကွာ .... ငါကတော့ အဲဗားရယ်ဒီ အမြဲအဆင်သင့်ဘဲ"

တယောက်တပေါက် ပြောကြပြီး၊ နောက်ဆုံး၊ ညထမင်း၊ ညဟင်းချက်စားကြရန်သံဘောတူကြ၏။

ကျွန်တော်တို့သည် တခါတရံ ညဖက်တွင် ထမင်းချက်စားတတ်ကြ၏။ ဟင်းအတွက်တော့ မပူရပါ။ မြောင်းထဲတွင် ရေရှိလျှင် ငါးရှိမည်။ ငရှဉ့်ရှိမည်။ ယင်း ငါး၊ ငရှဉ့်တို့ကို မျှားနိုင်၏။ ဓားဖြင့် လိုက်ခုတ်နိုင်၏။ တခါတရံတော့လည်း ကြက်ဘဲ စသည်တို့ကို ချက်စားတတ်ကြသည်။ကျွန်တော်တို့မှာ ငွေရေးကြေးရေး လွယ်ကူပါက ဝယ်၍ ချက်စားတတ်ကြသည်။ ငွေမရှိလျှင် သင့်ရာအိမ်မှ ကြက်ကို လူမသိအောင် ယူ၍ ချက်သည်။ အပျော် သဘောလုပ်၍ အပြစ်မရှိဟု ထင်၏။

ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ငန်ပြာရည်၊ ထင်းစသည်တို့အတွက် မပူရပါ။ ခွဲတမ်းဖြင့် ကိုယ့်အိမ်မှ ကိုယ်ယူလာရသည်။ တပျော်တပါး စုစုရုံးရုံး ချက်စားရသည်မှာ အရသာ အလွန်ရှိပါသည်။

ဤသို့ဖြင့် ကျွန်တော်တို့သည် တာဝန် ခွဲလိုက်ကြသည်။ ကြက်ရှာမည့်သူ၊ ဗူးသီးသွားခူးမည့်သူ၊ ဆန်ဆီဆား ငရုတ်သီးတို့ကို ပြန်ယူမည့်သူ စသည်ဖြင့် တာဝန်ခွဲလိုက်ကြသည်။

ကိုအောင်မြင့်က ကြက်တကောင်ယူလာ၏။မည်သည့်အိမ်က ယူလာသည်ကို မသိရ။ သိ

ချင်လျှင် နံနက်ကျတော့ သိရပေမည်။ ပရိတ်ရွတ်သံ (ဆဲဆိုသံ)ထွက်ပေါ် လာသည့် အိမ်မှာ ကြက်ပျောက်သောအိမ်ပင် ဖြစ်ပေလိမ့်မည်။

ကိုတင်စိန်နှင့် ကိုသိန်းမြင့် တို့က ဦးသိန်းမောင်ခြံသို့ ဗူးသီးခူးရန် သွားကြသည်။ ကျွန်တော်လည်း လိုက်သွားမိသည်။

ဦးသိန်းမောင်သည် အရက်သောက်၏။ ဖဲရိုက်၏။ လူတကာနှင့် ရန်ဖြစ်တတ်၏။ သူ့ကွယ်ရာ၌ သူ့ကို လူမိုက်ကြီးဟု ပြောသံ ကြားဘူး၏။

ကျွန်တော်တို့ လာသည်ကို ဦးသိန်းမောင် သိသွားပါလျှင် ရှေ့ဆက်၍ ကျွန်တော် မစဉ်းစားရဲပါ။

ညအမှောင်တွင် ကျွန်တော်တို့ သုံးဦးသည် ဦးသိန်းမောင် ခြံဆီသို့ ချဉ်းကပ် ခဲ့ကြသည်။ လူရိပ်လူခြေ မတွေ့ရ။ ပတ်ဝန်းကျင်တွင် တိတ်ဆိတ်နေ၏။ အရေးအကြောင်းရှိလျှင် အချက်ပေးရန်အတွက် ကျွန်တော်က ခြံအပြင်မှ စောင့်ရသည်။

ကိုသိန်းမြင့်နှင့် ကိုတင်စိန် တို့သည် ခြံထဲသို့ဝင်သွားပြီး ဗူးစင်အောက်တွင် မှောင်ခိုလျက် အခြေအနေကို အကဲခပ်ကာ ဗူးသီးကို ခူးမည်ပြုစဉ် –

"ဟေ့ – ကောင်တွေ ရပ်စမ်း၊ မပြေးနဲ့"ဟုဦးသိန်းမောင်၏ အသံဝါကြီးကို ကြားလိုက်ရသည်။

ကျွန်တော့် ပါးစပ်မှ "အမလေး သေပါပြီ" ဟု အလိုလို အော်လိုက်မိသည်။

ကျွန်တော် မြင်လိုက်သည်က ဦးသိန်းမောင် ပစ်လိုက်သော မည်းမည်း အချောင်းကြီးပင် ဖြစ်ပါသည်။ မှိန်းတံဖြစ်မည်ဟုထင်ပါသည်။ ထိုမှိန်းတံသည် ဗူးသီးတွင် ထုတ်ချင်းပေါက် စိုက်ဝင်သွား၏။

ကိုတင်စိန်နှင့် ကိုသိန်းမြင့် တို့သည် ခြေကုန်သုတ်၍ ပြေးကြ၏။ ကျွန်တော်လည်း ခြေဖဝါးနှင့် တင်ပါး တသားတည်းကျအောင် ပြေးမိသည်။

"သူခိုးဟေ့–သူခိုး၊ ပြေးပြီဟိုဖက်ကိုပြေးပြီ၊ လိုက်ဟ လိုက်လိုက်၊ မလွတ်စေနဲ့ကွ"

ကျွန် တော် ပြေးနေသည့် ဆန့်ကျင်ဖက် အရပ်ဆီမှ အော်ဟစ် ဆူညံသံများကို ကြားရသည်။ ကြက်သီးထမိ၏။

သူတပါးပစ္စည်းကို သိသည်ဖြစ်စေ၊ မသိပဲဖြစ်စေ ခွင့်မပေးပါက မယူဝံ့တော့ပါ။ ကာလသားကြီးများ အကြားတွင် ပါဝင်သည့်အဖြစ်ကို မမေ့နိုင်ပါ။ ကျွန်တော့် မျက်စိထဲတွင် မြင်ယောင် မိသည်ကတော့ ဗူးသီးတွင် စိုက်နေသော မှိန်းတံကြီးပင် ဖြစ်ပါသည်။ ဗူးသီး နေရာတွင် ကျွန်တော် သို့မဟုတ် ကိုတင်စိန်၊ သို့မဟုတ် ကိုသိန်းမြင့်သာ ရှိခဲ့လျှင်.... ကျွန်တော် ဆက်၍ မတွေးဝံ့တော့ပါ။

## သဲပုံပထဝီ

တောတန်းတောင်ခြေ
ကုန်းမြင့်မြေ
တိုက်ဟုခေါ် ကြပေ။

ကုန်းမြေနှစ်ခု ဆက်လုပြွား
ခေါ် တွင်ရေလက်ကြား။

ကြီးမားလှစွာ ရေဇလွှာ
ခေါ် ကြသမုဒ္ဒရာ။

ရေပတ်ချာ ဝိုင်းမတတ်
ကျွန်းဆွယ်အမည်မှတ်။

မြေပတ်ဝိုင်းကာ ရေစုရာ
အင်းဟု မှည့်ဆိုပါ။

မြရေလွှာ ဝန်းရံပတ်
ကျွန်းဟုခေါ် မည်မှတ်။

ဇန်းမော်–ညိုလေး



# စံကားပန်း



စံကားဝါ

## နိုင်ပန်းစုံ

ကဆုန် နယုန်လများတွင် လှိုင်လှိုင်ကြီး ဖူးပွင့်ကြသော စံကားပန်းများကို မွှေးကြိုင်သော ရနံ့ကြောင့် အမျိုးသမီးများ ခုံမင် နှစ်သက်ကြသည်။ စံကားအမည်ခံသော ပန်းများအနက် စံကားဝါနှင့် စံကားဖြူတို့သည် မျိုးတူသည်။ စံကားစိမ်းကြီးနှင့် စံကားစိမ်းငယ်တို့သည် မျိုးမတူချေ။

စံကားဝါပန်းသည် အဝါရောင် အနုအရင့်ရှိသည်။ ပွင့်ချိန်တန်၍ ပွင့်ခံရွက်ကွာထွက်လာသောစံကားဝါပန်း၏ ပွင့်ချပ်တို့သည် ကားကားစွင့်စွင့် မဟုတ်ပေ။ ပွင့်အာသည်ဆိုရုံမျှသာ ဖြစ်သည်။ အပွင့်သည် ၁-၂ လက်မအထိ ရှည်သည်။ ပွင့်ချပ်များ ခြောက်လုလာလျှင်မူ ကြယ်ပုံသဏ္ဌာန်ပွင့်ကားလာလေသည်။


စံကားဖြူပန်းသည် ပို၍ ငယ်ပြီးလျှင် ပို၍ ငုံငုံကလေးနေသည်။ အဖူးချွန်ကလေးနှင့် ပို၍ တူသည်။ ထိပ်ချွန်ချွန် ပွင့်ချပ်များ၏ အရောင်သည် နို့နှစ်ရောင်ဖြစ်သည်။ စကားဝါပန်းကဲ့သို့ပင် ခြောက်ခါနီးလျှင် ပွင့်ကားလာသည်။

စံကားဝါနှင့် စံကားဖြူတို့သည် တပွင့်ချင်း ပွင့်ကြသည်။ ထူထပ်သော အရွက်များအကြား ပုန်းလျှိုး၍ ပွင့်ကြသည်။ စံကားပင်တို့သည် အပင်ကြီးမျိုးဖြစ်သည်။ အပွင့်ပွင့်ပုံ မလှသော်လည်း အမြဲစိမ်းလန်းနေကာ အရိပ်ကောင်း၍ ကြံ့ခိုင် ခန့်ညားသည်။ အရွက်ကြီးများသည် အဖျားချွန်၍ ၈-၁၀ လက်မအထိ ရှည်သည်။ ကုန်းကျသောဒေသများ၌ ဖြစ်ထွန်း၍ ရှေးက ပုပ္ပားတောင် တပိုက်သည် စံကားပင်များ ပေါများလှလေသည်။

စံကားစိမ်းပန်းတို့သည် စံကားဝါ၊ စံကားဖြူတို့နှင့် အပွင့်ချင်း ဆင်သည်။ သို့သော်အပွင့်ပွင့်ပုံနှင့် ဝတ်ဆံပုံသဏ္ဌာန် မတူပေ။ ယင်းတို့သည် ပွင့်စတွင် အရောင်စိမ်းသော်လည်း ရင့်မှည့် လာလျှင် ဝါလာ၍ ရနံ့ပိုမွှေးလာသည်။ စံကားစိမ်းကြီးသည် အထက်မြန်မာနိုင်ငံ၌ အပေါက် အရောက်များသော အပင်ကြီးမျိုးဖြစ်သည်။ စံကားစိမ်းငယ်ကမူ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှားတို့၌ မူလပေါက်ရောက်ခဲ့၍ အပွင့်များမှ ရေမွှေးထုတ်လုပ်ကြလေသည်။



စံကားစိမ်း



စံကားဖြူ

တင့်တင့်



ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ပုံနှိပ်သည်။

အတွဲ-၃။ အမှတ်-၂၆။

# ဝေရနှင့်ဒေဝ

ရွှေသွား ဂျာနယ်

ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-သာဒွန့်

၁၃၃၃ ခု၊ ဝါဆိုလဆန်း ၄ ရက် (၂၆-၆-၇၁)




စနေနေ့တိုင်း ထုတ်ဝေသည်။



သောင်ပင်ပေါ်တက်ပြီး သောင်စေးတန်းထောင်ထားမယ်၊ ငှက်တွေ သောင်သီးလာစားယင် မိမှာဘဲ...
တချိန်တည်းမှာပင် လယ်သမား တဦး၏ သားကလည်း ငှက်ထောင်ရန်ရောက်လာသည်။
သစ်ပင်ပေါ်က- သောင်စေးတန်းမှာ မိနေတဲ့ ငှက်ကို- အသာတက်ယူပြီး ကျွန်တော်တို့ ခြင်းထဲမှာ ထည့်ထားတယ်---မဟုတ်လား ကိုယ်တော်ဘား
ဟားဟား— ဟားဟား—
ကောင်း လိုက်တဲ့ ဉာဏ်- ဒါကြောင့် ငါ့တပည့် ငါချစ်တာ-
နောက်တနေ့တွင် ဒေဝတို့က စောစော ရောက်၍—
ဟေ့-ခင်များတို့ လုပ်ပုံ-မဟုတ်ဘူး ဗျ— ငှက်ဟာ-ရေထဲ မဆင်းဘူး ဗျ— ဒါဟာ-ကျုပ်သောင်စေးတန်းက ငှက်ဘဲ
အခယ်... တောသား— ဝလို— မိနေတာ-မင်း မမြင်ဘူးလား— မကျေနပ်ရင် မြို့စားကြီးဆီ သွားပေါ့—
ကိစ္စက-ဘယ်လိုဖြစ်တာလဲ မောင်ဒေဝ
----သူက- သစ်ပင်ပေါ်မှာ ငှက်ထောင်တယ်၊ ကျွန်တော်တို့က ရေထဲမှာ ×××× ××× ××××
ဤကဲ့သို့ အငြင်းအခုံ ဖြစ်ပြီး မြို့စားကြီး ဝေရထံသို့ ရောက်လာကြ၏။
အင်း.....ဖြစ်နိုင်တယ်---သောင်သီးပါတဲ့ သစ်ကိုင်း-ရေထဲ ပျော့ပါလိတော့-ငှက်က-အတင်းသိမ်းမှာပေါ့ — ဒါကြောင့်- ဒီငှက်ဟာ မောင်ဒေဝ-တို့ ငှက်ဖြစ်ရပေမယ်---၊ ငှက်ကို-မောင်ဒေဝ-သာ ယူပိုင်ခွင့်ရှိတယ်. ဟဲ-ဟဲ
မြို့စားကြီးသည် အတန်ငယ်စဉ်းစားပြီး-
အပင်ပေါ်မှာဆိုယင် ကျိ-လာလာ စတ်-လာလာ ပြေးမလွတ်ပါဘူး----
မှန်ပါ- ကိုယ်တော်ဘား- မိမှာ သေချာပါတယ်
နောက်တခါ ဒေဝတို့ ချေ (ကျိ) ထောင် ကြပြန်၏။


ဒီ-ချိသွားလမ်းဘဲ — ကိုင်းကိုနင်းမိယင်တော့ မလွတ်တမ်း မိမှာဘဲ
အရပ်သားလေး တယောက် က လည်း ထိုအနီးတွင် ချေလာထောင်၏။
သူ့ကိုင်းမှာ မိနေတဲ့ - ချိကို ယူပြီး တို့ကိုင်းမှာ တပ်ထားလို ရ-တာဘဲ
ဟာ --- ဒါတော့ မဖြစ်နိုင်ဘူး
တောသားတွေ- အ-ပါတယ်
နောက်တနေ့ နံနက်တွင် ဒေဝတို့ ရောက်လာနှင့်ပြီး မတော်မတရား လုပ်ကြပြန်သည်။
အင်း ——---. ဒီချိကို - ကျားကလိုက်ပုံရတယ်. ချိက - ကြောက်အား လန့်အားနဲ့ တအား ခုန်လိုက်တော့ - သစ်ပင်ပေါ်ရောက်ပြီး - ကိုင်းမှာ မိတာ ဖြစ်ရမယ် — ဒါကြောင့် - ချိဟာ မောင်ဒေဝ-တို့ရဲ့ ချိဖြစ်တယ် -- -----
နောက်ဆုံး၌ အရပ်သားနှင့် အငြင်းပွားပြီး မြို့စားထံ ရောက်လာပြန်ရာ....
ကိုဝေရ— ရှင်ကလဲ ဂဲဂဲဖန်ဖန် တော်. . . . . . ချိက - ကျားလိုက်လို့ သစ်ပင်ပေါ် ရောက်သွားယင် ကျားက ကော-ခုန်ပြီး သစ်ပင်ပေါ် မလိုက်တော့ဘူးတဲ့လား x x x x x x x
အို ကွာ---မင်း မသိယင် တိတ်တိတ်နေစမ်းပါ, တရားစီရင်တယ်ဆိုတာ အကျိုးအကြောင်း ဆက်စပ်မိရမယ်၊ လျှကြားလို့ ကောင်းရမယ်- သိလား
အမှုသည်များ ပြန်သွားပြီးနောက်—
တပည့်တို့ - ပျော်ရဲ့လား - သောက်ကြစမ်းကွာ —
ပျော်ပါတယ်ဘုရား ကျွန်တော် က ပျော်နေရယင် - အိမ်မှာ မိန်းမတော်င် မေ့ထား ပါတယ် ဘုရား
ဟားဟား — ဟားဟား — အား ... ပျော်တယ်ကွာ
တညသော် မြို့စားကြီးသည် မြို့ပြင် ပွဲခင်းကို စောင့်ကြပ်ရင်း သောက်စား နေကြသည်။
ချစ်တဲ့သူ ဘယ်မှာလဲ ရှင်
ဟေ့ - အကောင် — မင်း ဖယ်စမ်းကွာ -
ထိုစဉ် ကာလသားများ သူထက်ငါတိုးပြီး ပွဲကြည့်နေရာသို့ ဒေဝတို့ရောက်လာပြီး....


အရမ်းခံရသော ကာလသားက ပြန်ထိုးရာမှရန်ပွဲဖြစ်သွား တော့သည်။
ဆူသံကြား၍မေးသော်-
မကြာမီ နားရွက်ပြတ်သွား၍ အဝတ်စည်း ထားသော လူငယ်တယောက်ကို လာပို့ရာ-
ခံရသူမှာ မိမိသားဖြစ်ကြောင်း သိရလျှင် ဒေါ သကြီးစွာထွက်၍ ကြိမ်းမောင်းနေတော့၏။
ထိုစဉ် မြို့စားကြီးကတော် ရောက်လာပြီး-
ထိုအခါမှ နောင်တ ကြီးစွာ ရလေတော့ သတည်း။



မိဖုရား
ဇာတ်လမ်း
သရုပ်ဖော်




ဒီမှာကြည့်ပါအုံး မောင်တော်-
ဟဲ-

# ရုပ်သေး

မုံရွာ ဝင်း၆၇



ခေါင်း၊ ခါး၊ ခြေ၊ လက် စသော ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့ကို လှုပ်ရှား၍ သက်ရှိသဏ္ဍာန် ဟန်အမူအရာနှင့် ကပြနိုင်စေရန် စီမံပြုလုပ်ထားသော အရုပ်များဖြင့် ခင်းကျင်းကပြခြင်းကို ရုပ်သေးဟု ခေါ်ပေသည်။

ကလေးများ အရုပ်ကလေးများနှင့် ကစားကြခြင်းသည် ရုပ်သေး၏ အခြေခံပင် ဖြစ်သည်ဟု အချို့က ယူဆကြသည်။ ရုပ်သေး သဘင်သည် မြေထဲပင်လယ်တပိုက်ရှိ အီဂျစ်၊ ဂရိ၊ ရောမ စသောကမ္ဘာ့ ရှေးခေတ် ယဉ်ကျေးမှုများ ထွန်းကားခဲ့စဉ်ကပင် ပေါ်ပေါက်နေပြီဟု ဆိုသည်။ စာဟောင်း ပေဟောင်းများအရ တရုပ်နှင့် အိန္ဒိယနိုင်ငံတို့တွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်လောက် ကတည်းက ရုပ်သေး ပညာရပ် ပေါ်ပေါက် နေပြီဖြစ်ကြောင်း သိရ၏။အလယ်ခေတ်တွင် ဥရောပ နိုင်ငံများ၌ ရုပ်သေးသဘင်သည် လမ်းဆုံလမ်းခွ လူထု ဖျော်ဖြေမှုများ အဖြစ် ခေတ်စားခဲ့သည်။

ကမ္ဘာ့ ရုပ်သေးသဘင်တွင် အကြမ်းအားဖြင့် ရုပ်သေး လေးမျိုးလေးစားရှိလေသည်။ ယင်းတို့မှာ (၁) လက်သွင်းရုပ်သေး (၂) ကြိုးဆွဲရုပ်သေး (၃) တုတ်ထိုးရုပ်သေး (၄) အရိပ်ရုပ်သေးတို့ ဖြစ်၏။ လက်သွင်း ရုပ်သေး ဆိုသည်မှာ ခေါင်းတခုတည်းကိုသာ သစ်သားဖြင့် ပြုလုပ်ထားပြီး ကျန်အပိုင်းများကို ဝိတ်စဖြင့်ဆက်စပ် ချုပ်လုပ်ထားသည်။ အရုပ်၏ အတွင်းပိုင်းသည် အခေါင်းပေါက် ဖြစ်ပြီး လက်ချောင်းများ သွင်းကာ ကပြရသည်။ ကြိုးဆွဲရုပ်သေးမှာ သစ်သားဖြင့် ပြုလုပ်ထားပြီး အရှင်ဖြစ်သော ခြေ၊ လက်၊ ခေါင်း၊ ခါးတို့တွင် ကြိုးများ တပ်ကာ ဒလက်တွင် ချည်၍ ကြိုးဆွဲ ကပြရသည်။



တုတ်ထိုးရုပ်သေး ဆိုသည်မှာ အရုပ်အတွင်းဇက်အထိ တုတ်ချောင်းကြီး တချောင်း လျှိုသွင်းထားပြီး ခြေ၊ လက် စသည်တို့ကို တုတ်ချောင်းငယ်၊ သို့မဟုတ် ကြေးနန်း ကြိုးငယ် များနှင့် ဆက် သွယ် ထားကာ လှုပ်ရှား ကပြရသည်။ အရိပ်ရုပ်သေး



ဟူသည်ကား ကပ်ထူပြားကို ပြုလုပ်ထားသည့် အရုပ်ကို စင်နောက်ဖက်မှ မီးထိုးပေးကာ ပိတ်ကားပေါ် တွင်ထင် စေပြီး ကပြရသော ရုပ်သေးဖြစ်၏။




မြန်မာ့ ရုပ်သေးသဘင်မှာမူ ကြိုးဆွဲရုပ်သေး ဖြစ်ပေသည်။ မြန်မာ့ ရုပ်သေးသဘင်ကို မြန်မာ သက္ကရာဇ် ၁၁၃၈ ခုနှစ်တွင် နန်းတက်သော စဉ့်ကူးမင်း လက်ထက်တွင် သဘင်ဝန် ဦးသော်က စတင်တီထွင်ခဲ့သည်ဟု သိရ၏။ မြန်မာ့ရုပ်သေးသဘင်တွင် မြင်းရုပ်၊ ဆင်ရုပ်၊ ကျားရုပ်၊ မင်းသားရုပ်၊ မင်းသမီးရုပ် စသည်ဖြင့် အရုပ် ၂၈ ရုပ် ပါဝင်မြဲဖြစ်သည်။




ယခုအခါ အနောက်နိုင်ငံများတွင် လက်သွင်း ရုပ်သေး ခေတ်စားလျက် ရှိပေသည်၊ လက်သွင်းရုပ်သေး ဇာတ်များသည် ကလေးများနှင့် သင့်လျော်သဖြင့် ရုပ်မြင်သံကြား ကလေးကဏ္ဍတွင် မကြာခဏ တင်ဆက်ပြသလျက် ရှိသည်။

မြန်မာနိုင်ငံတွင်လည်း ကလေးများအတွက် လက်သွင်း ရုပ်သေးကို စမ်းသပ် လုပ်ကိုင် ဆောင်ရွက်နေပြီ ဖြစ်၏။






ရော့-ပိုက်ဆံ-မေမေ မှာတာတွေ-မသေမချာ မှတ်သွားနော်-
မှတ်မိပါ တယ်-မေမေ ရယ်-
ဟေ့ကောင်တွေ-ခဏလေးနော်- ငါပြန်လာမယ်-
မြန်မြန်သွားကွာ-
..ဟော-ပိုက်ဆံ ပိုက်ဆံရော-
ဟာ-မေ့ခဲ့ပြီ-



ပါးစပ် ပုပ်ကြီး
အတွတ်သည် စားသောက်ပြီးတိုင်းပလုတ်မကျင်းသွားမတိုက်ပဲ နေ တတ် သည်။
ရေချိုးသည့် အခါတွင်လည်း သွားမတိုက်ပဲ နေလေသည်။
ကျောင်းတွင် အတွတ်ကို ဆရာက စာခေါ်မေးရာ —
ဟာ၊ဗင်းပါးစပ်က နံလှချည်လားကွ-
ဆရာစကားကိုကြားသော် အတန်းထဲမှ သူငယ်ချင်းများက —
ဟား
ဝါး
ဟား
ဟား
ဟား
ကျောင်းအပြန်တွင် —
ဟော့၊ပါးစပ်ပုပ်ကြီး ဟိး--ဟိး--
အိမ်သို့ရောက်၍ အတွတ်ရေချိုးသောအခါ —
ဒီနေ့ကစပြီးသွား တိုက်တော့မယ်-


အသက်ဉာဏ်ကောင်း
ဓာတ်လမ်းနှင့်သရုပ်ဖော်
ဆပ်ကပ်ရုံက ကျားကြီးလွတ်လာတယ်ဗျို့
ပြေးကြဟေ့ ပြေးကြ!
ဟာ! ဒုက္ခဘဲ ရှေ့မှာကျားကြီး-ငါဘယ်လိုပြေးရပါ့မလဲ
ငကြောက်အားဖြင့်ကစင့်ကလျားခြေဦးတည့်ရာ ပြေးကြလေရာ ရန်နိုင်တယောက်သာ..
ကျားနှင့်ပက်ပင်းတိုးကာကြုံရာမရဖြစ်သွားပြီးလိုက်လာ
သောကျားကိုလွတ်အောင်ပြေးယင်း စိတ်ကူးရလာသဖြင့် ကျားလှောင်အိမ်ထဲသို့ပြေးဝင်တံခါးပိတ်၍လွတ်မြောက်လေ၏


# လျှပ်စီး အဘယ်ပုံ လက်သလဲ

ကမ္ဘာ့ဦး လူ သား တို့သည် မိုးကောင်းကင်ထက်၌ လျှပ်စီး လက်သည်ကို မြင်လျှင် အလွန် ထိတ်လန့် ကြသည်။ နတ်များ ဒေါသထွက်ပြီး မိုးမြားဖြင့် ပစ် ခတ်လိမ့်မည်ဟု ယူဆကြသည်။

ယခုအခါ လျှပ်စီးလက်ခြင်း ၏ အကြောင်းမှန်ကို သိလာကြ ပြီဖြစ်၍ ကြောက်လန့်စရာ မလို တော့ပေ။ ကျွန်ုပ်တို့၏ ပတ်လည် တွင် ရှိသော လေ ထု ကြီး နှင့် ကမ္ဘာ့ မြေမျက်နှာပြင် တဝှမ်း လုံးတွင် လျှပ်စစ်ဓာတ်များရှိနေ ကြသည်။ လျှပ်စစ် ဓာတ်တွင် ဓာတ်ဖိုနှင့်ဓာတ်မဟူ၍ ရှိသည်။ ဓာတ်ဖိုသည် ဓာတ်မကို အစဉ် ဆွဲယူသော သဘောရှိသည်။

သာ မန် အား ဖြင့် မြေပြင် ပေါ်နှင့် လေထုထဲတွင် ရှိသော လျှပ်စစ် ဓာတ်ဖိုဓာတ်မတို့သည် ခုန်ပျံ၍ ပေါင်းစည်းနိုင်လောက်. သည်အထိ အင်အား မရှိလှပေ။ သို့သော် လေထုထဲတွင် မိုးတိမ် ကြီးများ သိပ်သည်းစွာ ဆိုင်းဖွဲ့ ပြီး၊ လျှပ်စစ်ဓာတ်များ ပေါင်း စည်းမှုကြီး ဖြစ် ပေါ် တတ် လေ သည်။ ထိုအခါ လျှပ်စစ်ဓာတ် အားသည် တနေရာမှ တနေရာ သို့ အရှိန်ပြင်းစွာ ခုန်ကူးပေါင်း စည်းလေသည်။ တခါတရံ လျှပ် စစ်ဓာတ်သည် မြေပြင်သို့ တိုင် အောင် ဆင်း လာ တတ် သည်။ ထို့ကြောင့် လျှပ်စီး လက်နေ သည့် အ ချိန် တွင် သစ် ပင် အောက်၌ မနေသင့်။ ကွင်းပြင် နှင့် ခိုင်ခံ့သော အဆောက် အ အုံများ အတွင်း၌သာ နေသင့် ပေသည်။

ကြယ်မှူး



## ကသောအရုပ်ကလေး





ကပ် ထူ ပေါ် တွင် ကပ်၍ ညှပ် ထုတ် ပြီး အ ပေါက် နှစ် ခု ထဲ လက်ချောင်း သွင်း၍ လှုပ်ပေး ပါ။




တူးမာကြီးသည် အလွန်အစားကြီးသူ ဖြစ်သည်။ တနေ့လက်ဖက်ရည်ဝိုင်းတွင်–

"အဲဒါ – ငါစားဖို့ အွတ်–ပလုတ်"

သူ့မေမေကအမြင်မတော်၍–

"ဟဲ့တူးမာ၊ ဖြေးဖြေးသက်သာ စားစမ်းပါ"

သူ့အစ်မကလည်း ဝင်၍ –

"ဟုတ်တယ်မေမေ၊ သူသိပ်အစား ပုပ် တာ ဘဲ"

တူးမာကြီးက အားကျမခံ

"အို–သူများ စားနိုင်လို့ စားရတာဘဲ။မေမေတို့က ပိုက်ဆံကုန်မှာ သိပ်ကြောက် တာဘဲ"

သူ့မေမေက ဒေါပွပွနှင့် –

"နင်စားလို့ကုန်တာ အရေးမကြီးဘူး၊ တော်ကြာ စားပိုးနင့်ပြီး သေမှာစိုးလို့ဟဲ့သိလား" ဟု ပြောလိုက်လေသည်။

တခါတွင်လည်း–

"မေမေ – ဟောဒီမှာ တူးမာကြီးပေါ့၊သမီးပေါင်မုံ့ လုစားတယ်"

"ဟုတ်တယ်မေမေ–မမရော့ပါ့ သမီးလက်ထဲက မုံ့ကိုပါ အတင်းယူစားသွားတယ်" ညီမလေးကပါ ငိုမဲ့မဲ့နှင့် ပြောလိုက်သည်။

တူးမာကြီးကမူ ရယ်၍–

"ငါ့မုံ့က နဲနဲလေးကိုးဟဲ့၊ ငါမဝတော့ လုစားမှာပေါ့" ဟု ပြောလိုက်သည်။ ထိုအခါ သူတို့မေမေက ရောက်လာပြီး ....

"အမ လေး – နင့်ကို အထူကြီးတွေ လိုးပေးထားတာ ဟဲ့။ နင့် ဗိုက်ဘဲ ဆန့်ဆန့်လွန်းတယ် တကတဲမှဘဲ"

တူး မာ ကြီး က သူ့ဗိုက်ကို ပုတ်ပြပြီး–

"သမီး ကိုယ်ခန္ဓာလဲ ကြည့်အုံးမှပေါ့ မေမေရဲ့။ သူတို့က ပိန်ပိန်လေး၊ သမီးကဝဝကြီး၊ ဒီတော့ များများစားရမှာပေါ့"

"တော်စမ်းပါဟယ်–ငါစိတ်ကုန်ပါတယ်"ဟု မေမေကလက်လျှော့လိုက်ရသည်။

ဥပုသ်နေ့ တနေ့ နံနက်ခင်းတွင် ပဲခူးဘုတာမှ တူးမာတို့ဦးလေး အလည် ရောက် လာသည်။

"မေမေရေ – ဦးလေး လာတယ်။ ဟယ်–စိမ်းစားဥတွေလဲ ပါလာတယ်တော့"

တူးမာသည် ကစားနေရာမှ သူ့ဦးလေးဆီ ပြေးသွားကာ –

"ဦးဦး ပေးပေး၊ ဒါကြောင့်မို့ ဦးဦးကို ချစ်တာ သိလား" ဟု စိမ်း စား ဥ တွဲကို ယူရင်း ပြောလိုက်သည်။

"အေး– အေး ငါ့တူမ အစား ကြီးမှန်း သိလို့ ဦးဝယ်လာတာကွဲ့ ဟား–ဟား–ဟား"

သူ့ဦးလေးက ပြောပြောဆိုဆို ရယ်လိုက်သည်။ တူးမာကြီးကမူ စိမ်းစားဥများကို အခွံခွာစားနေသည်။

"သိပ်ချိုတာဘဲဦးဦး"

ထိုသို့စားပြီး သူ့မေမေ အလစ်တွင် ရေခဲချောင်း ဝယ် စားလိုက်သည်။

"အား–ရင်ထဲမှာအေးသွားတာဘဲ"

သူ့ဦးဦးအတွက် ဖျော်သောလက် ဖက် ရည် လက် ကျန် ကိုလည်း သောက်ပြန်သည်။

ထိုနောက် သူ့မေမေ ဥပုသ်

စေ၀င့်၍ သောက်ရန်ဖျော်ထား သော သံပုရာရည် ကိုလည်း သောက်လိုက်ပြန်သည်။

သူ့မေမေကမြင်၍ –

"ဟဲ့ – တူးမာ၊ နင်တော့ ဒုက္ခဖြစ်တော့မှာဘဲ၊ အချိုစား အချဉ်စားနဲ့"

အတန်ကြာသော်....

"မေမေ–မေမေ ဗိုက်ထဲက အောင့်လိုက်တာ"

တူးမာကြီးသည် ဗိုက်ကို လက်ဖြင့်နှိပ်၍ အော်နေသည်။

သူ့ မေမေလည်း ပြေးလာကာ–

"ဟဲ့ဟဲ့ လုပ်ကြပါအုံး။ ဆရာဝန် မြန်မြန်သွားခေါ်စမ်း။ ဒါကြောင့်မို့ မိဘက ပြောနေတာ နားမှ မထောင်ဘဲ"

"မမ အစားကြီးတာကိုး၊ ဖြစ်မှ ကောင်းတယ်" ညီမလေးကပါ ဝင်ပြောလိုက်သည်။

တူးမာကြီးက မခံချင်သော်လည်း ရန်မဖြစ်နိုင်ရှာပေ။

"အမလေး အောင့်လိုက်တာဟီးဟီး"

မကြာမီဆရာဝန်ရောက်လာပြီး စမ်းသပ်ကာ ဆေးတိုက်လိုက်သည်။ "အစာက အဆိပ်ဖြစ်တာပါ ဒေါ်ဒေါ်၊ ဘာတွေများ စားသလဲ ခင်ဗျာ"

"ပြောတဲ့ မပြောချင်ပါဘူး ဒေါက်တာရယ်.... စိမ်းစားဥတွေ၊ ရေခဲချောင်းတွေ၊ လက်ဖက်ရည်၊ သံပုရာရည်၊ အိုစုံလို့ပါဘဲ"

ဆရာဝန်က အံ့သြသွားကာ "အို–သည့်လောက်တောင်ဘဲ စားရသလား"

တူးမာ မေမေက –

"ဒေါက်တာဘဲ ကြည့်ပြောပေးစမ်းပါရှင်၊ ကျမပြောတာဆိုယင် သူမသဒ္ဓါလို့ ပြောတယ် ဆိုပြီး စိတ်ကောက်တာယ်လေ"

ဆရာဝန်က တူးမာဖက်လှည့်၍ –

"ခလေးက လိမ်မာပါတယ်နော်၊ အစားကို ချင့်ချိန် ပြီး တော်သင့်ရုံဘဲ စားမှပေါ့။ ဒီလို သရေစာချည်း စားနေယင် ထမင်း ဘယ်စားနိုင်ပါ့ မလဲ။ ထမင်းစားမှ လူဟာ ကျန်းမာသန်စွမ်းပြီးလုပ်နိုင်ကိုင်နိုင် ရှိမှာပေါ့။

တူးမာကြီးက ခေါင်းညိတ်သည်။

ဆရာဝန်က ဆက်၍ –

"အေး–သရေစာ စားတဲ့ အခါလဲ သူ့အချိန်နဲ့သူ သင့်၏ မသင့်၏ စဉ်းစားပြီး စားပေါ့၊ အစားတလုတ်ဟာ လူတယောက်ရဲ့ အသက်ကိုလဲ သေစေနိုင်တာဘဲ"

တူးမာကြီးက –

"ဟုတ်ကဲ့ ဒေါက်တာ၊ ကျမ နောင်ကို အရမ်း မစားတော့ပါဘူး"

"အေး – အေး ဝမ်းသာပါတယ်ကွယ်"

# ကျောင်းသူမလေး မိမိထွေး

ကျောင်းသူမလေး မိထွေးငယ်၊
စာကို ကြိုးစားတယ်။
ထွေးတို့အရွယ် ပျော်ပျော်ပါး၊
ဖော်တွေများနှင့် စာသင်သွား။

ကျောင်းကိုရောက်တော့
မိထွေးငယ်၊
ကကြီး,ခခွေး စာအံတယ်။
ဝလုံးငယ်ငယ် ဝိုင်းဝိုင်းရေး၊
မိထွေးမျက်နှာ ဝိုင်းဝိုင်းလေး။

ပညာတတ်ဖို့ အားကြိုးသွန်၊
မိထွေး လူရည်ချွန်။

လူရည်မွန် ဖြစ်ဖို့အရေး၊
မိထွေးစိတ်မှာမွေး။
အိမ်ပြန်ရောက်တော့
မိထွေးငယ်၊
ကကြီး,ခခွေး စာအံတယ်။
ဝလုံးငယ်ငယ် ဝိုင်းဝိုင်းရေး၊
မိထွေးမျက်နှာ ဝိုင်းဝိုင်းလေး။

မင်းမောင်နွယ် (ဘီလူးကျွန်း)



R. 517

# ငှက်စိမ်း



ငှက်စိမ်း၏ အလျားသည် ခုနစ်လက်မခွဲခန့်ရှိသည်။ ငှက်ဖိုတွင် မည်းနက်သော မေးစေ့နှင့် လည်ချောင်းတပိုက် ရွှေဝါပတ် ရှိသော်လည်း အမတွင် ရွှေဝါပတ်ကို မတွေ့ရချေ။

အသံမှာ တေးဆိုနေသကဲ့သို့ အလွန်သာယာပြီး အခြားငှက်များ၏ အသံကိုလည်း အတုခိုး၍ အော်တတ်သည်။ ထို့ကြောင့် တခါတရံ ငှက်စိမ်း၏အော်သံကို အခြားငှက်များ၏ အော်သံနှင့် မှားယွင်းတတ်သည်။

မေလမှ ဇူလိုင်လအတွင်း ငှက်စိမ်းများသားပေါက်ချိန်ဖြစ်သည်။ များသောအားဖြင့် သစ်ပင်ထိပ်ဖျားရှိ အစွန်ဆုံးအကိုင်းမှ ဖြာထွက်နေသော အခက်များတွင် အသိုက်လုပ်လေ့ရှိသည်။ အသိုက်ကို အနုဆုံးသော မြက်ပင်၊ သစ်မြစ်ကလေးများဖြင့် ရစ်ပတ် ကာရံထားသည်။နှစ်လုံးမှ သုံးလုံးအထိ ဥ အုတတ်သည်။ ဥမှာ ရှည်မျောပြီး မလိုင်ကဲ့သို့ဖြူ၍ မှေးမှိန်သော အညိုမှတ်ကလေးများရှိသည်။ တဥလျှင် ပျမ်းမျှ အလျား ၀.၉ လက်မနှင့် ပြက် ၀.၆၁ လက်မ ရှိသည်။

ငှက်စိမ်းသည် လျင်မြန်ဖျတ်လတ်၍ သစ်ပင်ထိပ်ဖျားများ၌ အနေများသည်။ တခါတရံမှသာ မြေပေါ်ချုံပုတ်များသို့ ဆင်းလာတတ် လေသည်။ ဖူးပွင့်ဝေသော လက်ပံပင်ကို ပိုမိုနှစ်သက်သည်။ ယင်းတို့၏အစာမှာ ပိုးကောင်၊ မွှားကောင်၊ သစ်သီး၊ ပန်းပွင့် ဝတ်ဆံများ ဖြစ်သည်။ အစာစားနေစဉ် အမူအရာအမျိုးမျိုး ပြုလုပ်တတ်သည်။ ငှမ်းအမျိုးမျိုး ထိုးတတ်သည်။ အကြောက်အရွံ့ နည်းပါး၍ အလွန် ရန်ထောင်တတ်သည်။



ငှက်စိမ်းကို အရှေ့တိုင်းနိုင်ငံများတွင် အနှံ့အပြား တွေ့ရလေသည်။ မြန်မာနိုင်ငံ တဝှမ်းလုံးတွင် ပေ ၄၀၀၀ အမြင့်အထိ တွေ့ရသည်။

စိုးမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


ရွှေသွေး
ဂျာနယ်
ပေါင်းချုပ်
အတွဲ ၃
အမှတ် ၁ မှ
၂၆ ထိ

Read more Shwe Thway Journals at




➜ Click below link ➜

https://www.facebook.com/shwethwayjournal/